

စာမူခွင့်ပြုအမှတ် (၃၇၂/၉၇) (ဂ)
မျက်နှာဖုံးခွင့်ပြုအမှတ် (၃၆၁/၉၇) (ဂ)

ထုတ်ဝေသူ ဒေါ်မိမိဇင် (၀၁၅၆၄)
မိုးစာပေ
[illegible] လမ်း၊ သပြေကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ ဒေါ်မြတွေး (၀၂၂၇၄)
တောင်ဝင်ပုံနှိပ်တိုက်
၉၂/၂၇ လမ်း၊ ပန်းတဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးရိုက် ဦးကျော်စိန် (မြဲ၀၂၉၀၉)
ကျောက်စိမ်းအောင်ဆက်
၁၃၁၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ တင်ရွှေချီ
အုပ်ရေ ၅၀၀ အုပ်
တန်ဖိုး ၅၀ ကျပ်
စီစဉ်သူ မောင်တင့်ဇင်မိုး (ရန်ကုန်တက္ကသိုလ်)
ဂျော်နီနှင့်အဖွဲ့
ပထမအကြိမ်၊ ၁၉၉၇ ခုနှစ်
အောက်တိုဘာလ။

တောလို

သေလူထက် ရှင်လူကို ပိုကြောက်

သီးသန့် လုံးချင်း ဝတ္ထုသစ်၊ ၀/ဆုံး
(သဲထိတ်၊ စွန့်ဝား၊ အချစ်)





ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး- .... ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

....

* စည်းကမ်းလိုက်နာ ဆောင်းကွာ။
* စည်းကမ်းရှိမှ တိုးတက်မည်။
* စည်းမျဉ်းကိုက်ညီ ဆောင်းသည်။

....

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင် ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

စောညို

သေသူထက် ရှင်လူကိုပိုကြောက်

အသစ်စက်စက် လုံးချင်း စ လုံး

နဝေ အဂ္ဂိစေတယတိ၊ အဟံ ဗာလံ ဥဟာ မီတိ
ဗာလောဝ ဇလိတံအဂ္ဂိံ၊ အာသဇ္ဇေနု၊ ပဥယ္ဒတိ၊

မီးသည် လူမိုက်ကို ပူလောင်စေအံ့ဟု လုံ့လမပြုပေ၊
အလျှံတပြောင်ပြောင် တောက်လောင်သောမီးကို
လူမိုက်ကိုယ်တိုင်က ကိုင်တွယ်ထိတ္တေခြင်းကြောင့်သာ
ပူလောင်စေ၏။

ကျွန်ုပ်သည်....

* ရတနာသုံးပါးကို ကန်တော့၏။
* နိုင်ငံနှင့်ပြည်သူကို ကန်တော့၏။
* စာဖတ်ပရိသတ်ကို ကန်တော့၏။
* ကျွန်ုပ်အား မွေးဖွားပေးသော
စာရေးဆရာကို ကန်တော့၏။

စနေထွန်း

ကျွန်တော် ဤစာပေကို ရေးသားရာ တွင်....

၁။ နိုင်ငံနှင့်ပြည်သူ၏အကျိုးကို ရှာ၏။
၂။ စာဖတ်ပရိသတ်၏အကျိုးကို ရှာ၏။
၃။ စာဖတ်ပရိသတ်၏ မေတ္တာကို ရှာ၏။
၄။ စာပေ၏အလှနှင့် သစ္စာတရားကို ရှာ၏။

စောညို

တို့နိုင်ငံအား
သတ္တိများနှင့်၊

တို့နိုင်ငံသား
လက်ရုံးအားနှင့်၊

တို့ယဉ်ကျေးမှုများ
နှလုံးသားနှင့်၊

တို့စာပေများ
ဦးနှောက်အားနှင့်၊

တိုးမြှင့်စောင့်ရှောက်
အကျိုးရောက်အောင်
မိုးလောက်မြင့်မား
ထမ်းရွက်သွားမည်
နောင်သက်ဆယ်ကမ္ဘာ တည်ပါစေ။ ။

စောညို

ဇာတ်လမ်းစဉ် (၁)

နိုင်ငံခြားလုပ် လေုတ်နှိပ်ဓားသွားက ထပ်ခနဲ ပွင့်သွားသည်။
လည်မျိုကိုလည်း ထောက်ထားပြီးသား ဖြစ်သွားသည်။
လည်မျိုထောက်ခံလိုက်ရတာ မသက်သာ။
စူးစူးပူပူလေးကို ခံလိုက်ရသည်။
'ကောင်လေး၊ မင်းသေမယ် နားလည်လား'
'သေရင် အသက်ထွက်တာပဲဗျာ၊ နားလည်တာပေါ့'
'မင်း ငယ်ငယ်ချောချောလေးနဲ့ မသေချင်နဲ့ဦး'

'ကျုပ်မသေချင်ပါဘူး၊ ကျုပ်ရဈာဏ်ရှိသေးတယ် မဟုတ်လား'

'မင်းဇွတ်တောင်းရင် ငါလူသတ်မိမယ်'

ခေါင်းမာသည်။ ရဲရင့်သည်။

ခေါင်းနှင့်လည်း ထောက်ခံရသည်၊ အကြိမ်းနှင့် အခြိမ်းအခြောက်လည်း ခံရသည်။

လျှော့လိမ့်မယ် မထင်နဲ့။

'ကျုပ်ရဈာဏ်ရှိတာ ကျုပ်တောင်းမှာပဲ၊ လူ့ပြည်မှာ တောင်းမရရင် တစ္ဆေပြည်အထိ တောင်းမယ်'

'တစ္ဆေပြည်ကို ငါမလိုက်ဘူး၊ မင်းအခု သွားရမှာ'

'ဆုံးဆယ် တစ်ဘုံထိအောင် သွားမယ်ဗျာ၊ ခင်ဗျား သတ်ရဲရင် သတ်'

လက်တင်ကုလားထိုင်တွင် မတ်မတ်ထိုင်နေသော ကိုယ်အထက်ပိုင်းကိုလည်း ကော့ပေးလိုက်သည်။

ခေါင်းသူမှာ တကယ်တော့ သတ်ရဲသော သွေးမရှိ။

သတ်လိုသောဆန္ဒလည်း ကင်းပါတိ။

ထုစ်ရှိပွင့်ရှိသာ ခေါင်းနှင့်ခြောက်ရသည်။ တစ်ဖက်လူ တင်းလာတော့ ဦးနှောက်စားသွားဟန်ရှိသည်။

အခန်းထဲတွင် သူတို့နှစ်ယောက်တည်းသာ။

လမ်းတစ်လမ်းတည်းက အမြင့်ဆုံးတိုက်တစ်တိုက်၏ ခုနစ်လွှာအခန်းထဲတွင် လူသတ်မှုဖြစ်သွားလို့ လည်း မည်သူကမျှ သိမည် မဟုတ်။

သို့သော်....

ခေါင်းရွှင်၏လက်ထဲက ခေါင်းထက် ကုလားထိုင်ပေါ်လူ၏ အဆည်းက ပိုပို့မာကျောပါဘို့။

'မင်းကွာ'

ဒါပဲပြောပြီး ခေါင်းသမား၏ခေါင်းက ကလစ်ခနဲမြည်သံနှင့် ခေါင်းက လက်ကိုင်အိမ်ထဲ ပြန်ဝင်သွားသည်။

လိပ်ခေါင်းတစ်ခု သူ့ကိုယ်အခွံမာထဲ ငုံဝင်သွားသည် နှင့်မခြား။

'ခင်ဗျား စဉ်းစားကြည့်စမ်းပါ ကိုဘောဒေဝ၊ လိမ်တုန်းက အတူတူလိမ်ခဲ့ပြီး ခံစားပိုင်ခွင့်ကျတော့ ခုတင်ပေါ် ခွေးတက်သလို တစ်ကောင်တည်း မှိန်းနေလို့ ဘယ်ရပါ့မလဲ'

'စဉ်းစားထွန်း၊ မင်းကိုငါမပေးဘူးလို့ မပြောဘူး၊ ခဏလေးဆိုင်းပါလို့ ပြောတာ'

'ခင်ဗျား ဆိုင်းခိုင်းတာ ကာလနဂါး အိပ်မောကျသလောက် ဖြစ်နေရင် ကျုပ်အိုးသာသေသွားမယ်၊ တစ်ပြား တစ်ချပ်မှ ကိုင်လိုက်ရမှာ မဟုတ်ဘူး ကိုဘောဒေဝ'

'ဟွန်း'

ဘောဒေဝက နှာခေါင်းရှုံ့သည်။ ခေါင်းကို ဘက်ကီ ဘောင်းဘီအိတ်ထဲ ထည့်လိုက်သည်။

'မင်း အတော်ပြောရခက်တယ်'

'လူဆိုတာ ကိုယ့်ဆန္ဒတော့ ကိုယ်ပြည့်ချင်ကြတာပဲ'

'မင်းအသက် ဘယ်လောက်ရှိပြီလဲ'

'ဘာဆိုင်သလဲ'

'ပြောစမ်းပါ'

'ကျုပ် နှစ်ဆယ့်သုံး'

'ငါ့အသက် သုံးဆယ့်လေး၊ မင်းထက်ငါက ဆယ့်တစ်နှစ်လောက် ဘဝကိုပိုပြီး ဖြတ်သန်းခဲ့ရတယ်၊ အတွေ့အကြုံများတယ်'

'ဘာဆိုင်သလဲ'

'လုပ်ပြန်ပြီ၊ ဘောဒေဝဟာ အနှစ်သာရနဲ့ ပြောတယ်၊ အလုပ်လဲ အနှစ်သာရနဲ့လုပ်တယ်၊ မြစ်ရေထဲ ဆားအိုးမှောက်သလို အရာမထင်တာ မလုပ်ဘူး၊ ဆိုင်လို့ ပြောတာ'

စနေထွန်းက တစ်ဖက်ကို ငေးနေသည်။ အသားကလေးက ဝင်းဝင်းဝါဝါ၊ ဆံပင်က ဒွေးကေ၊ ဝတ်ထားတာက ဂျင်းလက်ပြတ်နှင့်၊ အတွင်းက စပို့ရှပ်အနီ အောက်က ရိုက်ဒါဘောင်းဘီ။

မျက်နှာကလေးက မိန်းကလေးတစ်ယောက် မျက်နှာလို ချောလို့ မှတ်လို့။ ရှေ့ကကြည့်ကြည့်၊ ဘေးနှစ်ဖက်ကပဲ ကြည့်ကြည့်၊ မျက်နှာသွယ်သွယ် ပြည့်ပြည့်လေးနှင့် ကြည့်လို့ အလှသား။

ခက်တာက သူ့စိတ်။

သူ့စိတ်က သူ့ရုပ်လို မချောမွတ်။ ခေါင်းမာတဲ့စိတ်။ ရဲရင့်ပြတ်သားတဲ့စိတ်။ တစ်ဖက်သတ် ဆန်တဲ့စိတ်။

ဒါတွေကို ဘောဒေဝ အကဲခတ်မိသည်။

သူတို့ပေါင်းခဲ့တာလည်း အင်္ဂလိပ်ခုနှစ်နဲ့ဆို ခရစ္စမတ်သုံးခါတိုင်ပြီးပြီ။ မြန်မာခုနှစ်နဲ့ဆို သင်္ကြန်သုံးကြိမ်ကျခဲ့ပြီးပြီ။

ဘောဒေဝကလည်း ရှုပါမခေ။

မြာစွဲ တဲ့ရုပ်။

ခပ်ပွေပွေ ရုပ်ရည်ပိုင်ရှင်။

'ဒီငွေငါးသိန်းခဲ့ကို ငါတစ်ယောက်တည်း မောင်ပိုင်မစီးပါဘူး စနေထွန်းရယ်၊ မင်း တစ်ဝက်ရမှာပါ၊ စိတ်ချစမ်းပါ'

'ခင်ဗျား အပြောကိုး'

'မင်း အလွဲသုံးစားအလုပ်ကို မလုပ်ဖူးသေးဘူး၊ ပုဒ်မကလေးရာ့နှစ်ဆယ် ဖိုးတွမ်တီးပေမယ့် မိခဲ့ရင်တော့ အနည်းဆုံး ခုခေတ်မှာ ထောင်ဒဏ်ငါးနှစ်ကွ'

'ဒါတွေ ကျုပ် နားလည်ပါတယ်'

'မင်း ရုပ်မြင်သံကြားတို့ ရေဒီယိုတို့ သတင်းစာတွေထဲမှာ ဖတ်မိ ကြည့်မိမှာပဲ၊ ဒုစရိုက်သမားများအတွက် မြို့တော်တွင်းမှာ နေရာမရှိစေရ ဆိုတာလေ၊ အခု ဒီငွေကို တို့သုံးလိုက်ရင် ဒီငွေစက္ကူနုံပါတ်တွေကို ကားဝယ်တဲ့လူက မှတ်မိချင် မှတ်မိမယ်၊ ရဲကို ပြောထားမယ်၊ ဒီငွေတွေကို လတ်တစ်လော တို့သုံးလိုက်ရင် ရဲက ခြေရာခံမိသွားမယ်၊ အဲ့ဒါကို ငါစိုးရိမ်တယ်'

'ကူညီပါရစေ ကူညီပါရစေခင်ဗျ....ကူညီပါရစေ ကူညီပါရစေရှင့်'

လှောင်တောင်တောင်နှင့် စနေက ဤသီချင်းကို အသံနေအသံထားနှင့် တိုးတိုးကလေး ဆိုလိုက်သည်။ ပြီးမှ....

'ကျုပ် မကြောက်ဘူး၊ ငါးနှစ်မကလို့ ငါးကမ္ဘာဖြစ်စေ၊ ကျုပ်ငွေတွေကို မြက်မြက်ကလေး သုံးပြီးရင်းတော့ အဆိုးကို အကောင်းအဖြစ် ရင်ဆိုင်လိုက်မယ်'

'မင်း ဒီစကားကို နှောက်ဆုံးစကားနဲ့ ပထမဆုံးစကား အဖြစ် ပြော၊ ငါ ကိုယ့် လုပ်ဖော်ကိုင်ဖက်မေ့ မှာ သစ္စာရှိတဲ့ ကောင်၊ ငါ ထားပဲစားလုပ်လာခဲ့ ကြာပြီ၊ ပွဲစားချင်း ခေါင်းဝှေ့မဖြတ်ဘူး၊ သူမျှားအလုပ် ငင်မနှာက်ဘူး၊ မင်းလဲ သိတယ်မဟုတ်လား'

သူတို့နှစ်ယောက် ကားပွဲစားတန်းတွေမှာ ကျက်စားခဲ့တာ ကြာပြီ။ ခရစ်လမ်းလို့ တစ်ချိန်က ခေါ်ခဲ့သည့် ဗိုလ်မြတ်ထွန်းလမ်း။ အိုတာတောင်ဘက်က ပွဲစားတန်း။ ယခု ဟံသာဝတီ ကြံတောက ပွဲစားတန်း။

သူတို့ ကျင်လည်ခဲ့ကြဖူးသည်။

စနေ ထရပ်သည်။ တွေ့ရမည့်အချိန်၊ တွေ့ရမည့်နေရာကို စနေအား ဘောဒေဝက ပြောပြခဲ့သည်။

စနေ တိုက်ခန်းထဲမှထွက်လာသည်။

တိုက်အောက်ဆုံးရောက်တော့ ကောင်းကင်ကို မော်ကြည့် လိုက်သည်။

နေ အတော်ရှင့်နေချေပြီ။

* * *

'ငါက မင်းလို ထောင်ကျမခံနိုင်ဘူး'

ဘောဒေဝ ပြောပြီး ဒေါသနှင့် တစ်ဖက်သို့လှည့်လိုက်၏။

မြတင်းပေါက်တစ်ခုဘက် လျောက်သွားသည်။

အဝေးတွင် စိန်ပေါတုရားရှိခိုးကျောင်း၏ အချွန်အတက် တွေကို မြင်နေရသည်။

'ဘာပြောပြော ဒီငွေကို ကျုပ်ရမှဖြစ်မယ်'

သည်ကောင်လေးအသံက တစ်ဇွတ်ထိုးလေသံ။

တယ်ခက်ပါလား။

ဘောဒေဝ စိတ်ဆိုးဖြတ်ချက်ချလိုက်သည်။

'အေး...မင်းရမယ်'

'အဲ့ဒီလို လုပ်စမ်းပါ'

ဘောဒေဝ ပြန်လှည့်၍ အနားလျှောက်လာသည်။ ရပ် သည်။

'ဒီမြို့ထဲမှာတော့ ခွဲပေးထို့ မဖြစ်ဘူး၊ ဒုစရိုက်သမားမျှား မြို့တော်တွင်းမှာ နေရာမရှိစေရ ဆိုတဲ့စကားအတိုင်း ငါတို့ ဒီမြို့ထဲမှာ နေလို့ မဖြစ်ဘူး၊ ရန်ရဲ့ မရင်ဆိုင်ချင်ဘူး၊ မင်းလဲ မနေနဲ့'

'ကျုပ် ထုံးမဟုတ်ပါဘူး'

'မင်းနဲ့ငါ နှောက်နှစ်ရက် ကြာပြီးရင် ပဲခူးမှာတွေ့မယ် အဲ့ဒီမှာ မင်းကိုငါ မင်းအတွက် ဝေစုခွဲပေးမယ်၊ ဒီမှာတော့ ခွဲပေးဖို့ရာ ငါ လိပ်ပြာမလုံဘူး'

'ခင်ဗျား ကျုပ်အပေါ် ဖတ်တီးမချရင်ပြီးတာပဲ'

ကို့ဝတ္ထုကို လက်တွင်းတွင်မထားတော့ဘဲ နီးရာစာအုပ်စင်ပေါ် လှမ်းတင်လိုက်သည်။

ကိုကတော့ ပြုံးပြုံးလေးပဲ ကြည့်နေသည်။

'ဒီတစ်ခါ ကို့ဝတ္ထုဖတ်ရတာ တစ်မျိုးကြီးပဲ'

'ဘယ်လိုတစ်မျိုးကြီးလဲ'

'ဘာခံစားရမှန်း မသိဘူး၊ လွမ်းပဲ လွမ်းရမလား, သနားပဲ သနားရမလား, လန့်ပဲ လန့်ရမလား'

'ဒီတစ်ခါ ရေးလိုက်တာ ရသစုံသွားတော့ ဟုန်သွားပုံပဲ ဝေရီ'

တင်ဝေရီလွင်က ဆိုဖာထက်တွင် ခါးကလေးကို ဆန့်ထုတ်လိုက်ရင်း....

'ကို နောက်ထပ်ဘာရေးမလဲ'

'ရေးကွက်ထုံနေပြီ ဝေရီ၊ ရေးကွက်ရှာရမယ်'

'စာရေးဆရာပဲ၊ ခေါင်းနဲ့နှလုံးသား ပေါင်းစပ်လိုက်ရင်ပြီးတာပဲဟာ'

'မထင်နဲ့ ဝေရီ၊ ခုခေတ်စာရေးဆရာတွေဟာ ကုလားထိုင်ပေါ်မှာ ထိုင်ရေးနေတဲ့ ကုလားထိုင်စာရေးဆရာ မဟုတ်ဘူး၊ အတွေ့အကြုံကို ဦးနှောက်တို့ နှလုံးသားတို့နဲ့ ပေါင်းစပ်ရေးတာ၊ ဒါမှ သဘာဝမှန်မယ်'

'စာရေးဆရာကြီး စျန်မင်းသော် ပြောတာ မှတ်ထားရ ဦးမယ်'

'မလှောင်ပါနဲ့ ဝေရီရာ'

ကိုက တင်ဝေရီလွင်ရှိရာသို့ မတ်တတ်မှ ကိုယ်ကိုကုန်းပြီး သူမပါးပြင်ကလေးကို သူ့နှာခေါင်းနှင့်၊

'ဟင်း....သူ သိပ်ကဲ'

'မကြာခင် လက်ထပ်ကြတော့မယ့်ဟာ'

သူတို့နှစ်ယောက်က နှစ်ဖက်မိဘတွေ သဘောတူထားကြသည့် နှစ်ယောက်။

ဝေရီ့နားတွင် စျန်မင်းသော်က ဒူးစုံထောက်ချလိုက်သည်။

'လက်ထပ်ပြီဆိုရင်တော့ ကိုယ်တို့နှစ်ယောက် လွတ်လပ်ကြတော့မှာ မဟုတ်ဘူးနော်'

'ကိုက လွတ်လွတ်လပ်လပ်နေချင်လို့လား၊ ဒီလိုဆိုတော့လဲ လက်မထပ်နဲ့လေ၊ တစ်ကိုယ်တည်း'

'ဟာ....ဒီလိုလုပ်လို့ဘယ်ဖြစ်မလဲ ဝေရီရယ်၊ ဒီလိုဆို ဝေရီလဲ လင်မယူနဲ့'

'မယူလို့ဘယ်ဖြစ်မလဲ၊ မစ္စံတဲ့အပျိုကြီးဆိုပြီး နာမည်ပျက် မခံနိုင်ပေါင်'

'ဒါဆို တို့လဲမစ္စံတဲ့လူပျိုကြီးဆိုပြီး နာမည်အပျက်မခံနိုင်ဘူး၊ တင်ဝေရီလွင်ဆိုတဲ့ ကောင်မလေးကို အရယူမှာပဲ၊ တို့ဘာ အရုပ်ဆိုးတော့ ဘယ်မိန်းကလေးကမှ ကြိုက်မှာ မဟုတ်ဘူး၊ ဒီတော့ တို့က ဒီကောင်မလေးကိုပဲ အရချိုင်ရမယ်'

ဝေရီကို တင်းတင်းဖက်သည်။

ပြီးတော့ အနမ်းမိုးတွေ။

'သွား....သွား....လာမလုပ်နဲ့၊ သူ့ကောင်မတွေ'

'ဘယ်ကောင်မမှမရှိဘူး'

'မိတ်ဆက်တဲ့ကောင်မလေးတွေ'

'ဟာ....အဲဒီကောင်မလေးတွေက အလကားကောင်မလေးတွေပါကွာ၊ စျန်မင်းသော်ဆိုတဲ့ စာရေးဆရာရဲ့ အမည်ကို ကြည့်ပြီး မင်းသားလို့ ချောမှာပဲဆိုပြီး မိတ်ဆက်ကြတယ်၊ စာနဲ့ကော လူနဲ့ကောပေါ့လေ၊ တို့ရုပ်လဲတွေကော လန်သွားကြတာပဲ၊ မလန်တာက ဟောဒီ ပူတူတူးလေး ချစ်သည်းလေး'

'လွှတ်စမ်းပါ၊ အသက်ရှူကြပ်တယ်၊ ဒီနှာခေါင်းကြီးက ဟင်း....ဟင်း'

ဝေရီက ပြောပြီး မပွင့်တစ်ပွင့်လေးရယ်သည်။

စျန်မင်းသော်မှာ သည်နိုင်ငံတွင် ထိပ်ထိပ်ကြဲ စာရေးဆရာမဟုတ်တောင် လူဦးရေ သန်းလေးဆယ်မှာ လုံးချင်းအုပ်ရေ သုံးထောင် ရောင်းရသော စာရေးဆရာဖြစ်သည်။

တို့နိုင်ငံတွင် လူဦးရေ သန်းလေးဆယ်မှာ လုံးချင်းရေးသော စာရေးဆရာ တစ်ယောက်အဖို့ အုပ်ရေ ငါးရာ ခြောက်ရာလောက် ကုန်ပြီဆိုလျှင်ပဲ လူရာသူရာဝင်ပြီဟုဆိုရပေမည်။

သူ့လိုင်းက အချစ်နှင့် လျှို့ဝှက်ဝတ္ထု။

တစ်ခါတစ်ရံ ဘဝနှင့်ဒဿနိကက ပါလိုက်သေးသည်။

စျန်မင်းသော်ကို ကောင်မလေးတွေ လန်သွားတာက အမည်နှင့် ရုပ်ကတခြားစီ။

အရပ် ထောင်မောင်းတာကလွဲလို့ အသားက ကောက်သွင်းငချိပ်နှင့် ဆွေမျိုးတော်သည်။ မျက်နှာ ကပြဲပြဲ။ နှာခေါင်း အနည်းငယ်ပွကာ နှုတ်ခမ်းကထူထူ။

သည်ကြားထဲ မျက်မှန်ကတပ်ထားတော့ အရုပ်ဆိုးလိုက်တဲ့ ကျွန်တော့် မျက်နှာ ဖြစ်နေသည်။

စာကတော့ စာရေးကောင်း။

တက္ကသိုလ်တွင် မြန်မာစာအခိကနှင့် ဘွဲ့ရလာပြီး မိတက ကျပန်ပို့ သည်တောင် နားမထောင်။

တက္ကသိုလ်ကျောင်းသားဘဝထဲက ဟိုစာရေး၊ သည်စာရေးနှင့် စာပေရူး ဖြစ်လာရာက ကျောင်းကဘွဲ့လည်းရကော ကိုယ့်ပိုက်ဆံနှင့် ကိုယ် လုံးချင်းထုတ်ရာက အောင်မြင်လာသူ ဖြစ်သည်။

သည်လိုဆိုတော့လည်း ဟိုပတ်ဘလစ်ရှာကထုတ်ချင်၊ သည်ပတ်ဘလစ်ရှာကထုတ်ချင်။

အဗွန္ဓရ သရက်သီးကို မျောက်မျက်စောင်းထိုးသလို ဖြစ်ကုန်ကြ၏။

တစ်ချိန်က 'ခင်ဗျား ကြိုးစားပါဦး' ဆိုသည့် ပတ်ဘလစ်ရှာ အချို့က သူ့ကိုစိတ်မဝင်စားသော၊ အထင်သေးခဲ့သော ပတ်ဘလစ်ရှာအချို့က သုံးထောင်တန်းကုန်သည့် စျန်မင်းသော်ကို ဝတ္ထုကလေးများ ရစိမ့်သောငှာ သွားဖြဲကြည့်ကြသည်။

မျက်နှာက လေချိုသွေးကြသည်။

'ဟင်....ကို....နာဘွားသလား၊ ဟင်....ဆောရီး ဆောရီး ကိုရယ်၊ တကယ် ကိုဆောရီး'

ဝေရီ တောင်းပန်သည်။

ကိုက စိတ်မဆိုးပါဘူး။

သူ့နှာခေါင်းကြီးကိုပွတ်၍....

'ကိုပြောချင်တာက ဝေရီရဲ့ကို အိမ်ထောင်ကျပြီ ဆိုရင် လည်း ဝိုရှမာကို ဘာမှ မလုပ်ပါဘူး၊ ဝေရီလဲ ကိုယ့် အလင်္ကာကိုယ် လာကိုပြုစုရ၊ အိမ်မှုဗေဟိရလုပ်ရန်၊ ကိုလဲ စီးပွားရေး အတွက် စာကိုပိုရေးရသေးမယ်'

'ဒါမျှား'

'စကားမဆုံးသေးဘူးလေ၊ ဒီတော့ ငယ်ချိုအဝ အပျို ဘဝနဲ့ လည်ကြုံးအောင်နေနဲ့၊ ကိုစာရေးဖို့ ဖီးလ် (FIELD) ဆင်းမယ်၊ ရေးဂုဏ်တွေအတွက် ကုန်ကြမ်းရှာမယ်၊ ဒီအတွေ့ ဝေရီက ကိုနဲ့လိုက်ခဲ့'

'လေးဝင်းကြီးတစ်ဖက်နဲ့ကွာ၊ ခလိုက်ချင်ဘူး'

'အောင်မယ်လေး....နှောက်သုံးနှစ် စာမေးပွဲက လို့ပါသေး တယ်၊ နှစ်လလောက်ကြီးတောင် လိုသေးတာ'

ဝေရီက ဇူးပေါက်သွားအောင် ကျောင်းတက်နေရသူ။

'ငယ်ကိုယူသွားမှာလဲ'

'ဦးနှိုးဦးလေးဝါ၊ တားဒဲ့'

'ဟုတ်....ဘူး တာကြီးက စိတ်ဝင်စားစရာမရှိဘူး၊ သွား ပါလား၊ မြင်ကြီးနဲ့တို့၊ ကောင်းတော့တို့၊ မွှေးတို့'

ဘယ်အနုပညာ အသိုက်အဝန်းမှာမဆို အောင်မြင်လာပြီ ဆိုက ငွေရှင်ကြွေးရှင် စီးပွားရေးသမားတွေက သည်လို ပါပဲ။

ဗန်မင်းသော်က အရှပ်ဆိုးပေမယ့် စိတ်ဝေတ်ကောင်း သည်၊

အနာဂါတ်ပဏ္ဍား။

အဲသည် ပတ်ဘလစ်ရှာတွေ့ဘို့မှင့် တာဘိန်းသလောက် သူ့ လိုးချင်းတွေ့ ထုတ်ဝေခွင့်ပေးခဲ့သည်။

ဒါတောင် သူတို့အချင်းချင်း စားမာန်ခုတ်ကြ သေး သည်။

ဆယ်သူကတော့ ဘယ်နှစ်အုပ်ရလို့။

ဆယ်သူကဘဲ့ အသစ်ရလို့။

ဘယ်သူကတော့ အဟောင်းပဲရလို့ဆိုပြီး စောင်းကြ ငေါကြ။

'ကိုပြောချင်တာ ဒီလိုလေ'

'တိုလို့ပဲ'

'ဟာကွာ'

'မဟာနဲ့....ကဲ'

သူ့နှာခေါင်း ဝုပ္ပမည်းမည်းကြီးကို ဝေရီက လက်ညှိုးနှင့် လက်ခလယ်ညှပ်၍ လိမ်ဆွဲလိုက်သည်။

'အာ....လာ....လာ'

သူ့ခမျာ နှာရှဲလွန်းထင့်။

မျှစ်ရည်ဇောင် ထွက်ချားရှာသည်။

'အဲဒီဘက်တွေကို ဆောက်ခဲ့ပြီးပြီလေ၊ ဝေရီလဲ အသိသားနဲ့၊ ကို့ဝတ္ထုတွေမှာ ဒါတွေကိုနောက်ခံထားရေးလို့ ပြီးပဲပြီးနေပြီ၊ ဖားအံက ကိုယ်မဆောက်ဖူးသေးတဲ့နေရာ၊ ရေးကွက်တွေ တွေ့မယ်၊ အဲဒီက ကောက်ရိတ်တို့၊ မြဝတီကိုသွား၊ ပြီးတော့ တစ်ဖက်နယ်စပ် မဲဆောက်ထဲ လေ့လာလို့လဲရတယ်'

ဒါကိုတော့ ဝေရီ စိတ်ဝင်စားသည်။

'အင်း....ဒါဆို မဆိုးပါဘူး'

'ဝေရီ လိုက်မယ်မဟုတ်လား'

'ခရီးစရိတ်တို့ မပေးဘူးနော်'

'ခရီးစရိတ်ကို ပါးပြင်ကလေးနဲ့ လဲမယ်၊ ဝေ့ နှုတ်ခမ်းလေးနဲ့ လဲမယ်'

'ဟွန်း'

ကောင်မလေး မျက်စောင်းက ရင်တုန်စရာမျက်စောင်းလေး။

ဝေရီ လှသည်။

ဝေရီအလှသည် ဖွဖြိုးတက်ကြွသော အလှပင်ဖြစ်သည်။

'မကြိုက်ဘူးလား'

'ကြိုက်ဘူး'

တယ်လီပုန်းလူခေါင်သံက သူတို့ခန္ဓာကိုယ်နှစ်ခု ငုံ့ကွဲကွာသွားအောင် နှောင့်ယှက်လိုက်သည်။

'ဟယ်လို....ပြောပါ၌င်'

နိုးစပ်သူက ဝေရီမို့ နောက်နှာရှိ စင်ဝေါမှုတယ်လီဖုန်းကို ဆွဲယူပြီးဖြစ်သည်။ ဝေရီ ,နားထောင်ပြီး ချန်မင်းသော်ဘက် ဖုန်းကိုကမ်းလိုက်၏။

'စနေထွန်းတဲ့၊ ကိုနဲ့စကားပြောချင်တယ်ဘဲ'

ဖုန်းကို ချန်မင်းသော် လှမ်းဆွဲယူသည်။

'ဟုတ်ကဲ့ ချန်မင်းသော်ပါ ကိုစနေ'

သူ့အသံက လေးလေးစားစား။

'ဟာ....ကိုမင်းသော်ကြီး၊ စာရေးဆရာကြီး၊ အစ်ကို့စာတွေ ရေးနေချိန်မှာ အနှောင့်အယှက်ဖြစ်သွားရင်တော့ အစာမကြေ မဖြစ်လိုက်နဲ့နော်'

'ကိုယ်....ဝမ်းနှုတ်ထားတယ်ကွ၊ မကြေစရာ အကြောင်းတော့ မရှိပါဘူး'

'ကျွန်တော်တော့ရှိတယ် အစ်ကိုရေ့'

'ဆို'

'အစ်ကို့ကို ကျွန်တော်ပြောထားတာလေ၊ အစ်ကို နယ်ထွက်မယ်ဆိုတာ'

'ပြော်....အင်း....အင်း၊ အဲဒါဘာဖြစ်သလဲ'

'ကျွန်တော်လိုက်ဖြစ်တယ် အစ်ကိုရ၊ ပြီးတော့....'

ခဏရပ်သွားသည်။ ထွက်မည့်စကားကို ချန်မင်းသော် စောင့်နေလေရဲ့။ သိပ်မကြာပါ။

'ကျွန်တော် ချစ်ချစ်ကလေးသိမ့်ဇော်ယျာမွန်ပါ ကျွန်တော် တို့နဲ့ ရွေ့လိမ့်မယ်အစ်ကို'

'ရွှေ့လိမ့မယ်၊ အေးလေ...သူလိုက်မယ်ဆိုလဲ ခေါ်လိုက်ပေါ့'

'တယ်ဘော့သွားမလဲ'

'သန်တက်ခါလောက်တော့ စိတ်ကူးတာပဲ'

'အချိန်က'

'မနက် ခုနစ်နာရီလောက်ပေါ့၊ ဒါမှ မြို့ဝင်ကလေးမှာ တစ်ဖက်ကူးဖို့ ဝက်မီမှာ၊ တကယ်လို့ မမီလဲ သထုံမှာ ညအိပ်မယ်'

'အိုကေ၊ ကောင်းတယ်'

'မင်းတို့ကိုတယ်လာခေါ်ရမလဲ၊ အိမ်ကိုလာခေါ်ရမလား၊ မင်းတို့က တို့ဆီကိုလာမလား'

ချန်မင်းသော်နေဘာက ကျောက်မြောင်းထဲက ဩဘာလမ်း။

'အစ်ကိုတို့လာရင်း ကျွန်တော်တို့ကို ဗဟန်း ရေမဆိုင်ထောင့်မှာ ဝင်ခေါ်လိုက်လေ၊ အဲဒီမှာ ကျွန်တော်တို့ စောင့်နေမယ်'

'ဟုတ်ပြီ...ဒါပဲနော်'

'ဒါပါပဲ'

ဖုန်းကိုပြန်ချသည်။ ဝေရီက သိချင်သော မျက်နှာလေးနှင့်...

'ဘယ်သူလဲ ကို'

'ဩဝ်...စနေထွန်းပါ၊ သူက ကားပွဲစားလုပ်တယ်၊ ကို့ပတ်ဘလစ်ကာ ကားလေးကို သူ့ကြောင့်ရခဲ့တာ၊ အဲဒီ

ကတည်းက ခင်သွားကြတာ၊ သူတို့က ဖားအံကို ကိုတို့နဲ့လိုက်ချင်လို့တဲ့'

'ဟာကွာ...ဝေရီတို့ လွတ်လွတ်လပ်လပ် သွားမယ့်ဟာ၊ တခြားလူတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက်'

'စနေထွန်းက ဆဘောကောင်းပါတယ်'

'နောက်တစ်ယောက်ကကော'

'သူ့မိန်းမ၊ ပူပူနွေးနွေး ခိုးလာခဲ့တဲ့ မိန်းမလို့ သူပြောတာပဲ၊ သူနဲ့ တက္ကသိုလ်မှာကတည်းက ဆုံခဲ့ကြပြီး သူက ဘွဲ့တောင်မယူနိုင်ဘဲ အခြေအနေအရ ကျောင်းထွက်၊ နိုင်ငံခြားသင်္ဘောလိုက်မလိုလို၊ နိုင်ငံခြားသွားမလိုလိုနဲ့ နောက်ဆုံးကားပွဲစားအဖြစ် အရိုးထုတ်ရမလို ဖြစ်နေတယ်လို့ သိခဲ့ရတာပဲ'

'စနေထွန်းစစ်တမ်း ဒါလောက်သိရရင် တော်ပါပြီရှင်'

'ဝေရီ ကျေနပ်တယ်မဟုတ်လား'

'ကိုရှုပ်ဆိုးကြီးလုပ်တာ မကျေနပ်တာ ဘယ်တုန်းက ရှိခဲ့ဖူးလို့လဲ'

'ဟာကွာ...ဝေရီကလဲ၊ ကိုရှုပ်ဆိုးကြီး မခေါ်စမ်းပါနဲ့'

'ခေါ်ရမှာပဲ၊ ဝေရီ့ချစ်သူဟာ အရုပ်ဆိုးနေလို့ပေါ့၊ အရုပ်သာမဆိုးရင် သူများရင်ခွင်ထဲ ရောက်သွားမှာ'

ဝေရီ့ပါးကလေး တစ်ဖက်ကို ချန်မင်းသော် ကျေနပ်နှစ်သိမ့်စွာနှင့် မနာအောင် လိမ်ဆွဲလိုက်သည်။

ဘဝင်ခွေ့အောင် သိပ်ပြောလတ်တဲ့ ကောင်မလေး။

ဝေရိက သူမ၏ မော်တော်ဆိုင်ကယ်နှင့် ပြန်လာသည်။ ချန်မင်းသော်က လိုက်ပို့ပေးပါမည် ဆိုတာတောင် လက်မခံခဲ့။

ဝေရိတို့နေတာက အင်းယားပြိုင်လမ်း ဖြစ်သည်။ စူပါကပ် ဆိုင်ကယ်ကို ကျယ်ဝန်းသောခြံဝင်္ဂေတွင် ရပ်သည်။

ခြံဝတံခါးမှာ သံတံခါးရွက်ကြီး နှစ်ရွက်နှင့် ပိတ်ထား သည်။

စူပါကပ်၏ဟွန်းသံလေး သုံးချက်ကို ပေးလိုက်သည်။

ခြံစောင့် ထွက်လာသည်။

ဝေရိက ခေါင်းထက်မှ ဆိုင်ကယ်ဦးထုပ်ကို ချွတ်ကာ ဆံနွယ် တွေကို လက်နှင့်ဖွသပ်ရင်း....

'ဖွင့်လေ....မြန်မြန်ဖွင့်'

ခြံစောင့်ဖွင့်ပေးသော တံခါးရွက်များကိုဖြတ်၍ မည်းနက် သော ကတ္တရာလမ်းအတိုင်း အံတွင်းသို့ စီးဝင်သွား၏။

လမ်းကလေး၏ဘယ်ဘက်သို့ ချိုးလိုက်၏။

ကြီးကျယ်ခမ်းနားရှု ခေတ်မီသော နှစ်ထပ်တိုက်တစ်လုံး၏ ရှေ့တွင် ဆိုင်ကယ်ကိုရပ်သည်။

'သမီး ပြန်လာပြီလား'

'ပြန်လာပြီ ဒက်ဒီ'

သို့ခန်းတွင် ဒက်ဒီ ဦးရွှေကောင်းမွန်သည် သတင်းစာ တစ်စောင်ကို ဖတ်နေလျက်မှ မော်ကြည့်သည်။

မာမီက တီဗွီဂိမ်းကစားနေသည်။

မာမီသည် လူငယ်တွေဆော့သလို တစ်ခါတလေ ဆော့ တတ်သည်။

'သမီး ဘာတွေဝယ်ခဲ့သေး လဲ'

မာမီက တီဗွီဂိမ်းခလုတ်ကိုနှိပ်နေရာက လှည့်မကြည့်ဘဲမေး သည့် အမေး။

'အင်္ကျီ(ဖိ)အင်္ကျီ(မ)အိုင် ကိုလဲ ဇောက်ဘူး၊ ဗိုလ်ချုပ်စွေး ကိုလဲ မရောက်ဘူး၊ ယုဇနဲ့ ဂမုန်းပွင့်ကိုလဲ ခြေမချခဲ့ဘူး'

'ဒါဖြင့် ညည်းက ပစ္စည်းတွေမဝယ်ဘဲ ဘယ်ကို....'

'ကိုချန်မင်းသော်ဆီကို'

'ဟင်း....ခမ္မာ ကောင်းမှန်းသိနေ'

'ဟား....ဟား....ဟား....ငါ့သမီးတော့အရူးအမဲသားကျွေး မိနေပြီ'

ဦးရွှေကောင်းမွန်၏ ရယ်သံက အခန်းထဲ လွှမ်းသွားသည်။

'ဒက်ဒီ....ဒက်ဒီ့ကြောင်ဂြာ ပါလာသလား'

ရုတ်တရက်ပင် မေးချလိုက်သည်။

ဦးရွှေကောင်းမွန်က လက်မှသတင်းစာကို ထောင်ပြသည်။

'သမီး ဖတ်ကြည့်လေ'

သတင်းစာက ဝေရို့လက်ထဲ ကူးပြောင်းသွားသည်။

ကြောင်ဂြာကို ဒက်ဒီက ထောက်ပြသည်။

ချက်ချင်း လာဇောက်ဖြေရှင်းပါ။

ကျွန်ုပ်၏ "ရွှေကောင်းမွန်" ကုမ္ပဏီမှ ယူသွား သော ကားနှင့်ပတ်သက်၍ ဦးဒေဝ၊ အမျိုးသားမှတ်ပုံ

တင်အမှတ် ( ) သည် ယနေ့ကြော်ငြာ ပါသော နေ့မှစ၍ ခုနစ်ရက်အတွင်း ကုမ္ပဏီသို့ လာရောက်၍ ကားကို ပြန်လည်အပ်နှံပြီး ဖြေရှင်းပါ။

အကယ်၍ ခုနစ်ရက်အတွင်း လာရောက်ဖြေရှင်းခြင်း၊ ကားကိုအပ်နှံခြင်း မပြုပါက တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ဦးရွှေကောင်းမွန်
ရွှေကောင်းမွန် အထွေထွေ
လုပ်ငန်းနှင့် ရောင်းဝယ်ရေး
ကုမ္ပဏီ၊ ရန်ကုန်မြို့။

'ကောင်းတယ် ဒက်ဒီ၊ ကောင်းတယ်'

'ဒီလူ ဦးဒေဝဆိုတာ ဒက်ဒီကြီးနဲ့ ခင်သလား'

'ခင်တာပေါ့ မာမီကြီးရယ်၊ ခင်လို့ လူယုံသက်သွားတာ'

'လူတွေဟာ ခုခေတမှာ မယုံရတော့ဘူး၊ မိတ်ဆွေမိတ်ဆွေချင်းလဲ သစ္စာမရှိဘူး၊ ညီအစ်ကိုမောင်နှမချင်းလဲ သစ္စာမရှိကြတော့ဘူး ဒက်ဒီကြီးရယ်'

'လူတွေဟာ လောဘတက်နေကြပြီကွ၊ အရာရာမှာမေတ္တာတက် ငွေကို အဓိကထားလာကြတယ် မာမီကြီး၊ ဒီတော့ မေတ္တာမရှိမှတော့ သစ္စာဘယ်ရှိပါတော့မှာလဲ မာမီကြီးရယ်'

'မေတ္တာသစ္စာ ထားမှတော့ သစ္စာမေတ္တာရွှေမန်းသဘင် ဖြစ်သွားမှာပေါ့ ဒက်ဒီရာ'

'ညည်းတို့ လူငယ်တွေကတော့ ဒီလိုပဲ နောက်ဖို့သိတယ်၊ ကုမ္ပဏီက ကားတစ်စီးလုံးပါသွားတာ ရေထဲကျောက်ခဲပစ်ချနေတယ်များ အောက်မှနေသလား မသိဘူး'

မာမီက တီဗွီဂိမ်းကို ပိတ်လိုက်သည်။

ဝေရီ မျက်ခုံးလေးမြှင့်လိုက်ကာ အိမ်အထက်ထပ်သို့ဘက်သွားသည်။

ဒက်ဒီ၊ မာမီတို့နှင့် အတူနေ၊ ဒက်ဒီ မာမီတို့မှ ပေါက်ဖွားလာရသော သူမအတွက် ဒုက္ခဆိုတာ မခံစားမိ။

ဘဝဆိုတာ အရယ်၊ အပြုံး၊ အငို၊ အမဲ့တို့နှင့် ရောပြွမ်းထားတာကို မကြုံဖူးခဲ့။

ဝေရီ ဘဝ၏အနိမ့်၊ အမြင့်၊ အနက်အရှိုင်း၊ အတိမ်ကို မသိနားမလည်ရှာ။

စာရေးဆရာ ဈန်မင်းသော်နှင့် လိုက်သွားမိကာမှ ဒုက္ခဆိုတာ နားလည်လာရမည်ကို မသိခဲ့ရှာ။

သည်ဒုက္ခကို သေချင်းဆိုးလေး စနေထွန်းက ဖန်တီးလိုက်ခြင်းသာ ဖြစ်တော့သည်။

* * *

'စားလေ ကိုကို၊ ကိုကို ဘာတွေတွေးနေတာလဲ'

ထမင်းဝိုင်းက နှစ်ယောက်တည်းရှိတာမို့ ခြောက်ကပ်ကပ်ဟု သိမ့်ဇော်ချမန်က ထင်မိသည်။

သိမ့်အိမ်မှာတုန်းကတော့ ဖေဖေ၊ မေမေတို့နှင့်စိုစိုပြည်ပြည်ဝါပဲ။

ခုတော့ သိမ့်ဘဝမှာ သူတို့ဝေးကွာခဲ့ကြပြီ။

'သိမ့် စား၊ ငါ၊ ရော့....

ကိုကို့ ငေးနေတာကို သိမ့်က စကားဆိုမိတော့ ကိုကိုသတိရလာသည်။

စနေ၏ ဟင်းပန်းကန်ထဲတွင် ကြက်ခေါင်း တစ်လုံးနှင့် ကြက်သားတစ်ဖတ် ရောက်နေသည်။

စနေက သိမ့်ကို ပြန်စကားလုံးလေးတွေ ခြွေသည်။ ဟင်းပန်းကန်ထဲမှ သေးငယ်သော ကြက်သည်းလေးတစ်ဖတ်ကိုဆယ်၍ သိမ့်ထမင်းပန်းကန်ထဲ ထည့်လိုက်သည်။

သိမ့်ကို သူခိုးလာတာ သုံးရက်ရှိပြီ။

တောင်ဒဂုံက ငါးဆယ့်သုံးရပ်ကွက်ထဲရှိ လမ်းတစ်လမ်းထဲက အိမ်မှာ သိမ့်ကိုထားဘူး။

'ကိုကိုစားပါ၊ အသည်းကြိုက်ဘယ်မဟုတ်လား'

'သိမ့် စားပါကွာ၊ တို့ကသိမ့်ကို တို့အသည်းလေးလို ချစ်တာမို့ သိမ့်ကိုအသည်းကျေးပြီး သက်သေပြရတာ'

စနေ၏စကားတွေက သိမ့်နှလုံးသားကို ချိုမြိန်စေသည်။

နှဲ့ဝင်ဆိမ့်လိုက်တာ ကိုကို့ရယ်....

ကိုကိုက ပြောတတ်ထယ်နော်။

သိမ့်က ထမင်းတစ်လုတ်ကို သိမ်မွေ့စွာ ခံတွင်းထဲသွင်းလိုက်သည်။ စနေက ထမင်းအလုတ်ကြီးတစ်လုတ်ကို စားလိုက်သည်။

'ဘာလို့ ခေါင်းထည့်ပေးရတာလဲ'

'အိမ်ဦးနတ်မို့'

'ဘာလဲ အိမ်ဦးနတ်'

'ဩော်....ကိုကိုရယ်....ကိုကိုက အိမ်ထောင်စုမှာ အိမ်ဦးနတ်တူတာမို့ အိမ်ဦးနတ်လို့ မှတ်ထားရတာပေါ့၊ မေမေကပြောတယ် အိမ်ဦးနတ်နဲ့တူတဲ့ ကိုယ့်ယောကျ်ားကို ကြက်တို့ဘဲတို့ချက်ရင် အမြဲတမ်း ခေါင်းကို ကျွေးရတယ်တဲ့၊ ဒါမှ ယောကျ်ားမှာ ဘုန်းတောက်ပြီး စီးပွားရှာကောင်းတယ်တဲ့'

'အိမ်ဦးနတ်ဆိုတာ မြင်ဖူးသလား'

'ဟင့်အင်း၊ မမြင်ဖူးပါဘူး'

'မမြင်ဖူးရင် မပြောနဲ့သိမ့်၊ တော်ကြာ အဲ့ဒီနတ်ရှိနေခဲ့လို့ ရှင် ကြားသွားပြီး သူ့ကို ကြက်ခေါင်းတွေဘာတွေ ကိုက်ခိုင်းရဦးမလားဆိုပြီး စိတ်ဆိုးနေဦးမယ်'

စနေက အချန်းလေးဖောက်သည်။ သူတို့ ပြိုင်တူရယ်မိသည်။

ဟိုစကားသည်စကားတွေ ပြောပြစ်ကြသည်။

ထမင်းဝိုင်းကလေးသည် စောစောကလို ခြောက်ကပ်မနေတော့ပါ။ ချစ်သူနှစ်ဦး၏စကားနှင့် စိုပြည်မြိုင်ဆိုင်လာသည်။

သိမ့်ပန်းကန်ထဲက ထမင်းလုတ်ကိုယူပြီး စနေက သိမ့်ပါးစပ်ကလေးထဲသို့ ခွံ့ပေးသည်။

ဆည်တော့မှ သိမ့်က စားသည်။

'သိမ့်ကလေ ကိုကို့ကို သိပ်ချစ်တာ၊ ကိုကိုဘစ်ခုခုဖြစ်သွားမှာကို မလိုလားဘူး'

'အေးပါသိမ့်ရယ်....ကိုကိုလဲ သိမ့်နဲ့မခွဲချင်ပါဘူး၊ ကိုကိုက သိမ့်ကိုရယ်စရာပြောတာပါ'

'နောက်ကို ဒါမျိုးမပြောပါနဲ့ကိုကိုရယ်၊ သိမ့်ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ကိုကိုအလုပ်မရှာနိုင်ရင် သိမ့်ကိုကို့ကိုစေးရောင်းကျွေးမယ်၊ ခုခေတ်မှာ စေးရောင်းတာ ငွေခဲကိုင်မိသလိုပဲ ကိုကို့ရဲ့'

'သိမ့် စေးမရောင်းရပါဘူးကွာ၊ သိမ့်မိဘတွေသိသွားရင် ဘယ်ကောင်းမလဲ၊ ကိုကိုတစ်ခုတော့ စိစဉ်ထားတယ်'

'ဘာကိုလဲ'

စနေ ကိုဘောဒေဝကို သတိရနေမိသည်။ ဘောဒေဝဆီက နှစ်သိန်းကျော်ရရန်ရှိသည့် မဟုတ်လား။

'ကိုယ့်မိတ်ဆွေတစ်ယောက်ဆီက ငွေချေးထားတယ်၊ ငွေအလုံးအထည်များတယ်၊ သူက ချမ်းသာအာယ်၊ ကိုကို့ကို ချေးမယ်တဲ့၊ အဲဒီငွေရရင် လက်ဖက်ရည်ဆိုင်ကလေးများ တည်မလားလို့'

'အို....ကောင်းတာပေါ့ ကိုကိုရယ်၊ ခုခေတ် လက်ဖက်ရည်ဆိုင်တွေ အိုက်ကမှာစိုပြည်နေတာပဲဟာ'

သိမ့် သွက်သွက်လက်လက် ဖြေစ်လာသည်။

'ကိုကို တခြားဟလုပ်တွေရှာဦးနော်၊ အခု ကိုကိုလုပ်နေတဲ့ ကားပွဲစားအလုပ်ဆိုတာ အာမှ ရေရာတဲ့ အလုပ်မဟုတ်ဘူး၊ ကိုကို့ဆော်လိုက်တဲ့အလုပ်ကကော ဘာကြားသေးလဲ'

'ကုမ္ပဏီတွေတောင်ရှိတယ်၊ အနားမကပ်နိုင်ပါဘူး၊ အခုပေါက်စေးက တစ်သိန်းကျော်တောင်'

'စက်ဘူသွားရင်ကော'

'စက်ဘူက ပြန်လာတဲ့လူတွေပြောတယ်၊ စက်ဘူမှာ ဘာမှ အလုပ်မဖြစ်ဘူးတဲ့၊ ငွေက သဘော်လိုက်တာထက်တောင် ကုန်သေးတယ်၊ ကိုယ့်နိုင်ငံမှာ ကိုယ်လုပ်စားတာပဲကောင်းပါတယ်၊ ကိုယ့်နိုင်ငံထောင် ကိုယ်ပြန်ကျတော့ ထောင်ကြီးကို မျက်နှာမပူရတော့ဘူးပေါ့'

'ဟင်းနော် ကိုကို၊ ဒါတွေမပြောနဲ့၊ သိမ့်မကြိုက်ဘူး'

သိမ့်မျက်နှာကလေး စူသွားသည်။

ဟယ်....ဒါက ပိုတောင်လှသေး။

'ကိုကို့စကားက နိမိတ်မရှိဘူး၊ ဖွဖွဲ့ လွဲပါစေ ဖယ်ပါစေ'

သိမ့် စားအံ့ဆဲဆဲထမင်းလုတ်ကို ပန်းကန်ထဲ ပြန်ချလိုက်သည်။ စနေက ပါးချိုင့်ကလေးနှစ်ဖက်ပေါ်အောင် ပြုံးရင်းက....

'ထို့က စတာပါသိမ့်ရယ်၊ ဘယ်သူက ထောင်ထဲသွားပါ့မလဲ၊ စားနော် စားလိုက်'

'ဟင့်အင်း စားဘူး'

'စားလိုက်ပါကွာ၊ ရော့ ရော့ ကိုကို့ခွံ့မယ်'

အားတက်သရော ဆိုမိရှာသည်။

'ဒီကြားထဲ တစ်နေ့က ကိုကို့မိတ်ဆွေတစ်ယောက်နဲ့ တွေ့တယ်၊ သူကစာရေးဆရာ၊ အဲ့ဒီလူက ကိုကိုတို့ကို သူနဲ့ ပရီးထွက်ဖို့ခေါ်တယ်၊ ဖားအံသွားမယ်တဲ့၊ သူ့ကားနဲ့သွားမယ်၊ ဒီတော့ ကိုကိုနဲ့ သိမ့်နဲ့က ရှောင်ရင်းတိမ်းရင်း ဆိုသလို အဲ့ဒီစာရေးဆရာနဲ့ လိုက်သွားမယ်'

'စာရေးဆရာဘယ်သူလဲ ကိုကို'

'စျန်မင်းသော်တဲ့'

'စျန်မင်းသော်...ဟုတ်လား၊ သူ့ဝတ္ထုတွေ သိမ့်ဖတ်ဖူးပါတယ်'

'ကြိုက်သလား'

'မဆိုးပါဘူး၊ ဇာတ်အိမ်ဖန်တီးတာကောင်းတယ်၊ ဇာတ်ကောင်စရိုက်တွေ ပေါ်လွင်တယ်၊ ဒီစာရေးဆရာတော့ တစ်ခါမှမမြင်ဖူးဘူး၊ ချောသလား'

'ဟာ...ချောတာမှသိပ်ချော'

'ကိုကို့လောက်ချောသလား'

'ကိုကို့ထက်ချောတယ်'

'သွားစမ်းပါ၊ ပိုမနေနဲ့'

ပြောရင်း သိမ့် ထမင်းကိုလက်စသတ်သည်။ စနေက ချဉ်ပေါင်ဟင်းချိုကို ညာလက်ကြီးနှင့်ကိုင်လျက် ရှူးခနဲ ရှူးခနဲ မြည်အောင် သောက်ပြီးမှ...

'ဟုတ်တယ်၊ တကယ်ချောတဲ့လူ၊ သိမ့် တွေ့မှာပါ'

'သိမ့်က ချောမှကြိုက်တယ်၊ ရုပ်ရှင်မင်းသား ချောတာတော့ တွေနေတာပဲ၊ စာရေးဆရာချောတာတော့ တစ်ခါမှမတွေ့ဖူးသေးဘူး၊ သူတို့ကြည့်လိုက်ရင် ခေါင်းကစုတ်ဖွား၊ နှုတ်ခမ်းမွေးကြီးတွေ ရှိလိုရှိ၊ မျက်မှန်ကြီးတွေက တူထူကြီးတွေနဲ့၊ မျက်နှာစတွေက ကြောင်ပီစီရယ်၊ တစ်ယောက်မှမင်းသားရုပ်မရှိဘူး'

'ဟ...စာရေးဆရာပဲ၊ ရုပ်ပြစားတာမှမဟုတ်ဘဲ၊ နှလုံးသားနဲ့ ဦးနောက်ကိုပြစားတာ၊ သူတို့စာတွေ ချောဖို့လိုတာ၊ ရုပ်ချောဖို့မလိုပါဘူးဟာ၊ ဦးပုည ကြည့်ပါလား၊ သူ့စာတွေ ဘယ်လောက်ကောင်းသလဲ၊ လူကတော့ မျက်စိက စွေစောင်းစောင်းနဲ့တဲ့၊ ဟောဒီလိုပေါ့'

စနေက မျက်လုံးတွေကို စွေပြသည်။

သူလည်း ထမင်းစားတာ လက်စသတ်သည်။

သူ့ပုံကိုကြည့်ကာ သိမ့်က တခစ်ခစ်ရယ်သည်။

ရယ်တော့လည်း လှသည်။

လပြည့်ဝန်းက မွေးရော့သလား။

ပဒုမ္မာကြာပွင့်လွှာလေးတွေများ ဝင်စားရော့သလား။

လှလိုက်တဲ့ သိမ့်ရယ်။

ကောင်ချောလေး စနေထွန်း တစ်ချက်တော့ သူ့ချစ်သူငေးသွားသည်။

'သဘောရောကောင်းရဲ့လား'

'သိပ်ကောင်း'

'တီကောင်နဲ့ ဆွေမျိုးတော်တာပေါ့နော် ကိုကို'

'ဘာဖြစ်လို့'

'ဩော်....တီကောင်က သွားကိုင်ရင် မကိုက် တတ် ဘူး လေ'

'ဟား....ဟား....ဟား'

စနေ ထမင်းဝိုင်းကို ရယ်ခြင်းနှင့်ပဲ အဆုံးသတ်လိုက်သည်။

စိတ်ထဲမှာ ပျော်သွားသည်။

သိမ့်လည်း ပျော်ပါစေ။

ပတ်ဘာလစ်ကာကား အဖြူရောင်ကလေးက ထိုးရပ်သွားသည်။

စောင့်နေချိန်ထက် ငါးမိနစ်ပဲနောက်ကျသည်။

လင်မယား နှစ်ယောက်လုံး အဝတ်ထည့်အိတ် ကိုယ်စီနှင့်ပဲ။

'ကဲ....ကားပေါ်တက်ကြ'

ရှေခန်းမှ စျန်မင်းသော်က ဖိတ်ခေါ်လိုက်သည်။ စျန်မင်းသော်ဘေးတွင် မိန်းမချောလေး တင်ဝေရီလွင်။

တင်ဝေရီလွင်က စျန်မင်းသော်ကို ကြည့်မနေအားဘဲ ကားနောက်ဘက် လျှောက်သွားသည်။

ကားမီးကို ဖွင့်လိုက်သည်။

'ကိုစနေကွန်းဆိုတာ အတော်ချောအာပဲနော်'

'ရုပ်ချောတာ ပြုတ်စားလို့ ရတာမှ မဟုတ်ပဲ'

'လူ့လောကမှာ ဒီလို ချောတာလှတာတွေကိုပဲ လက်ခံ ဘက်ကြတာပဲ မဟုတ်လား ကို'

'ချောတယ်လှတယ် ဆိုတာ အပြင်ရုပ်ဆင်းသဏ္ဌာန်ပါ။ အရေးကြီးတာက အတွင်းကစိတ်ပဲ၊ ရုပ်ချောဘာထက် စိတ် ချောတာက လူ့ဘောင် လူ့ကမ္ဘာကြီးကို ပြုပြင်တာ'

'ကိုက စာရေးဆရာပီပီ အတွေးနဲ့ပြောတာကိုး'

'ဟ...ဝေရီရာ၊ လောကမှာ လူတွေဟာ ဘာပဲလုပ်လုပ် စာတွေးနဲ့လုပ်တာ အကောင်းကိုး၊ အတွေးမမှားရင်အလုပ်သဲ့ မမှားဘူး'

သူတို့နှစ်ယောက် ကားခေါင်းတခု စောင်းပြောရင်း တုန်းမိုးပေါက်တွေ ပြင်းပြင်းထန်ထန်ကို ကျလာသည်။

ကတ္တရာမျက်နှာပြင်နှင့် မိုးစက်တို့ထိတွေ့ရာမှ ပေါက်ကွဲ လွင့်စဉ်ကုန်သည်။

မိုးစက်ကလေးတွေကို ကယ်မ့်မည့်သူ မရှိလေတကား။

ကားယာဉ် မိုးပေါက်မိုးစက်တို့၏ တရေ၀ေ၀ြေပြင်းထန်မှု ကြားတွင် အရှိန်လျော့သွားသည်။

ယာဉ်ခြောက်စီး သွားနိုင်လောက်အောင် ကားလမ်းမကြီး က ပြောင်ချောကျယ်ဝန်းသည်။

'မြန်မာနိုင်ငံတစ်ဝှမ်းမှာ ဒီလိုလမ်းမျိုးတွေချည်းဖြစ်ရင် သိပ်ကောင်းဉာ၊ အသွားလမ်းရော အပြန်လမ်းရော အနွှဲရုတ်

'ခင်ဗျားတို့ အာမမခံစားရလေးဘူး မဟုတ်လား'

စနေက လက်ပတ်နာရီကို တစ်ချက်ငဲ့ကြည့်လိုက်ပြီးမှ ဝ မင်းသေးကို မေးသည်။

'ဟာ...အယ်စားရဲ့မလဲ၊ ကျွန်တော် ခြောက် နာ လောက်ကအပြီး ဝေရီကို သွားခေါ်အော့ ခြောက်နာရီ ပြီးနေပြီ'

ထင်ဝေရီလွင်က စနေကို အားခံတ်နေသည်။နိုင်ငံခြား စိုပို့ရှိပ် အပြာနုပျောင်းလေးနှင့် လဲဗစ်ဂျင်းကို ဝတ်ထားသော စနေသည် ဝေရီ့ထွေဖူးသမျှ ယောကျ်ားလေးထဲတွင် အတော ချောတဲ့သူ။ မိန်းကလေး တစ်ယောက်လို ချောတဲ့လူလို့ အောက်မေ့သည်။

ကိုနှင့်ယှဉ်လိုက်ရင်တော့ တာနေ့ာယမွန်နှင့် ပဉ္စသိခံ နတ် သားလို ကွာလွှမ်းဟိုခြင်း။

'ကျန်ဘော်တို့ တစ်ခုခုသွားစားရအောင်ဗျာ'

'ပဲခူးရောက်မှစားပါလားး'

ဗျန်မင်းသော်၏စကားကို စနေက အကြိုက်မတွေ့ လက်ခံ ဆည်။ သူက ဘောင်ဒေဝကို သတိရသည်။

ကိုးနှာခေါင်တင် ဘာဒေ၀နှင့် ပဲခူးက စားသောက်ဆိုင် တစ်ဆိုင်မှာ ဗျိန်းဆားတာပဲ မဟုတ်လား။

ကားကို ရှန်ကွန်ထဲမှ မြို့ပြင်အထိ မောင်းလာသည်။

နေက နံနက်ဦးဘတ္တဒ်သာ ရှိနိုင်သည်။ ကားမောင်းပြီး နှာခေါင်းအဖျားတွေးကေားစိခုလုံး မဲနက်ရောင်းကွဲ လာသည်။

ကင်းကင်း မောင်းလို့ရတယ်၊ မောင်းရတာ စိတ်ချမ်းသာ တယ် ဝေရီ'

ကားလက်ကိုင်ဘီးကို ထိန်းနေလျက်က ဈန်မင်းသော် ဆိုသည်။

'တို့ကို စီးကရက်ပေးစမ်းပါ'

ဈန်မင်းသော်အား ပိုလိုနိုင်းစီးကရက်တစ်လိပ်ကို ဝေရီက နှုတ်ခမ်းတွင် တပ်ပေးသည်။

ကားစက်ခန်းရှိ မီးညှိတံကိုဖြုတ်၍ သူ့စီးကရက်ကို မီးညှိ ပြီး ပြန်တပ်လိုက်သည်။

ထောက်ကြန့်ကိုကျော်တော့ မိုးပြန်စဲသွားသည်။

ကောင်းကင်တစ်ခုလုံးတော့ အမှောင်ကမ္ဘလာလွှမ်းဆဲ။

ကားနောက်ခန်းတွင် စနေသည် သိမ့်ကိုဖက်ထား၏။အမိုး အကာက ယာယီအမိုးအကာ ဖြစ်ပေမင့် လုံခြုံသည်။

'စာရေးဆရာကို တွေ့လား သိမ့်'

'ဟင့်အင်း....အမှတ်တမဲ့ပဲ နေလိုက်တယ်'

'ပဲခူးရောက်ရခ မိတ်ဆက်ပေးမယ်'

ဈန်မင်းသော်မှာ စာဖတ်သူတွေနှင့် စိမ်းနေသူ မဟုတ် ပါ။ သူ့ဝတ္ထုကိုမဖတ်ဖူးသည့်တိုင် 'ဈန်မင်းသော်' ဆိုသည် နှင့် နာမည်ကို ကြားဖူးပါသည်ဟု ပြောကြမည်ဖြစ်သည်။

သူ့ကလောင်အမည်၊ သူ့ဝတ္ထုတွေက တီဗွီကြော်ငြာ၊ သတင်းစာကြော်ငြာ သို့မဟုတ် မဂ္ဂဇင်းကြော်ငြာတွေမှာပါ နေဆဲ ဖြစ်သည်။

ဆလွန်းတက္ကစီကားတစ်စီးသည်ရေရှဲနေသောကတ္တရာလမ်း မျက်နှာပြင်ကိုဖြတ်၍ သူတို့ကို ကျော်တက်သွားသည်။

ကားထဲတွင် ကိုဘောဒေဝကြီးကို မြင်လိုက်သည်ဟု စနေ ထင်လိုက်သည်။

တက္ကစီဆလွန်းကားကလေးက ဝေးကွာသွားသည်။

ထောက်ကြန့်။

ပြီးတော့ လှည်းကူး။

လှည်းကူး အရောက်တွင် မိုးသားတွေ ကင်းစင်သွား သည်။

ကောင်းကင်သည် ငိုနေသောကလေး အမိမျက်နှာကိုမြင် လိုက်ရသလို တစ်စတစ်စ ပြန်ကြည်လင်လာသည်။

ကားလမ်း၏ ဝဲယာဘေးနှစ်ဖက်တွင် စိမ်းစိုနေသည်။

ခရီးသည်တင်ကားကြီးတွေ၊ ကိုယ်ပိုင်ကားတွေ သွားလိုက် ပြန်လိုက် ဖြတ်သန်းသွားကြသည်။

စနေက သူ့ခရီးဆောင် အဝတ်အိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်သည်။

ပိုက်ဆံအိတ်ကိုမထုတ်မီ တစ်စုံတစ်ခုကို သူ့ဘေးတွင် ချ ထားသည်။

သိမ့်က မနေနိုင်။

စပ်စပ်စုစုပဲ အဲ့ဒါကိုကောက်ကြည့်၏။

'ဟင်....ရဲတင်းလေးပါလား'

လွှတ်ခနဲ အသံထွက်သွားသည်။

စနေက ဆတ်ခနဲဆွဲယူလိုက်သည်။

ရဲတင်းမှာ နီကယ်(လ်)ရောင် တောက်ပြောင်နေသည်။ ပြက်ကလူကြီးလက်ဘစ်ဝါးသာသာရှိသည်။

အသွားက လေးလက်မ ငါးလက်မလောက်ရှိမည်။ အသွား၏ အောက်တစ်ဖက်တွင် တစ်ဆွာလောက်ရှိသော သံမဏီလက်ကိုင်ရှိသည်။

စနေက စပ်ဖြီးဖြီးနှင့် ရဲတင်းလက်ကိုင်ကို တစ်ထစ်ပြီး တစ်ထစ် ဆွဲထုတ်လိုက်သည်။

ဤတောင်လောက်အရှည်ရှိသည့် သံမဏီလက်ကိုင်ရှိုးဖြစ်လာသည်။

'နှိုင်းခြေးကလာတာလေ၊ ထိုင်းကပြန်လာတဲ့ တို့မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးခဲ့တာ'

စနေ အထာအသိဘက်သည်။

'အဲ့သည်ရဲတင်းလေးကို အိမ်တွင် ဆီခဲ့ မတွေ့ခဲ့ရဟု'

'လုလဲလုတယ်၊ ကြောက်စရာလဲကောင်းတယ်နော်'

'ဒီရဲတင်းလေးကို ဘယ်လိုမျှားနာမည်ပေးချင်လဲ'

'ဒို့ငယ်နာမည် ပေးရင် မကောင်းဘူးလား ကိုကို'

'အင်း...ဒို့ငယ်နာဟာ လှတာပေါ့၊ ဒါပေမယ့် ချွေး လ် စ်ကို ဒုက္ခမပေးလေးဘူး၊ သစ္စာမရှိဘဲရှိမယ်'

'ကလီသိုးပတ္ထားလို့ ပေးရင်ကော'

'ကလီယိုးပတ္ထားး၊ အင်း...အဲ့ဒါတော့မဆိုးဘူး၊ အိုက္ခစ်ဘုဂ္ဂမ ကလီသိုးပတ္ထားဟာ လှသလောက် မာယာများပြီး ကြောက်စရာကောင်းတယ်၊ ဆိုင်းပြည်ကို ဒုက္ခရောက်အောင်

လုပ်တဲ့ မိန်းမပဲ၊ ဒါပေမယ့် ဒီနာမည်က ခေတ်နောက်ကျနေပြီ'

သိမ့်က မျက်ခုံးလေးတွေ့မြှင့်၍ ပခုံးလေးတွန့်လိုက်သည်။

'ကဲကွယ်...ကိုကို ပေးချင်တာပေးတော့'

စနေက စဉ်းစားပြီး ကျန်ခဲ့သော လယ်ကွင်းတွေ့ ဆစ်ပင်တွေကို ကြည့်လိုက်သည်။ နောက်မှ....

'တို့ တစ်ခုစဉ်းစားမိတယ်၊ ဒီကဘာလဲဆိုတော့ စီအိုင်အေပါ၊ စီအိုင်အေဆိုတဲ့ နာမည်လေးဟာ လှလှပပ အခေါ်ရကောင်းသလောက် ကြောက်စရာကောင်းတယ်၊ နိုင်ငံတိုင်းရဲ့ ငြိမ်းချမ်းမှုကို သူက ဖျက်ဆီးနေတယ်၊ စီအိုင်အေဆိုတဲ့ နာမည်လေး လှသလောက် နိုင်ငံအချို့ကို စစ်မီး ဟုန်းဟုန်းဆောက်အောင် သူကဝင်ရှုပ်နေတယ်၊ ဖန်တီးပေးနေတယ်၊ ဒီတော့....'

စကားကို ဆိုင်းလိုက်သည်။ မြိုးမှ....

'ဒီရဲတင်းလေးကို စီအိုင်အေလို့ နာမည်ပေးလိုက်မယ်နော်'

'ကောင်းတယ်...ကောင်းတယ်'

ဆိမ့်သည် ခေတ်မီသော မိန်းကလေးဖြစ်ကြောင်း ငြင်းနိုင်ဖွယ် မရှိပါ။

ဗဟိုထောက်လှမ်းရေးအဖွဲ့ဟု ခေါ်ဆိုအပ်သော စီအိုင်အေအကြောင်းကို သိဘဲနဲ့သားလေ့ရှိတဲ့ သိန်းမြိုးဟု ဆိုနေ ယူးစသည်။

'ကဲ....အခုအချိန်ကစပြီး လက်ဖက်ရည်မတိုက် မုန့်ဟင်းခါး မကျွေးဘဲ ဒီရဲတင်းကို စီအိုင်အေလို့ ခေါ်တွင်စေဗျား'

စနေ့စကားကြောင့် သိမ့် ရယ်ဖြစ်သွားသည်။

'ကိုကိုက ဘာလို့ ဒါကြီးယူလာရတာလဲ'

'ဘေးဆီးရန်ကာဝေါ့'

'ရန်ကုန်က ဖားအံထိအောင် ဘာအန္တရာယ်မှ မရှိနိုင်ပါဘူး၊ ခဲးပြေလဲမတိုက်ဘူး၊ နိုင်ငံလည်း အေးချမ်းနေပြီ' စနေ ပြန်မပြောပါ။

နိုင်လွန်ဂျာကင်တစ်ထည်ကိုသာ သူ့ကိုယ်ပေါ်မှာ လွှမ်းလိုက်သည်။ ကားက ပဲခူးဘက်ကိုဝင်နေပြီ။

မိုးလည်းမရွာတော့။

တစ်နေရာတွင် ကားရပ်သွားသည်။

'ကိုကို....ဘာလို့ ရပ်ရတာလဲ'

'ခဲတော်ဆီထည့်ရဦးမယ်လေ'

လမ်းဘေးရှိ ခဲတော်ဆီပုံးကလေး - ထောင်ထားရာဘက်ကို စျန်မင်းသော်က မေးငေါ့ပြသည်။

စနေတို့လည်း ကားပေါ်မှဆင်းသည်။

'မိတ်ဆက်ပေးရဦးမယ်၊ အစ်ကို သူက ကျွန်တော့် မိန်းမ သိမ့်ဇေယျာမွန့်တဲ့၊ သိမ့် ဒါက တို့ပြောပြောနေတဲ့ စာရေးဆရာ စျန်မင်းသော်'

သိမ့်က ပါးစပ်ကလေးအဟောင်းသား။

စျန်မင်းသော်ကိုကော့ နာမည်လေးနှင့် လိုက်အောင် ချောမည်ဟုထင်ခဲ့သည်။ ခုတော့ လူသက်ပြီး နာမည် ရေထဲမျောဖို့ပဲရှိသည်။

အရုပ်ဆိုးလိုက်တာဟယ်။

စျန်မင်းသော်က တစ်ချက်ပြုံး၍ သိမ့်ကို ခေါင်းညိတ်ပြသည်။ လူအရုပ်ဆိုးသော်လည်း အသက်ဝင်နေတာက စျန်မင်းသော်ရဲ့ မျက်လုံးတွေ။

သူ့ မျက်လုံးတွေက ပွင့်လင်းခြင်း၊ ကြင်နာခြင်း၊ သိမ်မွေ့ခြင်းကို ပြနေသည်။

'ဟုတ်....ဟုတ်ကဲ့'

သိမ့်ကဆိုကာ စနေကိုလှမ်းကြည့်တိသည်။

သေချင်းဆိုးက ပြုံးစေ့စေ့။

ဟင်း....သိမယ်။

စိတ်ကူးနှင့် ချစ်သူ၏ပေါင်တွင်းကြောကို ဆွဲလိမ်ပစ်လိုက်သည်။ ပြီးမှ လက်တွေ့ကွင်းဆင်းလိုက်ဦးမယ်။

စျန်မင်းသော်ကလည်း သူနှင့်လက်ဆက်အံ့ဆဲဆဲ ဝေရီနှင့် စနေထွန်းတို့ကို မိတ်ဆက်ပေးသည်။

လူချေလေး စနေထွန်းကို ဝေရီ စိတ်ဝင်စားစွာ အကဲခတ်၏။

မျက်လုံးတွေကို သဘောမကျ။

မျက်လုံးတွေက မျက်လုံးအိမ်ကျယ်ကျယ်နှင့် နွဲ့ဆူငယ်ရဲ့ မျက်ဝန်းတွေလို လှပနက်ပြောင်သော်လည်း မြွေဟောက် မျက်လုံးမျိုးနှင့် တူသယောင်ယောင်။

ရက်စက်ခြင်း၊ လူလည်ကျခြင်းတို့ကို အဲ့ဒီမျက်လုံးအိမ်ထဲမှာ မြင်နေမိသလိုပဲ။

ရင်ဖိုဘုကောင်းဘယ်နေဝ်။

စနေက ဝေရီလိုမဟုတ်။

ဝိတ်မဝင်စားသလိုပဲ၊ တစ်ချက် ဝတ်ကျေတန်းကျေ ပြုးပြလိုက်ရုံ့အပ ဂရုမစိုက်သလိုပင် နေလိုက်သည်။

ဝေရီ့စိတ်ထဲ ခံပြင်းသလိုလို အောင့်သက်သက်လို ဖြစ်သွားသည်။

တင်း...သင်းကြည့်ရတာ သူ့ရုပ်ကလေးနဲ့ မာနတက်နေပုံပဲ။

နေပေါ့။

ဈန်မင်းသော်က မိတ်ဖွဲ့ပြီးချိန်ကလေးတွင် ဓာတ်ဆီသွားတည့်ခိုင်းသည်။ ဓာတ်ဆီဈေးက ခေါင်ခိုက်အောင်ရှိလှသည်။

တစ်ချိန်က ပြင်ပဈေး တစ်ရာ့ငါးဆယ် ခြောက်ဆယ်လောက် ရှိခဲ့တာကိုပဲ ဈေးကြီးလှပြီ အောက်မေ့နေသည်။

အဲ...ခုတော့ အဲ့သည်ဈေးကပဲ အဘခေါ်လောက်နေပြီ။

'နပ်စဘာလေးတော့ ဗိုက်ဆဲသွတ်လိုက်ဦးမှ၊ ဘယ်မှာကောင်းမလဲ'

စနေ့ကို မေးလိုက်သည်။

'ကျွန်တော်ပြမယ်'

'ဒါဆို ဒီလိုလုပ်၊ ဝေရီကို နောက်ပို့လိုက်မယ်၊ သူတို့မိန်းမချင်းချင်း အာရှိက်ပေစေ'

'ကောင်းပ'

သည်လိုနှင့် ဝေရီ နောက်ဘက်ရောက်သွားသည်။ ဝေရီ စိတ်ထဲ အစာမကြေမဖြစ်ပါ။ သူတို့မိန်းမ မိန်းမချင်းစကားပြောရတာ ပိုကောင်းသည်။ တင်ယောက်ကိုတစ်ယောက်သည်း စပ်စုလို့ကောင်းသည်။

မိန်းမ မိန်းမချင်း အတင်းပြောလို့လည်း ကောင်းသည်။

ပဲခူးတံတားနှင့် ဈေးကိုဖြတ်သည်။

လမ်းဆုံကလေးတစ်ခုတွင် သပ်ရှင်သော လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို တွေ့သည်။ စနေ ညွှန်ပြသောဆိုင်။

အဲ့သည်မှာ သူတို့စားချင်တာစား၊ မှာချင်တာ မှာကြသည်။

'ဘယ်ကိုလဲ'

'ကျွန်တော် မိတ်ဆွေတစ်ယောက် သွားတွေ့လိုက်ဦးမယ်'

ဈန်မင်းသော်ကို စနေထွန်းက ဖြေသည်။ သူ လက်ဖက်ရည်တောင် မသောက်နိုင်ဘဲ နာရီစင်ကြီးဘက်ကို ထွက်လာသည်။

နာရီစင်ဘေးက လမ်းကလေးတစ်ခုသို့ သူဝင်သည်။ အဲ့သည်ဘက်တွင် စားသောက်ဆိုင် တစ်ဆိုင် တည်ထားသည်။

သူနှင့် ဘောဒေဝတို့ ပဲခူးရောက်ပြီဆိုလျှင် ဤဆိုင်သို့ ဝင်လေ့ရှိသည်။

အရက်လည်း ရနိုင်သည်။

မနက်ဆိုတော့ ဆိုင်မှာလူရှင်းနေသည်။
ဆိုင်ရှေ့တွင် ဆလွန်း တက္ကစီကားတစ်စီး ရပ်ထားသည်။
ဘောဒေဝ ရောက်နေလိမ့်မည်ကို သူတွေးပြီးသား။
'ဟော....ကိုစနေထွန်း'
ဆိုင်ရှင်သည် သူတို့ကို မျက်မှန်းတန်းပြီးသား။
'ကျွန်တော့် ဘော်ဒါကြီး ရောက်ပြီလား'
ပြုံး၍နှုတ်ဆက်သော ဆိုင်ရှင်ကို စနေက ပြန်မေးသည်။
ဆိုင်အတွင်းကိုလည်း မျက်လုံး အကဲခတ် ကစားလိုက်သည်။
စားပွဲခုံများ၊ ခွေးခြေများမှအပ လူရှင်းနေသည်။
'ခင်ဗျားတို့ စောစောစီးစီး ဘယ်ကိုသွားကြမလို့လဲ'
'ဖားအံကိုဗျ'
ဆိုင်ရှင်အမေးကို ပြန်ဖြေရင်း....
'ကျွန်တော့်လူ ရောက်နေပြီလား'
'ရောက်နေပြီ၊ အိမ်သာဘက်သွားတာပဲ'

စနေက ဆိုင်ရှင်ကိုပြုံးပြလျက် ဆိုင်ဘေးပေါက်မှ နောက်ဘက်ကို ထွက်လာသည်။
ရေအိုးတွေ၊ ရေတွင်းကို ဖြတ်လာ၏။
လူဝေးလို့ ခွေးတစ်ကောင် ကြောင်တစ်မြီးမှမရှိ။
စနေက သူ့ခါးနောက်ကို စမ်းသည်။
နိုင်လွန်ဂျာကင် အောက်တွင် ထိုးထားသော စီအိုင်အေ ရဲတင်းကို စမ်းမိသည်။ ယခုအချိန်တွင် ဤရဲတင်းကို အသုံးချရတော့မည်။

လှန်းထားသော မျက်နှာသုတ်ပဝါတစ်ထည်ကို တွေ့သဖြင့် ကြိုးတန်းမှ ဆွဲယူလိုက်သည်။
ခါးနောက်ကြားထဲက တံတောင်ခန့်ရှိ ရဲတင်းလေးကို ဆွဲထုတ်ကာ မျက်နှာသုတ်ပဝါနှင့် အသွားကိုပတ်လိုက်၏။
အိမ်သာဘက်ကို သွား၏။
ရေလောင်းအိမ်သာ ဖြစ်ပြီး ကာထားသော နံရံထဲကိုဝင်ရသည်။
အထဲမှာ ဆီးသွားပိုက်ပါ လုပ်ပေးထား၏။
'ကိုဘောဒေဝ'
စနေက ခပ်အုပ်အုပ်အသံပေးသည်။
'ဟေး'
အိမ်သာတစ်ခုထဲမှ အသံထွက်လာသည်။
တစ်ချိန်တည်းမှာပင်....
'စနေထွန်းလားကွ'
'ဟုတ်'
အိမ်သာနှစ်လုံး ရှိသည့်အနက် တစ်လုံးမှာ တံခါးပွင့်နေပြီး တစ်လုံးမှာ ပိတ်ထားသည်။
လူရှင်းနေတာ ဟန်ကျတာပဲ။
'ခင်ဗျား ငွေပါရဲ့လား'
'ပါတာပေါ့'
'ဒီဆိုင်မှာပဲ ရှင်းကြရအောင်'
'မင်းကလဲ လောလိုက်တာ၊ ငါ့ဗိုက်ထဲရှိတာလေး ထုတ်ပါရစေဦး၊ ရန်ကုန်မှာကတည်းက အောင့်ထားခဲ့ရတာကွ'

'ရန်ကုန်မှာ ခင်ဗျားဥစ္စာတွေ မစွန့်ပစ်ခဲ့တာ ကောင်းပါတယ်၊ ရန်ကုန်မြေမသန့်ဘဲ ဖြစ်သွားလိမ့်မယ်'

'မင်းအမေ'

အထဲက ဆဲသည်။

'ထွက်ဗျာ....ကျွန်တော် သွားစရာရှိတယ်ဗျ'

ခဏအကြာ အတွင်းမှရေသံတွေ ကြားရသည်။

ဝနေက လက်နှစ်ဖက် နောက်ပစ်၍ ပြုံးစေ့စေ့ လုပ်နေသည်။

အိမ်သာတံခါး ပွင့်သွားသည်။ ဘောဒေဝ၏မျက်နှာကြီး ပေါ်လာသည်။

ဝတ်ထားလိုက်တာလည်း ရှိုးမိုးခိုက်နေသည်။

ကောင်မလေးတွေခိုက်အောင် သူ့ရုပ်နှင့် လိုက်ဖက်ညီစွာ ဝတ်ဆတ်တာကိုး။

'မင်းကွာ....ချီး(ချေး)တောင် ဖြောင့်အောင် မပါရဘူး၊ တော်တော်နှိပ်စက်တဲ့ ကောင်လေး'

သူ့ပခုံးထက်တွင် ဂျွိုင်းအိတ်အနီကို လွယ်ပြီးထား၏။ အထဲတွင် ဘာပါမည်ကို စနေထွန်း ခန့်မှန်းပြီးဖြစ်၏။

'အကုန်ယူလာသလား'

'ဒါပေါ့ကွ၊ အကုန်ယူလာတယ်၊ တစ်ပြား တစ်ချပ်မှ မလျော့သေးဘူး၊ ဦးရွှေကောင်းမွန်ခမျာတော့ ဖျပ်ဖျပ်လူးနေမလားပဲ၊ မနေ့က သတင်းစာထဲမှာ သူ့ဆီ လာရှင်းဖို့ ကြော်ငြာ ငါတွေ့လိုက်တယ်'

'သုံးဆယ့်တစ်ဆုံက တစ်နေရာရာမှာ သွားရှင်းကြဗျာ၊ ခင်ဗျားနဲ့ကျွန်တော် ရှင်းရမှာက ဒီနေရာပဲ'

'ချေးစော်နံတယ်ကွ၊ ဆိုင်ဆဲသွားမယ်'

လက်နှစ်ဖက်နောက်ပစ်၍ မျက်နှာမူ စကားပြောနေသော စနေထွန်းရှေ့မှ ဘောဒေဝ ဖြတ်ထွက်သွားသည်။

ဒါ အတွက်ဆိုက်ချိန်ပဲ။

စနေ့လက်တစ်ဖက်က လှစ်ခနဲ လှုပ်ရှားသွားသည်။

ဒုတ်....

ဒုတ်....

ခပ်အုပ်အုပ် အသံနှစ်ချက် ထွက်လာသည်။ မျက်နှာသုတ်ဘဝါ ပတ်ထားသော ရဲတင်းနှင့် ခေါင်းကို အထုခံရသည်မှာ အနှိပ်ခံရသလို ဇီမ်ရှိသည်မဟုတ်။

ငနဲသား ဘောဒေဝ ခွေကျသွားသည်။

စနေက ငနဲသား၏လက်ကောက်ဝတ်ကို စမ်းကြည့်သည်။ သွေးတိုးဆဲ။

ငနဲတော့ မေ့နေဦးမှာပဲ။ ခါးကြားထဲ ရဲတင်းကိုပြန်သုဉ်သည်။

သူက ဘောဒေဝ၏ ချိုင်းနှစ်ဖက်မှ မ,၍ အိမ်သာဘဲထို ဒယ်ဉ်တိုက်ဆွဲသွင်းသွားသည်။

ခွေခေါက်နေသော ရှိုးမင်းသားကို ဖြစ်သလို ပစ်ထားခဲ့ပြီးတော့ အိမ်သာတံခါးချက်ကို အပြင်မှပိတ်လိုက်၏။

ခုထက်ထိ လူမြင်သူမြင်မဖြစ်သေးသည်ကိုပဲ ကျေးဇူးတင်နေရသည်။

အောဒေဝဆီမှလွှတ်ကျနေခဲ့သော ဂျုံငြိုးအိတ်ကိုကောက်
ယူ၍ ဖွင့်ကြည့်လိုက်သည်။
ရင်မှာခုန်သွားမှုကို ခံစားလိုက်ရသည်။
ဓင်္ဂစက္ကူတွေကို မြင်လိုက်ရသောကြောင့်ဖြစ်သည်။
သူ ဝမ်းသာအားရနှင့် ဂျုံငြိုးအိတ်ကိုလွယ်ပြီး ထွက်လာ
သည်။

ဆိုင်ရှင်ကို ဆိုင်ထဲမှာမတွေ့ရတော့။
ဒါကပဲ ဝမ်းသာစရာဖြစ်သည်။
နို့မို့ စကားပြောနေရဦးမှာ။
ဆိုင်ထဲမှထွက်ကာ နာရီစင်ဘက် လျှောက်သွားသည်။
အသွားအပြန် မိနစ်နှစ်ဆယ်နီးပါး ရှိနေကြောင်း သူ့
လက်ပတ်နာရီက ပြနေသည်။
နာရီစင်ကို ဖြတ်သည်။
လမ်းဆုံဘက် သွက်သွက်လျှောက်သည်။
'ကိုကိုကလဲ အားနာစရာ၊ ဘယ်တွေသွားနေတာလဲ'
ဆီးကြိုပြောလိုက်သော သိမ့်၏အသံမှာ အပြစ်တင်သံလေး
လို ဖြစ်နေသည်။
စနေက မိန်းမတွေ့၏အပြစ်တင်မှုကို ခံနေကျမဟုတ်ဘဲမို့
သိမ့်ကို ခပ်တင်းတင်းကြည့်လိုက်၍....
'မိတ်ဆွေတစ်ယောက်နဲ့ စကားပြောနေလို့ပေါ့၊ သိမ့်က
လဲ ဒါလောက်လေး ကြာတာပဲ၊ ရေကန်ထဲကြာပေါက်ဘာမှ
မဟုတ်ဘဲ'

သိမ့်က သူမျှားကာနှင့် လိုက်ရ၍ ကားရှင်ကို အားနာပုံ
ရ၏။
'လက်ဖက်ရည်သောက်ဦးလေ'
'မသောက်တော့ပါဘူး အစ်ကို'
ပြောပြီး ဆိုင်အလုပ်သမား ကောင်လေးတွေဘက် လှည့်
ကာ ဟန့်လုပ်၍....
'အားလုံး ဘယ်လောက်ကျလဲဟေ့'
သူကပဲ ရှင်းမလိုလို။
'ကိုယ်ရှင်းလိုက်ပြီးပြီ ကိုစနေထွန်း'
'ဟာ...အစ်ကိုရယ်၊ အားနာစရာ၊ အစ်ကို့ကားလဲစီးသေး
လက်ဖက်ရည်လဲ သောက်သေး ဆိုတော့....'
'အပေါင်းအသင်းချင်းပဲကွာ၊ ကိစ္စမရှိပါဘူး'
စွန်မင်းသော်က သတောရိုးနှင့်ပြောသည်။ စနေက ဟန့်
ပြောလေးတွေ လုပ်နေတာကိုမသိ။
'ကျေးဇူးကတ္တညူပဲ အစ်ကိုရာ'
စနေ၏ပခုံးထက်မှ ဂျုံငြိုးအိတ်ကို စွန်မင်းသော်သတိပြုမိ
သည်။ ပါးနပ်သောစနေက....
'အစ်ကိုရေ၊ မိတ်ဆွေသွားတွေ့တာ မိတ်ဆွေက တာဝန်
ကင်ခုပေးလိုက်သေးရဲ့၊ သူ့ဟောဒီပစ္စည်းလေးတွေကို ဖားအိ
ပ့်ပေးပါတဲ့'
'အဖြူမဟုတ်ရင် ပြီးတာပဲ'
သိမ့်က ရယ်စရာလိုလို့နှင့် စနေကို နှက်ထည့်လိုက်သည်။
'သိမ့်ကတော့ကွာ၊ တို့ကို မကောင်းထင်နေတာပဲ'

ရယ်သလိုလိုမောသလိုလိုပြောလိုက်ပေမယ့် စနေ၏မျက်လုံ
တွေက မသိမသာမှာကျောသွားသည်။ နောက်မှ....

'ကားပစ္စည်းတွေပါ၊ ဖေ (လ်) တာတွေရယ် ပွိုင့်ကိရိယာ
တွေပါ'

ဘယ်သူကဘာမှ ဆက်မပြောကြတော့ပါ။

ကားကို ပဲခူးဘက်မှ စတင်ထွက်လာသည်။

'ဝေါဘက်ရောက်ရင် ကျွန်တော်မောင်းမယ်အစ်ကို'

'ဟိုက်ဝေးမှာ မောင်းတတ်ရဲ့လား ကိုစနေထွန်း၊ စိတ်တော
မရှိနဲ့နော်၊ မြို့ထဲမောင်းတာနဲ့ ဟိုက်ဝေး (HIGH WAY)
မောင်းတာနဲ့ မတူလို့ပါ'

'ခရီဝေးလမ်းမကြီးတွေကို ကျွန်တော်မောင်းဖူးပါတယ်'

ခရီးဝေးလမ်းမကြီးတွေ မောင်းရတာ ကျယ်ဝန်းသည်ဆို
ပေမင့် ကားကို အရှိန်မျှား မျှားသလို ထိန်းမောင်းရသည်။

ပြီးတော့ ကုန်တင်ကားကြီးတွေ၊ ခရီးသည်တင်ကားတွေ
ရှောင်ရသည်။

'ညီမလေးမိဘတွေဆီကို ပြန်မသွားတော့ဘူးလား'

'သွားတော့ သွားချင်တာပေါ့ မမရယ်၊ သူတို့ဆီသွားလို့
သူတို့က သဘောမတူရင်ဒုက္ခ၊ ညီမလေးက ကိုကိုနဲ့ခွဲချင်တာ
မဟုတ်ဘူး'

လင်နောက်လိုက်ပြေးသော မိန်းကလေးတိုင်း အငွေ့ မဟုတ်
ဘဲ အတွေကြောင့် ခက်ဖွယ်ရယ်ဆို၊ မခွဲနိုင်မခွာရက်ကြုံကြရ
သည်။

'ကိုစနေကို သိပ်ချစ်တာပဲလား'

သိမ့်က ဝေရီကို ခေါင်းကလေးညိတ်ပြသည်။

'ဘာလို့ ချစ်တာလဲ'

'ချောလို့....ကိုကိုက သိပ်ချောစာယ်လို့'

ချောလို့ ချစ်သတဲ့လား။

ဝေရီတွေးသည်။ သက်ပြင်းကျိတ်ချသည်။ ခုခေတ်ကောင်မ
လေးတွေက ယောကျ်ားလေးတွေချောရင် မနေနိုင်မထိုင်နိုင်
ဖြစ်တတ်ကြတာပဲလေ။

ကားနောက်ခန်းထဲတွင် သူတို့ စကားပြောဖြစ်ကြသည်။

'ဆရာက မချောဘူးနော်'

ရုတ်တရက် ကောက်ကာငင်ကာ သိမ့်ကမြောချလိုက်သည်။

ပြောပြီးမှ အားနာဟန်နှင့်....

'အို....ဆောရီး'

'ဟုတ်ဘယ်၊ ကိုက မချောဘူး၊ ဒါပေမယ့် စိတ်က
ယောကျ်ားပီသတယ်'

'ယောကျ်ားပီသတယ်ဆိုတဲ့စိတ်ဟာ ဘာလဲဟင် မမ'

သိမ့် တကယ်မသိ။

မသိကြောင်းသည်း သူမမျက်နှာကလေးက ဖော်ပြနေ
သည်။

'ကို့စိတ်က တည်ကြည်တယ်၊ ပြတ်သားတယ်၊ ရဲရင့်တယ်၊
မလိုတစ်မျိုး လိုတစ်မျိုးစိတ်မရှိဘူး၊ ဒါပဲပေါ့ ညီမလေးရယ်'

'မမက ဆရာ့ကိုချစ်ဘာဟာ စိတ်ကိုကြည့်ပြီး ချစ်ဘာထင်
တယ်၊ သိမ့်ပြောတာ စိတ်မဆိုးနဲ့နော်'

'ဟုတ်တယ်၊ အိမ်ထောင်တစ်ခု ပြုတော့မယ်ဆိုရင် စိတ်ဟာ အခရာပဲ၊ ယောကျ်ားပဲဖြစ်ဖြစ်မိန်းမပဲဖြစ်ဖြစ်စိတ်ကောင်းထုံးရင် အဲဒီအိမ်ထောင်စုဟာ စိတ်အေးချမ်းသာတာပဲ၊ အေးလေ ရှပ်ချေါ သဘောကောင်းဆိုရင် ပိုကောင်းတာပေါ့'

'ဆရာက စာရေးကောင်းတယ်နော်၊ သူ့ဇာတ်လမ်းလေး တွေကလဲ ကောင်းတယ်၊ အတွေးအခေါ်လဲ ကောင်းတယ်'

'ရှပ်ဆိုးတဲ့ လူတစ်ယောက်အတွက် ဘုရားသခင်က ကွက်လပ် ဖြည့်ပေးလိုက်တယ်လို့ ခေါ်ရမှာပေါ့ဗျာသိမ့်ရယ်'

'ဆရာက ရှပ်မဆိုးပါဘူး၊ မချောတာပါပဲ မမ'

သူမ၏ ပြောမှားဆိုမှားဖြစ်မှုတစ်ခုအတွက် သိမ့်က စကားပြန်ဖာသည်။

စိးကရက်ခဲရင်း စျန်မင်းသော် ကားကိုပဲ ဂရုစိုက်မောင်းသည်။

နောက်ကားက တက်လိုလို့ ဟွန်းတီးသည်ပဲဖြစ်စေ၊ နောက်ကြည့်မှန်ထဲမှာ အရှိန်ပြင်းစွာ မောင်းလာတာကို မြင်ရသည်ပဲဖြစ်စေ၊ သူ့ကားကို အရှိန်လျော့ပြီး ကျော်ခွင့်ပြုလိုက်သည်။

'ဟာ....အစ်ကိုရာ၊ လူတကာကို ဒီလိုသာ ကျော်ခွင့်ပေးနေရင် ဘယ်လိုလုပ် ခရီးရောက်တော့မှာလဲ'

'ကားမောင်းတဲ့လူတွေဟာ တစ်ယောက်ကို တစ်ယောက် သဘောထားကြီးရတယ်၊ ဖြတ်ခွင့်မပေးတာတို့၊ ကျော်ခွင့်မပေးတာတို့ဟာ လူမှုရေးမှာ သေးသိမ်ပြီး အန္တရာယ်လဲများတယ်၊ ကားကားချင်း တိုက်မိကြတဲ့အခြေခံဟာ လောဘရယ်၊ တစ်ယောက်ကိုတစ်ယောက် အကြောမခံတာရယ် ကြောင့် ဖြစ်တာတွေများတယ်'

'ကျွန်တော်ကတော့ ကားမောင်းရင် ဂျက်လို မောင်းရမှ'

'လိုရာမရောက် သေရွာရောက်နိုင်သည် ဆိုတဲ့ သတိပေးစာတမ်းလေးကိုလဲ သတိရဦး ကိုယ့်ညီ၊ ကားဆိုတာ လှည်းတို့ ဇက်ဘီးတို့ထက် မြန်တဲ့ယာဉ်ပဲ၊ အချိန်မရွေး ကိုယ်လိုရာခရီးကို ရောက်နိုင်တာပဲ၊ သိပ်အရေးကြီးတဲ့အခါလဲ ပုံစံတစ်မျိုးပေါ့ ကိုစနေ၊ အရေးမကြီးတော့လဲ မှန်မှန်ပေါ့၊ ကားမောင်းရာမှာ ဘယ်လောက် ကျမ်းကျင်ကျမ်းကျင် 'လော' ရင် ခံရမှာပဲ'

စနေ ငြိမ်နေသည်။

စကားပြောရင်း အငြင်းအခုံ ဖြစ်သွားလျှင် မကောင်း။

သူကတော့ သူမှန်သည်ဟုပဲ ယူဆ၏။

တစ်ခုတော့ ပြောလိုက်မိသည်။

'ကားစီးတယ်ဆိုတာ အလျင်လိုလို့ စီးကြတာ မဟုတ်လား'

'စီးတဲ့လူကဟုတ်တာပေါ့၊ မောင်းတဲ့လူက စီးတဲ့လူအလျင်လိုသလို လိုလို့ မဖြစ်ဘူးလေ'

နောက်ဘက်မှ ဟွန်းသံကြားရသည်။

စျန်မင်းသော် ကားကို အရှိန်တုံ့ကာ ဘေးတက်ရွှေ့ပေးလိုက်သည်။

ခရီးသည်တင်ကားတစ်စီး ကျော်တက်သွားသည်။

ဘုရားကြီးနှင့် ဝေါ်ကြားက လမ်းမှာ နည်းနည်းလမ်းဆိုးသည်။

စဝါနားရောက်ခါနီးမှ လမ်းကကောင်းသွားသည်။

သည်လူ လူပျော့ပဲ။

စနေက ကျိတ်ကောက်ချက်ချသည်။

သည်လူကြီး မောင်းနေပုံမျိုး ဆိုလျှင်တော့ သထုံကို ညမှ ရောက်တော့မှာပဲ။

ဝေါ်မြို့ထဲ ဝင်လာသည်။

အာမထိ လျှာမထိ ခေါ်ရသော မြို့လေးမှာ လှလှပပမြို့ကလေး ဖြစ်သည်။

အကျီဖြူ၊ လုံချည်စိမ်းကလေးဘွေ ဝတ်ကာ သွားလာနေကြသော ကျောင်းသူကျောင်းသားတွေပင် သည်မြို့ကလေးနှင့် တစ်မျိုးကြည့်ကောင်း၍ လိုက်ဖက်သည်။

စျန်မင်းသော်က ကျောင်းကိုကျော်လျှင် လမ်းကလေး တစ်လမ်းထဲသို့ ချိုးဝင်လိုက်သည်။

'ဘာလုပ်မလို့လဲ'

ဝေရီက နောက်မှ ကျယ်ကျယ်ကလေး မေးသည်။

'မိတ်ဆွေတစ်ယောက်နဲ့ ပြောစရာလေးရှိလို့'

စျန်မင်းသော်အဖြေက ဒါပဲ။

ခြံဝင်းတစ်ခုရှေ့တွင် ရပ်လိုက်၏။

'ကဲ...ခြေဆန့်လက်ဆန့် ဆင်းချင်ဆင်းကြ၊ ကျန်းမာရေးလုပ်ချင် လုပ်ကြ'

ပြောလိုက်သူက စနေ။

ကားရပ်ရပ်ချင်း သူ အလျင်ဆင်းသည်။

ချိုင်းအိတ်ကိုတော့ ကားမောင်းခန်းထဲမှာပဲ ထားသည်။

'ဝေရီ...အိမ်ထဲလိုက်ခဲ့ဦး၊ ကိုနဲ့ ဝေဦးက ခင်ကြတော့ ကို ယူမယ့် မိန်းမကိုတော့ ဂုဏ်ယူပြီး ပြထားရဦးမယ်'

သူ ဒါပဲ'

ဝေရီ ပြောပြီး ဆင်းသည်။ သိမ့်ကိုလည်း 'ညီမလေး လာ' ဟုဆိုကာ ဆွဲခေါ်သွားခဲ့သည်။

တိုက်ပုကလေးတစ်လုံးထဲသို့ စနေ ဝင်မလိုက်သွားခဲ့။

သူ အပေါ့အပါးသွားဖို့ တစ်နေရာသွား၏။ တိုက်ဘေးမှာပဲ ဖြစ်၏။

ကားပွဲစားလုပ်စဉ် ဗိုက်ဆာလျှင်လက်ဖက်ရည်ဆိုင်၊ အပေါ့အပါး သွားလိုလျှင် လမ်းဘေးသာ ကိစ္စပြီးတတ်သော သူ့အဖို့ နေရာကောင်းကောင်း ရှာနေဖို့မလို။

ခြံဝင်းမှာ သစ်ပင်တွေ ကျိုးတိုးကျဲတဲ ရှိသည်။

ပင်လယ်ကဗွီးပင်၊ မလေးပိတောက်လို့ တချို့ကခေါ်နေကြသည့် အပင်၊ လရက်ပင်၊ အုန်းပင်။

အဲ့သည်တွေကြားထဲက သူ လျှောက်ပတ်ကြည့်သည်။

သူနှင့် သိမ့်ဘဝတွင် သည်လို ခြံဝင်းကလေးနှင့် တိုက်ကလေးနှင့်ကတော့ ဘယ်အချိန်ကာလမှာ နေရမည်မသိ။

နေချင်သည်။

သိမ့်လည်း နေချင်မှာပါ။

သူက မိန်းမသားဆိုတော့ ပိုနေချင်မှာပေါ့လေ။

ပြတင်းပေါက်တွေ ဖွင့်ထားသည်။ သံတိုင်တွေရှိသည်။ မျက်လုံးတွေက ပြတင်းပေါက်တစ်ခုဆီကို စူးစူးစိုက်စိုက် တွယ်ငြိနေမိသည်။

အနားကပ်သွားသည်။

အိပ်ခန်းလို့ ပဲထင်ရသည်။ အဲသည်အိပ်ခန်းထဲမှာ စားပွဲခုံ တစ်လုံးရှိသည်။ ယင်းစားပွဲပေါ်တွင် ပိုက်ဆံအိတ်တစ်လုံး နှင့် ပစ္စတို(လ်)တစ်လက် တင်ထားသည်။

စာအုပ်စာတမ်းတွေလည်း ရှိသည်။

စနေ၏မျက်လုံး အရောင်လက်သွားသည်။

သူက ဘေးဘီကိုကြည့်၏။ ပတ်ဝန်းကျင်က သူနှင့် သူ ရယ်ပဲ။

အိမ်ခန်းတစ်နေရာဆီမှ ရယ်မောသံ စကားပြောသံတွေ ကြားနေရသည်။

အိမ်ရှင်နှင့် ဈန်မင်းသော်တို့ စကားဝိုင်း ဖြစ်သွားပြီပဲ။

စနေက ပြတင်းပေါက်နား တိုးကပ်သွားသည်။ စားပွဲ ပေါ်မှ ပိုက်ဆံအိတ်ကို လှမ်းယူသည်။

လွယ်လင့်တကူ ပါလာသည်။

သူ့ရင်မှာ မသိမသာ ခုန်နေတာကလွဲလို့ တခြား အနှောင့်အယှက်မရှိ။

ပိုက်ဆံအိတ်ကို သူ့စပို့ရှပ်ရင်ဘတ်ထဲ ထည့်လိုက်၏။ စိတ်ကူးတစ်ခု ပေါ်လာပြန်သည်။

ပစ္စတို(လ်)ထားရာဘက် လက်ဆန့်လိုက်၏။

မမီပါ။

တစ်ထွာလောက် ကွာဝေးနေသည်။

ဟင်း....ဘာခက်တာလိုက်လို့။

သူ့နောက်ကျော ခါးကြားထဲမှ ရဲတင်းကိုဆွဲထုတ်လိုက် သည်။ ပစ္စတို(လ်)ကို ရဲတင်းနှင့်ချိတ်ဆွဲလိုက်သည်။

အခက်အခဲမရှိ။

သေနတ်ကိုလက်မှာကိုင်ထားရတာ စေးစေးပိုင်ပိုင်ရှိလှ၏။

သေနတ်ရော ရဲတင်းကိုပါ နောက်ခါးကြားထဲထိုး၍ လူ ရိပ် လူခြည်ကြည့်ကာ ဣန္ဒြေမဟျက် ပြန်ထွက်လာသည်။

သူ ကားပေါ်ရောက်သည့်တိုင် ဘယ်သူမှ ပြန်မရောက် သေး။

အထဲမှာ စကားကောင်းနေကြဟန်တူသည်။

အဲဒါကျေးဇူးပဲ။

သူက ကားနောက်ခန်းကွင်ထည့်ထားသော သူ့အဝတ် အစားအိတ်ကိုဖွင့်ကာ ရဲတင်းကို လက်ကိုင်ရှိးပြန်သွင်းကာ ခေါက်လျက်အိတ်ထဲထည့်လိုက်သည်။

ဣန္ဒြေမပျက်ပင် ကားရှေခန်းမှာ ပြန်နေသည်။

ငါးမိနစ်အတွင်းမှာပင် လူတစ်စုထွက်လာသည်။ အိမ်ရှင် မှာ အသားညိုညို ပိန်ပိန်ဖြစ်သည်။ မာန်ထည်သောအသွင် ရှိ၏။

ကားပေါ်ရောက်မှ ဦးဝေဦးဆိုသူမှာ အရာရှိတစ်ယောက် ဖြစ်ကြောင်း သိရသည်။ ဒါကို ဈန်မင်းသော်က ပြောပြ သည်။

ကားမောင်းသူနေရာတွင် စနေထွန်းထိုင်နေသည်။

ကားကို သူကဝင် မောင်းပါးညိုတူးပြောတယ်။
'လိုင်စင်ရှိရဲ့လား'
'ကျန်တော့် လိုင်စင်က အနီပါ ရထားတာ'
ဒါကိုတော့ သူအသုန်အတိုင်းပြောသည်။
ကဲ...မောင်းစေ။
ဝါထဲတွင် ကားကို ဂရုစိုက်မောင်းရသည်။ လမ်းမှာ ကျဉ်းထည့်ထားတဲ့ ဆိုင်ကယ်၊ စက်ဘီး၊ ကုန်တင်ယာဉ်၊ လူစီးမော်တော်ယာဉ်တွေပါ ဖျပ်ထွေးနေတတ်သည်။
ဝါမြို့အပြင်ဆက် ရထားလမ်းကိုကျော်ထွေ့ စနေ ကားကို ပြင်းပြင်း မောင်းတော့သည်။
ငတီ ကားမောင်းကျွမ်းသည်။
စက်ဘီးတွေကို လွှစ်ခနဲသီခနဲ ကပ်ဖြတ်တွက်သည်။
'ဖြည်းဖြည်းလေ မောင်းပါကွာ၊ လူတွေ တိုက်မိနေပါဦးမယ်'
'ရပါတယ်အစ်ကိုရဲ့၊ အခု တစ်နာရီထိုးတော့မယ်'
ဟုတ်ပါရဲ့။
ခုလောက်ဆို ကျိုက်ထို သို့မဟုတ် ဘီလင်းရောက်ဖို့ကောင်းနေပြီ။
ယခု စစ်တောင်းတံတားတောင် မကျော်နိုင်သေး။
ဝါချောင်းကြီးကို မြင်နေရသည်။
မိုးလင်းမို့ ထင်သည်။ နွေတွင်ရေတိမ်နေသော ဝါချောင်းမှာ ယခု ရေကွေ့ပြည့်နေပြီ။
ဒါတောင် မိုးတွင်းအစရှိသေးတာ။

ဘယ်ဘက်တွင် ဝါချောင်း။ ညာဘက်တွင် ကွင်းပြင်ကျယ်။ ကချို့လယ်ကွင်းပြင်များတွင် ပဒေါဒိုက်သူ ပျိုးစိုက်သူ ပျိုးစိုက်နေကြဆဲ ရှိနေ၏။
အဝေးဘတစ်ခွင်လုံ လူမရှိသလောက်ပွေ့။
ဝါနှင့်ဝေးလာသည်။
လာဖါမြို့ ကြမ္မာပြုတ်ဆိုး။

'ငရဲပြည် မြန်မြန်ရောက်အောင်လို့ဟေ့'

စနေက ပြန်အော်သည်။

နောက်ကားက ဝေးကျန်ခဲ့သည်။

'ဟာ....ဒီလူ နိမိတ်နမာမမှိတဲ့စကားတွေ ပြောနေပြီ၊ သိမ့်....သိမ့်လူကို ကြည့်ပြောဦး၊ ကားမှောက်ရင် လေကုန်လိမ့်မယ်'

စနေ၏ ကားမောင်းကြမ်းတာ ရမ်းတာတွေကြောင့် ဝေရီ ရင်တုန်လာသည်။

'ဟိုတစ်ယောက်ကလဲ ဘေးကလိုက်ပြီး မပြောဘူး'

ဗျန်မင်းသော်ကိုပါ စိတ်တိုလာမိသည်။

တကယ်တော့ ဗျန်မင်းသော်က အရှိန်လျှော့ဖို့ပြောသည်။ စနေက ရယ်ကျဲကျဲနှင့် ရပါတယ်လို့သာ ပြောသည်။

လာပြီ။

ရွှေမှလူငါးယောက်။

သူတို့ လမ်းလယ်ကောင်တွင် နေပူကြီးထဲ သျှောက်နေကြသည်။ လူလတ်ပိုင်းရော လူငယ်ပါ ရောထွေးနေသည်။

'သောက်ရမ်းမောင်းတဲ့ကားပဲ'

'တိုက်ချင်တိုက်ပေစေကွာ၊ ဖယ်မပေးနဲ့'

သူတို့အားလုံး တောအခက်၏လှုပ်မိုးခြင်းခံရကာ မူးနေကြသည်။

'စနေ....အရှိန်လျှော့....လျှော့'

ဗျန်မင်းသော် ကပျာကယာ ပြောသည်။ စနေက ဂီယာကို လေးချက်မှသုံးချက်ပြောင်းကာ လီဗာကိုလျှော့ချသည်။

ဇာတ်လမ်းစဉ် (၃)

စနေ ကားမောင်းတာကို ဗျန်မင်းသော် နှလုံးမတွေ့။

မောင်းတာ ကြမ်းသည်။

ကီလိုကိုးဆယ်ကျော်တောင် ရှိနေသည်။

တစ်စတစ်စ တစ်ရာကျော်လာသည်။

နောက်မှလာသောကားတစ်စီးက သူ့လိုပဲ ခပ်ရမ်းရမ်း။

ကျော်တက်ဖို့ တတီတီဟွန်းသံပေးသည်။ စနေက ကျော်တက်ခွင့်မပေး။

'ဘာလို့ ဒါလောက်တောင် အရမ်းမောင်းနေရတာလဲ'

နောက်ပိုင်းခန်းမှ သိမ့်က အသံဖြိုကလေးနှင့် အော်တော့သည်။

လူငါးယောက်က လမ်းဖယ်မပေး။

ချန်မင်းသော်က ဟွန်းကိုနှိပ်လိုက်သည်။ ဟွန်းနှိပ်သော်လည်း လူငါးယောက်က ဂရုမစိုက်။

သူတို့နှင့် ဆယ်ကိုက်လောက်အကွာကျမှ လူတွေက ဘေးဘစ်ဖက်တစ်ချက်သို့ ကွဲသွားသည်။

တကယ်တော့ အတိုက်မခံရဲ။

စနေ ကားကိုအရိတ်ဖိနင်းလိုက်သည်။ ကီလိုခြောက်ဆယ်နီးပါးသို့ လျှော့သွားသောကား၏အရှိန်ကို မသတ်နိုင်။

ဒုံး....

လူနှင့်ကား တိုက်လိုက်သံ။

'အမယ်လေး သေပါပြီ'

'ဟယ်'

ပထမအော်ချက်က ဝေရီ။

ဒုတိယအသံက သိမ့်၏အသံ။

လူတစ်ယောက်က လွင့်ထွက်သွားသည်။ ချန်မင်းသော်ဟာခနဲ အော်လိုက်မိသည်။

ကားက ဆယ်ကိုက်လောက်မှာ ရပ်သွားသည်။

'ဟာ....ကိုစနေ မင်းဘယ်လိုလုပ်လိုက်တာလဲ'

တော်တော်ကြီးကို ထိတ်လန့်သွားတာက ချန်မင်းသော်။

'ဘုရား....ဘုရား....ဘယ်လိုဖြစ်တာလဲ'

ရီဝေသည် လမ်းဘေးတွင် တုံးလုံးကြီးလဲနေသော လူတစ်ယောက်ကိုကြည့်ကာ တုန်လှုပ်ချောက်ချားသွားရှာသည်။ ရင်ကို လက်ကလေးနှင့်ဖိလိုက်မိ၏။

သိမ့်မှာ မျက်လုံးကလေးပြူးလျက်။ ငေးလျက်။

'ကျွန်တော်ရှောင်တာပဲ၊ သူကဝင်တိုးတာ၊ ဒုက္ခပါပဲ သွားရင်းလာရင်း'

စနေ မျက်နှာပျက်ပျက်နှင့် စိတ်ပျက်စွာ ညည်းသည်။ ကားတံခါးကို ဖွင့်လျက်ဆင်းလိုက်သည်။

လူလေးယောက်သည် လဲနေသူကို ဝိုင်းဝန်းကြည့်ကြသည်။

'သေသွားပြီကွဲ'

'ပဘေဘေးဘူး၊ လှုပ်နေသေးတယ်'

တစ်ယောက်နှင့်တစ်ယောက်လည်း ငြင်းနေကြသည်။

ကားပေါ်မှလူတွေ ဝိုင်းအုံလာသည်။

စနေက သွေးအိုင်ထဲတွင် လဲနေသူကိုကြည့်လျက်က....

'ကျွန်တော် ကားကိုအရှိန်လျှော့လိုက်တာပဲ၊ ခင်ဗျားတို့လူက သက်သက်ဝင်တိုးတာ'

သူ၏မခိုင်လုံသော ဆင်ခြေတစ်ရပ်ပဲ။

'အို....မကြည့်ရဲပါဘူး'

သိမ့်သည် သွေးအိုင်ထဲတွင်းမှ လဲနေသူကို ကြည့်သည်။ နှုတ်မှ မြည်ဆိုသည်။ မျက်နှာကလေးကိုလွှဲ၍ လက်ဝါးနှင့် အုပ်လိုက်၏။

နေကပူသည်။

လမ်းပေါ်တွင် သွေးတွေအိုင်ထွန်းနေသည်။

ကားတွေမလာ။

လမ်းပေါ်တွင်လည်း သူတို့အုပ်စုသာရှိသည်။

'သွား....သွား....ကားပေါ်သွားနေကြ'

ဈန်မင်းသော်က မိန်းကလေးနှစ်ယောက်ကို ကားပေါ်သွားတွဲတင်ပို့သည်။

ဤအချိန်မှာပဲ ရုတ်ရုတ်သဲသဲဖြစ်တော့သည်။

'ဒီမအေ....မောင်းတာ၊ ချက္စာ'

'သတ်ကွာ'

'ချဟေ့'

တစ်ယောက်တစ်ပေါက် အော်သံတွေနှင့်အတူ စနေကို လူလေးယောက်က ဝိုင်းအုပ်ကြသည်။

'အမယ်လေး....တိုမှာ....တိုမှာ၊ မလုပ်ကြပါနဲ့....မလုပ်ကြပါနဲ့'

သိမ့်က ကြောက်ကြောက်လန့်လန့် အော်သည်။

လူတစ်ယောက်၏လက်သီးချက်ကြောင့် စနေထွန်းမိုက်ခနဲဖြစ်ကာ ထိုင်သွားသည်။

သူ သတိရှိသည်။

ဒုတိယလူ၏ဝင်လာသော ဘလက်သီးချက်တစ်ချက်ကိုဖွဲ့ရှောင်ပေးလိုက်ပြီး ညာလက်ဝါးစောင်းနှင့် ယင်းလူ၏နံစောင်းထဲကို လက်ပြန်ခုတ်ပစ်လိုက်သည်။

ဒုတ်ခနဲ။

အားခနဲ မြည်လိုက်သံ။

စနေကို တစ်ယောက်က နောက်မှသိုင်းချုပ်သည်။ ရှေ့လူက သူ့လက်သီးကိုအပြင် စနေ၏ညာခြေထောက်က အဲ့သည်လူ၏ ပေါင်ခွကြားထဲ ဆောင့်ဝင်သွားသည်။

နောက်မှဖက်ထားသူ၏ ရင်ဝဲကို ဘယ်တံတောင်နှင့် လက်ပြန် ပစ်သွင်းလိုက်သည်။

နောက်လူ၏နှာခေါင်းထဲက လေထွက်သွားသံက အထင်းသား။

စနေက အဲ့သည်လူ၏မျက်နှာကို ခေါင်းနှင့် ခွပ်ခနဲမြည်အောင် နောက်ပြန်တိုက်ပစ်လိုက်သည်။

ထိုလူ လဲသွားသည်။

'ဟာ....ငပျားတို့ ဘာလုပ်ကြတာလဲ၊ တော်ပါတော့၊ ပုပ်ကြတော့'

ဈန်မင်းသော်လူအုပ်ထဲပြေးဝင်သွားသည်။ ပါးစပ်က ပြောရင်းတိုလူသည်လူကို လိုက်တားသည်။ ဖျန်ဖြေဖို့ကြိုးစားသည်။

အရာမရောက်။

တစ်ယောက်က သူ့ကို ဆောင့်ကန်ပစ်လိုက်သည်။ ဈန်မင်းသော် မရှောင်နိုင်ဘဲ လေးဘက်ထောက်ကြီး လဲသွားသည်။

မြင်လိုက်ရသူဝရီက အမယ်လေးဟု အော်သည်။ မျက်နှာကို လက်ဝါးမျှားနှင့် ပိတ်မိ၏။

တစ်ယောက်က ဈန်မင်းသော်၏ဇက်ပိုးကို လက်ဝါးစောင်းနှင့် ခုတ်ချသည်။

စာရေးဆရာကြီးခမျာ မှောက်လျက်။

လူတစ်ယောက်က စနေကိုထဖို့ လမ်းဘေးက ဂဝံ ကျောက်တုံးကြီးတစ်တုံးကို ပြေးကောက်သည်။

စနေ သေဆဲခုန်လိုက်၏။

'အင့်'

ကျောက်ဘုံးကောက်သူမှာ ကျောက်ဘုံးနှင့်လက် ထိရုံရှိသေး စနေ၏ ခုန်ကန်လိုက်သောအရှိန်ကြောင့် လွှင့်သွားသည်။

လူလေးယောက်မှာ ကြမ်းတမ်းသည်။ အားကောင်းမောင်းသန် ဖြစ်သည်။

ပိုဆိုးသွားသည်က စနေပဲ။

စနေ၏ခါးကြားထဲမှ တစ်စုံတစ်ခု ထွက်ကျလာသည်။ ခုန်ကန်လိုက်ချိန်မှာ ထွက်ကြလာခြင်းဖြစ်သည်။

သေနတ်။

ပစ္စတို(လ်)သေနတ်။

အဲ့သည်သေနတ်ကို တစ်ယောက်က ရသွားသည်။

စနေ ဘယ်လောက်ပဲသတ္တိရှိရှိ ဆက်ရင်ဆိုင်ဖို့မဖြစ်တော့။

တစ်ဖက်သို့ ဒုန်းစိုင်းပြေးတော့၏။

သေနတ်ကိုရသွားသူမှာ ပစ္စတို(လ်)သာရသွားသော်လည်း ဘယ်လိုပစ်ရမည်မှန်းမသိ။

လုံခြုံရေးခလုတ်ကို မဖြုတ်။

အီဂျက်တာကို မတင်ဘဲ စနေကို လှမ်းပစ်သော်လည်း မောင်းဆွဲလို့မရ။

သည်လိုနှင့် စနေလွတ်သွားသည်။

'ပင်းအမေကလိန်းတဲ့၊ ဒီလိုပစ်လို့ရမလား၊ ပေး'

သေနတ်အကြောင်းကို နားလည်သော လူတစ်ယောက်ပါသည်။

သေနတ်၏ လုံခြုံရေးခလုတ်ကို ဖြုတ်သည်။ အီဂျက်တာအပေါ် မောင်းတံကို ဘယ်လက်နှင့် ဆွဲတင်လိုက်သည်။

'ခွေးနီကို ကြည့်လိုက်ကြပါဦး၊ သေသလား၊ ရှင်သလား မသိဘူး၊ ငါတော့ သေပြီထင်တာပဲ'

တစ်ယောက်က ပြောသည်။ တစ်ယောက်က သွေးအိုင်ထဲမှ လူကို သွားစမ်းကြည့်သည်။

'မသေသေးဘူးဟေ့'

စမ်းသပ်သူက အော်သည်။

သေနတ်ကိုင်ထားသူက စျန်မင်းသော်ကို အင်္ကျီလည်ကုပ်မှ ကိုင်ဆွဲထူ၍ သေနတ်ဖြင့် နောက်စေ့ကိုတေ့ကာ...

'ခွေးမသား....မင်းကို ပစ်သတ်မယ်၊ ငါ့သူငယ်ချင်းကို သတ်တဲ့ကောင်၊ မင်းတော့လားကွာ'

'ဒီကားကို ကျုပ်မောင်းတာမဟုတ်ဘူး၊ထွက်ပြေးသွားတဲ့လူ မောင်းတာ၊ ကျုပ်နဲ့မဆိုင်ဘူး'

'မအေပေးလေး....တို့ကိုချပြီး ထွက်ပြေးတယ်၊ တော်တော်လျင်တဲ့ကောင်၊ ဒီကောင် မောင်းတာပဲ၊ မောင်းတဲ့နေရာက သူထွက်လာတာ'

'ဟုတ်....ဟုတ်တယ်၊ ကျွန်မတို့အထဲမှာ အဲ့ဒီထွက်ပြေးသွားတဲ့ စနေထွန်း မောင်းတာ'

ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်ယင်ယင် အသံကလေးနှင့် တင်ဝေရီလွင်က ဝင်ပြောတော့ ယောကျ်ားတွေက သူမတို့ဘက် အာရုံစိုက်လာသည်။

'လှတယ်ကွာ၊ နှစ်ယောက်လုံး ရှိုင်းတာပဲ'

ဝေရီနှင့် သက်တူရွယ်တူလောက်ရှိမည့် ဆံရှည်ကိုယ်တော်လေး တစ်ယောက်က ဆိုသည်။

မျက်နှာက ဖြစ်စပ်စပ်။

'ဘယ်သူပဲမောင်းမောင်း မင်းတို့အားလုံး အပြစ်ရှိတယ်'

'ဒါဆိုလဲ ရဲစခန်း ပို့လိုက်ပေါ့၊ ရဲစခန်းမှာ ဖြေရှင်းမယ်'

'ရဲစခန်းကို ဘာလို့ဆွဲသွားရမှာလဲ၊ မင်းက မင်းအဖေရဲတွေ့ အားကိုးလို့'

သေနတ်ကိုင်ထားသူက ပြောလည်းပြော၊ သေနတ်ပြောင်းနှင့်လည်း စျန်မင်းသေ၏ ပခုံးကို ခပ်ဆတ်ဆတ် ရိုက်လိုက်သည်။

'ဟေ့ လူတွေ၊ ခင်ဗျားတို့ မတရားမလုပ်နဲ့၊ ခင်ဗျားကိုယ်ထိလက်ရောက် စော်ကားစရာမလိုဘူး၊ ဒီလူကိုကျုပ်တိုက် တာ မဟုတ်ဘူး၊ ဟိုကောင်တိုက်သွားတာ'

'ငြင်းမနေကြနဲ့ဟေ့၊ ခွေးနိကို ကြည့်ဦး၊ ဘယ်လိုလုပ်မလဲ'

တစ်ယောက်ကလည်း မေ့နေသူကိုကြည့်ခြေသည်။

နေရှိန်က ကျလာသည်။

ကောင်းကင်တွင် မိုးသားတွေအုံ့စပြုလာသည်။

'ဆေးရုံကို ပို့လို့လဲမဖြစ်ဘူး၊ ခွေးနိကို တတ်သမျှ မှတ်သမျှ တို့ပြုစုမှပဲ၊ ခေါ်ခဲ့ကွာ'

သူတို့က ခွေးနိကို ပတ်ဘလစ်ကာပေါ် မှတင်ကြသည်။ ယာယီအမိုးနှင့် ခုံမရှိဘဲ ကားကြမ်းခင်းပေါ်တွင် ထားရမှာ အတော်ပဲ ဖြစ်၏။

'ကဲ....ခွေးမသား၊ ကားပေါ်တက်'

'ဘာလို့တက်ရမှာလဲ'

စျန်မင်းသော်က ပေကပ်ကပ်။

'ငါ ပစ်သတ်လိုက်မယ်၊ ဘာမှတ်သလဲ၊ မင်းကိုယ်မင်းဟီးရိုးအောက်မေ့မနေနဲ့၊ အပေါက်ကလေး တစ်ပေါက် ကိုယ်မှာ ထပ်ခဲ့ပေးလိုက်လို့ ဂုဏ်သွားမယ်'

သေနတ်သမား မျက်နှာကြီးက ခက်ထန်သွားသည်။ လေသံကလည်း ရက်စက်တော့မည်လေသံ။

'ကိုရယ်....သူတို့ခိုင်းသလို လုပ်လိုက်ပါ'

ကြောက်လန့်တုန်ယင်စွာ ဝေရီက ပြောသည်။ ကားပေါ်တက်သည်။ ရှိုင်းလိုက်တာဟု ပြောခဲ့သောလူငယ်က ဝေရီ၏ ခါးကလေးကို ဖက်သလိုလို ကိုင်သလိုလိုနှင့် ရန်ကုန်က ကားစပယ်ယာ၏ ပုံစံအတိုင်း လုပ်ကာ တွန်းတင်ပေး၏။

'ဟေ့ကောင်...မင်းငါ့မိန်းကို ဘာမှကိုင်စေ့ရောမလိုဘူး'

စျန်မင်းသော်စိတ်ထဲ ထောင်းခနဲ ဖြစ်သွားသည်။

'ဩော်....ခင်ဗျားမိန်းမ လိမ့်ကျရင် ကျုပ်ထို့ ထပ်ပြုစုနေရမှာစိုးလို့ပါ'

ငနဲသားက စပ်ဖြီးဖြီး။

'ဂွတို...မင်းသောက်ကျင့်တွေ လုပ်မနေနဲ့ ငါမကြိုက်ဘူး၊ ဒါ လိုင်းကားမဟုတ်ဘူးကွ'

သေနတ်ကိုင်ထားသူ စကားကြောင့် ဂွတိုအခေါ်ခံရသူ ငနဲသားလေး ငြိမ်သွားသည်။

သူတို့သည် လူကြမ်းလူရမ်းတွေ ဖြစ်ပုံရ၏။

ဘယ်ကလူတွေမှန်းလည်း မသိ။

'ဂွတို...ကားကိုမင်းပဲမောင်း၊ တခြားကားတွေ မလာခင် တို့နေရာကိုပဲမောင်း'

ဂွတိုက ကားမောင်းကာ လူတစ်ယောက်က သူ့ဘေးတွင် ဝင်ထိုင်သည်။ သေနတ်သမားနှင့် ကျန်လူတစ်ယောက်က နောက်ဘက်မှာ။

သူတို့ကိုယ်က အရက်နံ့တွေ ထွက်နေသည်။

ချန်မင်းသော်ကို မိန်းကလေးနှစ်ယောက်က အားကိုးတကြီး လှမ်းကြည့်၏။ ချန်မင်းသော်က မျက်နှာချို့ချို့နှင့်....

'ခင်ဗျားတို့ခေါ်ရင် ကျုပ်ကိုပဲ ခေါ်ပါလားဗျာ၊ ဒီမိန်းကလေးနှစ်ယောက်ကို ထားခဲ့စေချင်ဘယ်'

'မင်းပါးစပ် ပိတ်ထား'

သေနတ်သမားဘေးမှလူက ဝင်ဟောက်သည်။ ချန်မင်းသော် ခုခံဖို့စိတ်ကူးပေမယ့် စိတ်ကူးလို့မရ။

သူတို့က အားကောင်းမောင်းသန်နှင့် လေးယောက်ကြီးများဟောင်။ နောက်ပြီး သေနတ်နှင့်။

တကယ်အန္တရာယ်ကြုံလာတဲ့အခါ ဘယ်လောက်ပဲသတ္တိရှိရှိ၊ ခွန်အားကောင်းဖို့ သန်မာဖို့နှင့် ကိုယ်ခံပညာလေး တတ်ထားဖို့က လိုပါကလားဟု ချန်မင်းသော် စဉ်းစားမိသည်။

သူသည် စာရေးဆရာဖြစ်သည်။ ကလောင်ကိုင်လက် ဖြစ်သည်။ အသတ်အပုတ်တွေ သူ့ဝဘ္ဆုထဲ ထည့်သွင်းရေးသား တတ်သော်လည်း ပြင်ပတွင် တစ်ရံတစ်ဆစ်မှ ရန်ဖြစ်ဖူးသူ မဟုတ်။

အသတ်အပုတ် မကျွမ်းကျင်။

သည်ငနဲသားတွေကိုသွားလုပ်လို့ကတော့ သူပဲအကိုင်ခံရမှာ သေချာ၏။

သူတို့ကို ဝေးဝေးခေါ်မသွားပါ။

ကားက နှစ်ဖာလုံလောက်လိမ့်ပြီး ညာဘက်လမ်းဘေးဖဲ့ဆင်းကာ လှည်းလမ်းအတိုင်း မောင်းသည်။

ဖုန်တွေတထောင်းထောင်းထကာ ကားထဲ လှိမ့်ဝင်လာသည်။

ဟိုမှာတစ်ဖက်တွင် ဝေါချောင်းကကျန်ရစ်ခဲ့၏။ မီးရထားသံလမ်းကို ဖြတ်ကျော်လိုက်သည်။

အဲ့သည်နေရာတွင် ခက်ခက်ခဲခဲမောင်းရသည်။ လယ်ကွက်ထဲ မောင်းရသည်။

ပတ်ဘလစ်ကာ၏စရိုက်မှာ အဲ့သည်လိုနေရာမျိုးမှာ ချစ်စရာကောင်းသည်။

ကိုယ်ထည်ခိုင်ခံ့ကာ အကြမ်းပဘမ်း ခံသည်။

စက်ရှိန်က စက်ပူလေ ဆွဲလေပဲ။

'ဟ....ဒါဘာထုပ်လဲ'

ဂွတိုဘေးမှ ထိုင်လိုက်လာသည့်လူက စနေထွန်းချခဲ့သော ဂျွိုင်းအိတ်နီနီကိုဆွဲယူကောက်သည်။

ဂျွိုင်းအိတ်ကိုဖွင့်ကြည့်သည်။

'ဟာ....'

သူက အလန့်တကြား အော်လိုက်၏။

'ဘာလဲဗျ'

ဂွတိုက သူ့ဘေးကလူကို လန့်ဖျပ်မေးသည်။

'ငွေတွေတွ ငွေတွေ'

'ဟင်....ငွေတွေ'

'ဟုတ်တယ်၊ နည်းတာမဟုတ်ဘူး'

အဲ့သည်စကားကြောင့် ဂွတို ကားကိုရပ်ပစ်လိုက်သည်။

ဇာတ်လမ်းစဉ် (၄)

'ဘာလဲဟေ့....ဘာဖြစ်တာလဲ'

သေနတ်နှင့်လူက အော်မေးသည်။

'ဒီမှာကြည့်စမ်း.... ဒါဘာတွေလဲ၊ ကျွန်တော်တို့တော့ ပွတာပဲဗျ'

ဂျွိုင်းအိတ်အနီကို ကားပေါ်မှ ဆင်းလာသော ဂွတိုက သေနတ်သမားဆီ ပစ်ပေးလိုက်သည်။ မျက်နှာမှာ ဝင်းထိန်နေ၏။

သေနတ်သမားက သေနတ်ကို မချိန်အားတော့ဘဲ ဂျွိုင်းကို ဖွင့်သည်။ ငုံကြည့်သည်။

ဈန်မင်းသော် လှုပ်ရှားလိုက်သည်။

သေနတ်ကို ထပြီး လက်နှစ်ဖက်နှင့် ဆွဲလုလိုက်သည်။

သေနတ်ရလျှင် အဓိက။

သေနတ်သာ လူတွေကို ချုပ်ကိုင်နိုင်မည်။

ထင်သာထင် မဝင်ဘူး ကျောင်းအစ်မ ဟူသောစကားနှင့် ရင်ဆိုင်သွားရသည်။

သေနတ်သမားမျက်လုံးတွေက အလကားမထား။

လှစ်ခနဲ စျန်မင်းသော် ထလိုက်သည်နှင့် တစ်ဖက်ရန်သူ၏ သေနတ်ပြောင်းက သူ့ရင်ဝထဲသို့ လှစ်ခနဲဝင်သွား၏။

အစ်ခနဲမြည်အောင် စျန်မင်းသော် ခံလိုက်ရရှာ၏။

'မင်းကို ငါပြောတယ် မဟုတ်လား၊ ဟီးရိုးမလုပ်ပါနဲ့လို့၊ ဒါမျိုးမျက်စိနောက်ရင် ဦးနှောက်တွေ အူတွေထွက်သွားလိမ့်မယ်'

ခပ်တည်တည်ကြိမ်းပစ်လိုက်သည်။ စျန်မင်းသော် သူ့ဝမ်းဗိုက်ကို နှိပ်ထားသည်။ ဝေရီက ဝေဒနာကြောင့် မျက်နှာမဲ့နေသဖြင့် ပိုအရုပ်ဆိုးနေသော စျန်မင်းသော်ကို စိုးရိမ်မှုကြောက်လန့်မှုတွေနှင့် ဖက်ထားသည်။

'မ...မလုပ်ကြပါနဲ့ရှင်...သူ...သူယောင်လို့'

'အေး...သူယောင်ရင် ငါလဲယောင်တတ်တယ်၊ သတိထား နင့်ကောင်ကို နင်ထိန်း၊ နာရေးကြော်ငြာထဲ ပါသွားရင် မကောင်းဘူး'

သူပြောရင်း မျက်နှာအနေအထား ပြောင်းလွဲသွားသည်။ ခက်ထန်ခြင်းမှ အံ့သြခြင်းအသွင်ဟပ်သွားသည်။

'ဟ...ငွေတွေပါလား၊ တစ်ထမ်းကြီးပဲ'

ဂွတိုမျက်နှာကိုကြည့်လျက် တအံ့တသြဆိုသည်။ ဝမ်းသာအားရနှင့် ငွေတချို့ကို ထုတ်ကြည့်သည်။

'ကားရှေခန်းက ရတာ'

ငွေစက္ကူတွေမှာ နှစ်ရာတန်နှင့် ငါးရာတန်များကို အစည်းလိုက် သေသပ်စွာ စည်းနှောင်ထားသော အထုပ်တွေဖြစ်သည်။

ဂွတိုစကားကြောင့် သေနတ်ကိုင်လူမှာ ဘယ်သို့ဖြစ်မည်ကို သိသော်လည်း ကျန်သည့်စျန်မင်းသော်တို့လူစု အံ့အားသင့်သွား၏။

ပို၍ ပို၍ အံ့အားသင့်မိသည်က သိမ့်ပဲ။

စနေနှင့်နေခဲ့စဉ်က သည်လိုငွေတွေမမြင်ခဲ့ဖူးပါ။

'အေးလေ....သူတို့ကို ကျေးဇူးတင်ရမှာပေါ့၊ ရေကူးရင်း ငါးရတဲ့အဖြစ်ဟာ နှယ်နှယ်ရရမှတ်လို့'

'ကြည့်လဲလုပ်နော် ကိုပန်ကာ၊ ရေကူးရင်း ငါးရပြီးမှ ရေနစ်နေဦးမယ်'

ဘေးမှ အဖော်ကပြောတော့ ပန်ကာက သေနတ်ကို ဆတ်ပြရင်း....

'ဒါရှိရင် ကြောက်စရာမလိုပါဘူးကွ၊ ခဲ့မောင်'

ခဲ့မောင် ပခုံးတွန့်ပြသည်။ ကားရှေခန်းမှ ထွက်လာသောထုက....

'ဒီငွေဟာ တို့အားလုံးပိုင်တာပဲကွ ပန်ကာရ၊ မင်းချည်းထူမယ် စိတ်မကူးနဲ့'

'ဇွဲထွန်း၊ မင်းဒီစကားမပြောပါနဲ့၊ ပန်ကာ ဘယ်တုန်းကများ လိမ်မျိုးဖြစ်ခဲ့ဖူးလို့တုံး'

'ကျားလို့ လက်ဝါးကြီးမအုပ်ရင် ပြီးတာပဲ'

'ကျွန်တော်ကတော့ ငွေတင်မဟုတ်ဘူး၊ ဒါကလေးပါ'

ဝိုင်နေသောသိမ့်ကို ဂွတိုကကြည့်သည်။ ကြက်သီးထစရာပါ

'ဂွတို၊ မင်းသောက်ကျင့်ကို တို့ရွှေလာမပြောနဲ့၊ မင်း မိန်းကလေးတွေကို လက်ဖျားနဲ့မတို့နဲ့၊သူတို့မှာ လင်တွေနဲ့'

'ဟုတ်တယ်ရှင့်၊ ထွက်ပြေးသွားတာ သူ့လင်'

'နှင့်ပါးစပ် ပိတ်ထားလိုက်'

ပန်ကာက ဟောက်လိုက်သည်။ ဝေရီခမျာ ကုတ်ဆင်းသွား သည်။

'ကားဆက်မောင်း ဂွတို'

ဂွတို ရှူးသိုးသိုးဖြစ်သွားသည်။ ကားကို ဆက်မောင်းရ သစ်ပင် အုပ်စုကလေးများထဲရှိ တဲတစ်တဲထဲဆောက်လာ၏။

အဲ့သည်နေရာလည်းဆောက်ရော မိုးပေါက်တော့ကျလာ၏။

တဲပေါ်လည်းဆောက်ကြရော မိုးလည်းချော့။

မိုးနှင့်အတူ အသက်ပျောက်သွားခဲ့တာက ခွေးနီ။

ခွေးနီမှာ လုံးဝ သတိပြန်လည်လာခြင်းမရှိတော့ဘဲ သူ ဝိညာဉ်မှာ အရှိန်ပြင်းစွာကျလာသော မိုးပေါက်များထဲတွင် လွင့်ပါသွားတော့သည်။

မျက်ရည်ကျမည့်သူ တစ်ယောက်မှမရှိ။

ပန်ကာကသာ....

'ကြည့်စမ်း၊ မင်းတို့လူကြောင့် ငါ့လူအသက်တစ်ချောင်း ဆုံးရှုံးသွားရပြီ'

'လူ့အပိုးထိုက် အဖိုးတန်ကြီးကိုး'

သူတို့မကြားဘူးအထင်နှင့် ဝေရီက ရေရွတ်မိသည်။ ပန် ကာကတော့ကြား၏။

ဒေါသ ထကြီးနှင့်....

'ကဲ....ဘာပဖြစ်ဖြစ် သူဟာ တို့ဘော်ဒါပဲ၊ တော်ဒါ တစ်ယောက်ရဲ့ အသက်တစ်ချောင်းတော့ အပ်ချုပ်သမား အပ်တစ်ချောင်းပျောက်သလို နှမြောဖာပဲဟာ၊ တို့လုပ်ငန်း အတွက် တစ်ယောက်လျော့သွားပြီ၊ဒါကို နှင်ကာ လျော်သလို လိုနဲ့'

မိုးကြိုးပစ်သွားသည်။

ပါးရိုက်သံပြန်းခနဲသည် မိုးကြိုးမဟုတ်သော်လည်း မိုး ကြိုးသံနှင့် မခြားလေ။

ဝေရီ ယိုင်ဆင်းသွားသည်။မျက်ဝန်းမှမျက်ရည်ပေါက်တို့ လိမ့်ဆင်းလာလေရဲ့။

နာကျင်ခြင်း၊ ဒေါသဖြစ်ခြင်းနှင့် ဝမ်းနည်းခြင်းတို့၏ အမှတ်လက္ခဏာ။

'ဘယ်လိုလဲဗျ ကိုပန်ကာ၊ ခင်ဗျားက ကျွန်တော့်ကို လက်ဖျားနဲ့မထိပါနဲ့ပြောပြီး ခင်ဗျားကတော့လက်ဖျားနဲ့မက ဘူး လက်ဝါးကြီးနဲ့ရိုက်ထိလိုက်ပါလား'

'ဟာ'

ဝမ်းခေါင်းသံကြီးနှင့် ပန်ကာ အော်ပစ်လိုက်သည်။ ညာ လက်သီးကလည်း ဂွတို၏မေးအောက်ထဲ တစ်လုံးဝင်သွား သည်။

အလုံးကြီးနှင့် အပစ်ခံရသလိုပါပဲ။

ဂွတိုခမျာ ကျွမ်းပစ်ထွက်သွားသည်။
ပြင်းလိုက်တဲ့ လက်သီး။
သံဘီးက အဖေ....
မာန်ကြီးလို့ ခေါ်ရလောက်ရဲ့၊
တောက်တဲ့ပမာ၊
မြေပေါ်မှာ ဝပ်ကာသွားရရှာပေါ့
သနားစရာပို မောင်ဂွတိုရယ်။
'ဟား....ဟား....ဟား....ဟား....ကောင်းတယ် ကောင်းတယ်၊ ရွှေ့ဓူဝ လက်သီးပဲဟေ့'
စျန်မင်းသော် အားပါးတရရယ်သည်။ ထောမနာပြုသည်။
ဟိုင်နဲ သတိမေ့နေသည်။
'ပန်ကာတို့ လက်သီးကတော့ ကျည်ဆန်ထက်တောင် ကြောက်စရာကောင်းပါ့ကွာ၊ တစ်ဖက်လူသွားချေး ဘရိတ်ဒန့်(စ်)ကသွားတာပဲ'
'သွားချေးယိုးဒယားပါ ကိုချဲမောင်ရာ'
'ခုခေတ်မှာ ယိုးဒယားက မရှိတော့ဘူးကွ ဇွဲထွန်းရ'
'ခင်ဗျားဘရိတ်ဒန့်(စ်)ကြီးကကော ရှိသေးလို့လား'
'ဟေ့....ပန်ကာကိုလာမစမ်းနဲ့၊ ဆင်ခြေမတက်နဲ့၊ ခွေးခြေမတက်နဲ့၊ တက်ရင်ကွဲမယ်'
ပန်ကာ အော်ကြိမ်းသည်။ နောက်ဆက်တွဲ ကျူးရင့်လိုက်သေးသည်။
'အားလုံးထဲမှာ ငါအကောင်'

'အကောင်ဖြစ်သလို အကောင်းဖြစ်ဖို့လဲ အရေးကြီးတယ်ကွ၊ အကောင် အကောင်နဲ့ မြေထဲကတီကောင် နားပင်းအောင် မကြွားစမ်းပါနဲ့ကွာ'
ချဲမောင်ကပြောကာ ခွေးနီအလောင်းကိုကြည့်၍ ခေါင်းတမ်းလိုက်သည်။
'ကျွတ်....ကျွတ်....ကျွတ်....သနားလိုက်ပါဘိ ခွေးနီရယ်၊ ခင်ငါတို့နဲ့ ဓားပြတိုက်တဲ့အထဲ မပါရတော့ဘူးပေါ့နော်'
မိုးက ဆက်ကာ ဆက်ကာရွာသည်။

ဇာတ်လမ်းစဉ် (၅)

လူသုံးယောက် ကြိုးတုပ်ခံရသည်။
မှုန်ရီသောအလင်းရောင်အောက်တွင် လူလေးယောက်က ငွေတွေရေတွက်ကြသည်။
'အားလုံး ငါးသိန်းခွဲကြီးတောင်ကွ'
ချဲမောင်က အားပါးတရဆိုလည်။
'အေး ....မင်းချဲဖိုးတွေပေါ့ကွာ'
ဇွဲထွန်းက ငေါ့လုံးပေးသည်။
ချဲမောင်ဆိုတဲ့ကောင် ချဲရောဂါဖိစီးနေတဲ့ကောင်။
ဆယ်တောမှ ချဲပေါက်သည်မရှိ။

သူ့အမည် မောင်မောင်မှ ချဲမောင်မောင် ဖြစ်လာတာကြည့်တော့။
ချဲကြောင့်လည်း ထောင်ကျခဲ့ဖူးပြီးပြီ။
'ဒီငွေတွေဟာ ခင်ဗျားတို့ငွေတွေပေါ့နော်'
'ဘယ်သိမလဲ'
တကယ်လည်း မသိ။
စျန်မင်းသော်အသံက ခပ်ဆတ်ဆတ်။
'ဟာဗျာ....သူတို့ကားပေါ်တွေ သူတို့ဥစ္စာပဲဟာ၊ အခုကျန်တော်တို့ဟာ ဖြစ်နေမြီပဲ၊ ငွေပိုင်ရှင်ပေါ် မေးမနေစမ်းပါနဲ့၊ ကျွန်တော်တို့အထဲက ဘုရားဒါယကာနဲ့တွေ့နေမှရပြီးတဲ့ငါး ရေထဲခုန်ဆင်းခံရသလို ဖြစ်နေမယ်'
'ငါ ဘုရားဒါယကာ မဟုတ်ဘူး'
'ငါ ကျောင်းဒါယကာ မဟုတ်ဘူး'
'ငါလဲ ရဟန်းဒါယကာ မဟုတ်ဘူး၊ ငွေနှုတ်ရင် ဓားပြပဲ လုပ်ရလုပ်ရ....သူခိုးပဲ လုပ်ရလုပ်ရ'
'သဘောတူတယ်....သဘောတူတယ်'
လူလေးယောက် တစ်ယောက်တစ်ပေါက် အော်နေကြသည်။
နားညည်းတယ်ဟယ်။
စျန်မင်းသော်နှင့် ဝေရီတို့ နားလည်သည်က ဤငွေများသည် စနေထွန်း၏ငွေတွေဖြစ်ပြီး မိမိတို့ကို နှစ်ပေါက် တစ်ပေါက် လှည့်ခဲ့သည်လို့ပဲ ယူဆလိုက်ကြသည်။
ငွေတွေကို နောက်မှခွဲမယ်။ ငါ ပြန်သိမ်းထားလိုက်မယ်'

'ဖားအံ သွားမလို့'

'ထွက်ပြေးသွားတဲ့ ကောင်လေးနဲ့ ဘာတော်သလဲ'

'သူငယ်ချင်း'

'သူတို့က....'

'ဒါက ကျုပ်မိန်းမ....ဟိုမိန်းကလေးက ထွက်ပြေးသွားတဲ့ စနေထွန်းရဲ့မိန်းမ'

'စနေထွန်းတဲ့လား....ဟား....ဟား....မင်းတို့ကို စနေဂြိုဟ် မွေတာပေါ့'

ပန်ကာ ရယ်ဖြစ်နေသည်။

သူပြောတာ သိပ်ဟုတ်။

မိမိတို့နဲ့ စနေထွန်း ပါလာတာ စနေဂြိုဟ် မွေတာပါပဲလား။'

'မင်း ဘာလုပ်သလဲ'

'စာရေးဆရာ'

'ဩော်....စာရေးဆရာ....'

ပန်ကာ နည်းနည်းစိတ်ဝင်စားလာသည်။

ဂွတိုက....

'ခင်ဗျား ကလောင်နာမည်က....'

'စွန်မင်းသော်'

'စွန်မင်းသော် ဆိုတာ ခင်ဗျားလား'

'မင်း ဖတ်ဖူးလို့လား ဂွတိုး'

'မဖတ်ဖူးပါဘူးဗျာ....ကျွန်တော်ကဝတ္ထုဖတ်တာဝါသနာမပါဘူးဗျ၊ ရုပ်ပြကာတွန်းပဲ ဖတ်တာ၊ ဒါပေမယ့် စွန်မင်း

'မင်းကိုယုံတယ်နော် ပန်ကာ'

'စိတ်ချ....အမည် ပန်ကာ....လူက သစ္စာပါကွာ'

'ပလာတာမဖြစ်ရင် ပြီးတာပဲ၊ မလာတာဆိုရင် ရိုက်ခဲ့လို့ တိုပါ ကချလာဖြစ်ကုန်မယ်'

ငွေတွေတွေတော့ သူတို့အမူးတွေ ဘယ်ရောက်ကုန်ပါလိမ့်။

ပျော်နေကြသည်။

ပြီးတော့မှ ခွေးနီအလောင်းကြီးကို ဘယ်လိုလုပ်ကြမလဲဟု တိုင်ပင်ကြသည်။

မီးကရွာဆဲ။

လျှပ်စစ်ရောင်တွေ တဝင်းဝင်း။

အလောင်းက တဲပေါ်မှာဆန့်ဆန့်ကြီး။

မိန်းကလေးနှစ်ယောက်မှာ အလောင်းကြီးကို ကြည့်ပြီး ကြောက်နေကြသည်။

ခွေးနီမှာ ပါးစပ်ကြီးဟ,ကာ မျက်လုံးတွေ မှိတ်ထားဇ၏ ခေါင်းထက်မှ ထွက်သောသွေးများ ခဲကုန်သဖြင့် ဆက မထွက်တော့။

ဝေရီရော သိမ့်ပါ ဆက်လက်မကြည့်ရဲတော့။

'မင်းတို့ ဘယ်သွားကြမှာလဲ'

'ခင်ဗျားတို့နဲ့ ဘာဆိုင်သလဲ'

'မင်း ကောင်းကောင်းဖြေ၊ နှာချင်သလား'

ပန်ကာမေးတော့ စွန်မင်းသော် ခပ်ဆတ်ဆတ် တုံ့ပြန်မေးသည်။

ဦထွန်းက ဝင်ဟောက်သည်။

သော် ဆိုတာကိုတော့ တီဗွီကြော်ငြာ, သတင်းစာကြော်ငြာ မှာ တွေ့ဖူးတယ်၊ အားပါးပါး....နာမည်ကြီး စာရေးဆရာပဲ'

'သူ့ကလောင်နာမည်ကို စာလုံးကြီးနဲ့ ရေးလို့နေမှာ ပေါ့'

ချဲမောင်က ဝင်ဟားသည်။

'စာရေးဆရာဆိုတော့လဲ လေးစားရမှာပေါ့ကွာ၊ ကျောင်းဆရာတို့ စာရေးဆရာတို့ဆိုတာ လေးစားရမယ့်လူတွေ....'

ပန်ကာ၏ လေသံနှင့် မျက်နှာပေါက်မှာ လှောင်ဟန် မပါပါ။

'ကျွန်တော် ဗွီဒီယိုကားတစ်ကား ကြည့်ဖူးတယ်၊ အဲ့ဒီထဲမှာ ကျော်ရဲအောင်က စာရေးဆရာဗျ၊ စာရေးဆရာ ဆိုတာ ပစိပစပ် များတယ် တာညာနဲ့ အဲ့ဒီဗွီဒီယိုဇာတ်လမ်းထဲမှာ ပါတယ်၊ အဲ့ဒါ ဟုတ်သလား'

ဂွတိုက စပ်ဖြဲဖြဲ မေးသည်။ မျက်လုံးတွေက သိမ့်ကိုဆောင့်ကပ် စွေကြည့်သည်။

'ဒါတွေ ငါမသိဘူး၊ တချို့ စာရေးဆရာတွေတော့ ပစိပစပ်များတာ အမှန်ပဲ၊ အဲ့ဒီလို ပစိပစပ်များတဲ့အထဲမှာ ငါမပါဘူးကွ'

ခင်ဗျားကို လွှတ်လိုက်ရင်တော့ ကျွန်တော်တို့အကြောင်း ပစိပစပ် ပြောမှာပဲနော်'

ဂွတိုက ခပ်တည်တည်ပြောသောကြောင့် စျန်မင်းသော် ရင်ထဲဆိတ်သွားသည်။

သည်ကောင်တွေ သတ်ရဲဖြတ်ရဲမယ့်ကောင်တွေ။

'မင်း မှတ်ထား....စာရေးဆရာ ဆိုတာ လူပဲ၊ လူဆိုတော့ ပါးစပ်ရှိတယ်၊ အကျင့်ရှိတယ်၊ ပစိပစပ်ပြောတတ်တဲ့လူရှိတယ်၊ ပစိပစပ် ရေးတတ်တဲ့လူရှိတယ်၊ အရက်သောက်, လောင်းကစားတတ်တဲ့လူ ရှိမယ်၊ ဘုရားတရားနဲ့ နေပြီး အေးအေးချမ်းချမ်း နေတတ်တဲ့ စာရေးဆရာလဲ ရှိတာပဲ၊ စာရေးဆရာ မှန်တိုင်း ပစိပစပ်များတယ် မထင်နဲ့၊ ငါက ပစိပစပ်ထဲမှာပါတဲ့ကောင် မဟုတ်ဘူး၊ ငါ့စာ ငါရေးနေတဲ့ကောင်၊ နိုင်ငံနဲ့ လူငယ်တွေအတွက် ကောင်းရာကောင်းကျိုးဖြစ်အောင် ရေးနေတာ၊ လူတွေကို လိုက်အပုပ်ချ, ကိုယ့်ကိုယ်ကိုနာမည်ကြီးအောင် လုပ်တဲ့ စာရေးဆရာမျိုးထဲမှာ ငါမပါဘူး'

စိတ်နှင့်မာန်နှင့် ပြောချပစ်လိုက်၏။

'အေးလေ....သူများကို လိုက်အပုပ်ချပြီး ကိုယ့်ကိုယ်ကို နာမည်ကြီးအောင် လုပ်တတ်တဲ့ ပစိပစပ်များတဲ့ စာရေးဆရာ ဆိုလဲ သူ့စရိတ်နဲ့သူ ထောင်ကျသွားမှာပဲ၊ တို့က စားဝတ်နေရေးအတွက် ထောင်ကျခံခဲ့ရတာ၊ ခင်ဗျားတို့လို စာရေးဆရာတွေထဲမှာ ကိုယ့်ပါးစပ် ကိုယ် စည်းမစောင့်လို့ ကိုယ့်သိက္ခာ, ကိုယ့်ကလောင်ကို စည်းမစောင့်လို့ ထောင်ကျရရင်တော့ နာတာပေါ့၊ ပုဒ်မငါးရာဆိုတာ မနည်းဘူးနော'

'အေး....ကျုပ်ကို နောက်တစ်ခါ ပစိပစပ်စာရေးဆရာလို့ မပြောနဲ့၊ အဲ့ဒီ ပစိပစပ်ပြောတဲ့ စာရေးဆရာမျိုးကိုလဲ လက်ခံတာ မဟုတ်ဘူး၊ အဲ့ဒီလိုလူမျိုးတွေကြောင့် စာပေသမားတွေ အထင်သေးခံရတယ်'

'ခင်ဗျားကတော့ ဇရပ်တို့ကျောင်းတို့ဆောက်ရမယ့်အုတ်ခဲ ကြီးပေါ့နော်'

သူ့ကို စာစ်ယောက်တစ်ပေါက် စိုင်းလှောင်ကြသည်။

'ရှင်တို့နှလုံးသားထဲမှာ အကြင်နာဘာရားမရှိဘူး၊ ဣရုလို့ ကျွဲလို့ ဖတ်မယ့် စာပေအကြောင်း နားမလည်တဲ့လူတွေ၊ စာပေအကြောင်း မသိတဲ့လူတွေက ကိုစျန်မင်းသော်ကို ဘာမှလှောင်စရာမလိုဘူး၊ စာရေးဆရာတွေကိုထိခိုက်ပြောစရာမလိုဘူး'

မခံနိုင်သူက ဝေရီပဲ။

'အမယ်....တိရစ္ဆာန်မက ကြားဝင်ရှုပ်လို့၊ ငါ နားရင်းပါးရင်း တီးလိုက်ရင် လေးဖက်ထောက် ဝပ်သွားတော့မယ်'

ဂွတိုက လူငယ်ပီပီကြိမ်းတော့ မနဲကာကရွယ်ပြီး....

'ဂွတိုရာ....မိန်းကလေးဆိုတာ ပန်းကလေးတွေလို နူးညံ့တော့ လှလှပပကလေး ပြောရတယ်ကွ၊ သူတို့ကိုလဲ လှလှပပကလေး နှိပ်စက်ရတယ်'

'ဘယ်လိုနှိပ်စက်မှာလဲ'

'ညဘက်ခေါက်တော့ ကြည့်ပေါ့ကွာ'

အလိုလေးလေး....

ကိုပန်တာ ပြောပုံကြီးက ကြက်သီးထစရာကြီးပါလား နော်...။

မိုးက မရွာတော့။

ညအမှောင်က လောကဇာတ်ခုံပေါ် ရောက်လာပြီ။

ကောင်းကင်တစ်လျှောက်မှာ ငွေကြယ်လှာတို့က ညအမှောင်နှင့် လောကဇာတ်ခုံမှာ ကခုန်ကြပြီ။

မှောင်လိုက်တာလေ။

ကိုပန်ကာ ကတိတည်ပါပေ၏။

'မိန်းကလေးနှစ်ယောက်ကို တစ်ညလုံး ခွေးနှိုနဲ့နှစ်ပါး သွားခိုင်းရမယ်၊ စိန်ခွေးနှိုဖြစ်သွားပြီပေါ့ကွာ'

ပန်ကာကပြောပြီး မိန်းကလေးနှစ်ယောက်ကို ခွေးနီ အလောင်းဆန့်ဆန့်ကြီး ဘေးတစ်ဖက်တစ်ချက်တွင် ထားကာ သူတို့လက်နှင့် ခွေးနီ၏ လက်တစ်ဖက်ကြီးဆီနှင့် ပူးချည်၏။

သူမတို့၏ခြေတွေကိုလည်း ကြိုးနှင့်တုပ်၏။

မိန်းကလေးနှစ်ယောက်မှာ ကြောက်အား လန့်အားနှင့် ငယ်သံပါအောင် အော်တော့သည်။

'မလုပ်နဲ့....မလုပ်နဲ့၊ ကျွန်မတို့ကြောက်တယ်'

'ရှင်တို့သတ်ချင် သတ်ပစ်လိုက်ပါ၊ ဒီလိုတော့ မညှဉ်းဆဲကြပါနဲ့၊ ကျွန်မတောင်းပန်ပါတယ်ရှင်'

လူသေကောင်နှင့် ပူးပူးကပ်ကပ် နေရမည့်အလုပ်သည် ကြောက်ချေးပြန်စရာ၊ ကြောက်ဇောတွေတုန်၊ ရင်ခုန်စရာ ဖြစ်သည်။

နှစ်ယောက်လုံးမှာ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် လိပ်ပြာစင်မတတ် ကြောက်နေကြသည်။

သူတို့က အပေါ်မှ ပိုင်းအုံဟားတိုက်နေကြ၏။ လှောင်ကြသည်။

လူသေကောင်၏ တစ်ဖက်တစ်ချက်စီတွင် မိန်းကလေး နှစ်ယောက်မှာ ပက်လက်ကလေး။

ကြိုးနှင့် လူသေလက်ကို တစ်ဖက်စီ ပူးချည်ခံနေရ၏။

ပန်ကာကိုင်ထားသော ဖယောင်းတိုင်အလင်းရောင် မှေးမှိန်မှိန်တွင် မိန်းကလေးနှစ်ယောက်၏မျက်နှာတွင် သွေးမရှိတော့။

'မင်းတို့ ငါတို့ဟာ အသက်ရှင်နေကြတော့ လူရှင်ချင်း အကြောင်းပဲ သိနေကြတယ်၊ လူသေအကြောင်းကို မသိကြဘူး၊ ဒါကြောင့် မင်းတို့လေ့လာနိုင်အောင် လူရှင်က လူသေအကြောင်း၊ လူသေက လူရှင်ကိုဘာလုပ်တယ်ဆိုတာကို သိအောင် ဒီတစ်ည နှစ်ပါးသွားလေး ကုခိုင်းလိုက်တာဟ.... ဟီး....ဟီး....ဟီး....ဟီး'

ပန်ကာ၏ရယ်သံကြီးက အသည်းယားစရာကောင်းသည်။ သူတို့အားလုံးမျက်နှာသည် မကောင်းဆိုးဝါးရုပ်ဖေါက်နေသယောင်။

'အီး....'

မရှက်နိုင်တဲ့ သိမ့်က ကြောက်ကြောက်နှင့် အော်ငိုသည်။ သိမ့်ငိုသံကလေးက သနားစရာကောင်းသည်။

'ငိုဟေ့....ငိုပေး၊ ခွေးနီက ဒါမှနင်တို့ကို သနားပြီး လည်ပင်း ထမည့်စ်မှာ'

'ဘယ်ဟုတ်မလဲ၊ နားညည်းတယ်ဆိုပြီး လည်ပင်းထည့်စ်ရမက အူတွေအသည်းတွေ ဖောက်စားပစ်မှာ၊ သူကားတိုက်ခံထားရတာ ဘယ်ကျေမလဲ၊ အလောင်းကြီးထထိုင်မှ ဟုတ်ပေ့ ဖြစ်နေမယ်'

သူတို့က သိမ့်ကို ကိုယ်ချင်းမစာ နောက်ကြ ပြောင်ကြသည်။ သူတို့ကိုကြည့်ပြီး ကြောက်ဇောဟုန်မှ ဒေါသစိတ်ဟုန်သို့ ဝေရီ ကူးပြောင်းလာရသည်။

'ရှင်တို့ဟာ အရှက်မရှိတဲ့လူတွေ၊ ယောကျ်ားမပီသတဲ့လူတွေ၊ သူခိုးတွေ ဓားပြတွေ'

'ဟဲ့ကောင်မလေး၊ နင်တို့အဲ့ဒီလိုမပြောနဲ့၊ ငါတို့ယောကျ်ား ပီသတဲ့အကြောင်းပြလိုက်ရင် နင်ဒုက္ခများသွားမယ်၊ ငါက မိန်းမနဲ့ပတ်သက်လာရင် စည်းစောင့်တဲ့အကောင်မို့ နင်တို့ သက်သာသွားတယ်မှတ်၊ ငါးပါးသီလမှာ ဟိုဇာတ်လမ်းထဲ ကလို တစ်ပါးသီလ စောင့်ထိန်းတဲ့ကောင်ဟ'

ပန်ကာက ဟန်ပါပါပြောတော့ ဝေရီ ပါးစပ်ပိတ်သွား သည်။

'ခင်ဗျားက ဘာစောင့်ထိန်းတာလဲ'

ဂွတိုကမေးတော့ ပန်ကာက လူလည်လုပ်သံနှင့်....

'မှုသားဝါဒ သူ့သားမယားနဲ့ မိန်းမတွေကို မစော်ကား ရဘူးတဲ့၊ နားလည်လား'

'အီး....ဟီး....ခင်ဗျားကြီးပြောတာ မှတ်ထားရဦးမယ်၊ ဒါပေမယ့် အပျိုလေးတွေတော့ ပါမယ်မထင်ပါဘူးနော်၊ ရည်းစားစာလောက်ပေးရင်တော့ ရမှာပါ'

'ဒါတော့ကွာ၊ ရွာပြန်ရောက်မှ ဦးရေဝတကို မေးကြည့်ရ မယ် ဂွတိုရ၊ မင်းလိုစပယ်ယာလိုက်ပြီး ခါးကိုင်တတ်တဲ့ကောင် တွေကတော့ ဒီကံကြီးမလွတ်ပါဘူး'

'ကိုကိုရေ....ကယ်ပါဦး'

သိမ့်က ငိုရာက အော်ဟစ်တမ်းတသည်။

'ကို....ဝေရီတို့ကို ကြည့်နေတော့မှာလား၊ မကယ်နိုင်တော့ ဘူးလား ကိုရယ်'

စျန်မင်းသော်မှာ ကြိုးတုပ်ခံထားရသဖြင့် မှောင်ထဲတွင် ဘာမှ လုပ်မပေးနိုင်ပါ။ အံကိုသာကြိတ်ထားသည်။

'နင်တို့အကောင်ကို အပြင်မှာ ထုတ်ထားမယ်၊ ခွေးနီနဲ့သာ နင်တို့နေခဲ့ကြ၊ သူ့ကိုသတ်တဲ့ကောင်ကို တို့မမိတော့ နင်တို့ကိုပဲ လက်စားချေရမယ်၊ လှလှပပနှိပ်စက်တယ်ဆိုတာ အဲ့ဒါပဲဟ'

ပန်ကာ ရက်စက်သည်။

သူ့ရက်စက်ပုံကြီးက ကလေးကလားနှင့် ထိရောက်တာပဲ။

ဝေရီသည် နှုတ်ခမ်းကလေးကို အပေါ်သွားနှင့် ကိုက်ထား သည်။ သွေးညှိနံ့ကလည်း နှာခေါင်းထဲဝင်လာသည်။

ဒေါသတွေ တစ်ပုံတစ်ပင်ကြီး ဖြစ်လာလိုက်တာ၊ ကြောက် စိတ်တွေတောင် ဘယ်ရောက်ကုန်ပြီမသိ။

'ဝေရီ....သိမ့်....ဝေရီတို့ မကြောက်ကြနဲ့၊ လူသေဆိုတာ သေပြီးရင်လူကိုဘာမှ အန္တရာယ်မပြုနိုင်ဘူး၊ လူရှင်ကို လူသေက အန္တရာယ်မပြုနိုင်ဘူး၊ လူရှင်ကိုလူရှင်ကသာ အန္တရာယ်ပြုနိုင်တာ၊ လူသေထက် လူရှင်ကို ကြောက်၊ လောကမှာ ကြောက်တာလဲ စိတ်၊ ရဲတာလဲစိတ်၊ ကိုယ့်စိတ်ကို ကိုယ်နိုင်အောင် ကိုင်ထား'

စျန်မင်းသော် ပြောနိုင်တာတွေက ဒါပဲ။

စာရေးဆရာဆိုတော့လည်း အလုပ်နှင့်မပြနိုင်တော့ သဘော တရားပဲပြောနိုင်သည်။ ဒါပေမယ့် အဲ့သည် သဘောတရားက ထိရောက်ပါသည်။

အားပေးစကားလည်း ဖြစ်သည်။

အမှန်တရားလည်းဖြစ်သည်။

လတ်တစ်လောတွင် အသက်ရှင်သူကို အသက်ရှင်သူတွေကပဲ ဒုက္ခပေးနေသည် မဟုတ်လား။

မှောင်သွားသည်။

ပတ်ဝန်းကျင် မှောင်ပါစေ။

မိမိတို့၏ အသိဥာဏ်တွေ မမှောင်ဖို့အရေးကြီးသည်။

အသက် ဆယ့်ကိုးနှစ်သာ ရှိသေးသောသိမ့်ထက် နှစ်ဆယ့်ငါးနှစ်သာရှိသော ဝေရီက စိတ်ကို ပိုသိန်းနိုင်သည်။

ဒေါသသည် ကြောက်စိတ်ကို ပယ်ဖျောက်သည်။ အားငယ်စိတ်ကို တွန်းလှန်သည်။

လူသေကောင်၏ အေးစက်တောင့်တင်းသော အထိအတွေ့ကို သူတို့နှစ်ယောက် ခံစားနေရသည်။

လွတ်နေသော လက်တစ်ဖက်စီကိုလည်း အိမ်တိုင်နှင့် တွဲပြီးချည်နှောင်ခံနေရသည်။

လွတ်မြောက်ဖို့ဆိုတာ မလွယ်။

အမှောင်ထဲမှာ သိမ့်၏ ရှိုက်သံသာ ပေါ်နေသည်။

'သိမ့်'

တိုးတိုးလေးခေါ်သည်။ သိမ့် ရှိုက်မြဲရှိုက်နေသည်။

'သိမ့်....ညီမလေး'

အနည်းငယ် ကျယ်ကျယ်ခေါ်ပြန်သည်။

'ရှင်....မမ'

'ကိုစျန်မင်းသော်ပြောသွားတာ မှန်တယ်၊ လူသေက ဘာမှ မလုပ်နိုင်ဘူး'

'ဟင့်အင်း....သမီး....သမီး ကြောက်တယ်'

'သိမ့်ရယ်....မကြောက်နဲ့၊ သေတဲ့လူရဲ့ ဝိညာဉ်ဟာ သေပြီးတဲ့နောက်မှာ ဟိုအဝေးကြီးကို လွင့်သွားပြီ'

'ဟင့်အင်း....မမ မပြောနဲ့....သမီးကြောက်တယ်၊ အခုကြည့်ဟင့်....ကြည့်....ဟင့်'

သိမ့် ရှိုက်နေပြီးမှ....

'သူ့တစ်ကိုယ်လုံး အေးစက်စက်ကြီး'

'လူဟာ ဓာတ်ကြီးလေးပါးနဲ့ တည်ဆောက်ပြီး ရုပ်ဖြစ်နေတာ၊ ဒါ တို့မြန်မာအယူအဆလေ၊ အင်္ဂလိပ်အယူအဆကတော့ ဆဲ (လ်) (CELL) တွေနဲ့ ရုပ်ဖြစ်နေတာ၊ မြန်မာအယူအဆကတော့ လူဟာသေသွားတာ ဓာတ်ကြီးလေးပါး ပျက်စီးသွားလို့ပဲ၊ ဥက္ကတေဇောဓာတ် ပျက်ယွင်းသွားရင် ခန္ဓာကိုယ်ဟာ အေးစက်သွားတာပါ၊ မမတို့ လူရှင်တွေမှာတော့ အပူဓာတ်များနေလို့ သမနေလို့ မအေးတာပါ'

'လူသေရင် ဟို....ဟိုဒင်းဖြစ်သွားမှာပဲနော်'

သရဲတစ္ဆေဆိုတာ သိမ့်မပြောရဲပေမယ့် ဟိုဒင်းလို့ ပြောသည်။

ဝေရီ ရိပ်မိပါသည်။

လူသေအလောင်း၏ တောင့်တောင့်ကြီး ဖြစ်နေသော လက်မောင်းကို ဝေရီက သူမလက်မောင်းနှင့် မထိအောင် တတ်စွမ်းသမျှ ခွာနေရင်းက ဟိုဒင်းဆိုသော စကားကြောင့် လည်ကုပ်မှမွေးညင်းကလေးတွေ ထောင်ထသွားသည်။

အို....ငါ ဘာကြောက်ရမှာလဲ။

'သိမ့်....ညီမလေး ဘာမှမကြောက်နဲ့၊ တို့ဘစ်သက်မှာ လူသေက ဒုက္ခပေးတာ ဘယ်နှစ်ခါများ ကြုံဖူး ကြားဖူးလဲ၊

'ရွှေတိဂုံရောက်ရင် ရှိခိုးလိုက်တာပဲ၊ အိမ်မှာ မေမေက ဘာ့ ရှိခိုးတယ်၊ သိမ့်က ပျင်းလို့ မရှိခိုးဘူး'

သေပါတော့ဟယ်။

ခွေးနီထက်တောင် နှစ်ပြန်သေဖို့ ကောင်းနေပြီ။

ဗုဒ္ဓဘာသာဖြစ်လျက်နဲ့ ဘုရားမရှိခိုးဘူးလို့။

ဘုရားရှိခိုးရမှာပျင်းတဲ့ သိမ့်လိုမိန်းကလေးတွေ သည်နိုင်ငံ ဘယ်နှစ်ယောက်များ ရှိနေမှာလဲ။

'သိမ့်မေမေက မသင်ပေးဘူးလား'

'မေမေက သင်ပေးတယ်၊ ပါဠိတွေဆိုတော့ သမီးက စိတ်မဝင်စားဘူးလေ'

'တစ်ဝက်တစ်ပျက်ဆိုတော့ ဘာရသလဲ'

'ဟိုလေ....သဗုဒ္ဓေ.... ဣတိပိသော.... ဩဇော်....တစ်ခုရပြီ.... သရဏံဂုံသုံးပါးတော့ ရတယ်'

တိရစ္ဆာန်မလေး....ငရဲအိုးမလေး....ဒါလောက်တော့ ရဦးမှပဲ။

'အေး....သရဏံဂုံ ရရင်တော့ ဗုဒ္ဓဘာသာ ပီသသွားပြီ၊ ဘိုးဒင်းဒီဒင်းတွေ မကပ်အောင်, အန္တရာယ်မပေးအောင် သိမ့် ဒီ သရဏံဂုံသုံးပါးကို ရွတ်ရမယ်၊ ပြီးတော့ သရဏံဂုံသုံးပါး တပည့်ဖြစ်အောင် မမပေးတဲ့ ဂါထာကို လိုက်ရွတ်၊ အဲဒီ ဂါထာရွတ်ရင် ဘာအန္တရာယ်မှ မကပ်ငြိနိုင်ဘူး၊ ကယ်မယ့်လူတောင် ပေါ်လာဦးမယ်'

'ဘာဂါထာလဲဟင်'

သိမ့် စိတ်ဝင်စားမှုရှိလာသည်။

မဟုတ်တယုတ် ပြောသံတွေကြောင့် တို့စိတ်က တို့ကိုပြန်ခြောက်နေတာ'

'သိမ့် ကြောက်တယ် မမရယ်'

သူမအသံက တကယ့်ကို ချောက်ချားတုန်လှုပ်နေသံ။

'ကြာရင် သိမ့် သေလိမ့်မယ်၊ အီး....ဖေဖေ မေမေတို့ရေ.... သမီးကို လာကယ်ပါဦး....အီး....ဟီး....'

သည်ကောင်မလေး အသံထွက်အောင် ငိုဖြန်ပါသည်။

ဝေရီမှာ သူမအရေးထက် သိမ့်အရေးကို ပိုဂရုထားလာရသည်။

'ဟဲ့....သိမ့်၊ မငိုနဲ့လေ၊ မကြောက်နဲ့လေ၊ မမ ပြောပြီးပြီ၊ သူက ဘာမှမလုပ်နိုင်ဘူး၊ လုပ်ရင် မမတို့ကနှစ်ယောက်တောင် ဘာအောက်မေ့လဲ၊ ထဘီနဲ့အုပ်ပစ်မယ်'

သိမ့် ငိုသံတိမ်သွားသည်။

ပြီးတော့မှ ငိုဆဲနှင့်....

'သူ ထဘီကိုကြောက်သလားဟင်'

'ယောကျ်ားပဲ....ထဘီကို ကြောက်တာပေါ့'

ပြောနေစဉ် ကြောက်ခြင်း, ဒေါသဖြစ်ခြင်းကြားမှ ဝေရီပြုံးမိသည်။

ဩော်....ငါလည်း ကလေးဆန်နေမြဲနဲ့ပြီ။

'သိမ့်....မမပြောမယ်၊ သူတို့ကိုနိုင်တာကလဲ ဘုရား....တရား သံဃာပဲ....သိမ့် ဘုရားစာရသလား'

'တစ်ဝက်တစ်ပျက်ပဲ'

'ဘုရားရှိခိုးတယ် မဟုတ်လား'

'မမ ဆိုပြမယ်...နားထောင်'

ခဏကြာပြီးမှပဲ ဝေရီ့အသံက ထွက်လာသည်။

'အဇ္ဇာဒီ၊ ကထွာ၊ အဟံ ဗုဒ္ဓဿ၊ အန္တေဝါသိကောတိ
မံ ဓာရေဟိ...အဇ္ဇာဒီ၊ ကထွာ၊ အဟံ ဓမ္မဿ၊ အန္တေဝါ
ကောတိ၊ မံ ဓာရေဟိ...အဇ္ဇာဒီ၊ ကထွာ၊ အဟံ သံဃဿ
အန္တေဝါသိကောတိ၊ မံ ဓာရေဟိ...'

'အဲ့ဒါ ဘာအဓိပ္ပာယ်လဲ'

'ရဟနာသုံးပါးလူ ဖြစ်သွားအောင် မကြောက်တရား
ဂါထာ...တစ်နည်းအားဖြင့် ပါဠိဝါကျပဲ၊ အဓိပ္ပာယ်
ယနေ့မှအစပြု၍ ဘုရား၊ တရား၊ သံဃာ၏ တပည့်ရင်းသည်
ကျွန်ုပ်ပင်ဖြစ်ပါသည်ဘုရားလို့ ဆိုထားတာပဲ'

အလောင်းကောင်ကြီးကို တွေးကြောက်နေသော သိမ့်မှ
လှေနစ်ရာမှာ ဗေဒါဒိုက်ဘစ်ခုတွေသလို အားတက်သရောဖြစ်
လာ၏။

'မမ...သမီးကို အဲ့ဒီဂါထာ ချပေးပါလား'

ဝေရီကလည်း ဆိုချင်စိတ် ရှိနေသောကြောင့်...

'လိုက်ဆို...'

သူမက အကြိမ်ကြိမ်ချပေးသည်။ သိမ့်က လိုက်ဆိုသည်
စိတ်အာရုံပြောင်းပြီး တစ်ဖက်တွင် စိတ်ဝင်စားလာသည် တ
ကြောင်း၊ ဘုရားနှင့်ပတ်သက်သော စာများရွတ်ခြင်းဖြ
အကာအကွယ်ရပြီဟု စိတ်ကထင်လာတာမို့ ကြောက်စိတ်တွေ
လျော့ပါးလာ၏။

အကြိမ်ပေါင်းများစွာရွတ်သည်။

ဘေးမှ လူသေကောင်ကြီးကတော့ သည်အတိုင်း။

သိမ့်ရော ဝေရီပါ ဗုဒ္ဓနုံသတိတရားတွေ သွင်းလာတာနှင့်
မှ အာရုံစုစည်းလာသည်။ အကြောက်တရားထက် အငိုက်
တရားက ပိုများလာသည်။ နှစ်ယောက်လုံး မျက်ခွံတွေ လေး
ပြီး အိပ်ပျော်သွားကြသည်။

လူသေကောင်ကြီးအနားမှာရှိကာ သူ့ကိုယ်အတ္တဘောကြီး
ကပ်နေတာတောင် မသိကြတော့။

ပထမဆုံး အိပ်သွားတာက ဝေရီ။

သူမနောက်လိုက်ပြီး အိပ်ပျော်သွားတာက သိမ့်။

မီးပုံဘေးတွင် ဝိုင်းထိုင်နေစဉ်သူတို့ပြောသောစကားတွေကို ဖျန်မင်းသော် ကြားနေရသည်။

ပထမတွင် ညစာမစားရသဖြင့် ဆာလောင်မွတ်သိပ်မှုဒဏ်ကို ငယ်ရွယ်သူပီပီ မခံနိုင်သော ဂွတိုက ညည်းသည်။

'မည်းနဲ့ကွာ၊ ဆာရင် ဒံပေါက်သွားဝယ်'

ချမောင်က နောက်ပြောလေးပြော၏။

'ခင်ဗျား ကြီးတော်ကြီး၊ ဒီမှာ ဒံပေါက်ဝယ်ရမလား၊ ဘယ်ကိုပဲ ကြည့်ကြည့် အရပ်ရှစ်မျက်နှာ လယ်ကွင်းကြီးပဲဟာ'

'မင်းကို မြေကိုက်သေအောင် လွှတ်တာ'

'ပြော်....တော်တော်မေတ္တာရှိတယ်နော်'

ဂွတိုက ရှဲ့မေးလေးမေးလိုက်သည်။ ဘေးတစ်ဝိုက်တွင် ဖားအော်သံတွေ ညံနေသည်။ တအုံအုံတအောင်အင်နှင့် မိုးဦးကျကာလမို့ လွမ်းစရာကြီးလို။

ပန်ကာက ဂွတိုအား....

'မင်း ဖားသားစားမလား'

'အခုနေအခါ ဖားသားမကဘူး ခွေးသားလာကျွေးလဲ စားမှာပဲ'

'ဒါဆို မင်းနဲ့ချမောင် ဒီမှာနေ၊ ငါနဲ့ဇင်ထွန်း ဒီနားတစ်ဝိုက် သွားလိုက်ဦးမယ်'

'ခင်ဗျား မီးမရှိပဲနဲ့'

'ကားထဲက လက်နှိပ်ခဲတံမီးနဲ့ နိုင်ငံခြားလုပ် ရဲတင်းတစ်ခု ရထားတယ်ကွ၊ အဲဒီ ရဲတင်းက ဖားရိုက်ရုမှာ အသုံးဝင်တယ်ကိုယ့်လူ'

ဇာတ်လမ်းစဉ် (၇)

မိုးမရွာ။

မြေတွေက မိုးရေကြောင့် စိုထိုင်းခဲ့သော်လည်း ပွက်ပ
ပါ။

ဒါကြောင့် ပန်ကာတို့ မီးဖိုကလေးတစ်ခု ဖိုလို့ရသည်
ခြင်မကိုက်အောင်၊ အလင်းရောင်လေးရအောင် ဖိုကြသည်
မီးပုံဘေးတွင် သူတို့လေးယောက် ဝိုင်းထိုင်သည်။

သူတို့နှင့် မနီးမဝေးသစ်ပင်တစ်ပင်တွင် ဖျန်မင်းသော်
ကြီးနှင့် ခိုင်ခိုင်ခံ့ခံ့ ချည်နှောင်ထား၏။

သွားဝါနီးတွင် ပန်ကာက မှုံခဲ့သေးသည်။

'ဂွတို့...မင်း ကောင်မလေးတွေကို သွားမရှုပ်နဲ့နော်၊ ငါမကြိုက်ဘူး၊ ခဲမောင် ကြည့်ထိန်းလိုက်'

'ပိုက်ဆံရမှတော့ ဒီဟာမတွေ ဘာလုပ်မှာလဲဗျ၊ ပြီးတော့ လင်တွေနဲ့ဟာ၊ ခုလောက်ဆို ဒီကောင်မတွေ ကြောက်ချေးပါ ပြီး ကုပ်နေကြရောပေါ့၊ မနက်ဖြန် သုံးလောင်းမြှုပ်ဖို့ပြင်'

ဂွတို့၏ ဆတ်တောက်တောက်အသံ။

ပန်ကာတို့ ထွက်သွားကြသည်။ ကျန်ရစ်သောလူနှစ်ယောက်က စျန်မင်းသော်ကို လာလို့ ထောင်မကြည့်။

စျန်မင်းသော်မှာ ချည်ထားသော ကြိုးများကြားမှ ရှန်းသော်လည်း အသားသာနာတာ အဖတ်တင်သည်။ သည်ကြားထဲ ခြင်က ကိုက်လိုက်သေး။

ဩော်....ဘုန်းမောင့်ဒုက္ခ။

သူ့တကယ့်ဒုက္ခမှာ ဝေရီတို့နှင့် ပတ်သက်သော စိတ်ဒုက္ခပင်ဖြစ်သည်။ ဝေရီတို့ ကြောက်အားကြီးပြီး အဲ့သည်စိတ်နှင့် ကိစ္စချော အနိစ္စသဘောပဲ ရောက်ကုန်ကြပြီလား။

သည်ပြဿနာကို ဖန်တီးခဲ့သော စနေထွန်းကိုလည်း ဒေါသပွားမိသည်။ ထပ်ပြီး ဒေါသပွားတာက သူ့ကိုယ်သူ။

ယောကျ်ားတစ်ယောက်ဖြစ်လျက်နှင့် ကိုယ့်ချစ်သူအတွက်ကော တခြားလူအတွက်ပါ အကာအကွယ်မပေးနိုင်သော သူ့အဖြစ်က တကယ့်ယောကျ်ားကောင်း မပီသတဲ့အဖြစ်။

သည်နေရာမှာ စာရေးဆရာနှင့် ဘာမှမဆိုင်။

ကလောင်ကိုင်သောလက်နှင့် ဘာမှမဆိုင်။

စာရေးဆရာဖြစ်တာနှင့် လက်ရုံးရည်မှာ လူပျော့လူညံ့ဖြစ်ရရောလား။ ကလောင်ကိုင်သည့်လက် နုပါသည့်ဆိုပြီး ဓားမကိုင် သေနတ်မကိုင်ရောလား။ ဟုတ်ကိုမဟုတ်။

ရှက်တယ်ကွယ်။

'ငွေတွေကတော့ တို့လေးယောက်ဝေလိုက်ရင် တစ်သိန်းကျော်ကြီးရမှာကွ၊ ကားလမ်းမှာ ကားကို ဓားပြတိုက်ရတာသက် ကောင်းသေးတယ်၊ တို့အစီအစဉ်အတိုင်း ကားဓားပြတိုက်ရင် ဒါလောက် ရချင်မှရမှာ'

ခဲမောင်အသံက စျန်မင်းသော်ဘက်လွှင့်လာသည်။

'ဓားပြတိုက်ရင် လက်နက်ရှာရဦးမယ်၊ အခုဟာ စားရက်ကြုံလို့ နှုတ်ခမ်းနား မုန့်လာထိုးပေးတာ'

'အေး...မင်းပြောတာ မှန်တယ်၊ စားရက်ကြုံလို့ မုတ်ဆိတ်ပျားစွဲရအောင် တို့မှာ တစ်ယောက်မှလဲ မုတ်ဆိတ်ရှိတာမဟုတ်ဘူး၊ ဟား ဟား ဟား'

'သေနတ်ပါ ရလာတာဗျ'

'အခုမှ သတိရတယ်၊ အဲ့ဒီကောင်က သေနတ်ဆောင်ခဲ့တော့ ဒီကောင်လဲ ရိုးမှရိုးရဲလား မသိပါဘူးကွာ၊ ဒီကောင့်နာမည်ဘာ'

'သူတို့ခေါ်တော့ စနေထွန်းတဲ့'

'အေး...စနေထွန်းဆိုတဲ့ ကောင်ဟာ သေနတ်ဆောင်ပို့ ထောက်ရင် တို့လို လူဆိုးပဲလား၊ ရဲလား၊ ထောက်လှမ်းရေးလား တစ်ခုခုပဲ'

'ဘာပဲဖြစ်ဖြစ်ဗျာ၊ ကျွန်တော် စိတ်ကူးရတယ်'

'ဘာလဲကွ'

'ကားလမ်းဓားပြတိုက်မှာကို ဆက်လုပ်မယ်ဗျာ၊ လက်ထဲ သေနတ်ရောက်နေပြီပဲ'

'နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်တဲ့ကွ၊ ငွေလဲရ၊ သေနတ်လဲရ၊ ဒါထက်ကောင်းတာ ဘာရှိသေးလဲ'

ချဲမောင်တို့လို လူဆိုးလူတေတွေက နတ်တို့ဖန်ရေကန်အသင့် ကြာအသင့်ဆိုတာ ပြောကောင်းသော စကားမဟုတ်ပါ။

ခက်တာက ဒီနေ့ဒီကာလမှာ မကောင်းတဲ့လူတွေမှ ပြည့်စုံမှုတွေ ရှိနေတတ်သည်။ ကောင်းတဲ့လူတွေမှာ လျော့နည်းနေတတ်သည်။

'အေးဗျာ....ကိုပန်ကာကြီးလာမှ ဒီကိစ္စ တိုင်ပင်ရမယ်၊ အရေးကြီးတာကဒီလူသုံးယောက်ပဲ၊ နှစ်ယောက်ကမိန်းကလေး ဖြစ်နေတော့ ဘာလုပ်မလဲ'

'မင်းက ဟိုဒင်း ဒီဒင်းများ စဉ်းစားနေသလား၊ ကိုပန်ကာ မင်းကိုသတ်လိမ့်မယ်'

'ဖွီ....ခင်ဗျားတို့ကလဲ ကျုပ်ကို ဒီစကားပဲ လာလာပြောနေ၊ ကျုပ်က ပါးစပ်ကသာပြောတာ၊ လူက အောက်တန်းမကျသေးပါဘူး၊ ဒီလူသုံးယောက်ကို ထားမလား....သတ်မလား....ဒါ ပြောတာ'

'သတ်ပစ်မယ်ကွာ'

'ဟာဗျာ....အဲ့ဒီလိုတော့ မရက်စက်လိုက်ကြပါနဲ့၊ ဟိုနှစ်ယောက်ကလဲ မိန်းကလေးတွေ'

'သူတို့က တို့ကိုတွေ့သွားကြပြီကွ....ရဲမတိုင်ဘူးလို့ မပြောနိုင်ဘူး၊ ကောင်မလေးတွေအတွက် မင်းမပူနဲ့၊ ခုလောက်ဆို အသက်ထွက်နေလောက်ပါပြီ'

တအောင့်အကြာတွင် ကိုပန်ကာ ပြန်လာသည်။

သူနှင့် ဇွဲထွန်း၏ လုံချည်ခါးပုံစထဲတွင် စားဖားကြီးတွေ ပါလာ၏။

အဆီတဝင်းဝင်း ဖြစ်နေသည်။

အဲ့သည်ဖားသားကိုပဲ ကျွမ်းကျင်စွာ အူအသည်း ခွဲထုတ်၊ အရေခွံ ဆုတ်ကာ မီးပုံတွင်ကင်စားကြသည်။

'ပျော်ပွဲစား ထွက်နေသလိုပဲဗျို၊ ဖားသားကလဲ မွေးမွေးချိုချို အရသာကောင်းကောင်း၊ တောက်....အပူရည်ကလေးနဲ့သာ ဟဲလိုက်ရရင်'

ဇွဲထွန်းက သူတို့စားတော်ပွဲကို ကျူးရင့်နေချိန်မှာ ဖားသားကင်၏ မွေးရနံ့က ဆာလောင်မွတ်သိပ်အောင် စျန်မင်းသော်၏ နှာခေါင်းကို ချူနေသည်။

စျန်မင်းသော်မှာ ပေါက်ကရစားတတ်သူ မဟုတ်ပါ။

သို့ရာတွင် ခုလိုအချိန်မျိုးမှာ အေးအေးချမ်းချမ်းသာ နေရလျှင် ဖားသားကင်အနံ့ကြောင့် သူစားမိပေလိမ့်မည်။

အချိန်က ညဉ့်နက်လာပြီ။

ဖားသားနှင့် ဗိုက်ဖြည့်ပြီးတော့ ငနဲတွေအိပ်ကြသည်။

စျန်မင်းသော်မှာ သူတို့ရှေရေးကိုတွေးကာ စနေကိုဒေါသ ဖြစ်နေမိသည်။

သူကတော့ ထွက်ပြေးသွားပြီ။

မိမိတို့မှာသာ။

'တောက်...'

၊ ရင်ထဲမှာ ပေါက်ကွဲခြင်း အပြည့်နှင့် တောက်ခေါက်မိသည်။

မိုးမရွာ။

ကောင်းကင်တွင် ကြယ်ကလေးတွေ လင်းလက်နေသည်။ ရင်ကွဲပုရစ်ကောင်တို့၏ တစိစိအော်သံက ချုံပုတ်တွေ, သစ်ပင်တွေ ကြားထဲက ပေါ်နေသည်။

ဈန်မင်းသော် ကြိုးတုံပ်လျက် တန်းလန်းနှင့် အဲ့သည်ညမှာ အိပ်ပျော်သွားရသည်။

ဇာတ်လမ်းစဉ် (၈)

သူတို့အထဲတွင် ဦးစွာထသည်က ပန်ကာ။

ပန်ကာ ထခြင်းမှာ ဆီးကြောတင်းလာခြင်းကြောင့်နိုးလာခြင်း ဖြစ်သည်။

အရှေ့မှ နေရောင်ဝင်းဝင်းကလေးက သစ်ပင်အုပ်တွေကြားမှ တိုးဝင်လာသည်။

လယ်ကွင်းပြင်တွေ၊ ဖုန်းဆိုးမြေတွေမို့ နေခြည်ကတစ်ပြင်လုံးကို ရွှေရောင်ဝင်းဝင်းနှင့် လွှမ်းနေသည်။

ပန်ကာသည် တစ်ကိုယ်လုံးကို အညောင်းဆန့်လိုက်သည်။

ကျန်သုံးကောင်ကပို့လို့ ပက်လက် ကိုးရှိးကားရားအိပ်မောကျဆဲ။

-သူက နေရာတွင်ပင် ကိုယ်ထဲကရေပိုတွေသွန်ထုတ်ဖို့စိတ်ကူးလိုက်သေးသည်။

နောက်မှ တစ်နေရာတွင်သွားကိစ္စပြီးမှဖြစ်မည်ကို စဉ်းစားမိသည်။

စျန်မင်းသော်ကို လှမ်းကြည့်သည်။ ငနဲသားမှာ သစ်ပင်တွင် ကြိုးတုပ်လျက်တန်းလန်းနှင့် မတ်မတ်ကြီးခေါင်းငိုက်စိုက်ကျ အိပ်ပျော်နေ၏။

ဝန်းကျင်မှာ မြေနုံ့ မိုးနုံ့ သင်းနေသည်။

ချုံပုတ်တစ်ခုနားသို့ ပန်ကာ ကပ်သွားသည်။

ဆောင့်ဆောင့်ထိုင်လိုက်ကာရှိသေးအရာဝတ္ထုကြီးတစ်ခုက သူ့ဆီ ရိပ်ခနဲဝင်လာ၏။

လူတစ်ယောက်၏ ကိုယ်လုံး။

ခုန်အုပ်လိုက်သော အရှိန်ကြောင့် ပန်ကာ လဲသွားသည်။ အထက်လူက သူ့ကိုခွစီးပြီး ဆံပင်ရှည်တွေကို လက်တစ်ဖက်နှင့် စုကိုင်ဆွဲ၍ ခေါင်းကို မြေကြီးနှင့်ဆောင့်ခြင်း ခံလိုက်ရသည်။

နောက်စေ့နှင့် မြေကြီးထိသဖြင့် အုံသွားသည်။ နာသွားသည်။

ခေါင်းထဲ မူးနောက်သွားသည်။

ပန်ကာ ခံနိုင်ရည်ရှိသည်။

တစ်ကိုယ်လုံး ထိတ်လန့်ခြင်း၊ တောက်လောင်သောဒေါသနှင့် အပေါ်မှလူကို အောက်မှ ပြန်လှန်သတ်ပုတ် ထိုးကြိတ်သည်။

လက်သီးတစ်ချက်သည် အထက်ကလူ၏မေးကို ပြင်းပြင်းထိသွားသည်။

အထက်ကလူမှာ ကိုယ်ပေါ်မှကွာထွက်သွားသည်။

သည်လူက ကမန်းကတန်းရပ်သည်။ ပန်ကာက လူးလဲထရပ်သည်။ နေခြည်အလင်းက သူတို့နှစ်ယောက်ပေါ် ထိုးဝင်နေသည်။

ပန်ကာသည် လူကိုမှတ်မိ၏။

မနေ့က ထွက်ပြေးသည့် ငနဲလေး။

စနေထွန်းဆိုတဲ့ ကောင်လေး။

ပန်ကာ၏လည်ချောင်းထဲမှ မပီသသော စကားလုံးတွေထွက်လာသည်။ သူ့ခါးကြားတွင်းက ပစ္စတို(လ်)ကို ဆွဲထုတ်လိုက်သည်။

သူ့ထက် စနေ၏ခြေတစ်ဖက်က တာစားသွားသည်။

သည်ကနေ့လူငယ်တွေ အားကိုးနေကျ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုဖြစ်သည့် ခြေတစ်ဖက်ပိုက်ခတ်နည်းဖြင့် စနေကဂိုက်ခတ်ပစ်လိုက်သည်။

ခြေခတ်သည့်စနစ်ကလည်း နည်းစနစ်ကျကျ သုံးပါမှအရာရောက်သည်။နိုင်ငံခြားကဗန်ဒိန်းတို့စတီဗင်ဆီးဂေါ်(လ်)တို့ကို အားကျပြီးအမြဲခြေခတ်လေ့ကျင့်နေသည့်စနေ၏ခြေတွေက လိုရာခရီးရောက်သည်။

ဖောင်း....

မျက်နှာဘစ်ဖက်ကို ခြေခတ်ခံရသဖြင့် အသံတောင်ထွက်သွားသည်။ ပန်ကာ၏ခေါင်းသည် တောင်မျက်နှာအရပ်မှ မြောက်မျက်နှာအရပ်သို့ မူသွားသည်။

မူးနေသည့်ခေါင်းက ပိုမူးသွားသည်။

ဖောင်း....ဖောင်း....

ခြေနှင့် မျက်နှာထိသံနှစ်ချက်က ထပ်ဆင့်သွားသည်။ ခြေထောက်မှာ ဘယ်ပြန်ညာပြန်ခတ်လိုက်ခြင်း ဖြစ်သည်။

ပန်ကာ့မျက်နှာကို မြန်မာ့ရိုးရာ ကစားစရာခြင်းလုံးကလေးများ အောက်မေ့နေသလားမသိ။

ဒဏ်ကတော့ မသေး။

ပန်ကာ မှောက်သွားသည်။

မြေကြီးကို ချစ်သူအမှတ် ကစ်(စ်) ပေးပြီးသားဖြစ်သွားသည်။

'ဟင်း....စနေကို လာမစမ်းနဲ့၊ မင်းတို့ ပြဿဒါးရက်နဲ့ ကြုံသွားမယ်'

စနေက ဒေါသနှင့် ကြိမ်းသည်။ လွှတ်ကျနေသော သေနတ်ကို ကောက်ယူပြီး ဖြစ်သည်။

ပန်ကာ အတ္တဘောကြီးကို ဒယဉ်တိုက် ဆွဲသွားသည်။ ပန်ကာမှာ သတိမေ့ပါသွား၏။

ဟိုတစ်သိုက်ကဘော့ အိပ်မောကျဆဲ။

သူတို့ဘေးက ဂျွိုင်းအိတ်အနီကို စနေအလောတကြီး ကောက်ယူလိုက်သည်။ ဂျွိုင်းအိတ်၏လေးလံမှုနှင့် ငွေကြေအပြည့်ရှိဆဲ။

'ကဲဟာ....ကဲဟာ'

သူ ညှာတာမှု မရှိပါ။

အိပ်နေသူ အကောင်သုံးကောင်၏ ခေါင်းတွေကိုသေနတ်ဒင်နှင့် အားပါးတရ ထုထည့်ပစ်လိုက်သည်။

တိုကောင်တွေ ဘာမှန်းတောင် မသိတော့။

အိပ်မက်တောင် မက်လို့မရအောင် ပိုအိပ်မောကျသွားသည်။

'ကျတ်.....ကျတ်....ကျတ်....သူ့ခမျာ တောင်တောင် အိပ်ရေး ပျက်နေရှာစာပါပဲလား'

တစ်ယောက်တည်းဆိုကာ ဈန်မင်းသော်၏ပခုံးကို ကိုင်လှုပ်လိုက်သည်။

'စာရေးဆရာကြီး.... ဗျို....စာရေးဆရာကြီး ထပါဦး၊ အိပ်မက်ထဲ ငစ္ဆုဇာတ်လမ်းများ ရနေပြီလားမသိဘူး'

'အင်....ဟင်....အင်'

ဈန်မင်းသော် မျက်လုံးကွေ့ ပွင့်လာသည်။ သူက ကြောင်ကြည့်နေသည်။

'စနေထွန်းလေဗျာ'

'ဟင်....စနေထွန်း မင်း....မင်း'

'ကိုင်းဗျာ'

စနေထွန်း၏ရဲတင်းက လက်ခနဲ အထက်သို့ မြောက်တက်သွားသည်။ ပြန်ကျသွားသည်။

ဒုတ်ခနဲမြည်သံ။

တိခနဲ ပြတ်ထွက်သွားသည့်ကြိုး။

'ကိုစနေထွန်း....မင်း....မင်းလာသေးတယ်'

'ကျွန်တော်က မလာလို့ သွားသေနေရမလား၊ တစ်ညလုံး ရှာလိုက်ရတာဗျာ၊ ကံကောင်းလို့ မြေကိုက်မသေတယ်၊ မီးဆုတ်လက်လက်မြင်လို့ လာမှ ဒီမှာလာတွေ့နေတာ၊ မနက်မိုးလင်းထိ စောင့်ရတယ်'

'အေးကွာ....မင်းကျေးဇူးပဲ'

'ကျွန်တော့် မိန်းမသိမ့်နဲ့ ဟိုမိန်းမဝေရိကော'

ဇာတ်လမ်းစဉ် (၉)

မီးဖိုဘေးမှ စီအိုင်အေကို ကောက်ယူလိုက်သည်။ စီအိုင်အေက သစ္စာရှိသည်မဟုတ်။

ညက ပန်ကာ၏တပည့်အဖြစ် အသုံးတော်ခံခဲ့သည်။

ယခု စနေ၏တပည့် ဖြစ်သွားပြန်ပြီ။

'လှသလောက် ကြောက်စရာကောင်းတဲ့ စီအိုင်အေရေ၊ မင်းငါ့ကို သစ္စာမဖောက်နဲ့တော့'

သူ ရဲတင်းကို ကိုင်သည်။

အိပ်ပျော်နေသော ဈန်မင်းသော်ကိုကြည့်ကာ....

စျန်မင်းသော် သတိရလာသည်။ ဟိုကောင်တွေကိုကော သတိရလာသည်။ စနေက ရိပ်မိသဖြင့်....

'ဟိုမသာတွေကိုမပူနဲ့၊ ကျွန်တော် တီးပစ်လိုက်ပြီ၊ ဟိုမှာတွေလား ခွေနေတာ'

ရဲတင်းနှင့် ညွှန်ပြလိုက်၏။

ကားက တစ်နေရာမှာ ရပ်ထား၏။

ကားဆိမသွားဘဲ တဲထဲသို့ စနေထွန်းအား ခေါ်သွားသည်။

'ဟာ'

ရုပ်ပျက်ဆင်းပျက် အလောင်းကြီးနှင့် ဘေးတွင်ကြိုးတွေ တုပ်ခံရကာ ပူးကပ်ချည်နှောင်ခံရသော မိန်းကလေး နှစ်ယောက်ကိုကြည့်၍ စနေ ဟာသံသွက်သွားသည်။

အဖြစ်အပျက်ကို မပြောနိုင်သေးဘဲ စျန်မင်းသော် ဝေရီနား ဒူးထောက်ကာ လှုပ်ခေါ်သည်။

'ဝေရီ....ဝေရီ'

ဝေရီ မျက်လုံးလေးတွေ ပွင့်လာသည်။ စျန်မင်းသော်၏ မိုးနေသော မျက်နှာကြီးကိုမြင်တော့....

'အမယ်လေး'

'ဝေရီ....ကိုပါ၊ ကို....ကို'

သည်အချိန်တွင် စနေကလည်း သိမ့်ကောဝေရီကိုပါ ချည်နှောင်ထားသည့်ကြိုးတွေကို ရဲတင်းနှင့် ဖြတ်ပေးလိုက်သည်။

သိမ့်ကိုလည်း နှိုးသည်။

မိန်းကလေးနှစ်ယောက်မှာ သူတို့ချစ်သူတွေ လာကယ်မှန်းသိတော့ ဝမ်းနည်းစိတ်၊ ကြောက်စိတ်နှင့် ကြူကြူပါအောင် ငိုကြတော့သည်။

သူတို့နှစ်ယောက်မှာ ခရီးပန်းခြင်း၊ ကြောက်ခြင်းကြောင့် တစ်ညလုံး အိပ်မောကျသွားခဲ့ခြင်း ဖြစ်သည်။

ကြိုးချည်ခံခဲ့ရသဖြင့် ချက်ချင်းတော့ လှုပ်လို့မရ။

နှိပ်နယ်ပေးခြင်း ခံရသဖြင့်သာ သွေးပြန်လျှောက်ပြီးလှုပ်ထာနိုင်သည်။ သိမ့်က စနေကိုငိုသံပါကလေးနှင့် သူမတို့ခံစားရမှုကို တိုင်သည်။ စနေက သိမ့်ကိုပွေ့ဖက်၍....

'ကိုကိုလာပြီ သိမ့်၊ မကြောက်နဲ့၊ လူသေကြီးက သိမ့်ကို ထာမှမလုပ်ဆာ၊ မကြောက်နဲ့တော့၊ ဟိုကောင်တွေရန်လဲ ကြောက်စရာမလိုဘူး'

စနေ၏ အားပေးမှုစကား နှစ်သိမ့်မှုစကားလေးတွင် သိမ့်ငြိမ်သက်သွားရသည်။

သိမ့်ထက်စာလျှင် ဝေရီက သူမကိုယ်သူမ ထိန်းသိမ်းနိုင်သည်။ စနေကို သူတို့ကအပြစ်ပြောလိုသော်လည်း စနေကပင်ထာကယ်သဖြင့် အပြစ်မပြောနိုင်။

'ဒီကောင်တွေကို ဘယ်လိုလုပ်မလဲ'

'ကျွန်တော်ရှင်းပစ်လိုက်မယ်ဗျာ'

စနေက စီအိုင်အေ အမယ်ပေးထားသည့် ရဲတင်းနှင့် ပန်ထာတို့ကို အသေနှာဖို့ပြင်သည်။

'မလုပ်ပါနဲ့ ကိုစနေထွန်းရယ်'

ဝေရီက တောင်းပန်သည်။ စျန်မင်းသော်ကလည်း....

'သူတို့အပြစ်သူတို့ခံလိမ့်မယ်၊ မင်းက ဘာလို့ လူသ
သမားအဖြစ် ခံချင်ရတာလဲ ကိုစနေထွန်း'

'ကျန်တော်လက်ယားတယ်ဗျ၊ ဖယ်စမ်းဗျာ၊ ဒီကောင်
ကိစ္စတုံးပစ်မယ်'

'ကိုကိုမလုပ်နဲ့၊ သိမ့်မကြိုက်ဘူး'

သိမ့်ဇော်ယျာမွန်၏မျက်နှာထား တင်းမာမာလေးနှင့်
ပြတ်ကလေးက စနေကို နှောင့်နှေးသွားစေသည်။

သူတို့ ကားပေါ်တက်ကြသည်။

'ကိုစနေထွန်း....မင်း မမောင်းနဲ့တော့'

စနေမောင်းမှာကို ကြောက်သွားသည့် စျန်မင်းဆေ
ပြောပြီး ကားမောင်းနေရာတွင် ထိုင်သည်။

'ဟုတ်တယ်၊ သူမမောင်းနဲ့၊ ဒီတစ်ခါတခြားလူ သေ
မဟုတ်ဘူး၊ ဒီကလူတွေ အားလုံးသေကုန်လိမ့်မယ်'

'လူလေနဲ့နေလာတဲ့လူက ကြောက်သလားသိ'

'ခုတော့ မကြောက်တော့ပါဘူး၊ လူသေက ဘာမှမလ
နိုင်တာဆိုတော့ လူသေကို မကြောက်ဘူး၊ ကြောက်ခြ
ကြောက်ရင် လူသေထက်လူရှင်ကို ပိုကြောက်ရမယ်၊ လော
ကြီးမှာ ပြဿနာလုပ်စာ၊ ဒုက္ခပေးစာ၊ လူသေက ပေးတ
မဟုတ်ဘူး၊ လူရှင်က ပေးတာကိုကိုရဲ့'

စနေအုံသြသွားသည်။

သိမ့် သည်စကားပြောမယ်မထင်။

ခုတော့ အတွေ့အကြုံကြောင့် ပညာရှိသွားပါပကော။

'ဟုတ်တယ်၊ သိမ့်ပြောတာမှန်တယ်၊ လူသေကို ဝေရီ
မကြောက်ဘူး၊ လူရှင်ကိုပဲ ဝေရီကြောက်တယ်'

စနေ ပါးစပ်ဟသွားသည်။ ဝေရီလည်း အမှန်မြင်တတ်
ပါပကော။

ကြားမှပြုံးလိုက်တာက စျန်မင်းသော်။

ကွန်ဂယက်ကျူးလေးရှင်းပဲဟေ့။

'ကဲ....အန္တရာယ်တော့ ကင်းပြီ၊ ဘာလုပ်ကြမလဲ'
စျန်မင်းသော်ကပင် ကားကိုရပ်သည်။ ဘေးမှ စနေကို လှည့်မေးသည်။
'ကားကို ဘာလို့ ရပ်ရတာလဲ၊ ဆက်သွားမယ်လေ'
ဝေရီက အော်သည်။
'နေဦး ဝေရီ၊ လုပ်စရာတွေ ရှိတယ်'
စျန်မင်းသော်က ပြန်ပြောသည်။
'မဝေရီပြောတာ ဟုတ်တာပဲဗျ၊ စစ်တောင်းဘက် မောင်းတော့လေ၊ နောက် မိနစ်နှစ်ဆယ်လောက်ဆိုရင် စစ်တောင်း ရောက်တော့မှာ၊ မေးမနေနဲ့'
စျန်မင်းသော်အား သတိပေး မသိမသာ မာသွားသည်။
'မင်း ဒီငွေတွေကို ဘယ်ကရလာသလဲ'
'ဗျာ'
'မင်း ဒီငွေတွေ ဘယ်ကရလာသလဲလို့ မေးနေတာ'
စနေထွန်း ခြေထောက်နာရှိ ဂျုံငင်းအိတ်အနီကို စျန်မင်း သော် မေးငေါ့ပြသည်။
'ဟာ....အစ်ကိုနဲ့ ဘာဆိုင်သလဲ'
'ဆိုင်တာပေါ့ကွာ၊ မင်း ငါ့ကားပေါ် ရောက်နေတော့ ဒီငွေတွေနဲ့ပတ်သက်ပြီး မေးစရာရှိတယ်'
'ဩော်....ဒီလိုလား၊ ဒီလိုပဲ၊ စာရေးဆရာကြီးရယ်၊ ကျွန်တော် မိတ်ဆွေက ဒီငွေကို ဖားအံက သူ့ညီဆီ ပို့ခိုင်းလို့'
'မဖြစ်နိုင်ဘူး'
'ဘယ်လို'

ကားဆောင့်ခြင်းဒဏ်ကို ခံရသည်။
မနေ့က စိတ်ဇောတွေ့ကြောင့် ကားဆောင့်တာ ၊ နာလို့ နာမှန်း မသိ။
သည်ကနေ့တော့ တင်ပါးတွေနာတာ သိသိသာသာကြီး နာသည်။
လယ်ကွက်၏ မည်မည္ဘာမြေမျက်နှာပြင်ကို ဘီးလေးဘီးက ဖြတ်ပြေးလာသည်။
ကားလမ်းမကြီးပေါ် ရောက်လာသည်။

'မင်း လိမ်တယ်၊မင်းပြောတော့ ဒီအိတ်ထဲမှာ ကားပစ္စည်းတွေ ပါတာယ်လို့ ပြောခဲ့တယ်'

'ခင်ဗျားဟာ စာရေးဆရာပီပီ အတော် ပစိပစပ်နိုင်တာပဲ၊ ဒီငွေတွေ ကျွန်တော် ယူလာကော ဘာဖြစ်သလဲ'

'မင်း ငွေတွေက ဟို ပန်ကာတို့လူစုနဲ့ ပတ်သက်နေတယ်'

'မဆိုင်လိုက်တာ'

'ငါ မသက်ဘူး'

'လုပ်မနေစမ်းပါနဲ့၊ မောင်းမှာ မောင်းစမ်းပါ'

'ဆောရီးပဲ သူငယ်ချင်း၊မင်းကို ငါ ခေါ်မသွားနိုင်တော့ဘူး၊ မင်းကော မင်းကောင်မလေးပါ ကားပေါ်ကဆင်းပေတော့'

'ခင်ဗျားက ဒီလိုလား'

'မလိုက်နဲ့တော့'

စနေ မဲ့ပြုံးကလေး ပြုံးလိုက်သည်။

မျက်လုံးလှလှကလေးများတွင် အရောင်လက်လာသည်။

'ဒီမှာ ကြည့်စမ်း၊ ဒါ ဘာလဲ'

သူ့ မျက်နှာ တင်းသွားသည်နှင့်အမျှ လေသံကလည်းတင်းပါလေ။

ချန်မင်းသော်က သူ့ဗိုက်ကို ကပ်ထောက် ထားသော ပစ္စတို(လ်)ကို ငဲ့ကြည့်သည်။

'မင်း မရိုင်းနဲ့ စနေထွန်း'

'ဒါ ရိုင်းတာမဟုတ်ဘူး၊ လက်တွေ့လုပ်ပြတာ၊ ခင်ဗျားကားပေါ်က ဆင်း၊ မဆင်းရင်တော့ ကျုပ် မောင်းပြုတ်ချလိုက်မှာပဲ'

သူ့လေသံ သူ့ဟန်ပန်က တကယ်ပဲ သရုပ်ဖော်မည့်ပုံသဏ္ဌာန်ရှိသည်။

'ဒီလူတွေ ဘာဖြစ်နေကြတာလဲ'

သူတို့ အချင်းများကြတာကို နောက်မှ အမျိုးသမီး နှစ်ယောက်က သိ၏။

ကားနောက်ခန်းမှ ဆင်းလာကြသည်။

'တိတ်တိတ်နေ'

ဝေရိကို စနေက ဟောက်ပြီး ချန်မင်းသော်ဗိုက်ကို သေနတ်ပြောင်းနှင့် ထိုးလိုက်သည်။

'မဆင်းဘူးကွာ'

ချန်မင်းသော်အသံက ယတိပြတ် ဆုံးဖြတ်သံ။

စနေ ပြောမနေတော့ဘဲ ချန်မင်းသော် ချိုစောင်းကို သေနတ်ပြောင်းနှင့် ဆက်ရိုက်လိုက်သည်။ ချန်မင်းသော်ကို တစ်ဆက်တည်း တွန်းချလိုက်သည်။

'အို....'

'ဟဲ့....အမယ်လေး'

မိန်းမပျိုနှစ်ယောက်၏ ထွက်သွားသောအသံလေးတွေ။

စနေပါ ကားပေါ်မှ ခုန်ဆင်းသည်။

ချန်မင်းသော်မှာ လေးဖက်ထောက်ကြီး။

'ကိုကို....ဒါ ဘာလုပ်တာလဲ'

'ကိုရေ'
ဝေရီခေါ်သံကလေးက ပဲ့တင်ကျန်ခဲ့သည်။

'ဟဲ့....နင် ဒါဘာလုပ်တာလဲ'
ဝေရီ၏ နောက်ဆုံးအသံလေးက စိတ်ဆိုးတာနှင့်အမျှ ရိုင်းရိုင်းပြပြလေး မေးလိုက်သံ။
'သိမ့်ကို....သိမ့်ကို ရှင်းပြနေဖို့ တို့မှာအချိန်မရှိဘူး၊ ကားပေါ် ဖြန်တက်'
စနေ၏မျက်နှာကစိတ်ဖောက်ပြန်လာသော လူတစ်ယောက်၏ မျက်နှာမျိုး ဖြစ်နေတာရယ်, လက်ကသေနတ်ရယ်ကြောင့် သိမ့် ရင်ကလေးတွေ တုန်လာသည်။
ကားနောက်ခန်းပေါ် ပြန်တက်မိသည်။ဝေရီက လိုက်တက်မည် ပြုတော့ သူမ၏ ပြည်ဖြီးသောလက်မောင်းအိုးကလေးကို စနေက ကြမ်းကြမ်းတမ်းတမ်း ဆောင့်ဆွဲသည်။
'ခင်ဗျားက ကျုပ်တေးမှာ လာထိုင်၊ ရုတ်ရုတ်လုပ်လို့ ကတော့ ပစ်သတ်လိုက်မယ်'
စနေ၏ဟန်ပန်က ကြောက်ဖွယ်လိလိ။
'ဟဲ့....နင့်ဟာက'
'စကားမျှားမနေစမ်းပါနဲ့၊ ဝင်စမ်းပါ'
ကားမောင်းခန်း ဘယ်ဘက်သို့ တွန်းထိုးထိုင်ခိုင်းလိုက်သည်။
ချွန်မင်းသော်မှာ မူးနေသဖြင့် ပြန်မထနိုင်သေးပါ။
ဝေရီမှာ အော်ဟစ်ဖို့ သတိရသော်လည်း ကားလမ်းမကြီးပေါ် မိမိတို့ကားကလွဲပြီး လူသွားလူလာ၊ကားသွားကားလာ မရှိ။
ကားက တစ်ချီနှိုးထိုး ထွက်သွားသည်။

'သိမ့်ရေ....သိမ့်....သိမ့်'

'ခင်ဗျားသိမ့်လဲ ဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ဘူး၊ ခေါ်လို့ မောရုံပဲရှိမယ်'

သူပြောတာ ဟုတ်သည်။ သိမ့် ရင်တုန်နေသည်။

ကိုကို ဘာတွေ လျှောက်လုပ်နေပါလိမ့်။

ကားနေ့ာက်ပိုင်းကွင် ကုန်းကုန်းကြီး လေးဘက်ထောက် ကျန်ရစ်ခဲ့သော စျန်မင်းသော်ကိုကြည့်ရင်း ဒီစာရေးဆရာကလည်း ညံ့လိုက်တာဟု တွေးနေသည်။

ကားက ရထားသံလမ်းနှင့်အပြိုင် ရောက်လာသည်။

ရှေ့တူရွှမ္ သာမည နေလတံဆိပ်မဂဿိအလံ စိုက်ထားသော ဆလုံးကားတစ်စီးနှင့် ကုန်တင်ကားတစ်စီးက သူတို့ဘေးမှ လာရလမ်းသို့ ဖြတ်ထွက်သွားသည်။

'ခင်ဗျား အော်မယ်ဟစ်မယ် မလုပ်နဲ့နော်၊ ကျုပ်သေနတ်က လူသွေးသောက်ဖို့ ဝန်မလေးဘူး'

ကြောက်စရာမျက်နှာနှင့် ခြိမ်းခြောက်သည်။ လှုပချော မောသော မျက်နှာလေးမှာ ဝေရိအဖို့ မုန်းစရာ၊ ရွံစရာဖြစ်သာသည်။

'နင် သောက်ကျေးဇူး ဘာတစ်ခုမှ နားမလည်ဘူး၊ နင့်ကြောင့် တို့လူဆိုးတွေနဲ့ ဒုက္ခရောက်ပြီးပြီ၊ လူတစ်ယောက်ကို ကားနဲ့တိုက်သတ်ခဲ့ပြီးပြီ၊ ခုလဲ တို့ကိုဒုက္ခပေးပြန်ပြီ'

'ဖားအိမရောက်မချင်းတော့ခင်ဗျားတို့လင်မယားလောင်းနှစ်ယောက်ကို ဒုက္ခပေးရမှာပဲ'

'နင် လူဆိုး....'

စနေသည် ဘာကိုမှ ဂရုစိုက်သူမဟုတ်။

ကားကို ခပ်မြန်မြန်မောင်းသည်။ ဝေရီက မိန်းမပီသသည်။ နှုတ်က မပိတ်။

'နင်လုပ်တာ ရိုင်းစိုင်းယုတ်မာတယ်၊ နင် လူဆိုး....သူခိုး ခေါ်ပြီ'

'ဘွဲ့တွေများလှချည်လား မဝေရီ၊ လူဆိုး သူခိုး ခေါ်ပြီ အင်း....အဲဒီထဲက လူဆိုးပဲဖြစ်မယ်'

'ကားကိုရပ်၊ ငါဆင်းမယ်'

'ဘယ်ဖြစ်မလဲ၊ ခင်ဗျားကို ခေါ်စာခံခေါ်လာရတာ မဝေရီ'

'ကဲ....ဒီလောက်ပြောရရင် တိတ်တော့၊ ထပ်လျှာရှည်နေရင် ကျုပ်က စိတ်ရှည်မှာမဟုတ်ဘူး'

ဝေရီမျက်နှာကလေး သုန်မှုန်နေသည်။ စနေက ကားကိုပဲ ဂရုစိုက် မောင်းနေသည်။

စစ်တောင်းတံကားသို့ ရောက်လာသည်။

'ရှေ့တွင် ကားတစ်စီးပဲရှိ၏။ တံတားခွန် ငွေအစိတ်ပေးရသည်။

စနေ ကားကိုရပ်သည်။ နောက်ဘက်ကို လှမ်းအော်လိုက်သည်။

'သိမ့်....ငွေအစိတ်ပေးလိုက်ပါ၊ တံတားခွန် ကောက်နေတယ်'

စစ်တောင်းတံတားကို အခွန်ပေးပြီးမှ ဖြတ်ခွင့်ရှိ၏။ ဒါသထုံထိအောင်တစ်ခါက သွားခဲ့ဖူးသောစနေက သိနေသည်။

သိမ့်သည် လေးကနိပင့်ခွဲ့စွာ ကားထက်မှဆင်းသည်။ စနေကမ်းပေးသော အစိတ်ကိုယူကာ သွားပေးသည်။

စနေက သေနတ်နှင့်ဝေရီ၏ ခါးကလေးကိုထောက်ထားသည်။ ဘယ်သူကမှ မသိ။

သိမ့် ကားပေါ်ပြန်တက်တော့ ညာလက်တစ်ဖက်တည်းနှင့်ပင် စနေမောင်းလာသည်။

တစ်ဖက်တံတားစွန်းရောက်တော့ သိမ့်ကပင် အခွန်ဖြတ်ပိုင်းကို တံတားစောင့်အား ကမ်းပေးခဲ့သည်။

'ကျေးဇူးတင်ပါတယ် မဝေရီ'

ခါးမှသေနတ်ကို ရုပ်သိမ်းလိုက်သည်။

သိမ်ဇရပ်ကို ကျော်သည့်တိုင်အောင် ဝေရီစကားမပြော။ ကျန်ခဲ့သော ကို့အတွက် ဝေရီတွေးပူနေသည်။

ကို ဘယ်လိုဖြစ်နေမလဲ။

ဒဏ်ရာကော ကြီးကြီးမားမား ဖြစ်သွားခဲ့ပြီလား။

'ကျွန်တော် မဝေရီကို မခေါ်လာချင်ပါဘူးဗျာ၊ မခေါ်လာရှင် ကိုစျန်မင်းသော်က ရဲကို သူ့ကားနံပါတ်နဲ့တိုင်မယ်၊ အဲ့ဒီအခါ ကျွန်တော့်အတွက် ဘောင်ခတ်ပြီးသားပဲဗျာ'

စနေကပင် ဒကားပြန်စလာပြန်သည်။

'ကိုစျန်မင်းသော်ဟာ အင်မတန် သတောကောင်းတဲ့လူ၊ နင်လိုကလေကလွှင့်ကို ခေါ်လာမိတာ သူ့အတွက် ကိုယ့်လက်ကိုယ် တူနဲ့ထုမိတာပဲ၊ ခုမှလေပြေလာမထိုးနဲ့'

'ခင်ဗျားသိအောင် ပြောတာပါ'

'နင်ဟာ ဓားပြ၊ ငွေတွေလဲ သူများဆီက ဓားပြတိုက်ယူလာတာပဲ၊ အခု ကားကိုလဲ ဓားပြတိုက်လာတယ်၊ ရာဇဝတ်ဘေး ပြေးလွှတ်မယ်မထင်နဲ့'

'ကားနဲ့ ပြေးတာပဲဗျာ၊ ပြေးလွှတ်မှာပေါ့၊ ခြေကျင်လမ်းလျှောက်တာမှမဟုတ်တဲ၊ ပြီးတော့ ခင်ဗျား ကျွန်တော့်လက်ထဲမှာ ရှိနေတယ်၊ ပြေးလွှတ်ရမှာပေါ့'

'နင်ဟာ ရုပ်ကလေးချောသလောက် စိတ်ဓာတ်က ကြမ်းတမ်း ရိုင်းပြလွန်းအားကြီးတယ်'

'စိတ်မပုပ်ရင်ပြီးတာပဲ၊ မဝေရီ ခင်ဗျားတို့ကို ကျွန်တော်ကယ်လာတာကိုကော ထည့်မတွက်တော့ဘူးလား၊ ကျွန်တော်သာ မကယ်ရင် အခုလောက်ရှိ ခင်ဗျားတို့'

'အေး....လူသေကောင်က ဘာမှမလုပ်ဘူး၊ လောကကြီးမှာ အသက်ရှင်နေတဲ့ နှင်တို့လို လူဆိုးလူတေ'

'လူကောင်းတွေကော ဘာထူးမှာလဲ၊ သူတို့က လူဆိုးခေးပြ မဟုတ်ပေမယ့် တချို့လူကောင်းတွေရဲ့ စိတ်ထဲမှာ နေ့စဉ် သူခိုးခေးပြ ဖြစ်နေတယ်၊ မနာလိုစိတ် ကျဿမစ္ဆရိယ စိတ်တွေနဲ့ စိတ်ဆိုးစိတ်မိုက်တွေ မွေးနေကြတယ်၊ သူတို့ လုပ်ရပ်ကော ဘာထူးလဲ'

'အေး....ဘားလုံး လူသေထက် ကြောက်စရာကောင်းတာပဲ'

'ဒါဆို လူသေတွေနဲ့သွားနေပါလား'

ပြောစဉ် ရှေ့မှလာသော ကားတစ်စီးကိုရှောင်လိုက်သည်၊ စကား ဆက်မပြောကြတော့။

ဝေရီ မျက်စောင်းထိုးပြီး သုန်မှုန်နေသည်။

'ကိုကိုရေ....ရှေ့မှာ ထမင်းဆိုင်တွေရင် ထမင်းစားမယ်၊ ဗိုက်ထဲမှာဆာလှပြီ'

သိမ့်၏အော်သံလေးက လှုင့်လာသည်။

'နင်ကော နင့်မိန်းမကော အတူတူပဲ'

'သိမ့်ကိုဆွဲမထည့်ပါနဲ့၊ သိမ့် မပါဘူး'

ကားက ကုန်းမြင့်နှစ်ခုကြားကို ဖြတ်မောင်းသည်။ ဤနေရာအကွက်တွင် လမ်းကြမ်းသည်။

ကားတွေက ဖထမနှင့်မတူတဲ့ မျှားလာသည်။ တစ်ခါ ကစ်ခါ သူတို့နှားမှ ပွတ်ကာသီကာ ကျော်တက်သွားသည်၊ အဲ့သည်စနေ့က ဒေါသနှင့်ဆဲသည်။

သိပ်အော်ကန်းကျတာပဲ။

ဝေရီက မျက်စောင်းထိုးသည်။

မုပ္ပလင်သို့ ကားဘီးတွေ လှိမ့်ဝင်လာသည်။

ဇာတ်လမ်းစဉ် (၁၂)

ထမင်းဆိုင်တစ်ဆိုင်ရှေ့တွင် ရပ်သည်။
အညာသားကြီး ထမင်းဆိုင်ဆိုပါလား။
သိမ့် ကားပေါ်မှမဆင်းပါ။
မျက်နှာလေးက သုန်မှုန်နေသည်။
'သိမ့် ဆင်းလေ'
'မဆင်းဘူး'
သိမ့်အသံက ပေကပ်ကပ်အသံ။
'သိမ့် ဘာဖြစ်နေတာလဲ၊ စောစောက ထမင်းဆာတယ်ဆို....'
ဂျူ ိင်းအိတ်ကို ပခုံးထက်တင်ထားသည်။ ကားကိုယ်ထည်နားတွင် စနေကော ဝေရီပါ မတ်တတ်ရပ်နေသည်။

'အခု မဆာတော့ဘူး'
'မဟုတ်တာ၊ လာ တစ်ခုခုစား'
'ကိုကို့ ကိုမင်္ကျေနပ်ဘူး၊ သိလား'
'ဘာလဲ....ကိုကိုလုပ်ပုံလား'
'ဟုတ်တယ်'
'ဒါက သေးဆီးရန်ကာအတွက် လုပ်မ်ဟာ'
'ကိုကို ဘာကွေလုပ်နေသလဲ၊ ကိုကိုလုပ်ပုံက ရာဇဝတ်မှုကျူးလွန်းနေတယ်၊ သိမ့်ကို စိတ်မချမ်းသာအောင် မလုပ်နဲ့'
သိမ့်အသံကလေးက ငိုသံပါလာသည်။
'အာ...သိမ့်ကလဲကွာ၊ ကိုကိုလုပ်နေတာက သိမ့်နဲ့ ကိုကိုနဲ့ကောင်းစားရေးပါ'
'ဩော်....နင်က နင့်မယားနဲ့ နင့်အတွက် လုပ်တယ်ဆိုတော့ ကျန်လူတွေ ဘာဖြစ်ဖြစ်ပေါ့၊ နင့်ကို ငါမုန်းတယ်၊ သိလား'

'ခင်ဗျား ပါးစပ်ပိတ်ထား မဝေရီ'

တည်တည်ကလေး ဟောက်ပစ်လိုက်စဉ် ဈေးသည်ကလေးတွေက စိည် စိည်နှင့် အနားကပ်လာကြသည်။
'အစ်ကို ငှက်ပျောသီး ဝယ်ပါဦးလား'
'ငါးသလောက်ကင်ရမယ်၊ ငါးသလောက်ကင်ဝယ်ပါဦး'
သူတို့ကလေးသည် ခေါင်းရွက်မိန်းကလေးတွေသာ ဖြစ်သည်။ အရောင်းရပါးလွန်းသောကြောင့် ရောင်းချင်နေရှာဟန်နှင့် အလုအယက်ပြောနေသည်။

ဝယ်မယ့်သူမရှိသဖြင့် ကား တစ်စီးဆိုက်သာလျှင် ရောင်းဖို့ကြိုးစား ရှာကြသည့် သနားစရာ ဈေးသည်ကလေးကွေ။

'သွား....သွား၊ မလိုဘူး၊ အနားမလာကြနဲ့၊ သွားကြ'

စနေက ခက်ခက်သန်သန်ပင် မောင်းထုတ်လိုက်သည်။ ဈေးသည်မလေးကွေ တချို့ ကုတ်ကုတ်ကလေး ထွက်သွားသည်။ တချို့ မျက်စောင်းထိုးသွားသည်။

ခပ်စွာစွာ ကောင်မလေးတစ်ယောက်ကတော့ တိုးတိုးလေးနှင့်....

'ဘယ်လိုလူကြီးမှန်း မသိဘူး၊ ရုပ်ချောသလောက် သိပ်စိတ်ပုပ်တာ၊ ဟင်း မဝယ်နေပေါ့'

'ကဲ....ဆင်း'

စနေက သိမ့်ကို တည်တည်ပြောဆ်။ သိမ့် မျက်စောင်းကလေးက ဒိုင်းခနဲ။

အယ်....ကမ္ဘာပျက်မယ့် မျက်စောင်းလေး၊

'သိမ့်မဆင်းရင် အားလုံးကို ပစ်သတ်လိုက်မှာနော်၊ တို့မလုပ်ဘူးမထင်နဲ့'

'နင် သူမဆင်းချင်တာဘဲ၊ ဘာလို့ ခေါ်နေရတာလဲ'

ဝေရီက ဒေါသကလေးနှင့်ပြောသည်။ သူမကိုယ်တိုင်ကလည်း ထမင်းဆာနေသည်။

မနေ့ညက ဘာမှမစားရ။

စနေက သိမ့်ကိုဆက်မခေါ်တော့ဘဲ ဆိုင်ဘက်သို့ ဝေရီ၏လက်ဘစ်ဖက်ကိုဆွဲကာ လျှောက်သွား၏။

'နင် ကိုင်စရာမလိုဘူး'

ဝေရီ လက်ကိုဆောင့်ရုန်းသည်။

'ရုတ်ရုတ်လုပ်ရင် ပွဲကြမ်းပစ်လိုက်မယ်နော်၊ ဘာအောက်မေ့လဲ၊ တစ်ယောက်ကလဲ အစာမကြေဖြစ်နေတယ်၊ ဘာမှန်းမသိဘူး'

အညာသားကြီး ထမင်းဆိုင်က ဈေးနှုန်းသက်သာသလို ထမင်းဟင်းလည်း ကောင်းမွန်သည်။

ဆိုင်သေးပေမယ့် သပ်သပ်ရပ်ရပ်ရှိသည်။ လူရှင်းသည်။ စနေ အဲ့သည်ဆိုင်ကိုမှ ရွေးစားခြင်းဖြစ်သည်။

'ကဲ....ခင်ဗျား စားချင်တာ ရွေးပြီးမှာစား'

သူမနှင့် ဈန်မင်းသော်တို့၏ပိုက်ဆံကို ပန်ကာတို့က ယူခဲ့ကြသော်လည်း အဲ့သည်ငွေတို့ကို ပန်ကာတို့ထံမှ ပြန်ရပြီး ဖြစ်သည်။

သူမငွေက တစ်ထောင်ကျော်။ ဈန်မင်းသော်က ငါးထောင်ကျော်။

ယင်းငွေတွေက ဈန်မင်းသော်ဆီမှာ ကျန်ခဲ့ပြီးဖြစ်သည်။

'ငါ တပို့တပါးသွားဦးမယ် စနေ'

စနေ့အပေါ် ရီဝေ လေးလေးစားစား မရှိတော့။

'ကျွန်တော် လိုက်ခဲ့ပါ့မယ်'

'နင့်ဟာက....'

မနှစ်သက်သလို ဝေရီက ကန့်ကွက်မည့်ပုံ။

'ခင်ဗျားကို စိတ်မချဘူး မဝေရီ၊ မနီးမဝေးက ကျွန်တော် စောင့်နေပါ့မယ်'

'ဟင်း....'

ဝေရီ မျက်စောင်းခဲပစ်လိုက်သည်။ ခြေကလေးကိုဆောင့်၍ ဆောင့်၍ ထွက်သွားသည်။ ထမင်းဆိုင်က သူတို့ကို လင်မယားလို့ပဲ ထင်နေသည်။

ဝေရီနှင့် စနေ ထမင်းစားတော့ စနေ ခေါင်းကိုတောင် မဖော်တော့။ သူ့စိတ်ထဲတွင် သိမ့်တောင် ရှိပုံမရ။

ကားပေါ်မှာ ကျန်ခဲ့သော သိမ့်မှာ မျက်ရည်လေးတွေ စနေသည်။

ထမင်းဆိုင်ဘက်ကို လှမ်းကြည့်ပြီး အပေါ်သွားလေးများနှင့်အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။

သူမ စိတ်ထဲ ခံပြင်းနေသည်။

ကိုကို လူဆိုးဖြစ်နေတာတော့ သေချာသည်။ ကိုကိုသည်လို သည်ပုံစံ ရှိလိမ့်မည်ဟု သမီးရည်းစား ဖြစ်ချိန်ကကော၊ ကိုကို သူ့ကို အလစ်သုတ်လာတုန်းကကော မထင်မိခဲ့။

ကားပွဲစားအလုပ် လုပ်နေသည်လို့သာ ယုံရသည်။ ကိုကို လုပ်နေတာက ဟံသာဝတီလမ်း ကြံတောသချိုင်းဟောင်း ဝင်းအတွင်းမှာ ဖြစ်သည်။

ဆလွန်းကားတွေ ကားကြီးကားလှတွေ စီနေသည်။ လူတွေ ကလည်း ဝယ်သူကော၊ ပိုင်ရှင်ကော၊ ပွဲစားပါ ခြေ ရှုပ်လှသည်။

တစ်ချိန်က အဲ့သည်နေရာကို ရောက်ခဲ့ဖူးသည်။ ကိုကိုစနေ ခေါ်သွားခဲ့တာလေ။

သချိုင်းမြေမို့ ပထမတွင် စိတ်မသိုးမသန့် ရှိသော်လည်းခည်ကားသော လူတွေ ကားတွေကြောင့် မသိုးမသန့်စိတ်တွေ ပျောက်သွားခဲ့သည်။

ဖေဖေတို့နှင့် နေစဉ်က အိမ်ကကားဖင့် သွားလာခဲ့ဖူးသော သူမအဖို့ ကောင်းတာတွေကို စွန့်လွှတ်ခဲ့ပြီးဖြစ်ရာ သည်လို ကားလှလှကလေးတွေ မြင်တော့ တစ်နေ့တော့ စီးရကောင်း ရှဲဟု အောက်မေ့မိသည်။

ယခု ကိုကိုလုပ်နေပုံက သည်အတွက်များလား။

အဓိကပြဿနာကို သူမ မပစ်ပယ်နိုင်။

ကိုကိုက ဝေရီကို ကားမောင်းခန်းထဲတွင် ခေါ်ထားခြင်းပဲ ဖြစ်သည်။

ဝေရီသည် လှပသည့် အမျိုးသမီး။

အလှဒဏ်ကို ဘယ်ယောကျ်ားက ခံနိုင်မလဲ။

ရုပ်မြင်သံကြားထဲက ဟိုမျက်နှာရူး ကြော်ငြာမင်းသမီးကို တောင် ရုပ်မြင်သံကြားကြည့်သည့် အဘိုးကြီးတွေတောင် နှုတ်ခမ်းမွေး ထောင်ကြသေးတာ ကိုကိုက ဘာမို့လို့လဲ။

ဝေရီနှင့် နီးနီးကပ်ကပ်နေချင်လို့ ခေါ်ထားတာ မဟုတ်လား။

ဒါကြောင့် သူမ အစာမကြေဖြစ်လာခြင်းပဲ။

ဒါပေမယ့်...

သည်လိုကြီး လွှတ်ထားလို့ ဖြစ်မလား။

သူတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ထမင်းစားနေကြလျှင်...

မလိုမလားစိတ်ကလေးက ကြီးထွားလာသည်။ လိုက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

အဲသည်အတွင်းမှာ....

လူရိပ်တစ်ခုက ပတ်ဘလစ်ကာ ကားနောက်ပိုင်းပေါ် ခုန်တက်လာသည်။

ဇာတ်လမ်းစဉ် (၁၃)

စနေထမင်းစားတာ ကြမ်းတမ်းသည် ထင်သည်။

ဝေရီက ဇွန်းခက်ရင်းနှင့် စားချိန်တွင် စနေက လက်နှင့် စားသည်။ ဟင်းခတ်ဇွန်းကို ညာလက်နှင့်ကိုင်သည်။ ထမင်းလုတ်တွေကို အလုတ်ကြီး အလုတ်ကြီး ပါးစပ်ထဲထည့်ပြီး ပြတ်ပြတ်ပြတ်နှင့် ဝါးစားသည်။

ပန်းကန်၏ နှုတ်ခမ်းပန်းနားတွင် ထမင်းစေ့တွေ၊ ဟင်းတွေ ပေကျံနေသည်။

စားလိုက်လျှင်လည်း ထမင်းလုတ်က အဆက်မပြတ်။

ဟင်းချိုသောက်လျှင်လည်း ရှူးခနဲ၊ ရှူးခနဲ ညာလက်ကြီးနှင့်ကိုင်သောက်။

ကြက်သားတုံးဝက်သားတုံးထက်ပင် ကြီးပါလိမ့်မည်။ ဝေရီမျက်နှာကလေး နီလာသည်။ မျက်ရည်ကလေးလည်း ဝဲလာသည်။

ဆေခွင်းဆိုး။

လူရိပ်တစ်ခိုပ်က ထမင်းစားပွဲဝိုင်းထဲ ထိုးဝင်လာသည်။

အမျိုးသားတစ်ဦး။

စနေ မျက်လုံးတွေ လှန်ကြည့်လိုက်သည်။

မျက်နှာ အပျက်ကြီးပျက်သွားသည်။

'မင်းကို သိမ်ရှာရလိမ့်မယ်ထင်နေတာ၊ မခက်ပါလားစနေရာ၊ ခုလိုတွေ့တော့လဲ လွယ်နေတာပဲ၊ ပဲခူးက ရက်စတောရင့် ဆိုင့်ရှင်က မင်း ဖားအံသွားတယ်ပြောလို့ လိုက်လာတာ'

ဘောဒေဝါ။

ကမ္ဘာကြီးကို ချာချာလည်သွားရတာ။

စနေက လွတ်ပြီ ကျွတ်ပြီလို့ ထင်ခဲ့သည်။

သူက လူပါးလူလည်ပဲ။ သို့စိတ်ကို တစ်ဖက်လူမရိပ်မိအောင် ထိန်းလိုက်သည်။

'ခင်ဗျား လိုက်လာသေးသကိုး'

သူက အရေးမစိုက်ဟန်။

'မင်းကိုချစ်လို့တော့ မဟုတ်ပါဘူးကွာ၊ ဆရာစံတို့၊ ကော သရာဇာခြင်္သေ့တို့ကိုချစ်လို့ လိုက်လာတာပါ၊ ဟ....ထမင်းတော်ပလား၊ စားဦးလေကွာ၊ ပြီးတဲ့အထိ ငါစောင့်ပါ့မယ်'

ဝေါ့...တော်တော်ချဖို့ကောင်းတာ။

ရုပ်ကလေးချောတာနဲ့ တခြားစီမဂါလား။

ချန်မင်းသော်က အရုပ်ဆိုးသော်လည်း စိတ်သဘောထားကောာ နေစာထိုင်တာပါ သိမ်မွေ့သည်။

'နင်နဲ့ ထမင်းတောင်မစားချင်ဘူး၊ ညစ်ပတ်တယ်'

'ထမင်းပဲ ကိုယ်စားစာတ်သလိုစားတာ ဘာဖြစ်လဲ၊ ဒါ ဂုဏ်ပြု ထမင်းစားပွဲမှ မဟုတ်တာ'

'ဟင်း'

ဟင်းသနင့်အတူ ဝေရီ၏ချက်စောင်းကစ်ချက်က စနေ၏ ထမင်းနှင့်ဟင်းနှင့် ရောထွားသည်။

'တို့က ပြန်မာဗီပီ မြန်မာ့ရှေးဂိုးစဉ်လာအတိုင်း လက်နဲ့စားတယ်၊ ဒါ မြန်မာ့ယဉ်ကျေးမှု၊ ခင်ဗျားက ရုပ်ရှင်ထဲမှာ ဗွီဒီယိုထဲမှာ မင်းသားမင်းသမီးတွေအိမ်မှာ ထမင်းစားတော့ ဇွန်းနဲ့ခက်ရင်းနဲ့ ဘိုကြက်ချေးဆန်ဆန် ဟန့်တွေပန်တွေရှိုးထုတ်ပြီး စားနေသလို စားနေရင်ပိုက်ထဲထမင်းတောင် ဝမှာမဟုတ်ဘူး၊ ဇွန်းခက်ရင်းဆိုတာ အနောက်နိုင်ငံအစားအသောက်မှ စားရတာဗျ၊ ဒီမှာလာရှိုင်းမနဲ့နဲ့'

ဝေရီ တော်တော်စိတ်ဆိုးသွားသည်။

လက်ထဲက ခက်ရင်းနှင့် ထထိုးချင်စိတ်ပေါက်သွား၏။

လက်မရဲလို့ လာပေါ့။

ဇွန်းခက်ရင်းကို ဒေါက်ခနဲပစ်ချလိုက်သည်။ အကြီးမားဆုံးသော မျက်စောင်းကြီးတစ်ချက် ခဲပစ်လိုက်သည်။

'ခင်ဗျားမြင်တာနဲ့ပဲ ထမင်းတောင် မစားချင်တော့ပါဘူး၊ ခင်ဗျား စားချင်ရင်စားလေ၊ အရိုးအရင်းလေးတွေတော့ ကျွန်တော် ပါသေးတယ်'

စနေထသည်။

လက်က ဂျုံငြိုးအိတ်အနီကို လှမ်းလိုက်၏။

အိတ်ထဲမှာက သေနတ်။

ဘောဒေဝလက်က သူ့ထက်အလျင် ဂျုံငြိုးအိတ်ကို ဆွဲယူလိုက်သည်။

သေနတ်ကို တွေ့သွားသည်။

'ကိုယ့်လူကတယ်တန်ခိုးထွားနေလိုက်ပါလား၊ သေနတ်တွေ ဘာတွေနဲ့'

ဘောဒေဝက မချိမချဉ်။

စနေမျက်လုံးတွေမြင့်သည်။ ခေါင်းကလေးမဲသိမသာငဲ့ကာ ပခုံးတွေ တွန့်ပြသည်။ မထီမဲ့မြင်ပုံ။

'မင်း အေးအေးဆေးဆေးလုပ်၊ ဘောဒေဝက မိတ်ဆွေချင်းမို့ သတိလက်လွတ်တစ်ခါပဲခံမယ်၊ ရန်သူဖြစ်သွားရင်တော့ ရဲဘော် သတိပဲကွ'

စနေက ဝေရီကို စောင်းငဲ့ကြည့်၏။ ဝေရီက ရှုပ်ထွေးလာလာသော ဇာတ်လမ်းတစ်ခုကို မစဉ်းစားတတ်ဟန်နှင့် ကြောင်တောင်တောင်ဖြစ်နေသည်။

'ဘောဒေဝက ပိုင်မှလုပ်တာပါစနေ၊ မင်းတို့ကားပေါ်က မင်းမိန်းမကို ငါ့လူတစ်ယောက်က အပိုင်ကိုင်ထားတယ်၊ ဟိုဟာ ဒီဟာ လုပ်လို့ကတော့ မင်းမိန်းမအသေပဲ'

သူသည် စကတည်းက သူတို့ကြားလောက်ရုံ တီးတိုးညင်းသာစွာ ပြောခဲ့နေခြင်းဖြစ်သည်။

စနေ ဟန်မပျက်ပင်ထသည်။ လက်သွားဆေးလိုက်၏။ ပါးလုတ်တော့ ကျင်းသည်။ ထမင်းစားရာမှာ ဒါလေးတစ်ခုပဲ ဦးမှုမ်းစရာကျန်ပါသည်။

ပြန်လာစဉ်မှာ ဝေရီက ထမင်းကို ဆက်မစားနိုင်တော့။

တစ်ခုတော့ရှိရဲ့။

ရင်တွေတုန်ရဖန်များတော့လည်း မတုန်ချင်တော့။

'ပိုက်ဆံရှင်းမယ်'

စနေ ဣန္ဒြေမပျက်ပင် လှမ်းခေါ်လိုက်သည်။ စားပွဲထိုး မိန်းကလေးကို ကျသင့်သောထမင်းဖိုး ရှင်းစဉ် ဘောဒေဝက ဟန်မပျက် ရေနွေးကြမ်း ငွဲ့သောက်နေသည်။

'ကဲ....မိန်းကလေးပါ ထ'

'အို....ရှင်တို့ကိစ္စ ကျွန်မနဲ့ ဘာဆိုင်လဲ၊ ရှင်တို့ဟာရှင်တို့ သွားကြ'

'မိန်းကလေး၊ မင်းလဲ စနေနဲ့ ကြံရာပါမို့ ခေါ်တာ၊ မလိုက်ရင် ငါက ပစ်သတ်မှာနော်၊ လူတစ်ယောက်သတ်ဖို့ ဝန်မလေးဘူး'

ဘောဒေဝက မျက်နှာကြီး တင်းပြလိုက်သည်။ လေသံကလည်း သွားကြီးတွေစေ့ပြောလိုက်ပုံက သွားတွေကျစ်မထွက် သွားရုံတမယ် တင်းမာသည်။

'ကျွန်မမှ မသိတဲ့ဥစ္စာ'

'သောက်စကား မရှည်နဲ့၊ စနေ မင်းဟာမကို မသေစေချင်ခေါ်ခဲ့၊ ငါက ဖြစ်လာရင် အားလုံးသတ်မှာ'

'မဝေရီ လိုက်ခဲ့ပါ'

စနေက ခပ်တင်းတင်းဆိုသည်။

ဝေရီ နှုတ်ခမ်းလေးကို တင်းတင်းစေ့သည်။ ဆတ်ခနဲ ထသည်။

'သေချင်းဆိုး ကာလနာတွေ'

ပီပီသသ ကြားအောင်လည်း မဆဲရဲ။

ရန်မဖြစ်တတ်သော ဝေရီသည် ကားရှိရာသို့ ဆောင့်ဆောင့်ကလေး ထွက်သွားသည်။

ဘောဒေဝက ရယ်ကျဲကျဲနှင့်....

'မင်းက ရုပ်ချောတော့ တွဲမယ့်တွဲတော့ အနိပ်စားအပျံစားတွေနဲ့ချည်းပါလား၊ ဘယ်တစ်ယောက် ညာတစ်ယောက် မဟေသီနဲ့ ဒေစီပါလားကွာ၊ ငါ့လဲ တစ်ယောက်လောက်တော့ မျှလိုက်ပါလား'

'ခင်ဗျားကြီးနဲ့ မတန်ပါဘူး'

ပြောပြီး စနေက ဘောဒေဝရှေ့မှ သွားသည်။ ဘောဒေဝ လိုက်လာနိုင်ပုံကို ခါးကျူးသည် လွတ်အောင် ဘယ်လိုရန်းရမည်ကိုလည်း စဉ်းစားသည်။

သိမ့်သည် မျက်နှာလေး ပျက်နေသည်။

သူမဘေးတွင် ရှယ်တူကောင်ကလေးတစ်ကောင်က ကပ်ထိုင်ကာ သေနတ်နှင့် ခါးကိုတေ့ထားသည်။

'ဝေလရေ....သူတို့နှစ်ယောက်ကို မင်းတာဝန်ယူလိုက်'

ဘောဒေဝကမိန်းကလေးနှစ်ယောက်အား ဝေလဆိုသော သူ့လူကို တာဝန်ယူခိုင်းသည်။

ကားထွက်တော့ စနေက ကားကိုမောင်း။

သူ့ဘေးမှာက ဘောဒေဝ။

သေနတ်က စနေခိုးလာခဲ့တဲ့ သေနတ်။

အဲသည်သေနတ်က စနေကို အုပ်စီးပြီးသား။

ကားက ကျိုက်ထိုဘက် မောင်းသည်။

'မင်းကွာ တော်တော်ယုတ်မာတာ၊ မင်းဒီလိုလုပ်လိမ့်မယ်လို့တောင် မထင်တူး၊ ဟောဒီဒဏ်ရာကို စမ်းမိတိုင်း ငါ အခဲမကျေဘူး၊ သတ်ချင်နေတယ်'

'ခင်ဗျား ငွေပြန်ရပြီ မဟုတ်လား၊ ကျုပ်တို့ကို လွှတ်လိုက်'

'ဟား....ဟား....ဟား....စနေရယ်၊ ငါ့ဝါဒက တကယ်ဖြစ်လာရင် အပြတ်ရှင်းဝါဒကွ'

'ခင်ဗျား အပြတ်ရှင်းရင် ကျုပ်ကိုပဲ ရှင်းဗျာ၊ မဆိုင်တဲ့မိန်းကလေး နှစ်ယောက်ကိုတော့ ခင်ဗျား ဘာမှမလုပ်ပါနဲ့'

'နောက်ထပ် ငါ့မူတစ်မှု ရှိသေးတယ်၊ ကျူပင်ခုတ် ကျူငုတ်မကျန်အောင် ရှင်းတဲ့မူပဲကွ'

'ခင်ဗျားဟာကြီးက ရှေးဟောင်းစကားကြီးပါ၊ ပြတိုက်မှာပဲထားလိုက်'

'ဒါဆိုလဲ နောက်ကြောင်းအေးအောင် အားလုံး အစဖျောက်ပေါ့ကွာ'

'ခင်ဗျား ဟိုသီချင်းကို ကြားတယ်မဟုတ်လား၊ ကူညီပါရစေ....ကူညီပါရစေခင်ဗျ၊ ကူညီပါရစေ....ကူညီပါရစေရှင့်၊

မြန်မာနိုင်ငံပြည်သူ့ရဲတပ်ဖွဲ့....ကူညီရန်အသင့်ပါပဲ ဆိုတာလေ၊ ခင်ဗျားကို ရဲတွေက ကုပ်ပစ်လိုက်မှာပေါ့'

'ခွေးမသား၊ မင်းကော ရဲကကုတ်ခံရမယ့်ကောင်၊ လေတွေ့ မပေးနဲ့၊ ငါလက်ယားနေပြီ၊ ဟောဟိုရော်ဘာတောထဲ မောင်းဝင်'

ကားနောက်ဘက်တွင် မိန်းကလေးနှစ်ယောက်မှာ စနေထွန်းကိုကော ဘောဒေဝကိုပါ ဒေါကန်နေသည်။

နှုတ်ပိတ်မနေနိုင်သော ဝေရီက....

'တို့တော့ ဆွမ်းခံရင်းဌက်သင့်တာပဲသိမ့်၊ နှင့်လင်က ဘာတွေလျှောက်လုပ်လာသလဲ မသိဘူး၊ နင်ကော ဒီအထဲမှာ ပါတာပဲ မဟုတ်လား'

'ကျွန်မက ဘာသိမှာလဲ၊ သူက သူ့သဘောနဲ့သူ လုပ်နေတာ၊ ဒါတွေဟာ မမဝေရီတို့ကြောင့်လဲ ဖြစ်နိုင်တာပဲ'

'ဟဲ့....ငါတို့လုပ်တာဆိုရအောင် ငါတို့ဘာလုပ်လို့လဲ၊ နှင့်ကောင်က လမ်းမှာလဲ လူတစ်ယောက်ကို ကားနဲ့ တိုက်လာတယ်၊ ခုလဲ လူဆိုးသူဆိုးတွေလက်ထဲ ရောက်ပြန်ပြီ၊ ဒါဘာသဘောလဲ'

'ပြောချင်ရင် ရှေသွားပြော၊ ဒီမှာမပြောနဲ့'

စနေနှင့် ဝေရီတို့ ကားအတူစီးကြသည်ကို မလိုမလားဖြစ်မိသော သိမ့်က ဆတ်တောက်တောက်ကလေး ပြောသည်။ မျက်နှာကလေးစူသည်။ မျက်နှာကလေးကိုလည်း တစ်ဖက်သို့ လှည့်ပစ်လိုက်သည်။

'တိတ်ကြစမ်း.... နားညည်းတယ်၊ ခင်ဗျားတို့ အသံတွေ မကြားချင်ဘူး'

သေနတ်နှင့် ငနဲသားလေးက ကြားမှ ဟိန်းဟောက်ပစ်သည်။

ကားက ရော်ဘာပင်တောထဲ ဝင်ချေပြီ။

ရော်ဘာတောကြီး တစ်ခုလုံး လူရှင်းနေသည်။ ရော်ဘာရွက်တွေက မိုးရေသောက်ရသဖြင့် စိမ်းစိုနေသည်။

'ဘုရားရေ...တို့ဘယ်ရောက်လာတာလဲ'

ဝေရီ၏ရင်ထဲမှ ကျိတ်ရေရွတ်လိုက်သံ။

ဇာတ်လမ်းစဉ် (၁၄)

ရော်ဘာတောဆဲတွင် အလုပ်သမားများကို မျှော်လင့်သည်။

ဘယ်အလုပ်သမားကိုမှ မတွေ့ပါ။

သိမ့်မျက်နှာလေးက ဆီးရွက်လား မန်ကျည်းရွက်လား ခွဲခြားမရအောင် ငယ်နေသည် ထင်ရသည်။

မျက်နှာကလေးက ငိုတော့မလို။

ကားရပ်သွား၏။

ကားရှောန်းမှ သေနတ်ချိန်ခံရသော စနေနှင့် ဘောဒေဝတို့ ဆင်းလာကြတော့ သိမ့်က ဒေါသသံကလေးနှင့်....

'ကိုကိုဘာလုပ်တာလဲဟင်၊ ကိုကို့ ပြဿနာတွေချည်းပဲ၊ သိမ့်မကြိုက်ဘူး'

စနေက တည်တည်လေး လုပ်နေသည်။ ဘောဒေဝကသာ သိမ့်ကို တွေ့ဖူး စကားပြောဖူးသည်မို့....

'သိမ့်....နင့်ယောကျ်ားက သိပ်လူလည်လုပ်တာဟ၊ ငါ့ဆီက ငွေတွေဘုန်းပြေးတယ်၊ အခုတော့ ဒီကောင်မြွေကိုက်ပြီဟ'

'အမယ်....ဒီငွေ....ကျုပ်ဥစ္စာလဲ....'

'မင်းမပြောနဲ့'

ဘောဒေဝလက်က စကားထက်မြန်သည်။ စနေခေါင်းကို ဒုတ်ခနဲနေအောင် ဖြတ်ရိုက်လိုက်ပြီး ဖြစ်သည်။ စနေယိုင်သွား၏။

'အို....ကိုကို့ကို မလုပ်ပါနဲ့ရှင်၊ မလုပ်ပါနဲ့'

သိမ့်က ပျာပျာသလဲပဲ ငိုသံပါလေးနှင့် တားမြစ်သည်။ စနေကို ဘောဒေဝက နာလောက်အောင်သာရိုက်သည်။ မေ့သွားအောင် ကျဲပြဲသွားအောင် မရိုက်သေးပါ။

'နင့်ယောကျ်ားက မလိမ္မာလို့ ပညာလေး စသင်ပေးတာ သိမ့်ရ၊ ငါ့ကိုတောင် တီးထည့်သွားသေးတာ ဒီမှာကြည့်'

သူ့ခေါင်းက ဖူးထနေသောဒဏ်ရာကို ပြသည်။

'ကိုဘောကြီး....ဒီနေရာဟာ လူမြင်နိုင်တယ်ဗျ၊ အထဲကို ရောက်အောင်သွားမှ ရော်ဘာခြံလွှန်ရင် တောအုပ်ကလေးထဲ ရောက်သွားမယ်'

'မင်းပြောတာမှန်တယ် ဝေလ၊ စနေ....လျှောက်စမ်း၊ ဝေလ ကောင်မလေးနှစ်ယောက်ကို မင်းထိန်းခဲ့'

'ကိုဘောဒေဝ၊ ဒီမိန်းမနှစ်ယောက်ကိုတော့ ထားခဲ့ပါဗျာ၊ ခုကိစ္စဟာ ခင်ဗျားနဲ့ကျွန်တော် ရှင်းရမယ့်ကိစ္စပါ'

'မလိုချင်ဘူး၊ မင်းကိုင်ပြောပြီးသား မဟုတ်လား၊ ကိစ္စပြီးပြတ်အောင် အစတုံးလုပ်ပစ်ရမယ့်မူလေ'

'ဒါတော့ မကောင်းပါဘူးဗျာ၊ သူတို့က ခေးစာခံ'

'ကြံရာပါတွေပါ ပြောလိုက်ပါကွာ၊ ဒီစကားက ပိုပြီး အဆင်ပြေတာပေါ့၊ မင်းက နှစ်ယောက်လုံးရထားတော့ နှစ်ယောက်လုံးအတွက်'

စကားကို ဆုံးအောင်မပြောနိုင်။

နှုတ်ခမ်းကို တွန့်မဲ့သည်။ လက်နှစ်ဖက်ကို ဘေးသို့ကားထုတ်ပစ်လိုက်သည်။အဓိပ္ပာယ်မဲ့တွေပြောမနေနဲ့ ဆိုတဲ့သဘော။

စနေ သက်ပြင်းချသည်။

'သွားကြ'

'ဆောရီးပဲ မဝေရီ၊ ဒီကောင်တွေ -လူစိတ်ရှိတာမဟုတ်ဘူး'

'ရှင်ကော လူစိတ်ရှိလို့လား'

'သွားဆိုနေ....သယ်'

ဘောဒေဝ၏ ဆောင့်တွန်းခြင်း ခံလိုက်ရသဖြင့် ဝေရီ ဒေါကလေးကန်သွားသည်။ အော်ပစ်လိုက်သည်။

'သွားမယ်....သွားမယ်၊ နှင်တို့ ငါ့ကို ဘာမှလက်နဲ့ထိစေ့မလိုဘူး'

ဆောင့်အောင့်ထွက်သွားသည်။

ကောင်းကင်တွင် မိုးသားတွေလွှမ်းတက်လာသည်။

'ကိုဘောကြီးရေ မိုးရွာတော့မယ်၊ ရွှေတစ်ဖာလုံလောက် သွားပြီးရင် ကိစ္စတုံးပစ်လိုက်တော့'

သွားရင်းမတ်တတ် စကားပြောဖြစ်ကြသည်။

'ငါက စနေထွန်း၊ မင်းက ဘောင်မလေးနှစ်ယောက်။

'အဲ့ဒီလိုတော့မလုပ်နဲ့၊ ကျုပ်က စနေထွန်း၊ ခင်ဗျားက ဒီဟာမနှစ်ယောက်'

'မင်းကလဲကွာ ယောကျ်ားချင်းရှင်းရတာ အလုပ်ပိုသေးတယ်၊ မိန်းကလေးဆိုတော့ ရှင်းရလွယ်ဘာပေါ့ ဒါကြောင့် မင်းကို'

'ကိုဘောကြီး၊ ကျုပ်တစ်သက် ဘယ်မိန်းကလေးကိုမှ သတ်ခဲ့တာမဟုတ်ဘူးဗျ'

'ခုတော့ ပွဲတွေလက်တွေ့ပေါ့ကွာ'

'မဖြစ်ဘူး၊ ကျုပ် ဒီတာဝန် မယူနိုင်ဘူး'

'မင်းက ငွေတစ်သိန်းတော့လိုချင်တယ်၊ ငါခိုင်းတာတော့ မလုပ်ချင်ဘူး'

'မိန်းမတစ်ယောက် သတ်တဲ့အလုပ်ကိုတော့ ကျုပ်တစ်သက် မလုပ်၊ အာ့ဒီ....အမယ်လေး'

ဝေလ စကားတောင်မဆုံးသေး။

ရွှေမှသွားနေသည့် ဝေရီက ဆတ်ခနဲလှည့်ပစ်လိုက်သည်။ ဝေလ၏ ချိန်ထားသော သေနတ်ကိုင်လက်ကောက်ဝတ်ကို ကအားငံ့ကိုက်လိုက်ခြင်းဖြစ်သည်။

အသားနှင့် သွားထိစပ်မှုကြောင့် ဝေလ နာနာကျင်ကျင် အော်သည်။ လက်ကိုခါပစ်လိုက်သည်။ ဝေရီက မလွတ်တမ်း ခဲထားသည်။ သူမ၏သွားကလေးတွေမှာ သည်အချိန်မှာ ပုလဲသွယ် သွားကလေးများဟု ဂုဏ်ယူစရာမဟုတ်။

ခွေးသွား၊ ကြွက်သွားတွေလို ထက်မြနေမှဖြစ်မည်။

ဝေလ လက်ထဲကသေနတ် လွတ်ကျသွားခဲ့သည်။

ဘောဒေဝကြီး မနေနိုင်။ သူက အလန့်တကြားပင် ဝေလ တို့ဘက် လှည့်လိုက်၏။ အာရုံပြောင်းသွားခဲ့ပြီ။

စနေအတွက်တော့ အကွက်ကိုဆိုက်သွားတာ။

သူက ချာခနဲလှည့်ပြီး ညာလက်မှ လက်ချောင်း နှစ်ချောင်းနှင့် ဘောဒေဝ၏ မျက်လုံးနှစ်လုံးထဲ ပစ်ထိုးလိုက်သည်။

ဘောဒေဝဆိုတဲ့ကောင် ထင်တာထက်မြန်သည်။သူ့ မျက်နှာကို ရိပ်ခနဲအမြင်မှာ လှည့်ပစ်လိုက်သည်။

ကံကောင်းသည်။

စုံလုံးကန်းသွားမည့် မျက်လုံးတွေမှာ လက်ချောင်းတွေနှင့် ပွတ်ကာသီကာ ထိုးမိသည်။

'အား....အားရှိး'

ခန္ဓာကိုယ်၏ နာကျင်မှုကိုတော့ မထိန်းထားနိုင်။

'ဖုန်း'

သူ့ပေါင်ခွကြားထဲကို စနေက ညာခြေနှင့် ပင့်ခတ်လိုက်သည်။ ပြီးတော့ ဝေလဘက် ခုန်ဝင်သွားသည်။

ဘယ်ထောင်ထက်သီးနှင့် ဝေလအရှိုက်ထဲ ပခုံးအားနှင့် ကပ်သွင်းလိုက်သည်။

ဝေလ ခွေးညည်းသည်းကာ ခွေဆင်းသွားသည်။

စနေ လက်မနှေး။

ဘောဒေဝ လက်ထဲကသေနတ်နှင့် ဂျုံင်းအိတ်ကို ဆွဲလုပြီး သည်နှင့်....

ဝေ

သူက [illegible]ည်းကောင်း၊ ဝေရီကိုလည်းကောင်း ဆွဲပြေး၏။ မိန်းကလေးနှစ်ယောက်မှာ ယက်ကန်ယက်ကန်နှင့် ပါလာပြီးမှ လိုက်ပြေး[illegible]ည်။

ဟိုင်နဲနှစ်ကောင် အော်[illegible]စ်ညည်းတွား ကျန်ခဲ့ကြသည်။ စနေတို့ ပြေးပုံမှာ လာလမ်းသို့[illegible]ပြေးတဲ ရှေ့တူရူအရပ်သို့ ခြေဦးတည့်ရာ ပြေးကြသည်။

အတော်ကလေး ပြေးလာကြပြီးမှ....

'ဟား....အမေ့၊ ဟား....အမယ်လေး၊ မောလိုက်တာ ကိုကို ရယ်၊ ရပ်ပါဦး၊ ဟား....ဟော....ဟဲ'

သိမ့်ပါးစပ်မှ မချိမဆန့်အသံကလေး။

ဝေရီမှာလည်း မောနေသည်။ စနေက သူတို့လောက် မမောသေးပါ။

သူတို့ ရော်ဘာပင်တောစပ်မှ ထွက်လာကာစရှိသေးသည်။ ရှေ့မှာက လယ်ကွင်းပြင်အချို့။ တောအုပ်နှင့် အဝေးက တောင်တန်းတွေ။ ကျိုက်ထီးရှိးတောင်နှင့် ဆက်နေသော တောင်တန်းတွေဖြစ်မည်။

'နားကြ'

စနေက ခြေပစ်လက်ပစ် ထိုင်ချသည်။

ယူလာသောသေနတ်နှင့် ငွေထည့်အိတ်ကို စစ်ဆေးကြည့်သည်။ ငွေစက္ကူအထုပ်တွေမှာ ခြေရာလက်ရာမပျက်သေး။

ကျေနပ်စရာပဲ။

အနားယူတာပဲ ဆယ်မိနစ်နီးမါးလောက် ဖြစ်သွားသည်။ အားလုံး အမောဖြေသွားကြသည်။

'ကံကောင်းလို့...ကံကောင်းလို့'

သိမ့်က တိုးတိုးကလေးဆိုသည်။ စနေက....

'ကံကောင်းလို့ မဟုတ်ဘူးခင်ဗျ၊ ဝေရီ လျင်လို့'

သူက ပြောပြီး ဝေရီဘက်လှည့်ကာ....

'မဝေရီ၊ ခင်ဗျားကို အရမ်း ကျေးဇူးတင်တယ်ဗျာ၊ ခင်ဗျားသာ ဒီပွဲမှာမလှုပ်လိုက်ရင် ကျုပ်တို့အားလုံး ရှောဘရားသားပဲ'

'အေး....ငါ့ကိုကျေးဇူးတင်'

'တကယ်ကျေးဇူးတင်ပါသဗျာ'

'ဒါလေးများ'

သိမ့်က စနေနှင့်ဝေရီ ပြောကြဆိုကြတာတွေကို မနှစ်မြို့။ သူမကို ပစ်ထားသည်ထင်သည်။ စနေက....

'ဘာဒါလေးများလဲ သိမ့်'

'ကိုယ့်အသက် သူ့အသက်လုကြတော့ ဒီလိုပဲရှိကြမှာပေါ့၊ သိပ်ကျေးဇူးတင်စရာကြီးတော့ မဟုတ်ပါဘူး၊ မမဝေရီ ဘယ်လိုပဲလုပ်လုပ် ကိုကိုဝင်မကယ်ရင် အလကားပဲ'

'အင်း....ဒါလဲဟုတ်တာပဲနော်'

ဝေရီက သဘောရှိးနှင့်ဆိုသည်။ သိမ့်က မဲ့ပြုံးလေးနှင့်....

'ကိုကို ဘယ်လောက်ပဲကယ်ကယ် သိမ့်က ခုလိုလိုက်မလာနိုင်ရင် အားလုံး အကြွင်းမရှိ သုညနဲ့ပျက်ကိန်းပဲ'

'ဟာ....ဟုတ်တာပေါ့ သိမ့်ပြောတာ'

'ဒိုင်း'

ကျယ်လောင်သောသေနတ်သံတစ်ချက်။

'ဟော....သူတို့လိုက်လာကြပြီ'

စနေ ကပျာကယာပြောပြီး သိမ့်ကို နီးရာချုံတောထဲ တွန်းပို့လိုက်သည်။ သူ့အတွက် သိမ့် အန္တရာယ်မဖြစ်ဖို့ အရေးကြီးသည်။

ဝေရီက 'အမယ်လေးတော်'ဟု ဆိုကာ ထ,ပြေးသည်။ ဝေရီကို လိုက်လာကြသော ဘောဒေဝတို့က မြင်သွားသည်။

'ဟော....ဟော....ဟိုမှာဟေ့....ဟိုမှာ'

ကိုက်သုံးလေးရာအကွာမှ ဘောဒေဝကအော်သည်။ သူတို့သေနတ်နှင့် ထိုးပစ်သည်။

'ဒိုင်း'

'မဝေရီ မပြေးနဲ့ဗျ၊ ဝပ်....ဝပ်'

စနေကအော်တော့မှ ဝေရီ ကယောင်ကတမ်း ထိုင်ချသည်။ စနေက ဝမ်းလျားမှောက်လျက်မှ တစ်ချက်လှမ်းပစ်သည်။

'ဒိုင်း'

ပစ္စတိုလ်မှ မီးခိုးတန်းတလေး ထွက်သွားသည်။

စနေ သေနတ်ပစ်တတ်တာတော့ ချီးကျူးစရာပဲ။ လက်ဖြောင့်သမား ဟုတ်,မဟုတ်တော့ ပွဲပြီးမှသိရမှာ။

'မထကြနဲ့'

စနေ အော်ပြောလျက် ကုက္ကိုပင်တစ်ပင်နောက်သို့ ထွက်ပြေးကပ်လိုက်သည်။

အကာအကွယ်ယူဖို့က ရော်ဘာပင်ထက် ကုက္ကိုပင်က ပိုပြီးပင်စည်လုံးပတ်ထွားသည်။

'ဒိုင်း....ဒိုင်း'

ရော်ဘာပင်တွေ ကွယ်နေသော လူနှစ်ယောက်ရှိရာသို့ စွတ်ပစ်သည်။

'ကိုဘောကြီး၊ ဘယ်လိုလုပ်မလဲ၊ ဒီကောင် ပြန်ပစ်နေပြီဗျ'

'ဟာ....မင်းအမေကြီးတဲ့မှပဲ၊ သူပစ်ကိုယ်ပစ်ပေါ့ဟ'

'သူက ကျွန်တော်တို့ လုပ်သေနတ်ထက် ပိုကောင်းတယ်ဗျ'

'တို့က လုပ်သေနတ်၊ သူက တုတ်သေနတ်၊ သူ့ကျည်ဆန်ကုန်ရင် သူ့သေနတ်ကြီးက တုတ်ဖြစ်သွားမှာ၊ ဟား ဟ တီ ဟီ'

လှောင်သလိုလိုနှင့် ရော်ဘာပင်နောက်မှနေပြီး တစ်ဖက် ရော်ဘာပင်ရှိ ဝေလကို ဘောဒေဝက ပြောပြီးရယ်သည်။

ဝေလက သူ့လုပ်သေနတ်ကို ကျည်အိမ်ထဲ ကျည်ထိုးပြီး တစ်ချက်ပစ်သည်။ သူတို့ သေနတ်မှာ တစ်ချက်ထွက်သေနတ်သာ ဖြစ်သည်။

ဟိုကပစ် သည်ကပစ်နှင့် ရော်ဘာပင်တွေကြားထဲရော ကွင်းပြင်တွေဘက်မှာပါ သေနတ်သံတွေ ဟိန်းဟိန်းသွားသည်။

'မအေပေးစနေထွန်း၊ ဖမ်းမိရင်တော့လား အရေစုတ်ပစ်ယ်'

'ကိုဘောကြီး လေသိပ်မတိုက်နဲ့၊ ခင်ဗျားဖင်စုတ်ပြီး လုံချည်ပါဘဲ ပြေးရမှာလဲသတိထား'

'ဟာ...'

'ဘာဖြစ်တာလဲ'

'သေနတ်ပြောင်းကြီး ပြုတ်ထွက်သွားပြီ ကိုဘောကြီးရေ' ကောင်းရောကွာ။

လုပ်သေနတ်ဆိုတာ သည်လိုပါပဲ။

စနေမှာ ဒါတွေကိုကောမသိ။

တစ်ဖက်မှ အပစ်ရပ်သွားစာကို အခွင့်ကောင်းယူ၍ ဝေရီနှင့် သိမ့်ကို ဆုတ်ခိုင်းသည်။

ဝေရီနှင့်သိမ့်တို့ ထွက်ပြေးသွားသည့်နောက်သို့ စနေထွန်း ပစ်ဆုတ်ဆုတ်ရင်း ထွက်ပြေးလာသည်။

ဝေလတို့ အဖြစ်အပျက်ကို သူ မသိခဲ့ပါ။

သိလျင်လည်း သူ ပြေးတော့မည်မဟုတ်။

လယ်ကွင်းတွေမှာ ချွံစပ်စပ်ဖြစ်နေသည်။ သူတို့အားလုံး ချွံအလူးလူးနှင့် ဖိနပ်ချွတ်ပြေးရသည်။

သစ်ပင်အုပ်တွေထဲလည်းရောက်ရော မိုးချုပ်လေရော။

ချီးမှပဲ။

စနေကြုံးဆဲပစ်ချင်သည်။

သူတို့ရောက်နေရာက အင်တောမို့ အင်ပင်ကြီးတွေအောက်မှာ မိုးခိုလို့ရသည်။ အင်ဖက်ဆိုတာက ကြာဖက်ကြီးတွေလို အရွက်ကြီးတွေမို့ မိုးရေကို အာခံနိုင်စွမ်းအားရှိသည်။

အင်ဖက်ကို ထီးလုပ်လို့ မိုးကြေပေတော့။

မိုးအတိတ်မှာ ထွက်လာတော့ ယခင်ကလို မပြေးကြတော့ပါ။ သူတို့ ဘယ်လမ်းလိုက်လို့ ဘယ်ကိုသွားရမှန်းမသိ။

သိမ့်ကတော့ ချွံချွံငိုပါလေပြီ။

'ဒါတွေဟာ နင့်ကြောင့်....နင့်ကြောင့်'

စနေထွန်းအပေါ် ဝေရီ၏ အပြစ်ဖို့သံ။

'သိမ့် ငိုမနေစမ်းပါနဲ့ကွာ၊ ဖြစ်လာမှတော့ ဒုက္ခကို ရင်ဆိုင်ကြရမှာပေါ့'

ဇာတ်လမ်းစဉ် (၁၅)

ကျည်ဆန်မှ ယမ်းအားပေါက်ကွဲမှုဒဏ်ကို မခံနိုင်သော လုပ်သေနတ်မှာ ဝေလလက်ထဲ တစ်ပိုင်းတစ်စငုတ်တိုကြီး ကျန်ရစ်ခဲ့သည်။

'သေကွာ....သေ....သေ'

ဝေလ ဒေါသနှင့် သေနတ်ငုတ်တိုကြီးကို လွှင့်ပစ်လိုက်သည်။ သည်အတွင်း စနေဆီမှ ပစ်ခတ်လိုက်သော ပစ္စတိုလ် ကျည်က ရော်ဘာပင်ထဲ ခေါင်းစိုက်ဝင်သွားသည်။

'ဆုတ်ကွာ၊ တို့ပြန်ပြေးမှပဲ'

ဘောဒေ၏ သေနတ်ဗျူဟာမှာ ဆန့်ပြုတ်သေနင်္ဗျူဟာ ဖြစ်သွားခဲ့သည်။

'ဘာရင်ဆိုင်ကြရမှာလဲ၊ ကိုကို့တစ်ယောက်တည်း ရင်ဆိုင်၊ ကိုကိုလုပ်တာ မကောင်းဘူး၊ ကိုကိုလူဆိုး ကိုကိုဓားပြ'

'အေးပါကွာ၊ သိမ့်အပြစ်တင်ရင်လဲ ကိုကိုခံပါ့မယ်၊ သိမ့်ပြောသလို ကိုကိုကဓားပြမဟုတ်ပါဘူး၊ အချင်းချင်းဝေါင်းတုံးပေါ် ထိပ်ကွက်လာတာပါ၊ အင်လိပ်လိုတော့ ဒပ်ဘယ် (လ်) ကရော့ (စ်) (DOUBLE CROSS) ခေါ်မလားပဲနော်၊ ဟုတ်တယ်နော် ဆရာမကြီး'

'ကျွန်မကတော့ ဒပ်ဘယ်(လ်) ကရော့(စ်) (DOUBLE CROSS) တွေ ဘာတွေမသိဘူး၊ ရှင့်ကိုမျက်စိထဲ ခရော့(စ်) ဖြစ်နေပြီ'

ဝေရီ၏ ရှဲ့ပစ်လိုက်သံလေး။

စနေထွန်းက စပ်ဖြီးဖြီးနှင့်....

'ဘောဒေဝ သက်သက်လိုက်ရှုပ်တာ၊ တကယ်တော့ ဘောဒေဝက သူများအပေါ် ထိပ်ကွက်ခဲ့ဘာ၊ ရန်ကုန်ကုမ္ပဏီသူဌေး ဦးရွှေကောင်းမွန်ရဲ့ ကုမ္ပဏီပိုင် နစ်ဆန်းဆန်နီ ဆလွန်းကားတစ်စီး ကို ဦးရွှေကောင်းမွန်က သူယုံကြည်ပါတယ်ဆိုတဲ့ ဘောဒေဝလက်ထဲကို ရောင်းပေးဖို့အပ်လိုက်တယ် သိမ့်'

သိမ့်က စိတ်ဝင်စားမစားမသိရပေမယ့် ဝေရီက အံ့အားသင့်စွာ နားထောင်နေမိ၏။

'ရွှေကောင်းမွန်ကုမ္ပဏီရဲ့ အဲ့ဒီကားကို ကိုဘောဒေဝက ငါးသိန်းခွဲနဲ့ရောင်းဖို့ ကိုကိုနဲ့လာတိုင်ပင်တယ်၊ ကိုကိုကလဲ သူ့လို ကားပွဲစားပဲမဟုတ်လား၊ မန္တလေးက ကားဝယ်ချင်တဲ့

လူတစ်ယောက်နဲ့ ဆက်ပေးလိုက်တယ်၊ ကားပိုင်လိုင်စင် သက်တမ်းစာအုပ်၊ ဦး(လ်)တက်(စ်) (WHEEL TEST)ဘီးခွန်၊ ပရီမီယံ အာမခံကြေးစာအုပ်၊ ဓာတ်ဆီထည့်စာအုပ်တွေက ကို ဘောဒေဝလက်ထဲမှာ အကုန်ရှိတော့ ရောင်းရလွယ်တာပေါ့၊ အဲ့ဒီငွေငါးသိန်းခွဲကို ကိုကိုက ဘောဒေဝဆီက တစ်ဆင့် တစ်ပတ်ရိုက် လုလာတာ၊ ဒါပ'

တိုတိုနှင့်လိုရင်း ရှင်းပြလိုက်သည်။

'ဒါဆို နင်ဟာ ကလိန်ပဲ၊ လူလိမ်ပဲပေါ့၊ အဲ့ဒီ ဦးရွှေကောင်းမွန်ဆိုတာ တခြားလူမဟုတ်ဘူး၊ ငါ့အဖေ၊ ငါ့အဖေ'

ဒေါသနှင့် စိတ်ပေါက်ပေါက်နှင့် ဝေရီက ပြောချပစ်လိုက်၏။ စနေသာမက သိမ့်ပါအံ့အားသင့်သွားသည်။

'နင်နဲ့ ဘောဒေဝ ယုတ်မာခဲ့ကြတာကိုး၊ ဘောဒေဝ နာမည်ကြားတော့ ဒီနာမည် ငါကြားဖူးပါတယ်လို့ စဉ်းစားနေတာ၊ နောက်ဆုံးတော့ ငါ့အဖေကုမ္ပဏီကကားကို လိမ်ရောင်းခဲ့ကြတဲ့လူတွေပဲ'

'အင်း....ကမ္ဘာမြေကြီးဟာ ကျဉ်းကျဉ်းကလေး ဆိုတာ တယ်မှန်ပါလား၊ ကျုပ်တော့ ကျားရွှေမှောက်လျက်လဲတာပဲ'

'ငါက ကျားမဟုတ်ပါဘူး၊ သမင်ပါ၊ နင်က သေနတ်နဲ့လူကိုး'

'ကျွန်တော်ခင်ဗျားကို ခုအထိ အန္တရာယ်မပြုသေးပါဘူး၊ သေနတ်ကိုင်တာ ကိုင်တာပဲ'

စနေက သက်ပြင်းချလိုက်သည်။

'ငါ နင်တို့နဲ့မနေဘူး၊ သွားမယ်'

အင်ပင်တွေအောက်မှ တစ်ဖက်သို့ ဝေရီထွက်သွားသည်။
စနေက ဝေရီကိုစိုးရိမ်သည်။
'မဝေရီ....မသွားပါနဲ့၊ ဘယ်ကိုသွားမှာလဲ'
'နင်တို့နဲ့ မနေချင်လို့ ဝေးရာကိုသွားမှာ'
'မသွားနဲ့....မသွားနဲ့၊ အဲဒီနေရာဟာ ကိုယ်နဲ့ စိမ်းနေတဲ့ နေရာ၊ မသွားနဲ့ဗျာ'
'သွားမယ်....သွားမယ်'
ဝေရီ ဆောင့်အောင့်အောင့်အောင့် ထွက်သွားသည်။
စနေက လိုက်ခေါ်သည်။
ခေါ်လို့ မရတော့ လက်ကိုဆွဲသည်။
'ငါလက်ကို လွှတ်....လွှတ်....မကိုင်နဲ့'
'မသွားပါနဲ့ဗျာ၊ ကျွန်တော် ဘောင်းပန်ပါတယ်'
သူတို့ကိုကြည့်ရင်း ရင်ထဲတသိမ့်သိမ့်ခံစားလာရသူက သိမ့်ရယ်ပဲ။
သူတို့ ဆွဲလားလဲလားလုပ်တာတွေကိုကြည့်ရင်းမယုံသင်္ကာစိတ်၊ မနာလိုစိတ်တွေ ဝင်လာသည်။
ကိုကို့ကိုလည်း သိမ့် မပြောရပါ။ စိတ်ထဲ စိတ်ကူးရရုံ တစ်ခု ပြူလုပ်လိုက်သည်။
'အမယ်လေး'
သိမ့် အော်သံလေးပြူသည်။
ခွေကျသွားသည်။ သိမ့် အော်သံကြောင့် ဆွဲလဲနေသော နှစ်ယောက် ရပ်သွားသည်။

ဝေရီဘက် စိုးရိမ်စိတ် ရောက်နေသော စနေမှာသိမ့်အဖြစ်ကို မြင်တော့ သိမ့်အတွက် စိုးရိမ်ပူပန်သွားသည်။
'သိမ့်....သိမ့်'
သူက စိုးရိမ်တကြီးခေါ်ကာ ပြေးလာသည်။ သိမ့်ကို ဆွဲထူပွေ့သည်။
သိမ့်မျက်နှာလေး ရှုံ့နေသည်။
'သိမ့် ဘာဖြစ်တာလဲ....ဘာဖြစ်တာလဲ'
'အလာကျာ....နာတယ် ကိုကို၊ နာတယ်'
'ဘယ်က နာတာလဲ'
'သိမ့် ခြေထောက်....ခြေထောက်'
စနေ ယောင်ရမ်းပြီး ခြေထောက်တစ်ဖက်ကို စမ်းသည်။ ပထမခြေထောက် ဘာမှမဖြစ်သော်လည်း ဒုတိယခြေထောက်ကို စမ်းသပ်တော့ ခြေမျက်စိသို့ လက်ကအရောက်မှာ....
'အား....နာတယ်....နာတယ်....သိပ်မကိုင်နဲ့'
သိမ့်အသံလေးက စူးစူး။
မျက်နှာကလေးက ရှုံ့မဲ့မဲ့။
'ဘယ်လိုဖြစ်ရတာလဲ သိမ့်ရယ်'
သိမ့်ကိုယ်တစ်ဝက်မှာ မိုးရေတွေ ရွှဲနေသည်။ သိမ့်သာမဟုတ်။ စနေ၏ကိုယ်ရော ဝေရီ့ကိုယ်ပါ မိုးရေနှင့်မကင်း။
'စောစောက ပြေးလာရင်း ခြေခေါက်သွားတာ ကိုကို့ရဲ့၊ သွေးပူနေတုန်းတော့ ဘာမှမဖြစ်ဘူး၊ခုသွေးအေးသွားမှ အနာသို့ ဝေရီရောက်လာပြီဖြစ်ရာ ဝေရီပါကြားသည်။
'ဖြစ်ရလေ သိမ့်ရယ်'

'သိမ့် လမ်းမလျှောက်နိုင်တော့ဘူး ကိုကို'

'ကိုကို ချီမယ်'

စနေက ခေါင်းကိုမော့၍....

'မဝေရီ၊ ခင်ဗျား ဘူးချင်ရာ သွားတော့၊ ခင်ဗျားကို ကျွန်တော် လိုက်မဆွဲနိုင်တော့ဘူး၊ သိမ့်က ခင်ဗျားထက် ပိုအရေးကြီးတယ်'

နောက်ဆုံးစကားလေးက သိမ့်အတွက် ကျေနပ်စရာပါပဲ။

'နင်တို့နဲ့ပဲ လိုက်မယ်၊ ငါလဲ မသွားတတ်တော့ဘူး'

ဝေရီ၏စကားက စိတ်ပျက်အားလျော့သွားသံ။

သူတို့ မျက်စိလည်သွားကြပြီ။

'ခင်ဗျား ရှေ့ကသွား၊ သိမ့်ကို ကျွန်တော်ပွေ့ခဲ့မယ်'

'ဟဲ့....နင့်မယားကို နင်မပွေ့လို့ ဘယ်သူက လာပွေ့မှာလဲ'

'သိမ့် သူ့ကို သေနတ်နဲ့ချိန်ထား'

'စိတ်ချကိုကို'

သိမ့်က ကိုးတိုးလေးဆိုသည်။ ကိုကို့ ရင်ခွင်ထဲမှာနေပြီး ခုလိုလိုက်ရတော့လည်း ကိုကို့ကို သနားသား။

အို....ဘစ်ခါတလေတော့လည်း ညှဉ်းလိုက်ဦးမှ။

ယောကျ်ားနဲ့ နွားတဲ့။

ရှေ့မှဝေရီကို စနေ၏ပွေ့ယူခံထားရသော သိမ့်က သေနတ်နှင့်ချိန်သည်။

စနေမှာ သိမ့်ကို ပထမတော့ နိုင်နိုင်နင်းနင်း ပွေ့ချီနိုင်သော်လည်း နှစ်ဖာလုံလောက်လျှောက်တော့ ဟောဟဲမြည်သံ ပေးလာသည်။

ကြိုးစားလိုက်ဟေ့။

မြို့တော်ဝန် မာရသွန်ပွဲထက် ဗိုလ်နဲ့ရမယ့်ပွဲ။

ချစ်လို့သာ ပွေ့ရ။

မေ့လောက်စရာ အီရတဲ့အဖြစ်။

သည်ကိုယ်ကြီး ချီရတယ်နော်။

ချစ်ချစ်ရယ် ချေးထွက်ပြီပေါ့။

နိုးဂွဒ်။

ဇာတ်လမ်းစဉ် (၁၆)

ရွာ တစ်ရွာသို့ ရောက်လာသည်။

ဓားပြနှင့်တွေ့၍ ထွက်ပြေးလာရသည်ဟု ဆို၏။

သည်လမ်းမှာ ဓားပြတိုက်တာ မကြားဖူးပါဟု ဆိုသူတွေက ဆိုကြသည်။

ဒါပေမယ့် စနေက ယုဘ္ဘိယုဘ္ဘာရှိအောင် ဖြီးဖြန်းသည်။ လမ်းမှာတိုက်တာ မဟုတ်။

ကားပေါ် ဓားပြပါလာပြီး ပစ္စည်းတွေ၊ ငွေတွေလုယက်တော့ မိမိတို့ ပြေးမိပြေးရာ ပြေးလာပါသည်ဟု ဆိုသည်။

ရွာကလူတွေက သဘောကောင်းကြပါသည်။

မွန်ရော ဗမာရော ရောနေသည်။

အိမ်ခြေသုံးဆယ်နီးပါးရှိသည်။ လယ်လုပ်ကိုင်းလုပ်တွေပဲ။ ကားလမ်းနှင့် ခုနစ်မိုင် ရှစ်မိုင်လောက်ပဲဝေးမည်။ သူတို့ရွာက ကျိုက်ထိုနှင့် ပိုနီးသည်။

ဒါတွေက ရွာခံလူတွေ ပြောပြလို့သာ သိ၏။

ပိုပြီးသိရတာက သိမ့်၏ အခြေအနေပဲ။ ခြေမနာပဲ ခြေနာဟန်ဆောင်ခဲ့သူ သိမ့်မှာ အဲ့သည်ရွာကို ရောက်ပြီးချိန်မှစပြီး ပန်းဖျား ဖျားပါတော့သည်။ မိုးရေကလည်းစိုသဖြင့် အအေးမိသွားခြင်း ဖြစ်သည်။

ရွာတွင် ကျန်းမာရေးမှူးရှိလို့သာ တော်တော့သည်။

ကျန်းမာရေးမှူးက သိမ့်၏ခြေထောက်ကို အသေအချာ စစ်ဆေးကြည့်ရှုသည်။ တော်ရုံနှင့် နားမလည်နိုင်။

ခြေထောက်ကိုင်မိသည်နှင့် အမယ်လေး အမယ်လေးဟု အော်တတ်သည့် သိမ့်ကြောင့် ခြေထောက် အကြောလွဲသွားသလား၊ အရိုးအက်သွားသလားဟု ထင်သည်။

ကူးဆန်းတာက သိမ့်တကယ်လည်းဖျားရော ခြေထောက် နာသည့်ဒဏ်ရာ ဘယ်ရောက်သွားသည်မသိ။

ခြေထောက်ကို စမ်းသပ်ရုံမက ဖျစ်ညှစ်လို့လည်း သိမ့်ဘာသံမှ မထွက်တော့။

ဒါကြောင့် ကျန်းမာရေးမှူး နားမလည်နိုင်ဟု ဆိုရပေမည်။

သိမ့်ကို ဆေးကျွေး ဆေးတိုက်လုပ်သည်။ သိမ့်တို့ တည်းခိုသော အိမ်မှာ လင်မယားနှစ်ယောက်တည်းသာ ရှိသောအိမ်ဖြစ်၏။

စနေက သေနတ်ရှင့်ငွေကို လုံခြုံစွာ ရက်ထားလိုက်သည်။ သိမ့်ကို ဝေရီကကောင်းစွာ မိန်းမချင်းကိုယ်ချင်းစာသည်။

သိမ့်၏မနောကို မသိသော်လည်းသိမ့်ကိုတော့ ကရုဏာသက်မိသည်။

'အဲ့ဒါတွေဟာ နင့်ကြောင့်၊ နင်လောဘတက်လို့ နင့်မယား ဒုက္ခဖြစ်ရတာ၊ သိလား'

စနေကို လူကွယ်ရာမှာ ကျိတ်ပြောကလေးပြောသည်။

'အေးပါဗျာ...ကျွန်တော်ကြောင့်ပါ၊ ကျွန်တော် ပန်ခံပါတယ်၊ ကျွန်တော်လဲ နောင်တရပါပြီ၊ မဝေရီသာ ကျွန်တော့်အကြောင်း ရွာကိုမပြောပါနဲ့၊ ဒီကပြန်ရင်မဝေရီကို ကျွန်တော် ရန်ကုန်ပြန်ပို့ ပေးပါ့မယ်'

စနေ့အသံက တောင်းပန်သံ။

စနေ့ရင်ထဲကို ဝင်မကြည့်၍ မသိရသောဝေရီမှာ သည်တောင်းပန်မှုကလေးနှင့်ပင် ကျေနပ်သွားသည်။

ရွာကလူတွေကို တိုင်လားတောလားမလုပ်တော့ပါ။

ရွာမှလူတွေက သူတို့သုံးယောက်ကို ဒုက္ခသည်တွေအဖြစ်ဝင်စိုက်ကြသည်။

သိမ့်ကို ကျန်းမာရေးမှူးက ဆေးတစ်လုံးထိုးပေး၏။ သိမ့်ညပိုင်းလောက်တွင် အဖျားကျသွားသည်။

အဲ့သည်အချိန်တွင် လေတွေမိုးတွေထန်နေဆဲ၊ သွန်းချနေဆဲ

ဆယ့်နှစ်ဗို့အား ကိုးလက်မ မီးချောင်းကလေးနှင့် ထွန်းထားသော မီးအလင်းရောင်က လေးပင်နှစ်ခန်း၊ အင်ဖက်မှ အင်ဖက်ကာအိမ်ကလေးထဲတွင် အလင်းရောင်သိပ်မရှိလှ။

'ငါ့တူမကြီး အဖျားကျသွားပလားကွယ့်'

'ဟုတ်ကဲ့ ဦးလေး'

'အိမ်း....အိမ်း အဖျားကျသွားတော့လဲ ဘာမှမစားဘဲ နေတာကကောင်းသကွယ်မနက်မှမိသိန်းရကိုငါးခြောက်ကလေး ဖုတ်ပြီး ဆန်ပြုတ်တည်ခိုင်းရမယ်'

အိမ်ရှင်အဘိုးကြီးက စနေထွန်းတို့နှင့် စကားပြောဖြစ်ရာမှ အိပ်ရာထက်ရှိသိမ့်ကို စကားလှည့်ဆိုသည်။

သိမ့်မှာ ခရီးပန်းလာတာရယ်၊ စိတ်ထဲထိခိုက်တာရယ်ကြောင့် အားနည်းနေခဲ့သည်။

အားနည်းနေသည့် လူတစ်ယောက်ကို အဖျားဗိုင်းရပ် (စ်) ပိုး ဝင်တာက မဆန်းပါ။ ကျန်းမာရေးမှူး ပြောစကားအရတော့ အဆုတ်ကိုနည်းနည်းအအေးပတ်သွားသည်ဆိုလားပဲ။

စနေထွန်း၏ ချောမောနစ်လုံဖွယ်ကောင်းသည့် ရူပါနှင့် ချောမောလှပသည့် မိန်းကလေးနှစ်ဦးကို အိမ်ရှင်လူကြီးက စိတ်ဝင်တစားရှိသည်။ နှစ်သက်သဘောကျပုံလည်းပေါ်သည်။

'ကောင်လေးနဲ့ ကောင်မလေးတွေက ရည်ရည်မွန်မွန်ကလေးတွေပါကွယ်၊ ရန်ကုန်ကတဲ့၊ တစ်ယောက်က ကုမ္ပဏီပိုင်ရှင် သမီးဆိုလား၊ နောက်တစ်ယောက်က ညွှန်ကြားရေးမှူး သမီးဆိုလား၊ အရာရှိအရာခံသမီးပဲ၊ အဲ့ဒီ ကောင်မလေးရဲ့ ယောကျ်ားက ချောချောကောင်လေးပဲ၊ နာမည်ကလဲအဆန်းသား၊ စနေထွန်းတဲ့'

အိမ်ကမိန်းမကြီးကို နောက်ဖေးချောင်မှာ တီးတိုးပြောပြသည်။ မိန်းမကြီးက ထမင်းအိုးကို ယောက်မနှင့် မွှေရင်းက....

'သူ့နာမည်ကလဲ သူမို့လို့မည့်ရဲတယ်၊ စနေကြိုဟ်နာမည်ကြီး၊ ရုပ်ကလေးကတော့ အဘော်ချေသပါတယ်၊ ဒါပေမယ့် သူ့ပုံစံက လူလည်ကျလွန်းတဲ့ပုံစံပါ။ စိတ်ထားလဲကြည့်ရတာ ဖြောင့်ပုံတော့မပေါ်ဘူး'

'အင်း....မင်းကတော့ကွာ၊ လူတစ်ယောက်ပေါ်အကောင်းမမြင်ဘူး'

'လက်ရဲဇက်ရဲရှိတယ်လေ၊ ကျုပ်က စားချင်လို့ ကြွက်လျှောက်တန်းပေါ်မှာ သိမ်းထားတဲ့ ကြံသကာထုပ်လေးမြင်တော့ အဒေါ် ဒီကြံသကာလေးတော့ စားပါရစေဆိုပြီး ကျုပ်ခွင့်ပြုမပြုတောင် မစောင့်ဘူး၊ ယူစားလိုက်တာပဲ'

'ဆာလွန်းအားကြီးလို့ နေမှာပေါ့ကွာ၊ သခ္ဓါတရားလေးထားလိုက်ပါတော့'

မိုးမချုပ်မီကတော့ သည်သို့သည်နှယ်ပြောခဲ့ဖူးကြသည်။

မိုးလံတော့၊ လေသံတွေကြောင့် သိမ့်ကြောက်သလို ခံစားမိသည်။ အိမ်ကလေးမှာ ယိမ်းယိုင်နေသလို ထင်ရသည်။

သည်ညတွင် စနေအိပ်မောကျသလို ဝေရီမအိပ်ရပါ။ သိမ့်ကို ကရုဏာစိတ်၊ ခင်မင်စိတ်နှင့် စောင့်ကြည့်ပြုစုရသည်။

သန်းခေါင်ကျော်မှ ဘိမ့်အဖျားကျသည်။

ဘက်ထရီအိုးမီးချောင်းကို မထွန်းတော့ဘဲ ရှားပါးသော ရေနံဆီမီးခွက်ကလေးကိုသာ သိမ့်အိပ်ရာခေါင်းရင်းဘေးဘက်မှာ ထွန်းထားခဲ့သည်။

'မမဝေရီ အိပ်ချင်ရင်အိပ်တော့လေ၊ သိမ့်အဖျားကျသွားပါဖြို့'

ဝေရီက သိမ့်နဖူးလေးကို စမ်းသည်။

'သူကတော့ အိပ်လိုက်တာ'

ဟောက်ထံပေးအိပ်နေသော စနေကို သိမ့်က မကျေနပ်သံနှင့် ဆိုလေတော့ ဝေရီက....

'ကွယ်....သူ့ခမျာလဲ ဝင်ပန်းပါတယ်၊ သိမ့် အဖျားတက်နေတုန်းက ဘေးနားမှာ စိုးရိမ်တကြီးနဲ့ ထိုင်စောင့်နေတာ'

သည်တော့လည်း သိမ့် ကျေနပ်သွားသည်။

ကိုကိုက မိမိကို ဂရုစိုက်သားပဲ။

'ကဲ....သိမ့် စကားမပြောနဲ့တော့၊ အားရှိအောင် အိပ်လိုက်'

'မမ'

'ဘာလဲဟင်'

'ဆရာ့ကို သတိမရမိဘူးလား'

ဝေရီ၏ရင်ထဲတွင် တုန်သွားသည်။

'သတိရတာပေါ့ သိမ့်ရယ်၊ ခုနေ သူဘယ်ကိုရောက်နေမလဲ မသိဘူး'

'ရန်ကုန်ကိုပြန်သွားချင်လဲ ပြန်သွားမယ်၊ ဒါမှမဟုတ် ရဲစခန်းတစ်ခုခုကို ဝင်တိုင်ပြီးတော့ သိမ့်တို့နောက်ကိုများလိုက်လာလေးမသိဘူးနော်'

'သိမ့်ရဲ့ နောက်ဆုံးစကားကတော့ ပိုမှန်ပါလိမ့်မယ် သိမ့်ရယ်'

'မမနဲ့ သူနဲ့ လက်မထပ်ကြရသေးဘူးနော်'

'အင်းဂေ့(ဂ်)မင့် (Engagement) လုပ်ထားတယ်'

'မီဘတွေက သတောတူတော့လဲ စိတ်ချမ်းသာစရာပဲပေါ့' နော်၊ သီမ့်ကတော့မိုက်သွားတယ်'

သီမ့်အသံလေး တိုးသွားသည်ထက် ပိုတိုးသွားသည်။ သူ့ခမျာ ဝမ်းနည်းသွားရှာပုံပဲ။ စနေကို လူကောင်းထင်လို့ ယူမိတာ တံလျှပ်ကို ရေထင်, ရွှေသမင်အလိုက်မှားသည့် အဖြစ်မျိုး....။

'သီမ့် မီဘတွေဆိုပြန်သွားပါလား'

'ကိုကို့ကို ကိုချစ်တယ် မမရယ်၊ ကိုကို့ကို ပစ်ပြီး သီမ့် မသွားနိုင်ပါဘူး၊ ကိုကိုက ချောလွန်းလို့ သီမ့်ကချစ်ခဲ့မိတာ၊ တကယ်တော့ ကိုကိုဟာ အပေါ်က ရေကြည်ပြီး အတွင်းကရေနောက်နေတဲ့ ရေတွင်းရေကန်လိုလူစား၊ ဆရာကကော အရပ်ဆိုးဖေမယ့် စိတ်သဘောထား ကောင်းသယ်နော်၊ လောကကြီးမှာ ရုပ်ချောတိုင်းလဲ သဘောမကောင်းဘူး၊ ရုပ်ဆိုးတိုင်းသဲ စိတ်ထားကောင်းစာတွေ ရှိစာတ်ကာကို သင်ခန်းစာတစ်ခုရတာပေါ့လေ'

'သီမ့်ရယ်...စနေက သူ့အပြစ် သူမြင်သွားပါပြီ၊ စနေဟာ စိတ်ဝေတ်ကလေး ဖြူပြင်လိုက်ရင် ကောင်းသွားမှာပါ။ ကိုဈန်မင်းသော်ကတော့ စိတ်ကောင်းပေမယ့် စနေလို မသွက်လက်ဘူး'

'ဟုတ်တယ်နော်၊ သူကအနုပညာသမားပီပီ သိပ်လေးကန်တာပဲ'

သီမ့်က အားမလိုအားမရ ဖြစ်ဟန်တူသည်။

'ဒါပေမယ့် ဆရာက စာရေးဆရာဆိုပေမယ့် ဟိတ်ကြီးဟန်ကြီးမရှိဘူး၊ သူ့ကိုယ်သူ ဆရာကြီးဒီဇိုင်းမျိုးတော့မရှိဘူးမမ'

'သိမ့်က ဒီလိုပြောရအောင် တခြားစာရေးဆရာတွေကို တွေ့ဖူးလို့လား'

'တချို့စာရေးဆရာ၊ စာရေးဆရာမတွေကို သိမ့် တွေ့ဆုံဖူးပါတယ်၊ စာရေးဆရာ အဲဒီစာရေးဆရာတွေက တွေ့လိုက်ကာနဲ့ ဆရာကြီးပုံစံပဲ၊ စာရေးဆရာမ တချို့ကျပြန်တော့လဲ အိုက်တင်တွေ့ခံလို့၊ ကိုဈန်မင်းသော်က ဒါမျိုးမဟုတ်ဘူး'

'ငပေါကြီးပေါ့၊ ခစ်....ခစ်'

ဝေရီက တိုးတိုးကလေးရယ်သည်။

'ငပေါကြီးမဟုတ်ဘူး၊ ငရှောကြီးဖြစ်နေတယ်၊ အရေးယယ် အကြောင်းဟယ်ဆို မဖိုက်တတ်တော့ဘူး၊ သူ့ဝတ္ထုထဲမှာတော့ မင်းသားနဲ့ လူဆိုးတွေ ဖိုက်လိုက်ကြတာ'

ပြောပြီး သိမ့်ကပါ တိုးတိုးလေးရယ်သည်။

'မိန်းကလေးတွေ၊ ဘာတွေတွတ်ထိုးနေကြသလဲ၊ အိပ်ပါတော့လားကွယ်၊ တစ်ယောက်က နေမကောင်းရင် အားရှိအောင် အိပ်မှပေါ့'

မီးဖိုခန်းထဲတွင် တရေးနိုးလာဟန်တူသော အိမ်ရှင်အဒေါ်ကြီး၏ ခပ်အုပ်အုပ်အသံက ထွက်လာသည်။

ဝေရီက်ဆွေးနွေးခန်းက တစ်ခန်းရပ်သွားသည်။

'သိမ့် အိပ်တော့နော်'

'ဟုတ်ကဲ့ မမ'

စနေ အိပ်နေတာက သူတို့နှင့်မလှမ်းမကမ်း။
ဝေရီက ဆိမ့်နှင့် တစ်ကိုက်ကျော်ကျော်လောက်မှာ အိပ်
သည်။
မိုးစက်မိုးသံတို့ကို နားထောင်ရင်း အိပ်မပျော်။
ကိုကိုတစ်ယောက် ဘယ်ရောက်နေပြီလဲ။

ကိုကိုတစ်ယောက် ဘယ်ကိုမှမရောက်ပါ။
လမ်းပေါ်မှာပင်ရှိနေပါသည်။
သူသည် စနေတို့ကား ထွက်သွားပြီးနောက် နောက်ကား
တစ်စီးကို စောင့်သည်။
ကျောက်တင်ကားတစ်စီးကိုတွေ့သဖြင့် သူကတားပြီး ကား
မောင်းသူကို အကျိုးအကြောင်း အတိုချုပ်ပြောပြသည်။
လှမ္မရေးကိုနားလည်သော ကားမောင်းသူက သူ့ကိုကား
နောက်ပိုင်း ကိုယ်ထည်ထဲတွင် ထည့်ခေါ်ခဲ့သည်။

သိမ်ဇရပ်မှ သူ့စာဖတ်မိတ်ဆွေသည် ရန်ကုန်ရောက်တိုင်း ဝင်လာလည်လေ့ရှိသည်။ စာပေအကြောင်း တိုအကြောင်း သည်အကြောင်းတွေ ဆွေးနွေးလေ့ရှိ၏။

ယခုသော် သူ့ကိုတွေ့ရတော့ အံ့သြနေသည်။

'ကျန်ဟော်က ဆရာ့ဆီလာတိုင်း ဆရာကချည်းပဲ ညှဉ်းကျေးမွေးနေတာပဲ၊ အခု ကျန်တော်ကပဲ ပြန်ပြုစုပါရစေဦး ဆရာရယ်'

'ကျန်တော်လာတာ စားဖို့သောက်ဖို့ မဟုတ် ပါဘူး ကိုဘဦး၊ အကူအညီလိုချင်လို့ဗျ'

သူ့အဖြစ်ကို ပြောပြသည်။ ကိုဘဦး နှာထောင်ရင်း မျက်လုံးအိမ်တွေ ကျယ်လာသည်။

'ဟာ....ဆရာ့အဖြစ်က အတော်နာဘာပဲ၊ ဆရာ ဘာလုပ်ချင်လဲ ကျန်တော် ကူညီမယ်'

'ပထမ ကျန်တော် ခင်ဗျားဆီက ငွေတစ်ထောင် ချေးချင်တယ်၊ ရမလား'

'ဟာ....ရပါတယ် ဆရာရယ်'

'ကျန်တော် ရန်ကုန်ရောက်ရင် ပြန်ပို့ပေးမယ်'

'ကျန်တော် ယုံပါတယ်'

'ဒုတိယ ကျန်တော် ရဲတိုင်ချင်တယ်'

'ဖြစ်ပါတယ်၊ ကျန်တော် ကူညီမယ်၊ အကောင်းဆုံးက ဥပဒေတိုင်ပေါ့၊ ရှုပ်မြင်သံကြားထဲမှာ အမြဲတမ်းလာနေတာ၊ ကူညီပါရစေခင်ဗျ....ကူညီပါရစေရှင့် ဆိုတော့ အခုလိုအချိန်မှီမှီမှ မကူညီရင် ဘယ်အချိန်သွားကူမလဲ'

သိမ်ဇရပ်ရောက်တော့ ဈေးမင်းသော် ဆင်းသည်။ သူ့တွင် လက်ပတ်နာရီလည်းပါမလာ။ ဝတ်ထားသော ရွှေကြိုးနှင့် လက်ပတ်ကြိုး ဟင်းချိန်းကို ပန်ကာတို့က လုယူထားခဲ့သည်။

သူ့တွင်မက ဝေရိတို့၏ လက်ဝတ်လက်စားတွေကော ပို့က်ဆံပါ ပန်ကာတို့လက်ထဲ ရောက်ခဲ့သည်။

ပန်ကာတို့လက်ထဲက လွတ်အောင်ပြေးလာတော့ ဒါတွေ အားလုံး မေ့ကျန်ခဲ့သည်။

စနေထွန်းကို ဒေါသဖြစ်တာထက် သူ့ကိုယ်သူ ဒေါသ ဖြစ်သည်။ သူ တော်တော်ညံ့လေးတာပဲ။

ယောကျ်ားမီမီ အရေးကြုံလျှင် လက်ရုံးရည် မထွန်း တောက်လို့ပေါ့။ ပါသွားသော ဝေရိအတွက်လည်း စိတ်ပူသည်။

စနေထွန်းသည် ဝေရိ့အပေါ်တွင် မဖောက်ပြန်ဟု တစ်ထစ်ချ ယူဆထားလို့မဖြင့်ချေ။

ဒါပေမယ့် သိမ့်ရှိနေပြန်တော့လည်း သူ့အတွက် ပူပန်မှု လျော့ကျသွားရပြန်သည်။

သိမ်ဇရပ်တွင် သူ့မိတ်ဆွေ စာဖတ်ပရီသတ်တစ်ဦးရှိသည်။ မျှားမြောင်သော စာဖတ်ပရိသတ်ထဲမှ ပရိသတ်တစ်ဦးပဲ။

စာအုပ်ဆိုင်တစ်ဆိုင်တွေ့သည်။

စာအုပ်ဆိုင်ရှေ့တွင် ယခုလထုတ် စာရေးဆရာမျှား ကြေငြာထားကုန် သူ့နာမည်ကို ထိပ်ဆုံးမှာ တွေ့ရသည်။

ဈေးမင်းသော် မဲ့ပြုံး ပြုံးနေသည်။

'အဲ့ဒီတော့ ရဲစခန်းကို ကျွန်တော့်ကို ပို့ပေးစမ်းပါ'
ရဲတွေက ဂရှစိုက်ပါလည်။
သိမ်ဇရပ်နှင့် မုပွလင်ဆိုတာ သိပ်ဇေးတာ မဟုတ်။
နာရီပိုင်းအတွင်း စျန်မင်းသော်၏ ပတ်ဘလစ်ကာကား နံပါတ်နှင့် အရောင်၊ လူသုံးဦး၏ ပုံသဏ္ဌာန်တွေကိုပါ အကြောင်းကြားပြီး ဖြစ်သည်။
စျန်မင်းသော် မုပွလင်ရောက်တော့ သက်ဆိုင်ရာ ရပ်ကွက် လူကြီးတွေနှင့်အတူ မုပွလင်ဂိတ်တစ်နေရာမှနေပြီး ကားအဝင် အထွက်တွေကို ရဲက စစ်ဆေးသည်။
စျန်မင်းသော်တိုင်ချက် နောက်ကျသွားခဲ့ချပြီ။
ကားတွေကို မစစ်ဆေးမီ နှစ်နာရီကျော်လောက်ကတည်း က အညာသားကြီး ထမင်းဆိုင်ထဲမှ စနေထွန်းတို့ ထွက် သွားခဲ့ပြီး ဖြစ်၏။
ရဲက ဆက်လက်စုံစမ်းစဉ်တွင် စျန်မင်းသော်က မီရာကား နှင့် ခရီးဆက်ခဲ့သည်။
သူသာ နောက်တစ်နာရီလောက် ဆက်နေလိုက်လျှင် သူ့ ပတ်ဘလစ်ကာကားကို သူ ပြန်တွေ့ရမည် ဖြစ်သည်။
ရော်ဘာခြံ အလုပ်သမားအချို့က သေနတ်သံများကို သဲ့သဲ့ကြားရကြောင်း၊ ခြံထဲတွင် ပိုင်ရှင်မရှိ ရပ်ထားသော ကားတစ်စီးကို တွေ့ရကြောင်းဖြင့် ရဲစခန်းကို လာအကြောင်း ကြားကြသည်။
ရဲက လိုက်ကြည့်သည်။ ပတ်ဘလစ်ကာကားကို တွေ့ကြရ သည်။

မိုးရွာသဖြင့်ရှုပ်ယှက်ခတ်နေသောဖိနပ်ခြေရာများကိုလည်း စစ်ဆေးတွေ့ရှိရသည်။

ကားသွားကားလာတွေတော့ ရှိသည်။

ချန်မင်းသော်မှာ ထမင်းစားလိုစိတ် မရှိသဖြင့် နှိုးရာ လက်ဖက်ရည်ဆိုင် တစ်ဆိုင်သို့ဝင်သည်။ လက်ဖက်ရည်မှာ သောက်နေသည်။

သူ့လိုပဲ တခြားသူတွေကလည်း လက်ဖက်ရည်ဆိုင်ထဲမှာ ရှိ၏။

ချန်မင်းသော် လူတွေကို လိုက်လံစစ်ဆေးကြည့်နေမိသည်။ စနေထွန်းဟို့ ဝေရိတို့ကိုမျှား တွေ့လေမလားလို့။

သူနှင့် မလှမ်းမကမ်းတွင် သူတို့ကားပေါ်မှ စကီတစ်သို့က် ရှိသည်။

သူမတို့က ချန်မင်းသော် ရပ်ဆိုးပုံကိုကြည့်ပြီး ဟားနေကြသည်။ တကယ်လို့သာ ချန်မင်းသော်သည် သူမတို့ကြိုက်သော စာရေးဆရာတန်းတွင်ပါဝင်သည့် လူတစ်ယောက်ဟုဆိုသော် ဘယ်လိုရှိမည်လဲ။ နောင်တွင် သူ့ဝတ္ထုတောင် ဖတ်ကြတော့မည်မထင်။

သူမတို့သည် မော်လမြိုင်သွားမည့်လူတွေဖြစ်သည်။

ချန်မင်းသော် စီးလာတဲ့က မုတ္တမသို့သွားသော ကားဖြစ်သည်။ ချန်မင်းသော်၏ခရီးဆုံးက မုတ္တမလား၊ သထုံလားဆိုတာ မပြောနိုင်သေး။

သထုံသည် မော်လမြိုင်နှင့် ဖားအံလမ်း ခွဲရာမြို့။

စနေသည် ဝေရိကို ဘယ်အထိခေါ်ဆောင်သွားမည်မသိ။ သူ့စိတ်ထဲမှာတော့ သူ ပတ်ဘလစ်ကဲ့ကားနှင့် စနေထွန်း လစ်နေချေပြီဟု တွက်ထားပြီးနေပြီ။

အဲ့ဒီအချိန်မှာ ချန်မင်းသော်မှာ ကျိုက်ထိုသို့ ခရီးသည်တင် ကားတစ်စီးဖြင့် ရောက်နေပြီဖြစ်သည်။

ကားက မြို့လည်မှာရပ်သည်။

သူ့အလျင် အခြားဟိုင်းလက် ခရီးသည်တင် ကားတစ်စီး ကလည်း ထောက်နေသည်။ အနားတွင် ရန်ကုန်ပဲခူးကားဂိတ် ရှိနေသည်။

မိုး ဖွဲဖွဲကျနေချေပြီ။

ကျိုက်ထိုမှာ ကျိုက်ထီးရိုးဘုရားဖွင့်ချိန်သာ လူစည်ပြီး ခုလိုမိုးတွင်းအခါတွင် စည်စည်ကားကား မရှိလှ။

သူ ဆိုင်ထဲမှ စိတ်ပျက်စွာထွက်လာသည်။
မိုးဖွဲဖွဲကိုတောင် ဂရုမစိုက်နိုင်တော့ပါ။
မုပ္ပလင်ကျော်လျှင် မိုးဘည် အမြဲစွေနေတတ်၏။ ရွာလျှင်
လည်း မိုးကြီးတတ်သည်။
ခုမိုးတွင်းအစမှာတော့ တော်သေးတာပေါ့။
ချန်မင်းသော်စီးလာသောကား အလျင်ဦးစွာဆိုက်ထား
သော ဟိုင်းလတ်(စ်)ကားအနီးမှာ ခရီးသည်စုံပြီမို့ ထွက်
နေပြီဖြစ်သည်။
အဲသည်ခရီးသည်တွေက တခြားထမင်းဆိုင်၊ လက်ဖက်ရည်
ဆိုင်တွေမှာဝင်လာသော ခရီးသည်တွေဖြစ်၏။

ချန်မင်းသော် ငေးနေသည်။
ချက်ချင်းပဲ သူ့မျက်လုံးတွေ ပြူးကျယ်လာသည်။

ထွက်စပြုနေသော ကား၏ဘေးခုံတန်းနှင့် အလယ်
နောက်ဆုံးတန်းတွင် ထိုင်လိုက်ပါသွားသော သိမ့်နှင့်စနေကို
တစ်မုဟုတ်ချင်း မြင်လိုက်ခဲ့ရသည်။
ရုတ်ဘရက်သော် သူ ဘာလုပ်ရမှန်းမသိ။
ကားက တစ်ရှိန်ထိုး ထွက်သွားမှ သူ သတိဝင်လာသည်။
'ဟေ့....ဟေ့၊ စနေထွန်း'
သူလှမ်းအော်ခေါ်သည်။ သိမ့်နှင့်စနေထွန်း စကားပြော
နေတာလည်း ပါသည်။ ကားစက်သံလည်းကျယ်သည်။
သူ့အော်ခေါ်လိုက်သံက အချည်းနှီး။
'စနေထွန်း....စနေထွန်း'

သူအော်ရင်း ကားနောက်ပြေးလိုက်သွားသည်။ ကား ခြေ
နင်းတွင် လူနှစ်ယောက် ခိုလိုက်သွားရာ အဲ့သည်လူတွေက
စနေနှင့်သိမ့်တို့ကို ကွယ်ရပ်သလိုဖြစ်သွားသည်။
ချန်မင်းသော် ခေါ်သံကိုလည်းမကြား။
ချန်မင်းသော်ကိုလည်း သူတို့မတွေ့လိုက်ကြ။
ထိုနည်းတူစွာ ဘေးခုံက သိမ့်ဘေးတွင် ထိုင်လိုက်ပါသွား
သော ဝေရီကလည်းမမြင်။

ဝေရီ့စိတ်ထဲ ဒေါသူပုန်ထနေသည်။
စနေ ကတိမတည်။

ကျိုက်ထိုရောက်ခဲ့တာတောင် ငွေငါးသိန်းခွဲကို သူမလက်ထဲ
အပ်ဖို့ဝေးစွ၊ သူမကိုတောင် ဖားအံထိလိုက်ရမည်ဟု သေနတ်
နှင့် ခြိမ်းခြောက်ခေါ်သွားခြင်း ခံရသည်။
ဒါတွေကို ချန်မင်းသော်ခမျာ မသိတော့။
ချန်မင်းသော်မှာ အားမလို အားမရ၊ ကြိတ်မနိုင် ခဲမရ
နိုင် ကျန်ရစ်ခဲ့သည်။ ကားသည် ဝေးသွားသည်။
မြို့ထဲမှ အဝိုင်းကိုပတ်ပြီး မော်လမြိုင်လမ်းအတိုင်း သွား
ချေပြီ။
သူ့ကားဆိပြန်လာသည်။ ကားပေါ်မှလူတချို့က ပွစိပွစိ
ပြောနေကြသည်။
ကားစက်ပျက်လို့တဲ့။
မြတ်စွာဘုရား။ အရေးထဲအရာပေါ်ပြန်ပြီ။
သူတို့စကားမှန်သည်။

ဒရိုင်ဘာက ခေါင်းပြုံမေးသည်။ သူသည် အလုပ်ချိန် တန်းလန်းမှာ ရတုန်းရခိုက် ကြားဖောက်လိုချင်ဟန်တူသည်။

'ခင်ဗျားတို့ ဘယ်အထိသွားမလဲ'

'ဘီးလင်းအထိပဲ'

'ဘီးလင်းအထိလိုက်မယ်ဗျာ၊ ဘယ်လောက်လဲ'

ဒရိုင်ဘာက စက်ပျက်သော ခရီးသည်တင်ကားကို လှမ်း ကြည့်သည်။ ဈန်မင်းသော်အား အဲ့သည်ကားပေါ်မှ ခရီး သည်အဖြစ် ယူဆပြီးဖြစ်သည်။

'၄ ဒေါ်လာပေးဗျာ'

အကွက်ကောင်းနှိုက်သည်။

ဒရိုင်ဘာဘေးတွင် လူနှစ်ယောက်ပါနေသည်။

'ငါးဆယ်ဆိုရင် ကျွန်တော် ရှေခန်းကလိုက်မယ်'

'ဒီမှာနှစ်ယောက်ရှိပြီးသား'

'သုံးယောက်ရှိတယ်'

'မရဘူး၊ မလိုက်ချင်နေဗျာ'

ဒရိုင်ဘာက ခပ်တင်းတင်းဆိုသည်။ ဈန်မင်းသော်မှာ အရိုးများသော ချေးခါးသောလုပ်မနေနိုင်။

မျက်မှန်ကို လက်နှင့်ပင့်တင်၍ ငွေငါးဆယ် ထုတ်ပေး သည်။

ကားနောက်ပိုင်းမှ အထက်သို့တက်သည်။

ကားပေါ်မှ ကောင်မလေးတချို့က အရပ်ဆိုးသော ဈန်မင်းသော်ကို မနှစ်သက်သလိုကြည့်သည်။

ကားမောင်းသမားနှင့် ကားစပယ်ယာက ကားစက်ခေါင်း အဖုံးကိုပွင့်ပြီး ဟိုနှိုက်သည်နှိုက် လုပ်နေကြသည်။

'ဘက်ထရီဒေါင်းသွားပြီလား မသိဘူး'

စပယ်ယာ၏ပြောလိုက်သံ။

ဘက်ထရီဒေါင်းပြီဆိုလျှင်တော့ အက်စစ်ဖြည့်မှာ၊ ပါဝါ တိုင်းမှာ၊ ဖြုတ်မှာတပ်မှာနှင့်ဆိုတော့ အနည်းဆုံး မိနစ် နှစ် ဆယ် နာရီဝက်လောက် ကြာလိမ့်မည်။

သည်မျှလောက်အချိန်ကို ဈန်မင်းသော်အဖို့ အကုန်မခံ နိုင်....။

ဈန်မင်းသော် ဟိုဟိုသည်သည် ကြည့်သည်။ ငါးမိနစ် လောက်ပါကြာမည်။

ထရပ်ကားတစ်စီး မောင်းလာသည်။ ကားကောင်း ကား သန့်တော့ မဟုတ်ပါ။

ကားကိုယ်ထည်က ဟောင်းနွမ်းနေသည်။ စက်ကတော့ မဆိုး။

ဈန်မင်းသော် လက်ပြတားသည်။

ကားကရပ်သွား၏။

ကားက လမ်းခင်းအလုပ်သမားတင်ကား ဖြစ်သည်။ ကား ပေါ်တွင် နွမ်းပါးသော အဝတ်အစားတွေနှင့် လမ်းခင်း အလုပ်သမ အမျိုးသမီး လေးငါးယောက်နှင့် ယောကျ်ား သုံးလေးယောက် ပါသည်။

'ဘယ်လဲ'

စျန်မင်းသော်က ကျီးကြည့်ကြောင်ကြည့်နှင့် သွားဖြိုးပြသည်။

တစ်ယောက်က သူမကို ညုဆည်ဆင်ဟန်တူရဲ။
ဒိုင်းခနဲ မျက်စောင်းကြီးတစ်ချက် ပစ်ထိုးလိုက်သည်။

အင်း....အရုပ်ဆိုးတာကို ဆင်းရဲနွမ်းပါးသူကတောင် မနှစ်သက်ပါကလား။

သူမတို့ကြိုက်သော ရုပ်ရှင်မင်းသားသာဆို သည်လို မျက်စောင်းထိုးဖို့ဝေးစွ၊ ကားပေါ်ကိုတောင် လက်ဆွဲခေါ်ကြလိမ့်မည်ဆင်ပါသည်။

သို့တစေ....

စျန်မင်းသော်၏ ကိုယ်ကာယ၊ ဝတ်ထားသော နိုင်ငံခြားဖြစ် တီရှပ်နှင့် စကိုင်းဘလူး ဂျင်းရိုက်ဒါဘောင်းဘီကြောင့် အထင်တော့မသေးရဲကြ။

ယောကျ်ားလေးယောက်ထဲဘွင် နှစ်ယောက်မှာ စွပ်ကျယ်ချိုင်းပြတ်နှင့် လမ်းပြင်အလုပ်သမားနှစ်ယောက်။

ကျန်နှစ်ယောက်က သားသားနားနားနှင့် သူလိုခရီးသည်တွေ ဖြစ်ဟန်တူသည်။ တစ်ယောက်က ရုပ်သားနားသည်။ စကီကျလောက်သောရုပ်ဖြစ်၏။

အကြောင်းက အလုပ်သမား မိန်းကလေးတွေ၏ မျက်လုံးလေးတွေက အဲ့သည်လူဆီ မကြာခဏ အကြည့်ဝဲဝဲသွားတတ်ကြသည်။

စျန်မင်းသော်က သူ့အမေကို အပြစ်ဟင်လိုက်ချင်သည်။

မေမေရယ်....သားကို ဘာလို့ အကျည်းတန် အရုပ်ဆိုးကြီးမွေးခဲ့ရတာလဲလို့။

စျန်မင်းသော် သဘောကောင်းပါသည်။

အားလုံးကို ပြုံးပြပြီး ကား တစ်နေရာတွင် သွားထိုင်ချသည်။

ကားက အရှိန်နှင့်လှိမ့်မချပြီ။

မုပ္ပလင်မှ ကျိုက်ထိုအထိ လမ်းကြမ်းသော်လည်း သည်မှာဘက်တွင်တော့ လမ်းချောပါသည်။

'ဘယ်နှစ်နာရီထိုးပြီလဲ ကိုဘောကြီး'

'မင်းကလဲ ငါ့မှာ နာရီမှမပါတော့တာ ဝေလဆု'

'အေးဗျာ....ကျွန်တော်မေ့သွားတယ်'

သပ်သပ်ရပ်ရပ် လူနှစ်ယောက်က မတ်တတ်ရပ်ကာ ကားမောင်း ကက်ဘင်အမိုး၏ သံတန်းကို ဆုပ်ကိုင်ထားလျက်နေသည်။

လေတိုက်သဖြင့် သူတို့၏အင်္ကျီစနှင့် ဆံပင်တွေ တလူလူလွင့်နေ၏။

လမ်းဘေးမှာက လယ်ကွက်တွေ၊ ပြီးတော့ သစ်ပင်တွေ။

ဟိုအဝေးမှာက တောင်စွန်းတောင်စွယ်တွေ။

'အစ်ကို၊ ဘယ်နှစ်နာထိုးပြီးလဲ'

စျန်မင်းသော်တွင်လည်း လက်ပတ်နာရီ မပါလာပါ။ ရှိတာတွေကို ပန်ကာတို့လူစုလက်မှာ ကျန်ခဲ့ပြီမဟုတ်လား။

စျန်မင်းသော်က လက်မတစ်ချောင်းကို အောက်ဆိုက်ပြသည်။ နှုတ်မှလည်း....

'နာရီ မပါလာဘူး'

'ဟာ....ဒါဆို အိမ်မြောင်အောက်စိုက်နေပြီပေါ့'

ဝေလက ခပ်ရွတ်ရွတ်ဖြေသည်။ ပြီးမှ တီးတိုးသံနှင့်....

'ချီးမှပဲ၊ လူက အရုပ်ဆိုးလိုက်တာ၊ သရဲရုပ် မပေါက်ရုံ တမယ်ပဲ'

'ဘယ်သူလဲကွ'

ဘောဒေဝက နားစွန်နားဖျားနှင့် မေးသည်။ ထူတို့နှင့် ဈန်မင်းသော်က နီးနီးလေးပဲ။

လေကတိုက်နေတော့ စကားလုံးတွေက ဈန်မင်းသော်ရှိရာ ရွှေ့ရွှေ့ပါလာသည်။

'ဘယ်သူရှိမလဲ ကိုဘောကြီးရ၊ ကျွန်တော်တို့နောက်ကလူ ပေါ့၊ အရုပ်ဆိုးတယ်နော်၊ မျက်မှန်ကြီးနဲ့ဆိုတော့ ပုံစံကလဲ ရယ်စရာကြီး၊ အူကြောင်ကြောင်ရုပ်'

သူပြောတာကွေကို ဈန်မင်းသော် ကြားသည်။ စိတ်မဆိုး ပါ။ သူ့ရုပ်ကလည်း စာဖွဲ့လောက်ပေသကိုး။

'ဒါပေမယ့် သေသေချာချာကြည့်၊ သဘောကောင်းပုံ ရတယ်ကွ'

အမှတ်တမဲ့ ဈန်မင်းသော်ရှိရာ နောက်လှည့်ကြည့်ပြီးတော့ ဘောဒေဝကဆိုသည်။

'လူရဲ့ရုပ်ကိုကြည့်ပြီး စိတ်ဓာတ်ကို ဆုံးဖြတ်ရမှာက မှန်ကန်တာ မဟုတ်ဘူး၊ ရုပ်ချောပြီး စိတ်ဓာတ်ဆိုးတာတွေလဲ ပြည့်လို့၊ ရုပ်ဆိုးပြီး စိတ်သဘောကောင်းတာတွေလဲ ရှိနေကြတာပဲ ကိုဘောကြီး'

'အေး....ဟုတ်ပ၊ စနေထွန်းကြည့်ပါလား၊ ရုပ်ကလေးက ချောလိုက်တာ၊ သစ္စာကျတော့မရှိဘူး၊ စိတ်က တစ်ကိုယ် ကောင်းသမားစိတ်၊ အချင်းချင်းလဲ ပြန်ကလိန်ကျ....ထွီ....'

'ဒီကောင်လွှတ်သွားတာ နာတယ်ဗျာ'

'ငွေငါးသိန်းခွဲ ပါသွားတာက ပိုနာတာပေါ့ကွ'

'ကောင်မလေးတစ်ယောက်ကိုလဲ သူ ဘယ်က ကုတ်လာသလဲ မသိဘူး'

'ဒီကောင်က လူချောဆိုတော့ သူ့ကိုကြိုက်နေတဲ့ ကောင်မ တစ်ကောင် ဖြစ်မှာပေါ့ကွာ'

'တစ်ယောက်ကတော့ သူ့မိန်းမပေါ့နော်'

'သူခိုးလာတာ သိမ့်တဲ့ကွ၊ သူပေါင်းသင်းနေတာ လေးငါးရက်ပဲရှိဦးမယ်၊ သိမ့်က ညွှန်ကြားရေးမှူးတစ်ဦးရဲ့ သမီးလေကွာ၊ ကျောင်းတောင်မပြီးသေးဘူး ပြောတာပဲ၊ မိဘက ဒီမအေပေးနဲ့ သဘောမတူတော့ သူက အလစ်သုတ်လာတာ'

'ဒီကောင်ကကော ကျောင်းပြီးပလား'

'ဖွတ်....ဘာကျောင်းလဲ၊ တက္ကသိုလ်ဝေးလို့ အထက်တန်း ကျောင်းတောင် နေဖူးတဲ့ကောင် မဟုတ်ဘူး၊ ဒီစနေထွန်းဆိုတဲ့ ကောင်က လေးငါးခြောက်တန်းလောက်ပဲ တတ်တဲ့ကောင်'

'ရုပ်ကလေးကချောတော့ လူအထင်ကြီးအောင် နေတတ် ပြောတတ်တယ်နဲ့တူတယ်'

လမ်းဘေးတွင် ရော်ဘာခင်းကွေ တရိပ်ရိပ် ကျန်ခဲ့သည်။ ကျိုက်ထိုနှင့် ဘီလင်းကြားတွင် ရော်ဘာစိုက်ပျိုးမှုတွေ များသည်။

သူတို့ပြောတာတွေက ဈန်မင်းသော်အကွက် စိတ်ဝင်စားစရာတွေ ဖြစ်လာသည်။

ဈန်မင်းသော်က လူနှစ်ယောက်ကို လမ်းကြည့်သည်။ တစ်ဦး ဘစ်ယောက်ကိုမှ သူမမြင်ဖူးခဲ့ပါ။

သူတို့ စနေနှင့် ဘယ်လိုပတ်သက်နေသလဲ။

သူ့ကိုတော့ ဘောဒေဝတို့က သတိမပြု၊ ဂရုမစိုက်မိကြ။

ကားက တုံ့ခနဲရပ်သွားသည်။

သူတို့ကားရှေ့တွင် ဟိုင်းလတ်(စ်)ကားတစ်စီး ရပ်ထားသည်။ လူတချို့ ကားထက်မှ အောက်သို့ ဆင်းရပ်နေကြသည်။

လမ်းတွင် မိုးဖွဲဖွဲရွာတာက ရပ်သွားခဲ့ပြီး မိုးပဲ အုံ့နေသည်။

ထရပ်ကားက ဟွန်းတီးလိုက်သည်။

ဟိုင်းလတ်(စ်)ကားဘေးမှ လူတချို့ ဘေးကိုရှဲပေး သည်ကားဘီးပေါက်လို့ ကားဘီးလဲနေကြတာကိုး။

ဈန်မင်းသော် ထကြည့်၏။ ရင်ထဲတွင် အတွေးပေါက်သွား၏။

သည်ကားက စနေထွန်းတို့ စီးသွားသောကား မဟုတ်လား။

ဈန်မင်းသော်သည် လူအုပ်ထဲကြည့်လိုက်သည်။

'ဟာ....ကိုဘောကြီး၊ ဟိုမှာ....ဟိုမှာ စနေထွန်း မဟုတ်လား'

ဆင်းသွားသောလူအုပ်ထဲတွင် စနေထွန်းမပါ။

ကားနောက်ပိုင်း အလယ်နောက်ဆုံးခုံမှာ ဂျွိုင်းအိတ်အနီ လွယ်ထိုင်သော စနေထွန်းကို မြင်လိုက်ပြီးသည့် ဝေလက ဝမ်းသာအားရပြောသည်။

ဘောဒေဝကလည်း မြင်သွားပြီးဖြစ်သည်။

'ဟုတ်တယ်ကွ....ဟုတ်တယ်၊ စနေထွန်း....မအေပေးကောင်'

သူတို့နှစ်ယောက် တီတိုးပြောနေကြသည်။ ကားက လမ်းရပြီမို့ တရွေ့ရွေ့ထွက်နေသည်။

'ဆင်းမယ်ဗျာ၊ ဒီကောင့်ကို ဆင်းချမယ်'

'ဟေ့....ဝေလ၊ မဖြစ်ဘူးကွ၊ လူတွေနဲ့ကွ၊ တို့ ဘီးလင်းက စောင့်ကြည့်မယ်၊ တို့ကိုသာ သူမမြင်စေနဲ့'

'လမ်းတစ်ဝက်မှာလစ်သွားရင်'

'မလစ်ပါဘူး၊ ဒီကောင်တွေ ကားနံပါတ်ကို ငါမှတ်ထားတယ်၊ ဘီးလင်းမှာ ဒီကောင်ရောက်ရင် ငါတို့ ဆက်လိုက်ရုံပဲ'

ဈန်မင်းသော်မှာ သူတို့နှင့်အနီးဆုံးမို့ သူတို့ စကားကို ကြားနေရသည်။

သူကလည်း စနေထွန်းနှင့်တွေ့လျှင် ရှင်းဖို့ စိတ်ကူးပြီးသား။

ဒါပေမယ့်....

ဘောဒေဝတို့ ပြောစကားကို သူနားလည် သဘောပေါက်သည်။ သူဆင်းပြီး စနေထွန်းနှင့်ရှင်းလိုက်လျှင် စနေထွန်း ထင်ရာမြင်ရာတွေလုပ်မှာစိုးသည်။

သူ့လက်ထဲတွင် သေနတ်ကရှိပြီးသားလေ။

ကား၏ဒယ်ဆောင်ရာသို့ပဲ သူလိုက်သွားသည်။ ရွှေတွင် တောင်တစ်လုံး။

အဲ့သည်တောင်ကို ကျော်သွားသည်။

သူ့စိတ်သည် ဂုနာမငြိမ်တော့။ ကားနောက်ပိုင်းကိုချည်း လှမ်းလှမ်းကြည့်နေသည်။

ဘီးလင်းဝင်ကာနီးတွင် သိမ်ဖြူကျောင်း ကျေးရွာကို ဖြတ်သည်။

ရွာက စိုစိုပြည်ပြည် လှလှပပရှိသည်။

'ဒီမှာဆင်းစောင့်မလား'

'ဘီးပေါက်တဲ့ကားက ဒီမှာရပ်မှာမဟုတ်ဘူး၊ ထမင်းဆိုင် ရွှေတွေမှာရပ်မှာ၊ ဘီးလင်းထမင်းဆိုင်တွေ ငါသိပါတယ်'

ဘောဒေဝအသံက ခပ်ကြားကြား။

'ဘယ်ထမင်းဆိုင်အကောင်းဆုံးလဲ'

'ဘာလုပ်မှာလဲ'

'ကျန်တော်တို့ ထမင်းမစားရသေးဘူးလေ'

'စိတ္တသုခ ထမင်းဆိုင်က အကောင်းဆုံးပဲ'

စိတ္တသုခ ထမင်းဆိုင်ဆိုတာ ဘီးလင်းကားဂိတ်နားမှာ ရှိသည်။ လာသရွေ့ကားတွေ အဲ့လည်ဂိတ်မှာရပ်သည်။

စျန်မင်းဆော်မှာလည်း ထမင်းဆာနေပြီ။

ကားကရပ်လိုက်သည်။ ကားဒရိုင်ဘာ၏ ခရီးလှမ်းကလည်း ပြီးဆုံးသွားခဲ့ချေပြီ။

သူက မောင်းချစရာဘောင်မလို။

အလုပ်သမားတွေမှအပ လူတွေအားလုံး ဆင်းကြသည်။ ပြုံးကော့ စိတ္တသုခ ထမင်းဆိုင်သို့ တန်းဝင်ကြသည်။

ဆိုင်မှာ သပ်ရပ် သန့်ရှင်းလှပသော ပျဉ်ဆောင်အိမ်ဆိုင်ကလေး ဖြစ်သည်။ ထမင်းဟင်းကောင်းသလို ထမင်းဆိုင်ရှင်မှာ မိသားစုတွေ ဖြစ်ကာ ဖော်ရွေသည်။ မြို့စမှ ကောင်းသည်။

'အဲ့....ဟင်းတွေစုံလှချည်လား'

အသားငါး၊ ဟင်းသီးဟင်းရွက်ပါသော ဟင်းပေါင်းစုံကို ကြည့်ကာ ဝေလ ရေရွတ်သည်။

'ငါ ကားကိစ္စနဲ့ သထို ခဏခဏသွားရင် ဒီဆိုင် ဝင်စားဘဲပဲ၊ စျေးလဲချိုတယ်ကွ'

ဘောဒေဝက ကျူးရင့်သည်။

စျန်မင်းဆော်သည် မသိလိုက်မသိဘာသာ သူတို့စားပွဲနှင့် နီးရာ စားပွဲကုင်ဝင်ထိုင်သည်။

သူ့အတွက် ဟင်းမှာသည်။ သူ့စားပွဲမှာလည်း ဟင်းပန်းကန်တွေပြည့်သွားသည်။

ဆာဆာလောင်လောင်နှင့်ပင် စားလိုက်၏။

သူသည် စနေတို့နှင့် ချက်ချင်းမတွေ့တဲ့ ဘောဒေဝ ဘာလုပ်မည်ကို သိရှိရန် ထမင်းစားရင်း ဆုံးဖြတ်ချက်ချသည်။

ထမင်းကို ခပ်သုတ်သုတ်စားပြီးချိန်တွင် စနေတို့ပါလာလော ကားက တစ်နေရာတွင် ရပ်နေသည်ကို မြင်လိုက်၏။

အရေးကြီးတာက ငရဲ။

ဖျန်မင်းသော် ရင်ခုန်နေသည်။

ဖျန်မင်းသော် ကွန်ဒြေမပျက် လက်ဆေးသည်။ ဆိုင်ထဲတွင် လူတစ်ယောက်ရပ်နေသည်။ နွမ်းဖတ်နေသော စစ်တောဆောင်း အဝတ်ဦးထုပ်ကြီးဘစ်လုံးကို ဆောင်ထားသည်။

'မိတ်ဆွေ'

လှည့်ကြည့်သည်။

'ကျန်တော့် ကို ဒီဦးထုပ်ရောင်းလိုက်ပါလားဗျာ၊ မိုးရွာရင် ခေါင်းကို မိုးရေထိရင် ကျန်တော့် နာစေးတတ်လွန်းလို့ တစ်ဖက်လူက ဘာမှမပြောဘဲ သူ့ဦးထုပ် နွမ်းဖတ်ဖတ်ကြီးကို ချွတ်ကာ လှမ်းပေးသည်။

'ခင်ဗျားက ရောဂါသည်ဆိုတော့ ယူလိုက်ဗျာ'

'အလကားတော့မလုပ်ပါနဲ့၊ ကျန်တော် ပိုက်ဆံပေးပါ့မယ်'

တစ်ရာတန် ငွေစက္ကူတစ်ရွက်ကို ထုတ်ပေးသည်။ ဟိုလူသည် ပထမ ငြင်းမည်လုပ်ပြီးမှ ငွေစက္ကူကို လှမ်းဆွဲယူ၏။

ဖျန်မင်းသော်က မျက်မှန်ကိုဆွဲဖြုတ်ကာ ဦးထုပ်ကို ခပ်ငိုင်ငိုက် ဆောင်းလိုက်၏။

ရုပ်ဆိုးဆိုး မျက်နှာတစ်ဝက်ကို ဖုံးသွားသည်။

နီးရာကွမ်းယာဆိုင်တစ်ဆိုင်မှာ သွားရပ်သည်။ ကားဘက်ကို ကြည့်၏။

ဟော....ဟိုမှာ ဝေရီရယ်။

စနေထွန်းက ဘေးမှာရပ်နေသည်။

ဝေရီနှင့် ဆီမ် ဆင်းလာကြသည်။ စနေသည် သူ့ကိုယ်သူ လုံခြုံပြီဟု ထင်နေဟန်တူ၏။

ကွမ်းယာဆိုင်မှသော်လည်းကောင်း၊ ထမင်းဆိုင်ဝမှသော်လည်းကောင်း၊ စောင့်ကြည့်နေကြသော ဖျန်မင်းသော်နှင့် ဘောဒေဝတို့ကို မရိပ်မိ။

'ကြာတယ်ကွ၊ လာ....စာရင်းအခုသွားရှင်းမယ်၊ငွေမရရင်တော့ ဒီကောင် ဒီနေရာမှာ ကိစ္စတုံးပြီး ကြွပြီသာမှတ်ပေဆော့'

ဘောဒေဝ စိတ်ချုပ်တည်းနိုင်ဟန်မတူ။

'ကောင်းတယ်၊ လူလည်လုပ်တဲ့ကောင်ကို လည်သလို ရှင်းပစ်မှ'

ဝေလကလည်း ခံခဲ့ရသူမို့ စိတ်နာဟန်ရှိ၏။

ဖျန်မင်းသော်မှာ လူနှစ်ယောက်၏ အမူအရာကို ကြည့်အကဲခတ်ရင်း စနေထွန်း အန္တရာယ်ဝင်တော့မည်ကို စဉ်းစားမိသည်။

စိတ်သဘောကောင်းသူမို့ စနေထွန်းအတွက် စိုးရိမ်စိတ် ကလေး မသိမသာဝင်လာသည်။

သည်အချိန်အတွင်းမှာပဲ လူနှစ်ယောက်သည် ထမင်းဆိုင်ရှေ့မှ တစ်ဖက်သို့ကူးရန် ကားလမ်းဘက် ခြေလှမ်းစပြုသည်။

အဲသည်အတွင်းမှာ ဂျစ်ကားတစ်စီးက စနေထွန်းတို့နား ထိုးရပ်လိုက်သည်။

ကားပေါ်မှ လူနှစ်ယောက် ဆင်းလာသည်။

အဲ့သည်လူတွေက ပန်ကာနှင့် ဂွတို ဖြစ်သည်။ သူတို့လျင်လှသည်။

ဈေးသည်ကလေးတွေကြားမှဖြတ်သန်းကာ ဝေရီနှင့် သိမ့်နားသို့ ကပ်သွားသည်။

သူတို့လက်ပေါ်တွင် အဝတ်ဦးထုပ်တစ်လုံးစီ တင်ထားသည်။

မျက်နှာတွေက တင်းတင်း။

'နင်တို့ ပြေးလို့ လွတ်မယ် ထင်သလား၊ ကားပေါ်တက်ကြဝမ်း'

အသံတိုးတိုးကလေးနှင့် ကပ်ကြိမ်းသည်။

မမျော်လင့်သော ဖြစ်ရပ်က သူမတို့ကို ချောက်ချားသွားစေသည်။

'ကိုစနေထွန်း....'

ဝေရီ၏နှုတ်မှ အလိုလိုထွက်သွားသည်။

စနေထွန်းက လှည့်အကြည့် သူ့နား ခဲ့မောင် ကပ်သွားပြီး ဖြစ်သည်။

ခဲ့မောင်က စနေထွန်း၏ပခုံးတစ်ဖက်ကို လက်တစ်ဖက်နှင့် ဖက်ကာ လက်တစ်ဖက်က ရှက်ကိုင်ပဝါအုပ်ထားသော လက်မှ ဓားနှင့် နံဘေးကိုထောက်ထား၏။

'သူငယ်ချင်း....မင်း အန်တုမယ်မကြံနဲ့၊ မင်း နံဘေးကဓာက ခလုတ်နှိပ်ဓားနော်၊ ခလုတ်နှိပ်လိုက်တာနဲ့လက်ကိုင်ရိုးထဲက ဓားထွက်သွားပြီး ရှောသွားလိမ့်မယ်'

တိုးတိုးကလေးပင် ကပ်ကြိမ်းသည်။

သူတို့ဂျစ်ကားပေါ် ဆွဲတင်၍ မောင်းနှင် တွက်သွားကြသည်။

လူသုံးယောက်ကို လူလေးယောက်က ပြုံးစားကြီး ခေါ်တင် ထွက်သွားသည့်အဖြစ်က မြန်ဆန်လှသဖြင့် ဘေးလူတွေ မရိပ်မိကြ။

ဈန်မင်းသော်နှင့် ဘောဒေဝတို့သာ အံ့အားသင့်ကျန်ရစ်ခဲ့ကြသည်။

ဈန်မင်းသော်သည်ကွမ်းယာဆိုင်မှကမ်းပေးသောစီးကရက်ဘူးကို မကြည့်ဘဲ လှမ်းဆွဲရင်း ဘာလုပ်ရမည်ကို စဉ်းစားနေသည်။

စီးကရက်တစ်လိပ်ကို နှုတ်ခမ်းတွင်တပ်သည်။

ဂက်(စ်)လိုက်တာနှင့် မီးညှိသည်။

ကားက ဝေးသွားပြီ။

သည်အတွင်း ဘောဒေဝတို့က ကားလမ်းကို ဖြတ်ကူးသွားပြီ ဖြစ်သည်။

ဟိုင်းလတ်(စ်)ကား၏ မောင်းခန်းကိုကြည့်၏။

ဘောဒေဝ မျက်နှာဝင်းသွားသည်။စီယာတိုင်တွင် သော့က တန်းလန်း။

ကော်ပေါ်ကပါပဲလားဟေ့။

'ဝေလ....ကားပေါ်တက်'

အရေထူနေပြီ ဖြစ်သော ဝေလက မမေးမြန်းတော့ဘဲ ကားပေါ်တက်လိုက်သည်။ဘောဒေဝ တက်ပြီးသည်နှင့် ကား က ထွက်ပြီးသား။

တစ်ဖက်ထမင်းဆိုင်မှလူတွေ လှုပ်လှုပ်ရွရွ ဖြစ်နေတာကို တောင် ဗျန်မင်းသော် ဂရုမစိုက်နိုင်တဲ့ ဟိုဟိုသည်သည် ကြည့် သည်။

ဆိုင်ကယ်တစ်စီးက ထိုးရပ်လာသည်။

ဆိုင်ကယ်မောင်းလာတာက တစ်ယောက်။

'ညီလေး.....အစ်ကို့ကို အကူအညီတစ်ခု မေးပါလားကွာ'

'ဘာသဲ'

ဆိုင်ကယ်မောင်းသူက သူ့ထက်ငယ်သော လူငယ် တစ် ယောက်။

ဗျန်မင်းသော်က မိန်းကလေးနှစ်ယောက်ကို လူဆိုးတွေ ဖမ်းခေါ်သွားသည့်အကြောင်း တိုတိုနှဲ့လိုရင်းပြောကာ ဝေး ကွာသွားပြီဖြစ်သော ကားတွေကို လက်ညှိုးထိုးပြသည်။

'မင်းနဲ့ အစ်ကိုနဲ့လိုက်ရင် ဟီးရိုးဖြစ်သွားမှာကွ၊ မင်းရော ငါရော ရုပ်မြင်သံကြား ထဲမှာကော သတင်းစာတွေထဲမှာ ဓာတ်ပုံတွေ ပါလာမှာ၊ ကောင်မလေးတွေက ချောတယ်ကွ'

လူငယ်ဆိုတာ ကောင်မလေးတွေအတွက် ဟီးရိုးလုပ်ရမယ် ဆို အသက်ပင်သေသေ။

'အစ်ကို့ဟာ ဟုတ်ရဲ့လား'

'ဟုတ်ပါတယ်ကွာ....ဟိုမှာကြည့်'

ကားခိုးခံရသဖြင့် တစ်ယောက်တစ်ပေါက် အော်ဟစ်ဆူညံ ပြောနေကြသော လူတစ်သိုက်ကို ဗျန်မင်းသော် မေးငေါ့ပြ သည်။

'ကဲ....အစ်ကိုတက်'

ကောင်လေးနောက်က ခွထိုင်လိုက်ပြီးသည်နှင့် ယာမာဟာ ဆိုင်ကယ်က အပြင်းထွက်သွားသည်။

'ဟော....ဟော....ကားခိုးပြေးတဲ့ လူကွေနောက်လိုက်သွား ပြီ'

လူတစ်ယောက်က သူ့အထင်နှင့် ပြောကျန်ရစ်ခဲ့သည်။

လေသည် တဖျပ်ဖျပ်တိုးနေသည်။

ဆိုင်ကယ်ပေါ်မှ လူနှစ်ယောက်က ကတ္တရာလမ်းပေါ်မှာ အပြေးမောင်းနှင်ရာ ရွှေမှလာသော ကားတခို့ပင်ရပ်ပေးရ သည်။

'ဆိုင်ကယ်ကို မင်းအမေ့လင်လေယာဉ်ပျံလိုမောင်းရင်တော့ သခ်ၤာရောက်မယ်ဟေ့'

သည်းမခံနိုင်သောလူတစ်ယောက်၏ ကျန်ရစ်ခဲ့သောဒေါသ သံ။

ဘီးလင်းသကြားစက်မှ မီးခိုးခေါင်းတိုင်ကြီးတွေကို မြင်ရ သည်။

သကြားစက်က ကားလမ်းနှင့်တော့ ဝေးသည်။

ဘီးလင်းလမ်းမှာ လမ်းကောင်းသည်။

ရွှေမှ ကားနှစ်စီးမှာ လမ်းကွေ့မျှားတွင် ပျောက်သွား သည်။

ရှေမှာက တောင်ညို့ညို့။

တစ်ခါက အဲ့သည်တောင်ပေါ်မှနေပြီး အကြမ်းဖက်သမား တွေ လောင်ချာနှင့်ထုသည်ဟု စျန်မင်းသော် ပြောသံကြားဖူး သည်။

'မိန်းကလေးတွေက ဘယ်ကလဲ'

'ကိုယ့်နှမတွေ'

'ဗျာ'

'ကိုယ်တို့က ဖားအံကို အလည်လာတာ၊ ထမင်းစားမယ် လုပ်တုန်း လူဆိုးတွေက ခေါ်ပြေးတာပဲ'

'သူတို့ရည်းစားတွေက ခေါ်ပြေးတာဖြစ်မှာပေါ့'

'သူတို့မှာ ရည်းစားမရှိပါဘူးကွာ'

စျန်မင်းသော်ရုပ်ကြီးကို မြင်ပြီးသည့် ဆိုင်ကယ်သမားလေး ခမျာ လိုက်အားတောင်မရှိသလို ဖြစ်သွားသည်။

သူ့နှမတွေတဲ့။

သူ့လိုရုပ်ကြီးဆို ဘယ်လိုချောမှာဘုံး။

'သူတို့က ငါ့နှမတွေဆိုပေမယ့် နှမအရင်းတွေမဟုတ်ဘူးကွ၊ ဝမ်းကွဲတွေ၊ ငါ့ရုပ်နဲ့မတူဘူး'

ဆိုင်ကယ်သမားလေး၏ အတွေးကို စာရေးဆရာပီပီ တွေး ရိပ်မိသဖြင့် စျန်မင်းသော်က အဆင်ချောစကားလေးဆိုသည်။

အင်း....တော်သေးတာပေါ့။

'မင်း ဖိုက်ရဲရဲလား'

'ပဲခူးသားပဲဗျာ၊ အလကားမထင်နဲ့၊ ဆင်တောင်ငိုသွား မယ်'

အနံကြီးကွင်းကျယ် စကားပါလား။

'အေးကွာ....ဆင်မငိုရင် နေပါစေ၊ လူဆိုးတွေ ငိုသွားရင် တော်ပါပြီ'

ရှေကားမှာတော့....

'မြန်မြန်မောင်းဗျ၊ စနေထွန်းကြည့်ရတာ သူ့အဖွဲ့အစည်း တွေနဲ့ ဖြစ်လာပုံပဲ၊ ဘွေရင်တော့ ဘယ်နှစ်ယောက်ဖြစ်ဖြစ် ချဲ မယ်ဗျာ'

'မင်းသတ္တိကိုတော့ လေးစားပါတယ် ဝေလရယ်၊ အချဲ ကောင်းလို့ သူရဲကောင်းမဖြစ်ဘဲ သရဲလောင်းဖြစ်သွားမှာကို လဲ ထည့်တွက်ဦး၊ သူတို့က လူအုပ်များတယ်၊ သေနတ်တွေ ဘာတွေတောင် ပါရင်ပါမယ်'

'ကျုပ်မှာ ဓားပါတယ်၊ ခင်ဗျားမှာကော'

'မင်းကလဲ မေးနေပြန်ပြီ၊ ငါ့မှာလဲ မင်းလိုပဲပေါ့၊ ချီးမှပဲ'

ကားကို ဘောဒေဝမောင်းရင်းစိတ်မရှည်။

ရှေ့ဆုံးမှာတော့ စနေထွန်းတို့ကို လူလေးယောက်က ဝန်းရံ ထားသည်။ ကားကိုဇွဲထွန်းက မောင်းနေသည်။

ကျန်လူသုံးယောက်က မိန်းကလေးနှစ်ယောက်ထက် စနေ ထွန်းကို ပိုဂရုစိုက်ဆည်။

ကားမောင်းနေစဉ် သူတို့ ဘယ်က ရလာသည်မသိသော သေနတ်နှစ်လက်နှင့် ချိန်ထားကြသည်။

သည်အတွင်း စနေထွန်းကို ကားပေါ်မှာပဲ ပုင်းဝန်းထိုး ကြိုက်နေကြသည်။ စနေက သူ့မျက်နှာကို လက်တွေ တံတောင် တွေနှင့် ကာကွယ်နေရသည်။

ရွှေကားမောင်းခန်း ဇွဲထွန်းဘေးမှာတော့ မိန်းကလေး နှစ်ယောက်က ထိုင်နေကြရသည်။

စနေ၏ သေနတ်နှင့် ငွေအိတ်ကိုလည်း သူတို့ ရသွားကြသည်။

'တို့အပေါ်ကို လာကြောလို့ကတော့ မင်း မောရုံမကဘူး ရွှေသွားမယ်မှတ်'

ချမောင်က ကြိမ်းပစ်သည်။

'ကျွန်မယောကျ်ားကို ဘာမှမလုပ်ကြပါနဲ့၊ ကျွန်မတို့ လက်ဝတ်လက်စားတွေလဲ ရှင်တို့ရထားပြီးပြီ၊ အခုလဲ ငွေတွေ ရထားပြီးပြီ မဟုတ်လား၊ လူကိုဘာမှမလုပ်ကြပါနဲ့'

သိမ့်က ခံစားလာရမှုတွေ များလာတော့ သိပ်မကြောက် တော့ပါ။

ပြင်းထန်သော စကားလုံးတွေကို ဖွင့်ဆိုမိသည်။

'အေး....ကောင်မတွေ၊ နင်တို့ကို လူသေနဲ့လွှတ်ပေးခဲ့တာ၊ နင်တို့ဆေးပြိုအောက်မေ့နေခဲ့တယ်၊ အခုတော့ တစ်နေရာရောက် ရင် လူရှင်နဲ့လွှတ်ပေးမယ်၊ ဂုတို့က နင့်ကိုယ်ပေါ်က အမှတ် တစ်ခုကို ရှာချင်နေတယ်ဘဲ့ ငါမတားတော့ဘူး'

'ဟား....ဟား....ဟား ကိုပန်ကာကြီးပညာတတ်လာပြီဗျို့' ဂုတို့၏ ဘရားဗိုးလွှပ်သံ။

'ဟုတ်တယ်ကွ၊ ကောင်မတွေလျှာရှည်တော့ ငါ စိတ်မရှည် ချင်တော့ဘူး'

နောက်ဘက်မှ သူတို့ရန်သူတွေလိုက်လာတာကို သူတို့မရိပ်မိ၊ ကားကို ခပ်ပြင်းပြင်းမောင်းနေသည်။

နောက် နာရီဝက်လောက်ဆို သထုံကို ဝင်တော့မည်။

နေသည် တဖြည်းဖြည်း စောင်းကျနေပြီဖြစ်သည်။

'ရွှေမှာ စစ်ကားတွေရှိနေတယ်'

ရွှေမှာ တပ်မတော်သားတွေပါနေသော စစ်ကားသုံးစီး သွားနေ၏။

တပ်မတော်သားတွေကို မြင်တော့ ပန်ကာ မျက်နှာပျက် သွားသည်။

ကားမောင်းနေသော ဇွဲထွန်း ပြောစကားကို သူလိုက်နာဖို့ လိုသည်။

စစ်ကားတွေကိုမြင်တော့ သိမ့်ဆော ဝေရီပါ အားတက် သွားဘည်။

ရှေနစ်စဉ် ကောက်ရိုးတစ်မျှင်ထက်ဝါးပိုးဝါးကြီးကိုတွေ့ ရသလိုပါပဲ။

အနားကပ်သွားလျှင် သူမတို့အော်ဟစ်အကူအညီတောင်းဖို့ စိတ်ကူးပြီးဖြစ်သည်။

'စစ်ကားတွေကို ကျော်တက်လို့ မဖြစ်ဘူး၊သူတို့လမ်းမပေး ဘဲ ကျော်တက်ရင် ကြိုက်မှာမဟုတ်ဘူး'

ချမောင်က စစ်တပ်ကို ကြောက်ပုံရသည်။

'ငါ နားလည်ပါတယ်ကွ'

ဇွဲထွန်းက ပြောပြောဆိုဆို အရှိန်ကို လျှော့ချလိုက်လေ သည်။

တဖြည်းဖြည်းချင်း မောင်းနေသည်။ စစ်ကားတွေက ဝေးဝေးသွားသည်။

သိမ့်ဆော့ ဝေရီပါ စိတ်ထဲအားငယ်သွားကြရှာသည်။
တစ်ဖက်တွင် သစ်ပင်အုပ်တွေရှိသည်။
'အဲ့ဒီမှာပဲ ရှင်းပစ်လိုက်ကြပါစို့ကွာ'
စိတ်မရှည်မိသလို ပန်ကာက ပြောချလိုက်သည်။
ဝေရီရော သိမ့်ပါ တုန်လှုပ် ကြောက်ရွံ့သွားမိကြ၏။

ရွှေသို့သာ ဆက်သွားလျှင် ကျိုက်ကော်နှင့် သိမ်ဆိပ်သို့ ရောက်သွားနိုင်သည်ကို ဘောဒေ သိပြီးဖြစ်သည်။
ကျိုက်ကော်နှင့် သိမ်ဆိပ်က ဝေးလှတော့သည်မဟုတ်ပါ။
ပြီးတော့ သည်ရွာနှစ်ရွာက ဆက်နေသည်။
ကားက လမ်းဘေးသို့ ထိုးဆင်းသွားသည်။
'ကဲ...ဆင်းကြ'
ပန်ကာက သေနတ်ပြောင်းနှင့် စနေထွန်းနှံဘေးကို ခပ်နာနာ ထိုးလိုက်သည်။

တစ်ချိန်တည်းမှာ သေနတ်ကိုင်ထားပြန်သည့် ချဲမောင်ဆီးစပ်ကို တအားဘေးစောင်း ကျုံးကန်ပြီးဖြစ်သည်။

ဖုန်း....။

'အား'

ချဲမောင် ခံလိုက်ရပုံက လှလှမပ။

ငုတ်တုတ်ကလေးကို ထိုင်ကျသွားတာ။

ပန်ကာ့ဖလက်ကော ချဲမောင်လက်မှာဟ ဗလာ။

ဇွဲထွန်း ကားပေါ်မှ ခုန်ဆင်းလာသည်။ လက်တွင်းမှာက ခဲမြောင်။ နေရောင်ကဟပ်တော့ သံရောင်ကတဝင်းဝင်း။

'အမယ်လေး....အမယ်လေး'

သိမ့် ညည်းတွားသံလေးပေးကာ လက်ကလေးနှစ်ဖက် မြောက်ကာသည်။ မျက်နှာကလေးရှုံ့ကာ မကြည့်ရဟန်နှင့် ဇက်ကလေးပုကာ တစ်ဖက်သို့ မျက်နှာလွဲသည်။

'ဟိတ်'

ဇွဲထွန်း အော်လည်းအော်သည်။ ခေးနှင့်လည်း ပြေးမိုးထိုးသည်။ စနေ အသတ်အပုတ် ကျွမ်းကျင်တာ ခုမှပိုသိသည်။ သတ္တိရှိတာ ခုမှပိုသိသည်။

ဘယ်ခြေကို ရွှေသို့တစ်လှမ်းထုတ်၍ ကွေးညွတ်ပြီး သူ့လက်နှစ်ဖက်ကို ကြက်ခြေခတ်ကာ မိုးစိုက်ခေး လက်ကောက်ဝတ်အောက်ကို စနေက ဆတ်ခနဲဆီးခံလိုက်သည်။

ညာခြေထောက်နှင့် ဇွဲထွန်းနံဘေးကို ပတ်ခတ်ပစ်သည်။ ထိချက်ကယ်နာ အာလာလာ ဖြစ်သွားရှာသည်။

စနေထွန်းမှာ တစ်လမ်းလုံး စပ်ဖြီးဖြီး လုပ်လာခဲ့သည့်သည်အချိန်မှာတော့ တည်ငြိမ်နေသည်။

'ခင်ဗျားတို့ ကျွန်တော်တို့ကို သတ်လို့ တာအကျိုးရှိမှာလဲဗျာ'

'မင်းက ငါတို့လူတစ်ယောက်ကို ကားတိုက်သတ်ထားခဲ့မှတော့ မင်းကို လောကမှာ ထားလို့ဖြစ်ပါ့မလား၊ ကလဲစားဆိုတာ ကြားဖူးတယ်မဟုတ်လား'

'မဟော်တဆဖြစ်ရတာ'

သူတို့ တစ်ဦးချင်း ဆင်းလာကြသည်။

'ဒီလိုဆို....'

စနေထွန်း မြန်တာမှ အရမ်းကိုမြန်တာပဲ။

သူက နံဘေးတွင် ထောက်ထားသော လေးဆယ့်ငါးပစ္စတိုလ်ကိုင် ပန်ကာ၏ လက်ကောက်ဝတ်ကို ညာလက်ဝါးစောင်းနှင့် ဆတ်ခနဲ ခုတ်ထည့်ပစ်လိုက်သည်။

တစ်ချိန်တည်းမှာ ဘယ်လက်ဝါးစောင်းက ပန်ကာ၏ လည်မျိုထဲ ကန့်လန့်ဖြတ် ဝင်သွားခဲ့သည်။

ဘုံး....

ပန်ကာ လက်ကောက်ဝတ်တစ်ခုလုံး ကျိုးမတတ် ခံစားလိုက်ရသော်လည်း အလန့်တကြား နောက်ကိုဆုတ်လိုက်တာ ရယ်၊ စနေထက် သူ့အရပ်က နှစ်လက်မမျှပိုမြင့်တာရယ်ကြောင့် လက်ဝါးစောင်းက ရင်ဘတ်ကို ခုတ်မိသွားသည်။

အရှိန်မြင့်သည့်အသံ။

စနေထွန်းကို နောက်မှနေပြီး ဂွတို့က သိမ်းဖက်သည်။ စနေက ညာဘက်တောင်နှင့် ဂွတို့၏အရှိုက်ထဲကို လက်ပြန် ဆောင့်တွက်သည်။

ဂွတို့ နာသည်။

နာပင်နာသော်ငြားလည်း အာဘင်းဖက်သည်။

သည်အချိန်တုင် ပန်ကာရော ချမောင်ပါ ကုန်းကျုံး ထလာ၏။ ပန်ကာ၏မည်းကြုတ်သောလက်သီးကြီးက စနေ့မျက်ခွက်ထဲ ဝင်သွား၏။

'အောင်မယ်လေးဗျ'

နာလွန်းသဖြင့် အော်လိုက်သံ။

လက်သီးချက်ကြောင့် စနေ ခွေကျသွားပြီထင်သလား။

တကယ်ခွေကျသွားတာက ဂွတို့။

စနေ ဘယ်ကို ကိုယ်ရောမျက်နှာပါညွှတ်ရှောင်လိုက်သဖြင့် ပန်ကာ၏လက်သီးကြီးက နောက်ဘက်မှ သိမ်းကျုံးဖက်ထားသူ ဂွထို့၏မျက်ခွက်တုင်း ဝင်သွားခြင်းဖြစ်သည်။

ကားတစ်စီး ထိုးရပ်လာသည်။

ဘောဒေဝတို့ရဲ့ ဟိုင်းလတ်(စ်)ကား။

'ဟာ...ဖိုက်ပွဲဆော်ပွဲကြီးပါလား'

ဝေလ အလန့်တကြား ရေရွတ်လိုက်သည်။

ဘောဒေဝ ကြောင်ကြည့်နေသည်။ သို့သော် ချက်ချင်း အဓိပ္ပာယ်ပေါက်သွားသည်။

'လူတစ်သိုက်က စနေ့ဆီက ငွေတွေလုနေတာကွ'

'ဒါဆို ဘာလုပ်မလဲ'

ကားပေါ်မှ ဘောဒေဝ ဆုံးဖြတ်ချက်ချသည်။

'ငွေတွေကို တစ်ဖက်လူနောက်ကို အပါမခံနိုင်ဘူး ဝေလ၊ ပြီးဟေ့ စနေက ငါ့ဘော်ဒါကွ၊ ပါချင်းပါရင် စနေ့ဘက်က ပါရမယ်'

'ဟာဗျာ'

'လုပ်မနေနဲ့ဟေ့'

ဘောဒေဝ ကားပေါ်မှခုန်ဆင်းသည်။ သူဆင်းတော့ ဝေလလည်း မနေသာ။

အနီးဆုံးလူက ချမောင်ပဲ။

ချမောင် လည့်ကုပ်ကို ဘောဒေဝက လက်ဝါးဓောင်းနှင့် တအားခုတ်ချလိုက်သည်။

ဒုတ်ခနဲမြည်သံနှင့် ချမောင် ဇိုက်ကျသွားသည်။ ဝေလက ပန်ကာကို နှိပ်အုပ်သည်။

ပန်ကာ၏ညာဖြောင့်လက်သီးက အသင့်ကြိုစောင့်နေသည်ကို ဝေလ မမြင်။

ဝေလ နောက်လန့်ကျသွားသည်။

စနေက ပန်ကာ၏ပေါင်ခွကြားကို ပင့်ကန်ပစ်လိုက်သည်။ ပန်ကာ မျက်နှာကြီး ရှုံ့မဲ့၍ ပေါင်ကြားကို လက်ဖြင့်အုပ်ကာ ခွေကျသွားသည်။

သည်စဉ် ပိန်းကလေးနှစ်ယောက်က ကားလမ်းပေါ် တက်ပြေးသည်။

သူတို့ကို ပစ်ဖို့ ဂွတို့က သေနတ်တစ်လက်ကို ပြေးကောက်သည်။

စနေ မြန်တာမှသိပ်မြန်။

သူ့ နောက်ခါးကြားထဲတွင် ဓက်ထားသည့် စီအိုင်အေ ရဲတင်းကို ဂျာကင်အောက်ဘက်မှ ဆွဲထုတ်လိုက်သည်။

သူ့ရဲတင်းကို သိမ်ကလဲပြီး ဘယ်သူကမှ သိတာမဟုတ်။

စီအိုင်အေ ရဲတင်းနှင့် စနေက လှမ်းပစ်ပေါက်လိုက်သည်။

'အားရိုး'

ရဲတင်း အထိမှန်ခံလိုက်ရသဖြင့် ဂွတို အော်သည်။ လက်ကို ခါလိုက်သည်။ ကြောက်လည်းကြောက်သွားသည်။

ဘောဒေဝက ဂွတိုကို ပြေးကန်ပစ်လိုက်သည်။

'စနေ၊ ကားဆီကိုဟေ့....ကားဆီကို'

ဘောဒေဝ ကမန်းကတန်းပြောရင်း တစ်နေရာဘင် လွှင့်ကျနေခဲ့ပြီးသော ဂျွင်းအိတ်အနီကို ပြေးကောက်သည်။

စနေက လျင်မြီး ပါးပြီးသား။

ဟိုင်းလက်(စ်)ကားက ဝေလ စက်နှိုးပြီးလို့ အထွက်တွင် နောက်ဘက်မှ ကိုယ်ထည်တွင်းကို ခုန်ဝင်ပြီးဖြစ်သည်။

ဘောဒေဝကလည်း ပြေးလိုက်သွားသည်။ အဆင်သင့် ပွင့်နေသော ကားမောင်းခန်းထဲ ခုန်ဝင်လိုက်သည်။

ကားကပြေးနေသော မိန်းကလေးတွေနား ရောက်သွားသည်။

လာ....လာ၊ မြန်မြန်တက်'

ဖုန်တွေ၊ သွေးစတွေပေနေသော စနေထွန်း၏ စပ်ဖြီးဖြီး မျက်နှာနှင့် ဖိတ်ခေါ်သံ။

ဝေလက အလိုက်သိသည်။ ကားကိုရပ်ပေးသည်။

မိန်းကလေးနှစ်ယောက် တက်ပြီးသည်နှင့် ကားက တစ်ရှိန်ထိုး ထွက်သွားတော့သည်။

'ဟား....ဟား....ဟား....ဟား'

ဘောဒေဝ ရယ်သည်။ သူ့ရယ်ပုံက အောင်မြင်မှုလည်း ပါသည်။ ကြောက်စရာလည်း ကောင်းသည်။

သည်ရယ်သံကြောင့်ထင်၏။

သိမ့် သည်းမခံနိုင်တော့ပါ။

စနေ့ပါးကို ဖြန်းခနဲ တစ်ချက်ရိုက်ထည့်လိုက်သည်။

'ကိုကိုလုပ်ပုံတွေ့ လွှန်လွန်းပြီ၊ သိမ့်ပဲ မုဆိုးမဖြစ်မလား၊ ကိုကိုပဲ မုဆိုးဘိုဖြစ်မလား မသိဘူး'

'မုဆိုးမလဲမဖြစ်ဘူး၊ မုဆိုးဘိုလဲမဖြစ်ဘူး၊ ဖြစ်ခြင်းဖြစ်ရင် နှောင်ဘဝမှာ သရဲထီးနဲ့ သရဲမပဲဖြစ်သွားမယ်၊ ဘာလို့လဲ ဆိုတော့ ဟိုရှေ့မှာ သေမင်းနှစ်ကောင်ရှိနေတယ်'

စနေက ဘောဒေဝတို့ကို လက်ညှိုးညွှန်ပြသည်။

မသက်သာပါလားဟယ်။

ဝေရိက သက်ပြင်းချသည်။ နှုတ်မှလည်း....

'ဒါဆို တို့ပါ မသာကံထူးရှင်အဖြစ် အဆစ်လိုက်သေပေးရဦးမယ်ဗေ့လေ'

မသာကံထူးရှင်တဲ့။

အေးလေ....လူတွေဟာ သေရင်မသာပါပဲ။

မော်တော်ဆိုင်ကယ်ကတစ်ဟုန်ထိုးသွားနေသည်။ လမ်းမှာ ကားရော လူရောခြောက်သွေ့သည်။

ရှေ့ဆုံးက စနေထွန်းတို့ကို မြိမှမြိပါ့မလားလို့ စျန်မင်းသော်တွေးနေသည်။

စနေတို့ ဂျစ်ကားနှင့် သွားပုံထောက်လျှင် တစ်နေရာမှာ နဂိုကတည်းက စီစဉ်ခဲ့ပုံရသည်။

'ဆိုင်ကယ်ကိုရပ်ဦး....ဟိုမှာ ဘယ်သူတွေလဲမသိဘူး'

ဂျစ်ကားက လမ်းဘေးမှ အောက်ဖုန်တောထဲ ဆင်းရပ်ထားသည်။ တစ်ဖက်မှာက သစ်ပင်အုပ်တွေ။

ကောင်လေးက ဆိုင်ကယ်စက်ရှိန်ကို လျှော့ချသည်။

'ဗျင်းမယ်ဆိုလဲ ပြောနော်၊ ကျွန်တော် အချိန်ရရင် ထွက်ပြေးရမှာ'

'မင်းက ကြောက်သလား'

'ဟီးရှိးလုပ်မှာပဲဗျာ၊ မကြောက်ပါဘူး၊ ရင်နည်းနည်းတုန်နေတယ်'

ကောင်လေးအသံက ရယ်ကျဲကျဲအသံ။

'ဖိုက်စရာရှိ ငါဖိုက်မယ်ကွာ၊ မင်းဝင်မပါနဲ့'

'ဗွီဒီယိုကင်မရာ ပါမလာတာ နာတာပဲ'

'မင်းမှာ မျက်လုံးနှစ်ဆုံးရှိတာပဲ၊ ကောင်းကောင်းကြည့်ပေါ့ကွာ၊ အခွေငှားခ သက်သာပါတယ်'

စျန်မင်းသော်က အေးဆေးသည်။ လမ်းဘေးကွင်မော်တော်ဆိုင်ကယ် ရပ်သွားသည်။

သူအံ့အားသင့်သွားသည်။

လူတစ်စုမှာ သူဘယ်လိုမှ မချော်လင့်ထားတဲ့လူတစ်စု။

သူတို့မျက်နှာတွင် သွေးစသွေးနတွေ ပေနေသည်။ ခါးနှိပ်သူ နှိပ်၊ ထက်နှိပ်သူနှိပ်ဖြစ်နေကြသည်။

ခုကလေးတွင် ပွဲတစ်ပွဲပြီးသွားသည့်ပုံ။

စျန်မင်းသော်စိတ်ထဲ သဘောပေါက်သွား၏။ သူတို့ခေါ်သွားကြတာကိုး။

'ဘယ်သူတွေလဲမှတ်တယ်၊ မိတ်ဟောင်း ဆွေဟောင်းတွေပါပဲလား'

ပန်ကာတို့က စျန်မင်းသော်စကားကိုမတုံ့ပြန်နိုင်ဘဲ တစ္ဆေသရဲလို ကြည့်နေသည်။

စျန်မင်းသော်မျက်လုံးတွေက တစ်နေရာ ရောက်သွားသည်။

ဖုတ်တော့ထဲကျနေသည့် ပစ္စတိုလ်သေနတ်။

အဲ့သည်သေနတ်ကို ဂွတိုကောက်မည်ပြုပြီးမှ လက်ကိုရဲတင်းအမှန်ခံလိုက်ရသောကြောင့် မကောက်ဖြစ်ခဲ့သေး။

ရဲတင်းကိုပါ သေနတ်နှင့်အတူတွေ့ရသည်။

ဂွတိုက လှုပ်ရှားလိုက်သည်။ စျန်မင်းသော် လှုပ်ရှားလိုက်တာက ကြွက်တစ်ကောင်လိုသွက်ပြီး ကျားတစ်ကောင်လို အားရှိလှသည်။

သူ့ကိုယ်ကြီးက ရှိရင်းစွဲနေရာမှ ဖျတ်ခနဲ ပျောက်သွားသည်။

လေထဲကျွမ်းပစ်ကာ သေနတ်နှင့် ရဲတင်းကို ကောက်ယူသွားပြီးဖြစ်သည်။

'ဖျောက်....ဖျောက်....ဖျောက်....'

ဆိုင်ကယ်ရှင်ကောင်လေးက လက်ခုပ်တီးသည်။

'ဘရားဗိုး....ဘရားဗိုး....အစ်ကိုက တကယ်မိုက်တာပဲ'

'ဟား'

အရပ်ဆိုးတာ ပိုရုပ်ဆိုးအောင် ဈန်မင်းသင်္ကာ ပါးစပ်ကြီး ဖြဲ၍ လည်ချောင်းသံပေးသည်။

ဂွတိုမှာ ဘာလုပ်ရမည်မသိ၊ ယောင်ပေပေဖြစ်သွားသည်။ အားလုံးကပဲ ချိန်ထားသောသေနတ်ကို စိုက်ကြည့်နေကြသည်။ ဈန်မင်းလော်၏ ဘယ်လက်မှာ ရဲတင်း။ ညာလက်မှာ သေနတ်။

'စနေထွန်းတို့ ဘယ်မှာလဲ'

မေးသည်။ ရဲတင်းကို မြှောက်ပြသည်။

'အဲဒီ ရဲတင်းပိုင်ရှင်'

'ခွေးမသား မရှိတော့ဘူး၊ ပြေးပြီ၊ မင်းက'

'မှတ်မိတယ်မဟုတ်လား၊ ခင်ဗျားတို့နှိပ်စက်ခဲ့တဲ့ ဈန်မင်းသော်လေ'

ပန်ကာ၏မျက်နှာကို စေ့စေ့ကြည့်ဖြေသည်။

'ခင်ဗျားတို့ကို ဆုံးမမလို့ လိုက်ရှာနေတာ'

'မင်းက သေနတ်အားကိုး'

ဈန်မင်းသော်က ကောင်းကင်ကို မော့ကြည့်သည်။ အနောက်တောင်ထောင့်ဘက်မှ မိုးသားတွေ တက်စပြုနေပြီ။

နောက်ကားတွေလည်း လာကောင်းလာလိမ့်မည်။

သူက သေနတ်ဒင်ထဲမှ ကျည်ကပ်ကို ဖြုတ်ချလိုက်၏။ တစ်နေရာသို့ လွှင့်ပစ်လိုက်သည်။

လက်ညှိုးလေး ကွေးခေါ်လိုက်သည်။

'လာချင်တဲ့လူလေ'

ရဲတင်းကို ဆိုင်ကယ်ရှင်ဘက် ပစ်ပေးလိုက်၏။

'ညီလေး၊ ခဏစောင့်လိုက်ဦးကွာ၊ ပွဲတစ်ခုကို လက်စသတ်လိုက်ဦးမယ်'

သူလှည့်ပြောနေစဉ် ဗန်ကာက ပါးစပ်မှ ကြိုးဝါးအော်ဟစ်ပြီး လက်ကြီးနှစ်ဖက် မြှောက်ဝင်လာသည်။

ဈန်မင်းသော်သည် လက်ဝှေ့သမားတစ်ယောက်၏ ပုံစံအနေအထားကိုယူပြီး ညာထောက်သက်သီးကို ဦးစွာပစ်သွင်းလိုက်သည်။ လက်သီးက နှာခေါင်းနှင့် အရှိန်ပြင်းစွာ ဝင်နှက်ဆက်လိုက်၏။

ခေါင်းက နောက်ကိုလန်ထွက်သွားစဉ် ဘယ်ဘိုက်သက်သီးက လန်သွားသော မျက်နှာနံဘေးကို ဒိုင်းခနဲ ထိတွေ့လိုက်သည်။

နှစ်လုံးတည်းနှင့် ကိစ္စပြတ်သွားသည်။

'ဟဲ့....တော်တယ်၊ တော်တယ် ဘရားဗိုး'

'ကဲ.... နောက်တစ်ယောက်'

ဆိုင်ကယ်ရှင်၏ ချီးကျူးသံနောက်မှ ထွက်ပေါ်လာစာက ဈန်မင်းသော်၏ ဖိတ်ခေါ်သံ။

ဒုတိယလူက ခဲမောင်။

ခဲမောင်က ပြေးဝင်လာသော ဈန်မင်းလော်ကို ဘယ်ခြေ ညာခြေတွေနှင့် ဝိုက်ဝိုက်ကနဲပစ်သည်။

ဈန်မင်းသော် ငို့ချောင်သည်။

'မင်းတို့က ဒဋ္ဌနေတဲ့မြေပွေးကို လာထိတာကိုးကွ၊ မင်းတို့သိထားဖို့က စာရေးဆရာ ဗျန်မင်းသော်ဟာ လျှပ်စီးမဟုတ်ဘူး၊ မိုးကြိုးဆိုတာ မှတ်ထား၊ ငါက စိတ်ထက်လာရင် သွေးပူလာရင် သူများလို ကလောင်နဲ့၊ မထိတထိ မဆော်တတ်ဘူး၊ လက်နဲ့ပဲဆော်တတ်တယ်၊ အဲဒါသိထား'

သေနတ်ကို အဝေးစာစ်နေရာသို့ ကန်ပစ်လိုက်သည်။

ဖုတ်တွေ့ သောခနဲ ထသွားသည်။

မော်ဝေါ်ဆိုင်ကယ်ထွက်သွားသည်အထိ သူတို့ ကြည့်ကျန်ရစ်ခဲ့ကြသည်။

လျှပ်စီးမဟုတ်ဘူး။ မိုးကြိုးတဲ့ဗျာတို့။

ကြောက်စရာ စာရေးဆရာပဲနော်။

ခဲမောင် ညာခြေက လေကိုသာ ကန်မိပြီး ကိုယ်ယိုင်သွားခိုက် ဗျန်မင်းသော်က ဖျတ်ခနဲပုန်းကပ်လိုက်သည်။ သူ့ ဘယ်ညာ လက်သီးတွေက တဖတ်ဖတ်နှင့် တဲ့လုံးလက်သီးတွေအဖြစ် ခဲမောင် ထိုးကာလယ်ပိုင်းသို့ ဝင်သွားသည်။

'အီး...'

ညည်းသံသည်သာ ခဲမောင်၏အားကိုးဖြစ်၏။ ခဲမောင် လက်တွေ ကားပြီး အရုပ်တိုးပြတဲ့သလို ဒူးထောက်။ နောက် တော့ မှောက်လဲသွားသည်။

မြေပြင်သည် ဒေတ္တတော့ သူ့ကြင်ယာဖြစ်သွား၏။

'နောက်ထပ် မြေကြီးမှာအိပ်ချင်တဲ့လူ ထပ်လာခဲ့ဦး'

ဗျန်မင်းသော် တည်ငြိမ်စွာပင် ဖိတ်ခေါ်သည်။

'ဘရူးဗိုး.....ဘရူးဗိုး၊ လုပ်လိုက်ကွ၊ ချလိုက်ကွ၊ တော် တယ်ဟေ့'

ကောင်လေးက အော်ပြန်သည်။

ကျန်နှစ်ယောက်မှာ စနေထွန်း လုပ်ထားခဲ့တာကြောင့် နှာနေသည်။

ဗျန်မင်းသော်၏ လက်စွမ်းကိုလည်း ပြုံသွားခဲ့ကြသည်။

'ခင်ဗျား သူတို့နောက်ကို အမီလိုက်နိုင်ပါ့တယ်၊ ငွေတွေ ပါ ယူထွားတယ်၊ နောက် လူနှစ်ယောက်လဲ ပါသွားသေးတယ်'

ဇီထွန်းက မအီမသာပြောသည်။ ကျည်လွတ်သေနတ်ကို စောင်းငဲ့ကြည့်သည်။ သူတို့သည် ဘောဒေတို့ကို မသိပါ။

'သီထားပါတယ်ဗျာ၊ သီထားပါတယ်၊ သတို့တစ်နေရာမှာ ကားပြောကြရအောင်'

ကားမောင်းခန်းတွင်းမှ ဘောဒေဝန္ဒင့် ကားကိုယ်ထည် အပြင်ဘက် ခေါင်းထွက်မတတ် မျက်နှာထားကာ စနေတို့ အော်နေကြ၏။

'ဒီငွေကို နင်မယူတော့ဘူးဆို၊ ပေးလိုက်ပေါ့'

'ဟာဗျာ....ဒါလောက်ဒုက္ခခံလာရမှတော့ ယူရမှာပေါ့'

ဝေရီ မျက်နှာလေးစူသွားသည်။

'နင် ကတိမတည်ဘူး၊ ရွာမှာတော့မယူဘူးဆို'

'လူ့စိတ်ဆိုတာ တစ်မျိုးပဲဗျ၊ အကျဉ်းအကျပ်ကျနေတုန်း ကတော့ စိတ်တစ်မျိုး၊ ခုလိုအခြေအနေသာတော့လဲ စိတ် တစ်မျိုး'

'ဘာအခြေအနေသာတာလဲ'

'မဝေရီ၊ ခင်ဗျားမသိပါဘူး'

'ကိုကို့ဟာ လွန်လွန်းတယ်၊ ရန်ကုန်က စထွက်ကတည်းက ကိုကို့ဟာ သိမ့်တို့ကို တစ်လျှောက်လုံး ဒုက္ခပေးနေတယ်၊ ကိုကို မကောင်းဘူး'

သိမ့်မျက်နှာကလေးမှာ စိတ်ဆိုးသည့်အသွင်ကလေးအဖြစ် ကူးပြောင်းလာသည်။

စနေထွန်းက ရယ်ကျဲကျဲမျက်နှာလေးနှင့်....

'ကိုကိုလေ သိမ့်ကို သိပ်ချစ်ပါတယ်ကွာ၊ ကိုကို အခု လုပ်နေတာ သိမ့်ကို ချမ်းသာစေချင်လို့ပါ၊ ဒါတော့ယုံပါ'

'ဘယ်အထိ ရောက်အောင်သွားမှာလဲ'

'မင်း....အဝီစိထိသွားမလားး'

'မလုပ်နဲ့၊ လူ့ပြည်မှာ ဆီတွေစျေးတက်နေတယ်၊ အဝီစိ ကို သွားရင် အဝီစိဆီစျေးက လူ့ပြည်ထက် ပိုကြီးသွား မယ်'

'ဒါဆို သတို့ထိပဲ'

'ဆွေးနွေးမယ်ဗျာ'

'ဆွေးနွေးဖို့မလိုပါဘူး၊ မင်းတို့ ငါ့လက်ထဲမှာ'

'သိမ့် ဒီလိုလုပ်တာမကြိုက်ဘူး၊ ကိုကို အခု ဘာဖြစ်နေပြီလဲ သိလား၊ ရာဇဝတ်ကောင်ဖြစ်နေပြီ၊ လူတစ်ယောက်ကို ကားနဲ့တိုက်သတ်ခဲ့တယ်၊ မမဝေရီအဖေဆီက ကားကို လိမ်ရောင်းပြီး ငွေတွေယူခဲ့တယ်'

စိတ်လိုက်မာန်ပါပင် သိမ့်စကားလုံးတွေ လှိမ့်ထွက်လာ၏။ စကားလုံးတွေ၏ အရှိန်အဝါကို စနေ ခံစားလိုက်ရဟန်တူ၏။

ခဏတော့ ငိုင်ဆင်းသွားသည်။ မိန်းကလေးနှစ်ယောက်က မကျေမနပ် ကြည့်နေကြသည်။ ပြီးတော့မှပဲ စနေက သက်ပြင်းချ၍....

'စေတနာကဝေဒနာဖြစ်ရင် မတတ်နိုင်ဘူးသိမ့်ရယ်....ကိုကို့ရင်ထဲမှာ သိမ့်ကိုပဲ ငွေပုံပေါ်စံတာ မြင်ချင်တဲ့အတွေးရှိတယ်၊ ရာဇဝတ်ကောင်လို့ ကိုကို့ကိုမပြောပါနဲ့၊ ကိုကိုကားနဲ့တိုက်ခဲ့မိတာ မစောင်တဆတိုက်ခဲ့တာပဲ၊ အဲ့ဒီ တိုက်ခံရတဲ့လူဟာလဲ ရာဇဝတ်မှု ကျူးလွန်မယ့် လူတစ်ယောက်ပဲ၊ လူကောင်းမဟုတ်ပါဘူး'

'အင်း....ပြောပါဦး၊ လျှောက်လဲပါဦး'

ဝေရီက နှုတ်ခမီးမဲ့ခွဲ့ မစ်လိုက်သည်။

'မဝေရီအဖေဆီကကားကိုလိမ်တာ ကျွန်တော်မဟုတ်ပါဘူး၊ ကိုဘောဒေဝပါ၊ ကျွန်တော်က ကြံရာပါရှိတာပဲ၊ အဓိကက ကိုဘောဒေဝ'

'ကိုကိုဟာလေ....လျှာရှိးမရှိတိုင်း လျှောက်ပြောနေတာပဲ၊ ကိုကို့ရုပ်ကလေးနဲ့တောင် မလိုက်ဘူး'

'သိမ့် မကျေနပ်ဘူးလား၊ စောစောက ကိုကို့ ပါးတစ်ဖက်ကို သိမ့်ရိုက်ခဲ့ပြီးပြီ၊ မကျေနပ်ရင် နောက်ထပ် ပါးတစ်ဖက်ကျန်သေးတယ်'

စနေက ပါးကို ထိုးပေးသည်။ မျက်နှာက ဖြီးစပ်စပ်။

ဟင်း....သိပ်မုန်းတာ။

ဝေရီက မျက်စောင်းကြီးခဲပစ်လိုက်သည်။

သိမ့်ကတော့ ထိုင်ခုံတန်းကလေးကို လက်ချောင်းကလေးများနှင့် ဖိဆုပ်ထားသည်။ သိမ့်ရင်ထဲမှာ ခံစားနေရသည်။ ကိုကို့ကိုချစ်တာရယ်။ ကြေကွဲဝမ်းနည်းတာရယ်။ ကြောက်တာရယ်။

ကိုကိုရယ်....။ ဘာတွေလုပ်နေတာလဲ။

သိမ့်မျက်ဝန်းလှထဲ မျက်ရည်ကြည်တွေ စို့တက်ဝိုင်းလာ၏။ ဖေဖေ၊မေမေတို့ကိုလည်း သတိပိုရလာမိသည်။ မိဘရင်ခွင်ထဲမှာသာဆို သည်လိုအဖြစ်ဆိုးမျိုးတွေ ကြုံမည်မဟုတ်ပါ။

မျက်ရည်ကြည်ပေါက် တစ်ပေါက်က သိမ့်၏ မျက်ဝန်းတွင် ခိုနားတော့ပဲ လိမ့်ခနဲဆင်းစီးကျလာသည်။

'နင့်ပါးကို သိမ့်ကမရိုက်ရင် ငါက နင့်ပါးကို တီးပစ်ချင်တယ် စနေထွန်း'

ဝေရီ၏ ပေါက်ကွဲပေါ်ထွက်လာသံ။

စနေကဝေရီကို မျက်မှောင်တစ်ချက် ကုတ်ကြည့်လိုက်သည်။ ဆင်းခနဲအသံပေးကာ မရယ်ချင့်ရယ်ချင်ပြုကာ....

ဖြစ်လျှင်တော့ စနေတစ်ယောက် ကြုံကြိုက်စက်ထဲက ကြုံတတ်ထက်တောင် ပြားချပ်သွားလိမ့်ဦးမည်။

စျန်မင်းသော်ကို သတိရသည်။

သည် ကိုရုပ်ဆိုးကြီးလည်း အလကားပဲ။

ဘာမှ အားကိုးရတာမဟုတ်။

စာရေးတတ်တာ ရေးတတ်တာပဲရှိသည်။

အရေးအကြောင်းမှာ ယောကျ်ားချင်းလက်ရုံးချည် ယှဉ်လျှင် ခံဘက်ကချည်း။

မဆိမဆိုင် စျန်မင်းသော်ကိုပါ တွေးဒေါသဖြစ်မိသည်။

ကားက သထုံမင်းလမ်းမရှည်ကြီးမှ မြို့ကလေးသွားသောလမ်းမဘက် ရောက်လာသည်ကို စနေတို့ သတိမထားမိကြ။

ဘင်လို့ငရပ်ကွက်ထဲ ဝင်လာသည်။

လမ်းမတစ်နေရာတွင် ကားကိုရပ်လိုက်သည်။ စနေထွန်းတို့ဆင်းကြသေး။

သူတို့အလျင် ဘောဒေဝ ရောက်လာသည်။

လက်ထဲမှာတော့ ဂျုံငြိုးအိတ်နီကို တန်းလန်းဆွဲထားဆဲ။

'စနေထွန်း....ဆင်းကွာ၊ ပြေပြေလည်လည် ဆွေးနွေးရအောင်'

'ကျုပ်ကလဲ ဆွေးနွေးချင်တာပါပဲ၊ ဒါပေမယ့် လူလည်တော့ မကျနဲ့နော်'

'ဒီစကားကို ငါက ပြောရမှာပါကွ၊ ဟောဒီက ငါ့ညီမနှစ်ယောက်ပါ ဆင်းကွာ'

ဘောဒေဝ မျက်နှာရော လေသံပါ ချိုသာနေသည်။

'ကျုပ်ပါးကို ကျုပ်အမေနဲ့ သိမ့်ကလွဲပြီး ဘယ်မိန်းမကိုမှ ခွင့်ပြုတာမဟုတ်ဘူး၊ နှမ်းခွင့်လဲမပြုနိုင်ဘူး၊ ရိုက်ခွင့်လဲမပြုနိုင်ဘူး၊ ဒါ စနေထွန်း....

သူ့နဖူးကို ငနဲသားက လက်မနှင့် လက်ပြန်ထောက်ပြသည်။

'အမယ်....အမယ်'

'ကျုပ်ပါးကို ခင်ဗျားရိုက်ရင် ရုပ်ရှင်ထဲကမင်းသားတွေလို ငြိမ်ခံနေမယ် ထင်သလား၊ ခင်ဗျား ကျုပ်ပါးကို တီးရင် ကျုပ်က ခင်ဗျားပါးကို ပြန်တီးမယ်၊ သိလား'

'နင် လူရိုင်း....နင် အယုတ်တမာ'

'လူရိုင်း ဆိုတာတော့ ဟုတ်မယ်၊ အယုတ်တမာတော့ မဖြစ်နိုင်ဘူး၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားကို ကျုပ် ဒီအချိန်ထိ လက်ဖျားနဲ့တောင် မတို့မထိခဲ့လို့ပဲ'

'ဟင်း....'

ဟင်းသံနှင့် နှုတ်ခမ်းပါးနားရွဲ့မဲ့ကာ ဝေရီ မျက်နှာကို တစ်ဖက်လှည့်ပစ်လိုက်သည်။

'ကဲ....တော်ကြပါ....တော်ကြပါ....စိတ်ညစ်ရတဲ့အထဲ'

သိမ့်က ငိုသံပါကလေးနှင့် ဝင်အော်ပစ်လိုက်မှ နှစ်ဦးလုံး ငြိမ်ကျသွား၏။

ဝေရီသည် အမေ့သွားကလေးနှင့် အောက်နှုတ်ခမ်းနှိပ်ပြည့်ပြည့်ကလေးကို ကိုက်ထားသည်။

သည်နေရာမှာ ယောကျ်ားလေး ဖြစ်ချင်စမ်းပါဘိ။

ငွေတွေက သူ့လက်ထဲရောက်နေမှတော့ အချိုဆုံးအဖြစ်ကို ရောက်ရမှာပေါ့။

မိန်းကလေးနှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။

စနေက ကားပေါ်မှဆင်းချိန်တွင် ဝေရီက ဘောဒေဝ အား....

'ဟိုဆရာကြီး....ရှင်တို့ကိစ္စ ကျွန်မနဲ့ဘာမှမဆိုင်ဘူး၊ ကျွန်မ ကို စနေထွန်းက ဓားစာခံ ဖမ်းခေါ်လာခဲ့တာ'

'ဟိုအိမ်ပေါ် ရောက်မှပြောဗျာ၊ ဒီမှာလူတွေနဲ့'

'ကျွန်မ အော်လိုက်မှာနော်'

ဝေရီက တကယ်အော်ဟစ်တော့မည့်ဟန်ပြင်သည်။

ဘောဒေဝ လက်ကမြန်သည်။ စနေ၏သေနတ်ကို ဂျွိုင်း အိတ်ထဲမှ ယူထားပြီးဖြစ်ရာ အဲ့ဒီသေနတ်နှင့် ဝေရီ၏ နီးရာ တင်ပါးကို ထောက်လိုက်သည်။

'ဆိုဖာထဲ ကျည်မြုပ်သွားလိမ့်မယ်နော်....ဘာမှတ်သလဲ'

ဘောဒေဝ မျက်နှာက ချက်ချင်းတင်းမာသွားသည်။ စနေ ဘက်သို့လည်း လှည့်၍....

'စနေ....မင်းကောင်မကို မင်းကြည့်လုပ်ဦး၊ ငါလူသတ်မိ လိမ့်မယ်'

'ဟာ....ဒီအမျိုးသမီးက အဲ့ဒီလိုပဲဗျ၊ တစ်လမ်းလုံး ဂျီတိုက် လာတာ'

သူက ဝေရီဘက်လှည့်၍ ခပ်တင်းတင်းလေသံနှင့်....

'မဝေရီ....ဒီလူက ကျုပ်လို သည်းခံတဲ့လူ မဟုတ်ဘူးနော်၊ ခင်ဗျား ဒီသဆုံသချိုင်းမှာ စျန်မင်းသော်နဲ့မတွေ့ဘဲ နေခဲ့ရ လိမ့်မယ်'

သူက ပြောနေရင်း ဝေရီကို မျက်လုံးသေးတစ်ဖက် မှိတ်ပြ သည်။

သိမ့်က ဘာမှမပြောပေ။

ကျိုက်ထိုသို့မလာမီစပ်ကြားမှာ ရွာကလေး၌ သူမ နေ မကောင်းစဉ် ဝေရီ ပြုစုခဲ့တာတွေ၊ ဝေရီနှင့်စနေ မျက်နှာ ကြော မတည့်တာတွေကို ကြည့်ပြီး သူတို့နှစ်ယောက်အပေါ် တစ်ဖက်သတ် သံသယစိတ်တွေ ပျောက်သွားခဲ့ရပြီး ဖြစ်သည်။

အိမ်ကလေးတစ်လုံးရှိရာသို့ လမ်းမြောင်ကလေးတစ်ခုထဲမှ ဝင်ရသည်။

အိမ်ဝင်းကလေးမှာ ရှင်းလင်းနေသည်။

မွန်အမျိုးသားတစ်ယောက်ဘည်းသာ ရှိသည်။

ဘောဒေဝနှင့် သူသည် မွန်စကားနှင့် အနည်းငယ် ပြော သည်။

သူထွက်သွားမှ စနေက....

'ကိုဘောဒေဝ....ခင်ဗျား မွန်လို ပြောဘက်ဘယ်'

'ငါက ဒီသထုံမှာ ငယ်ငယ်ကလေးတည်းက နေလာဘာကွ၊ တတ်ဘာပေါ့ ဒါ ငါ့နယ်ပဲဟာ'

'ဩော်....ဩော်'

စနေ စကားမဆက်ပါ။

အိမ်ထဲတွင် အိမ်ထောင်ပရိဘောဂတွေ မွန်မွန်ထည်ထည် မရှိပါ။

ပက်လက်ကုလားထိုင်ဟောင်း တစ်လုံးသာ ထိုင်စရာရှိ၏။

'ထိုင်ကြကွာ....ကြမ်းပြင်ပေါ်ပဲ ထိုင်ကြ'

စနေ့က မထိုင်ဘဲ မတ်တတ်ပင် ပြောသည်။

'အခု ခင်ဗျားရထားတဲ့ ငွေတွေထဲက ဘယ်လောက်ပေးမလဲ'

'ဟား....မင်း အတော်ဟုတ်တဲ့ကောင်၊ ငါ့ကိုလဲ တီးသွားသေး၊ ငါ့ငွေတွေကိုလဲ ယူသွားသေး၊ မင်းက ဘာသဘောနဲ့ တောင်းတာလဲ'

'ဒီကောင် သိပ်လူလည်ကျတဲ့ကောင်'

ဝေလက ဒေါသနှင့်ပြောသည်။တံတွေးကို ပစ်ခနဲ ပြတင်းပေါက်ကျော် ထွေးပစ်လိုက်သည်။

'ခင်ဗျား ကျွန်တော် ဖိုက်နေတုန်း ဝင်ကူတော့ ခင်ဗျား ကျွန်တော့် အပေါ် အပေါင်းအသင်းစိတ်မကုန်သေးဘူးဆိုတာ သိပါတယ် ကိုဇောဒေဝရယ်၊ ဒါကြောင့် ကျွန်တော်က ကျွန်တော့် ဝေစုကလေးကို တောင်းတာပါ'

'ဟား....ဟား....ဟား....စနေ လူလည် အလိမ်ကြွယ်ဆိုတာ မင်းလို ကောင်မျိုးတွေပဲကွ၊ မင်းမို့ တောင်းရက်ပလေကွာ'

'ခင်ဗျားနဲ့ ကျုပ် လိမ်ခဲ့တာပါ၊ အလိမ်ကြွယ်တယ်ဆိုတာ ကျုပ် တစ်ယောက်တည်းမဟုတ်ဘူး၊ ခင်ဗျား ပါပါတယ်၊ သူ ပါ ပါတယ်ဗျ မဝေရီ'

'မင်းက ဘာမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကိုတိုင်တည် မနေစမ်းပါနဲ့ကွာ'

'ဘာမဟုတ်ရမှာလဲ၊ ဟုတ်ကိုဟုတ်ရမယ်၊ သူ ဘယ်သူလို့ ခင်ဗျား ထင်သလဲ'

'မိန်းမခေျာ မိန်းမလှလေးတစ်ယောက်ပေါ့ကွာ'

'ဦးရွှေကောင်းမွန်ရဲ့ တစ်ဦးတည်းသော သမီး ဆိုရှင်ကော'

ငြိမ်သွားကြသည်။ ခဏပါပဲ။

'ဘယ်သူက့၊ ပြန်ပြောစမ်းပါဦး'

'ရွှေကောင်းမွန်ကမ္ဘာကြီးသေဌေး၊ ရွှေကောင်းမွန်ကမ္ဘာကြီး ပိုင်ရှင် ဦးရွှေကောင်းမွန်ရဲ့သမီး တင်ဝေရီလှင်'

အိုးဂေါ့(ဒ်)။

မယုံကြည်သောမျက်လုံးများက တင်ဝေရီအပေါ် မိုးကျလာ၏။

'ဘာလဲရှင်၊ ရှင့်အကြည့်က ကျွန်မကို မယုံလို့လား၊ ရှင်တို့ မော်တော်ကားကိုလိမ်ပြီး ရောင်းခံလိုက်ရတဲ့ ဦးရွှေကောင်းမွန်ဟာ ကျွန်မရဲ့အဖေပဲ၊ အဖေက ရှင်တို့ကို သတင်းစာထဲက ထည့်ပြီး ကြော်ငြာခဲ့တာကော ပြောရဦးမလား'

'ဟာ....ဒါဆို ကျားရွှေ မှောက်လျှက်လဲတာပေါ့၊ တစ်ခါတည်း ကိစ္စဖြတ်လိုက်တာအေးမယ်'

ဝေလက လက်မြှောက်ခြေမြှောက်သမားမို့ အောဒေဝလက်ထဲမှ သေနတ်ကို လှမ်းဆွဲလိုက်သည်။

ခွပ်....

သူ့ခမျာ လေနတ်ကိုတောင် ထိနိုင်စွမ်းမရှိပါ။

သူ့ထက်လက်မြန်သော စနေထွန်း၏ လက်သီးတစ်လုံးက သူ့မေးကို လာထိတွေလိုက်သည်။ မျက်လုံးထဲ မီးပွင့်အောင် ခံလိုက်ရသည်။

'မင်း ငါတို့ကိစ္စထဲ ဝင်ပါစရာမလိုဘူး၊ ဒီအမျိုးသမီးကို လက်ဖျားနဲ့ထိဖို့ဝေးရော၊ ဉစ်မှားဖို့ စိတ်ကူးထဲ တောင် မထည့်နဲ့'

ဘောဒေဝကိုလည်း....

'ခင်ဗျားလူကို ကြည့်ပြောထား၊ ကျုပ်မျက်စိနောက်ရင် သည်းခံနိုင်မှာ မဟုတ်ဘူး၊ သူဟာကျုပ်လူ'

ဝေရှိ့ကို စကားအဆုံးမှာ မေးငေါ့ပြသည်။

အင်း....ဒါတော့လည်း စနေဆိုတဲ့ ကောင်လေးက ချစ်စရာ။

အားကိုးရဘာပဲ။

ဝေလမေးကိုပွတ်သည်။ အံကြိတ်သည်။ မျက်ထောင့်နီကြီးနှင့် ကြည့်သည်။ ဘောဒေဝ ရှိလို့သာပေါ့။ နို့မို့ တစ်ပွဲတစ်လမ်းပဲ။

'ဝေလ...မင်းမပါနဲ့၊ ဒီကိစ္စ ငါ့ဟာငါ ကြည့်ရှင်းမယ်'

သူက ဝေရှိဘက်လှည့်၍....

'ဦးရွှေကောင်းမွန် သမီးဖြစ်လဲ မင်းကို ငါဂရုမစိုက်ဘူး၊ ကိစ္စတွေက လွန်ကုန်ပြီ'

ဝေရှိက လက်ကလေးကို ဆူဖြိုးသော ရင်အုံရှေတွင် ခပ်ခန့်ခန့်လေး ပိုက်လိုက်၍ မထီလေးစားသံနှင့်....

'ဒါတော့ ရှင့်သဘောပေါ့၊ ဒါပေမယ့် ရဲလက်က လွတ်ကြလိမ့်မယ် မထင်နဲ့၊ ရဲက ရှင်တို့နောက်ကို လိုက်နေမှာပဲ'

'စနေရေ....မင်းဆိုတဲ့ သီချင်းအတိုင်း ငါ ဆို လိုက် မယ်နော်'

ဘောဒေဝက လှောင်တောင်တောင်ပြော၍ အသံနေအသံထားနှင့်....

'ကူညီပါရစေ....ကူညီပါရစေခင်ဗျ....ကူညီပါရစေ ကူညီပါရစေရှင့်'

'တိတ်စမ်းဗျာ၊ ခင်ဗျားအသံဆိုးကြီးနဲ့'

စနေက ပစ်ဟောက်လိုက်သည်။ ဘောဒေဝက ပခုံးတွန့်ကာ ငြိမ်ကျသွားသည်။ စနေသည် သူတို့အပေါ် မသိမသာလွမ်းမိုးနေသည်ဟု ဝေရှိ အကဲခတ်မိသည်။

'ခင်ဗျားတို့လိုချင်တဲ့ငွေ ရပြီမဟုတ်လား၊ ကျုပ်သေနတ်ကိုတော့ ပြန်ပေး'

'ဒါတော့ ဆောရီးပဲ၊ မင်း ဒီသေနတ်ကို ဘယ်ကရလာတာလဲ'

'ကျုပ် အရာရှိတစ်ယောက်အိမ်က ခိုးလာတာ'

စနေက အမှန်ကိုပြောလိုက်သော်လည်း ဘောဒေဝကမယုံ။ သေနတ်ကို ထောင်ပြ၍....

'အေးပါ....အဲ့ဒီအပြစ်ကို ငါပဲခံလိုက်ပါ့မယ်'

စနေက အမျိုးသမီးနှစ်ယောက်ဘက်လှည့်၍....

'ကဲ....သွားကြစို့'

'ကျွန်တော် သိမ့်ကိုချစ်တယ်၊ ရင်ထဲက ဖော်မပြနိုင်အောင် ချစ်တယ်၊ သိမ့်ကို ကျွန်တော်ယူယတဲ့စကား လုံးတွေ၊ ကြင်နာတဲ့ စကားလုံးလေးတွေကို သိပ်မပြောတတ်ဘူး၊ သိမ့်မိဘ ကိုထက်မှာ သိမ့်နေသလို ကျွန်တော်က ထားချင်တယ်၊ ဒါ ကျွန်တော့် အချစ်ပဲ'

သည်စကားလေးတွေက သိမ့်ကို ကြည်နူးသွားစေသည်။ သိမ့်က ကိုကို၏ လက်မောင်းကလေး တစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

'ကိုကိုရယ်...သိမ့်လေ ကိုကို့စေတနာ၊ ကိုကို့မေတ္တာ၊ ကိုကို့နှလုံးသားတွေကို သိပါတယ်၊ ဒါပေမယ့် မဟုတ်တာတွေ မလုပ်ပါနဲ့ကိုကို၊ ကိုကိုခံစားရရင် သိမ့်လဲခံစားရတာပါပဲ၊ ကိုကို မဟုတ်တာတွေလုပ်ပြီး သိမ့်ကို ဆိုဖာပေါ် မတင်ချင်ပါနဲ့၊ ငွေပုံပေါ်မထားပါနဲ့၊ သိမ့် ကိုကိုနဲ့နေရမယ်ဆိုရင် တစ်ပန်းကန်တည်း ဆန်ပြုတ်သောက်ပြီး ဖျာစုတ်ပေါ်မှာ နေနိုင်ပါတယ် ကိုကို၊ ခေတ်သစ်ကာကဝလ္လီယ မောင်နှံလုပ်နိုင်ပါတယ်၊ လုပ်ရပါဘဲ့ ကိုကိုရယ်'

သိမ့်စကားလေးတွေက တိုးတိုးကလေးတွေနှင့် အကြင်နာစကားလေးတွေ။

'တို့ဘာလုပ်ကြမလဲ စနေ'

'ကျွန်တော်တို့ ညအိပ်ခဲ့တဲ့ ရွာကိုပြန်သွားမယ် မဝေရီ'

'ဟဲ့....ဘာလုပ်မှာလဲ'

'ကျွန်တော့် ငွေတွေ သွားယူရမယ်'

'ငွေတွေ'

သူသည် လက်လျှော့အရှုံးပေးလိုက်ပုံရသည်။ သူတို့ထွက်သွားကြဘဘကို ဈာယ်သူကမှ မတားမြစ်ခဲ့ပါ။

လမ်းပေါ်ရောက်မှ သိမ့်က ဒေါသသံလေးနှင့်....

'ကိုကို လောဘကြီးလို့ ဒီလိုဖြစ်ရတာ၊ ကိုကို လောဘကြီးလို့ ဒီလိုဖြစ်ရတာ၊ အမုတော့ ဖွတ်မရ ဓားမဆုံးပေါ့'

'ဓားမဆိုတာ ဘာကိုပြောတာလဲ'

'ယေနတ်တစ်လက်ပါ အဆစ်ပါသွားတာပေါ့၊ ဒီသေနတ်ကို တစ်နေရာမှာ ဖျောက်ဖျက်ပစ်လိုက်ရင် ပြီးသွားပြီ၊ အခု ဒီသေနတ်နဲ့ ဟိုလူတွေက ဘာဆက်သပ်ဦးမယ်မသိဘူး၊ မဟုတ်တာတွေလုပ်ရင်တော့ ဒုက္ခပဲ'

'မပူပါနဲ့၊ သေနတ်ထဲမှာ ကျည်ဆန် သုံးလေးတောင့်ပဲ ရှိတယ်၊ အရာရှိကတော့ သေနတ်ပျောက်မှုနဲ့ ရဲကိုတိုင်မှာပဲ၊ သူတို့လက်ထဲမှာ သေနတ်ကို ရဲကိုတွေ့ခဲ့ရင် သူတို့ပဲခံပေါ့'

'စနေရယ်....နင်လုပ်ပုံတွေဟာ ထောင်နှုတ် ခမ်း ပေါ်လျောက်နေတာပါပဲလား၊ နင်မကြောက်ဘူးလား'

ပြောလိုက်လျှင် တုန်လှုပ်သွားပြောတတ်သော ဝေရီ့နှုတ်မှ သည်လိုထွက် ပသောစကားကြောင့် စနေ ဝေရီကို အံ့သြသွားသလို ငြည့်လိုက်သည်။

'ကျွန်တော်နဲ့ သိမ့်အတွက် အဆင်ပြေအောင် လုပ်တာပဲ၊ ဘာကြောက်စရာရှိသလဲဗျာ'

'မင်းဟာ မျက်ကန်းသမားတစ်ယောက်ပဲ၊ အချစ်အတွက် ဘာမှ မမြင်တော့ဘူး'

'ဟုတ်တယ်၊ ကိုဘောဒေဝတို့ရသွားတာ အနည်းအကျဉ်းပဲ၊ သူဂျုိုင်းအိတ်ကို ဆေသေချာချာ ဖွင့်မကြည့်လို့ပါ၊ ဂျုိုင်းအိတ်အောက်ခြေမှာသစ်သားတုံးကွေထည့်ထားပြီး ငွေတစ်သောင်းလောက်ကို ဂျုိုင်းအိတ်အပေါ်မှာ တင်ထားခဲ့တယ်၊ ဖွင့်ကြည့်ရင်တော့ ငွေစက္ကူတွေကိုပဲ အရင်တွေ့မယ်'

'မာယ်...နင့်ဟာက'

စနေလုပ်ပုံကို ချီးကျူးရပေးမှာ၊ ကဲ့ရှဲရမလားမသိ။

ဝေရီ ဘာပြောရမှန်းမသိဖြစ်နေသည်။

ဇာတ်လမ်းက ပြီးကိုမပြီးပြတ်သေးပါလား။

'မသွားပါနဲ့တော့ ကိုကိုရယ်'

'သွားမှဖြစ်လိမ့်မယ်သိမ့်၊ ရှာမှာ ပှက်ထားခဲ့တဲ့ ငွေတွေကို အဆုံးမခံနိုင်ဘူး'

'ဘောဒေဝတို့ လိုက်လာရင်ကော'

'လိုက်တော့ လိုက်ကြမှာပဲ၊ ဒီတော့...'

စနေက သူ့အိတ်ကပ်ကိုစမ်းသည်။ အိတ်ထဲတွင် လိုရမယ်ရ ထည့်ထားသော ငွေငါးရာကျော်လောက် ကျန်သေးသည်။

'ငါတော့မလိုက်ဘူး'

'မလိုက်လို့မဖြစ်ဘူး မဝေရီ၊ ဘောဒေဝက ခင်ဗျားကို တွေ့ရင် သတ်လိမ့်မယ်၊ ကျိုက်ထိုအထိ ကျွန်တော် ခေါ်သွားပေးမယ်၊ တိုရောက်တော့ခင်ဗျားဘာသာခရီးဆက်၊ ခင်ဗျားကို ကျွန်တော်ခေါ်ထာတော့ ကျွန်တော်မှာ တာဝန်ရှိပါတယ်ဗျာ၊ ခင်ဗျားအတွက် ကျွန်တော် စိုးရိမ်တယ်'

ဝေရီ ဘယ်လိုမှမပြောနိုင်။ မပြောနိုင်တာထက် မငြင်းဆန်နိုင်တာက ပိုပါလိမ့်မည်။

ဘာကြောင့် မငြင်းဆန်တာလဲ။

ဝေရီ သူမကိုယ်သူမ အံ့ဩမိသည်။

စနေက တွေ့ရသော ဆိုက်ကားနှစ်စီးကို လှမ်းခေါ်လိုက်သည်။

ဇာတ်လမ်းဆက်ရဦးမှာပါကလား။

ကြမ်းပြင်ပေါ် ဘုံးခနဲပစ်ချလိုက်သည်။

ဘောဒေဝ အတော်ဒေါသဖြစ်နေသည်။

စနေ လုပ်သွားပြန်ပြီ။

'ကျွန်တော် ခင်ဗျားကိုပြောသားပဲ ကိုဘောကြီး၊ ဒီကောင့်ကို မယုံပါနဲ့လို့'

ဝေလက ကြမ်းပြင်ပေါ်ကအိတ်ကို ပြောရင်း မတ်တတ်ကကုန်းကောက်သည်။ အိတ်ထဲတွင် သစ်သားတုံးတချို့ ကျန်နေသေးသည်။

ငွေစက္ကူတွေ ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲနေသည်။

'အေးပေါ့ကွာ၊ ယုံကြည်ခြင်းဟာ ကိုယ့်ဘဝအတွက် ဖရိုဖရဲဖြစ်စေတဲ့ သင်ခန်းစာတစ်ခုပဲ၊ ဦးရွှေကောင်းမွန်ဟာ ငါ့ကို

ယုံကြည်လိုက်လို့ ခံလိုက်ရတယ်၊ ငါက စနေထွန်းကို ငါပိုင်ပြီဆိုတဲ့ အတ္တသဘောနဲ့ ယုံလိုက်လို့ နှစ်ခါခံခဲ့ရတယ်'

'ခင်ဗျား အဘိဓမ္မာကြီးက နောက်ကျနေတဲ့ အဘိဓမ္မာကြီးပါ၊ ကိုယ်ညှဉ်လို့ ကိုယ်ခံလိုက်ရတာပဲ မဟုတ်လား'

ဝေလ ငွေစက္ကူတွေကို လိုက်ကောက်နေသည်။ အားလုံးနှစ်ရာတန်တွေချည်းဖြစ်သည်။ ရေတွက်ကြည့်တော့ ရွှက်ရေငါးဆယ်။

'တစ်သောင်းပဲရှိတာပဲဗျ....ငါးသိန်းခွဲထဲက ဒီတစ်သောင်းဆိုတာ ဆနဲ့တစ်ပြည်ထဲက ဆန်စေ့တစ်စေ့ပဲရှိတာ'

'မင်းအပြစ်တင်ရင်လဲ ငါခံရမှာပဲ'

ခပ်ပျော့ပျော့လေသံနှင့် ပြောပြီးအဆုံး ဘောဒေဝက ဆဲပါလေတော့သည်။

'ခင်ဗျားက ကောင်လေးနဲ့ မတွေ့ရင်တော့ ကြိမ်းလိုက်မောင်းလိုက်တာ လေကြီးမိုးကြီးပဲ၊ တွေ့ရင် ပျော့သွားကော၊ ဘာဖြစ်တာလဲ ကိုဘောကြီး'

'သိပါဘူးကွာ၊ ဒီကောင်လေးကို ငါ သံယောဇဉ်ပဲရှိနေသလား၊ သူ့ရုပ်ကလေးကြောင့်ပဲလားမသိဘူး၊ သူပါးချိုင့်ကလေးနှစ်ဖက်ခွက်နေအောင် ပြုံးလိုက်ရင်ရက်စက်ချင်စိတ်တွေရင်ထဲမှာ လျော့ပါးသွားသလားပဲ၊ သူပြောသလွှေ့လက်ခံ လိုချင်စိတ်ပဲရှိတယ်'

'အင်း....ခင်ဗျားအဖို့ မိန်းမသာဖြစ်ရင် ဒီလူမျိုးနဲ့တွေ့ရင်တော့ ဗိုက်ဖုံးအက်ရီတောင် ချွတ်ရမှာ မဟုတ်တော့ဘူး'

'တော်စမ်းပါကွာ'

ဝေလမျှလည်း ဂွတို့၏ လက်သီးချက်နှစ်ချက် မျက်နှာတွင် အပေးခံလိုက်ရလို့ ထူပူမှုးဝေသွားစဉ် ပန်ကာ၏တုတ်ကြီးက သူ့ခေါင်းပေါ် ကျလာသည်။

နှစ်ယောက်စလုံး သတိရလာတော့ ကြိုးပုံခံရပြီးသား ဖြစ်နေသည်။

သူတို့ သတိမေ့သွားတာ ခဏလေးပဲ။

ကြမ်းပြင်ပေါ်တွင် ပက်လက်။

သူတို့အပေါ်မှာက ငုံကြည့်နေကြသည့် လူလေးဦး၏ ခက်ထန်မာကျောကြောက်မက်ဖွယ်ရာ မျက်နှာတွေ။

ဘောဒေဝ ထမည်ပြုသည်။ ပန်ကာ၏ ဖိနပ်စီးထားသော ခြေထောက်ကြီးတစ်ဖက်က ရင်ဘတ်ကို ဖိနင်းထားသည်။

'မင်းတို့က ဘာမဆိုင် ညာမဆိုင် ဝင်ရှုပ်သွားတဲ့ကောင်တွေ၊ အေး....ငါတို့က လိုက်တဲ့နေရာမှာ အမဲလိုက်ခွေးထက်ဆိုးတယ်၊ ကိုက်တဲ့နေရာမှာလဲ အမဲလိုက်ခွေးကတောင် ပြန်အော်သွားမယ့် လူစားတွေ၊ မင်းတို့ကားကို့ တို့မြင်တာနဲ့ မင်းတို့ ဘယ်နေရာမှာဆိုတာ ငါတို့သိပြီးသား

ခင်....ခင်ဗျားတို့ ဘာလိုချင်သလဲ'

'ဘာလိုချင်သလဲ ဟုတ်လား၊ အေး.... မင်တို့အသက်ကို ငါတို့ လိုချင်တယ်ဆို ပေးမလား'

ဘောဒေဝ ငြိမ်နေသည်။

သည်စဉ် ဝေလ၏ ဝမ်းဗိုက်ကို ခဲမောင်က မညှာမတာ တက်နင်းချလိုက်သည်။ ဝေလ ထွန့်ထွန့်လူးပြီး အော်မိသည်။

'မင်းတို့နှစ်ယောက် ဘယ်သူ ခေါင်းဆောင်လဲ'

'ဒီပိုက်ဆံကွေ့ ခွဲယူမလား'

'အေး....ငါ့ကို ငါးထောင်ပေးထား'

ငွေငါးထောင်ကို ဆစ်မှုတ်ချင်း ရေတွက်၍ ဝေလက ပေးလိုက်သည်။ ပေးရင်းက....

'ခင်ဗျား ငြိမ်နေမလား၊ မလိုက်တော့ဘူးလား'

'ဟာ...လိုက်ရမှာပေါ့၊ ဒီတစ်ခါတော့ တကယ့်ကို အပြတ် ရှင်းရမှာ၊ ငါသည်းမခံနိုင်တော့ဘူးကွ'

သူတို့ မလိုက်ဖြစ်ခဲ့ပါ။

စစ်ထားသော တံခါးရွက်သည် ဝုန်းခနဲ ပွင့်ထွက်သွားသည်။ လူတစ်စု ဝင်လာကြသည်။

ဘယ်လိုမှ မမျှော်လင့်ထားသည့် လူတစ်စု။

လိုက်လာနိုင်ကြလိမ့်မည်ဟူလည်း မထင်။

ပန်ကာ၊ ချမောင်၊ ဇော်ထွန်း၊ ဂွတို့တို့ ဖြစ်သည်။

ဝင်လာကြသူတစ်စုကို့ကြောင်ကြည့်နေစဉ် လူလေးယောက်က သူတို့ကို ခွန်အုပ်လိုက်ကြသည်။

ကိန်းဂဏန်းအားဖြင့် လေးယောက်နှစ်ယောက်။

ထပ်ပြီး ကိန်းအရေအတွက်ခွဲမည်ဆိုလျှင် နှစ်ယောက် တစ်ယောက်ပဲ။

ချမောင်က ဘောဒေဝကို နောက်မှသိမ်းဖက်သလို ဇော်ထွန်းကလည်း ဝေလကို အတင်းဝင်ဖက်ချုပ်သည်။

အံ့သည်အရိုန်မှာ ပန်ကာက ပါလာသောတုတ်ဖြင့် ဘောဒေဝခေါင်းကို ရိုက်ချသည်။

'ကျုပ် မသိဘူး'

'အဲဒီကောင် ကျုပ်တို့ကို နှက်သွားတယ်ဗျ၊ ကျုပ်တို့က စာရေးဆရာ အလကားငပျော့ဆိုပြီးထားတာ ယမ်းပျော့နဲ့ လုပ်တဲ့ ဒိုင်းနမိုက်ပဲ'

'တောက်....အဲဒီကောင် ထပ်တွေ့ရင်တော့ မလွယ်ဘူးကွာ၊ သူ့ မျက်နှာအချပ်ဆိုးကြီးနဲ့ တစ်သက်လုံး စာရေးမရအောင် လိုလုပ်စမ်းယ်'

ပန်ကာက ကြိမ်းသည်။

'သူတို့ကို ဘယ်လိုလုပ်မှာလဲ'

ခဲမောင်က ပန်ကာတို့ကို မေးခွန်းထုတ်သည်။

ဘောဒေဝ စဉ်းစားနေသည်။ သူ သည်လူတွေကို အချို့သတ် ပေါင်းပြီး စနေထွန်းတို့နှင့် တွေ့ပေးကာ အလစ်မှာ ငွေတွေယူရုံပဲရှိသည်။

'ဒီလိုလုပ်ဗျာ၊ ခင်ဗျားတို့ ကျုပ်တို့ကို သတ်ပစ်လဲ အလကားပဲ၊ လွှတ်ပစ်ရင်လဲ ဘာမှမထူးဘူး၊ ကျုပ် ခင်ဗျားတို့နဲ့ ပေါင်းချင်တယ်၊ ငွေရလာရင် ညီတူမျှတူ အကျိုးခံစားတူပေါ့'

ပန်ကာတို့ တိတ်ဆိတ်နေသည်။ သူတို့လူစုသည် ဦးနှောက်တော့ သိပ်ရှိကြပုံမပေါ်။

သူတို့အထဲတွင် ပန်ကာကမှ နည်းနည်းစာတတ်ပုံရသည်။ သူတို့ကလည်း ပန်ကာပြီးလျှင် ပြီးမည့်လူစား။

ပန်ကာက သည်လိုစဉ်းစားသည်။

'သူ....သူ'

ဝေလက ဘောဒေဝကို ခေါင်းငဲ့ပြသည်။

ပန်ကာက ဒူးတစ်ဖက်နှိမ့်၍ ယင်းဒူးပေါ် လက်ဆောက် တင်လိုက်ကာ....

'မင်းတို့ယူသွားတဲ့ ငွေတွေ ဘယ်နှာလဲ'

'မရှိတော့ဘူး'

'ဘာမရှိဘော့ဘူးလဲ'

သူ့ မျက်လုံးဘေ့က ကြမ်းပြင်ပေါ်မှာ ရှိနေသော ငွေစက္ကူများကို မြင်သွားဖြို ဖြစ်သည်။

'ဒါ ငွေတွေမဟုတ်လို့ ဘာလဲ'

'ဒီငွေက နည်းနည်းလေးဗျ၊ ကျန်တဲ့ငွေတွေကို စနေထွန်းတို့ ယူသွားကြပြီ၊ ဒီငွေဟာလဲ ကျုပ်ငွေကျေပဲ'

'မင်းမညာနဲ့'

'ကျုပ်မညာဘူး၊ ကျုပ်မလိမ်ဘူး၊ ကျုပ်အကြောင်းပြော ရင် ခင်ဗျားတို့ ငိုတောင် ငိုသွားမယ်'

မိမိတို့၏ အကြောင်းကို ဘောဒေဝက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။ ဝေလကလည်း ဝင်ရောက်ထောက်ခံသည်။

'ဒါဖြစ်နိုင်ပါတယ်၊ အဲဒီ စနေထွန်းဆိုတဲ့ ကောင်လေး ကြည့်ရတာ ခပ်လည်လည်ကောင်လေးပဲ၊ လူကလဲ ခပ်သွက်သွက်၊ နေပါဦး၊ သူနဲ့တွဲတဲ့ ဈန်မင်းသော်ဆိုတဲ့ စာရေးဆရာကို သိလား'

ဇွဲထွန်းက သူ့မှတ်ချက်နှင့်သူပြောပြီး မေးသည်။ ဘောဒေဝ ပက်လက်ကနေ ခေါင်းခါပြသည်။

ဘောဒေဝတို့ကို မသတ်လို့လွှတ်ပေးခဲ့လျှင် ဘောဒေဝတို့က စနေထွန်းနောက်ကို မိမိတို့နှင့်သှဉ်ပြိုင်ပြီး လိုက်မည်။ မိမိတို့အတွက် အနှောင့်အယှက်ဘစ်ခု တိုးလာနိုင်သည်။

ဘောဒေဝက စနေထွန်း၏ အပေါင်းအသင်း ဆိုတော့ စနေထွန်း လှုပ်ရှားမှုတွေကို မိမိတို့ထက် ပိုသိနိုင်မည်။

ဘောဒေဝတို့နှင့် ပူးပေါင်းလိုက်ပြီး စနေထွန်းဆီမှ ငွေတွေ ရပြီဆိုက ဘောဒေဝကော သူ့လူကိုပါ ဖျောင်ပစ်ရုံပဲ ရှိသည်။

'ဘယ်လိုလဲ ကျုပ်အကြံ'

ဘောဒေဝကမေးတော့ ပန်ကာက ခေါင်းကို ညိတ်ပြသည်။

'ကောင်းပါတယ်၊ ကျုပ်တို့နဲ့ ပေါင်းရင်တော့ သစ္စာဖောက်မယ် မကြံနဲ့၊ ကျုပ် လူသတ်မှုနဲ့ ထောင်ကျခဲ့တာ နှစ်ခါရှိပြီ၊ လူတစ်ယောက်ကို သတ်ပြီးတဲ့လူဟာ နောက်ထပ် လူသတ်ရမှာ ဝန်မလေးတူး'

'ကျုပ်လဲ နွားခိုးသတ်မှုနဲ့ ထောင်ကျခဲ့တာပဲ၊ နွားတွေ သတ်ခဲ့ဖူးတဲ့လူဟာ လူသတ်ရာမှာလဲ လက်ယဉ်တာပဲကွ'

ဇွဲထွန်းက ခပ်တည်တည် ဟောက်ပြော ပြော၏။

'အေး....မင်းတို့ထက် ငါက ပိုပြီးဦးနှောက်ရှိတယ်၊ ငါ့ကို လာခြောက်မနေနဲ့၊ ဘောဒေဝတဲ့၊ ကြောက်တတ်တဲ့ကောင် မဟုတ်ဘူး၊ မင်္ဂလာတရားမှာတောင် ဘောဒေဝပုတ္တ အို နှတ်သားလို့တောင် အနက်အဓိပ္ပာယ်ရှိနေသေးတာ၊ မင်းတို့လောက်တော့ ဖွတ်ချီးပဲ'

ဘောဒေဝ၏ ရင်တွင်းကပြောနေသည်။

သူတို့ကို ကြိုးဖြေပေးကြသည်။

ပန်ကာက သူတို့လေးယောက်နှင့် ဘောဒေဝတို့ကို မိတ်ဆက်ပေးသည်။ ဘောဒေဝက ရယ်ရယ်ပြုံးပြုံးနှင့်...

'ကောင်းတယ်ဗျာ၊ ခင်ဗျားတို့နာမည်သိရတာ၊ ကျုပ်နာမည်က ဘောဒေဝတဲ့၊ ဒါက ကျုပ်သူငယ်ချင်း ဝေလတဲ့၊ မှတ်ထား၊ ခင်ဗျားတို့ကြည့်ရတာ တကယ့် ခြေသွက်လက်သွက်တွေပဲ'

ဘောဒေဝ၏ နောက်ဆုံးစကားလုံးကွေက ပန်ကာတို့လေးယောက်ကို သဘောကျသွားစေသည်။

'ကျုပ်တို့ လက်တွေ ခြေတွေသွက်တာ ရဲကြောက်လို့ပြေးနေရတာနဲ့ ခြေတွေသွက် လက်တွေသွက် ဖြစ်မှာပါ၊ ဒါထက် ခင်ဗျားနာမည်က ဘောဒေဝဆိုတော့ ဘယ်လိုနာမည်ကြီးလဲ'

'ဒီလိုဗျာ....ကိုဇွဲထွန်း၊ ကျုပ်က ဘောပွဲဝါသနာပါတယ်ဗျ၊ အလောင်းအစားလဲ ဝါသနာပါတယ်၊ ခေတ်ဟောင်းတုန်းက နိုင်ငံခြား ဘောပွဲတစ်ခု လာကန်တာမှာ အလောင်းအစား လုပ်လိုက်တာ ရဲက ကျုပ်ကိုမိပြီး လောင်းကစားမှုနဲ့ ထောင်ထဲပို့လိုက်တာပဲ၊ ကျုပ်နာမည်ရင်းက ဒေဝ၊ ဘောလုံးလောင်းကစားမှုနဲ့ ထောင်ကျတော့ ဘောလုံးဒေဝလို့ ခေါ်တာက နောက်ဆုံး ဘောဒေဝ ဖြစလာတာပဲ'

'အမယ်လေးဟဲ့၊ ဘောဒေဝရဲ့ ဖြစ်ကြောင်းကုန်စင်ပါလား၊ ခင်ဗျားနာမည်ကြီးက ဘောလုံးနဲ့ပတ်သက်လို့ပဲ၊ ဟို

ဟာကြီးနဲ့သာ ပတ်သက်လိုက်ရင်တော့ လမ်းတောင်လျှောက်နိုင်မှာ မဟုတ်တော့ဘူး၊ အဟီး....ဟီး....ဟိုး'

ဂွတို့က ဝင်ဟားသည်။

'သြော်....အဲ့ဒီအခါတော့လဲ ဘောလုံး အကြီးကြီး တန်းလန်းနဲ့မို့ ဘောကြီးဒေဝပေါ့ကွာ၊ ဟား....ဟား....ဟား'

ချမောင်၏ လိုက်ရယ်ဖြစ်သံ။ အားလုံး ရယ်ကြသည်။ ဘောဒေဝခမျာ စိတ်ထဲ အောင့်သက်သက် ဖြစ်သွားသော်လည်း ပဋိပက္ခ မဖြစ်ချင်တာကြောင့် သူတို့နှင့် လိုက်ရယ်ဖြစ်သည်။

ပန်ကာက သူ့ပခုံးကို တရင်းတနှီးပုတ်သည်။

'ခင်ဗျားလဲ ဒေါင်ထွက်ဘွဲ့လေးနဲ့ပါလား၊ ကျုပ်တို့နဲ့ တူသွားပြီဗျို့'

'ကဲဗျာ....ကျုပ်တို့ အခု ဘာလုပ်ကြမလဲ'

ဂွတို့ အရယ်ရပ်သည်။ မေးသည်။ ပန်ကာကလည်း မရယ်ဖြစ်တော့ဘဲ....

'ဟာ....ဘာလုပ်ရမလဲ၊ စနေထွန်းဆိုတဲ့ မအေပေးနောက်ကို လိုက်ရုံပေါ့'

'ဒီကောင် ဘယ်သွားမလဲ မသိဘူး'

'မပူပါနဲ့ ကိုဂွတို့ရယ်....မောင်ရင့်လူ ဖားအံဘက် မသွားနိုင်ဘူး၊ ကိုယ်တို့ကို လိမ်ခဲ့တော့ သူ့လာလမ်း သူပြန်ပြီး သူပြန်ပြီး သူဌက်ထားတဲ့ငွေတွေ ပြန်ယူရုံ ရှိမှာပေါ့'

ဘောဒေဝက တွေးပြောတော့ ပန်ကာက ဘောဒေဝ၏ ပခုံးကို ပုတ်ပြီး ချီးကျူးသည်။ တစ်ဆက်တည်း....

'ခင်ဗျားကို ချီးကျူးလက်စနဲ့ ကျုပ် ဆက်ချီးကျူးလိုက်မယ်၊ ခင်ဗျားဟာ စွန့်ရဲသူလို့'

'ဘာစွန့်ရဲတာလဲ'

'ငွေတစ်သောင်းလေဗျာ၊ ဒီငွေတစ်သောင်းကို ကျုပ်ယူထားလိုက်ပါ့မယ်၊ စရန်အဖြစ်ပေါ့ဗျာ....နော့'

ဘောဒေဝ ဘာမှမပြောဘဲ ခေါင်းကိုညိတ်သည်။

စိတ်ထဲမှာတော့ အောင့်သက်သက်။

သေချင်းဆိုး။

ညနေစောင်းစပြုနေပြီ။

ဆိုက်ကားနှစ်စီးကို သဆုံမြို့ပြင်ရောက်သည်အထိ နှင်းခိုင်းသည်။

'ဘယ်အထိသွားမှာလဲ'

စနေနှင့် ကျောခိုင်းကပ်စီးလာသော သိမ့်၏အမေးကို စနေက ဝရွတစိုက်ပင် ပြောလိုက်သည်။

'ရန်ကုန်အထိ'

'နောက်မနေစမ်းပါနဲ့ ကိုကိုရယ်'

'သဆုံမြို့ပြင်နားအထိပေါ့'

'ဘာလုပ်မှာလဲ'

'မြို့ထဲအထိဆိုရင် အောဒေတို့ နောက်က လိုက်လာနိုင်တယ်၊ မြို့ပြင်အထိဆို နောက်ရန်အားမယ်၊ တစ်နေရာကရပ်ပြီး ရန်ကုန်ဘက်သွားတဲ့ကား လှမ်းတားစီးရပါ့'

'မဖြစ်နိုင်ပါဘူး၊ ဒီအချိန် ခရီးသည်တင်ကားတွေမှာ မလာတော့တာ'

'မလာလဲ လာတဲ့ကားပေါ့'

သည်စဉ် နောက်မှ လိုက်ကပ်ပါလာသော ဆိုက်ကားပေါ်ရှိ ဝရီကို ဆိုက်ကားသမားက ဘယ်နေရာသွားမှာလဲဟု မေးနေသည်။

'ရှေ့က ဆိုက်ကားရပ်လဲ့အထိပေါ့၊ သူသွားရာနောက်ကို ရှင်လိုက်...'

သူဝဏ္ဏတည်းခိုခန်းကို ကျော်လွန်လာခဲ့ချေပြီ။

ပြေသပိတ်ဘုရားလမ်းထောက်ခါနီးတွင် မော်တော်ဆိုင်ကယ် တစ်စီးက ရွှေ့လာနေသည်။ ဆိုင်ကယ်က သူတို့ကိုအဖြတ်....

'ဝရီ....ဝရီ'

ဆိုင်ကယ်ပေါ်မှ အော်ခေါ်သံတစ်ခု။

ဝရီသည် နောက်ဘက်ကို လှည့်ကြည့်လိုက်၏။

'ရပ်လိုက်ဦး....ရပ်လိုက်ဦး'

ကြားနေကျအသံတစ်ခုကို မမျှော်လင့်ဘဲ ကြားလိုက်ရတာကြောင့် ဝရီ၏ နှလုံးသားတွေ ထင့်ခနဲတုန်သွားသည်။ ဆိုက်ကားကို ရပ်ခိုင်းမိသည်။

ဆိုင်ကယ်သည် လွန်သွားပြီးမှ အရှိန်နှေးသွားသည်။ ခဏ ရပ်သွားသည်။ ချက်ချင်းပင်စက်နှိုးကာ ဝေရီ့ဘက် ပြန်ကွေ့ထွက်လာ၏။

အို....ကိုရယ်။

ဆိုင်ကယ်မောင်းသူ လူငယ်နောက်မှ ခွစီးထိုင်လိုက်လာသောသူ၏ မျက်နှာကိုမြင်ရသောဝေရီအဖို့အတိုင်းမသိဝမ်းသာသွားရသည်။

ဆိုင်ကယ်သည် သူတို့အနားထိုးရပ်သွား၏။

'ကို'

'ဝေရီ'

တကယ်လို့သာ လမ်းမကြီးမှာမဟုတ်ဘဲ၊ တကယ်လို့သာ ဘေးလူတွေမရှိဘဲ ဖြစ်မည်ဆိုလျှင် ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲကလို စလိုးမိုးရှင်းမဟုတ်ဘဲ အလျင်အမြန်ပွေ့ကြ၊ ဖက်ကြ၊ နမ်းမိကြပါလိမ့်မည်။

ခုတော့....

မြန်မာပီပီ၊ မြန်မာ့ယဉ်ကျေးမှုနှင့်အညီ....

ကိုယ်ရှိန်သတ်....

အံ့အားသင့် အရိပ်အယောင်တွေဟပ်....

ဝမ်းသာခြင်းတွေနှင့်....

'ဝေရီ'

'ကို....ကိုရယ်'

သူတို့နှစ်ယောက်အကြည့်ကို ဆိုက်ကားနင်းလာသူက နားမလည်ဟန်နှင့် ကြည့်သည်။

'ကို....ဝေရီ့ကို လိုက်ရှာနေတာ'

'ဝေရီလဲ ကို့ကိုမျှော်နေတာ'

ဆိုင်ကယ်သမားလေးက သူတို့အဖြစ်ကိုတွေ့လျှင်....

'ဟာ....ဒီလူကြီး လုပ်ချလိုက်ပြန်ပြီ'

ကောင်မလေးတွေအတွက် ဟီးရိုးလုပ်ချင်သော ကောင်လေးမှာ စိတ်ဓာတ်ကျသွားပုံပဲ။

မိန်းမချော၊ မိန်းမလှလေးတစ်ယောက်နှင့် ကိုရုပ်ဆိုးကြီးကို ကြည့်ပြီးဘာတွေပတ်သက်နေပါလိမ့်ဟု တွေးနေသည်။

သည်အခိုက် ရွှေမှုရပ်သွားသော ဆိုက်ကားပေါ်မှ စနေတို့ ဆင်းလာကြသည်။

ဈေးမင်းသော်သည် စနေထွန်းကို မြင်တာနှင့် ပြေးသွားသည်။ စနေထွန်း၏ အင်္ကျီရင်ဘတ်ကို သူ့လက်ကြီးနှစ်ဖက်နှင့် ဆွဲဆုပ်၍....

'မင်း....မင်း'

အင်္ကျီရင်ဘတ်စကို ဆွဲခါ၍ လက်သီးရွယ်လိုက်သည်။

'ဟာ....ဆရာဈေးမင်းသော်ကလဲဗျာ ဒေါသချည်းပဲ၊ စာရေးဆရာဆိုတာ သိမ်မွေ့မှုမပေါ့'

သူ့မျက်နှာက ချိုတိုတိုစပ်ဖြီးဖြီး။

ပါးချိုင့်ကလေးနှစ်ဖက် ခွက်ဝင်အောင် ထပ်မံပြုံးပြလိုက်သည်။

'မင်းကွာ....'

'စာရေးဆရာပဲဗျာ၊ ဒေါသချုပ်မှပေါ့'

စနေ မျက်နှာပျက်သွားသည်။ ချက်ချင်း မျက်နှာပြင်၍...

'ခင်ဗျားလက်ထဲ ကျွန်တော် မဝေရိုကို ပြန်အပ်ခဲ့ပြီးပြီလေ'

'ဒါလောက်နဲ့ဟေ့ မပြီးသေးဘူး'

'ပြီးတာက ကျွန်တော်ပဲ၊ ခင်ဗျားထို့ဟာ ဘာတွေမှန်း မသိဘူး၊ ခင်ဗျားကြီး မဟုတ်တရုတ်တွေ ပြောခဲ့တယ်ဗျာ၊ ကိုယ့်မိန်းမကို နှမလေးဘာလေးနဲ့ ခင်ဗျားကြီး ဘာကောင်း ငဲ့လို့'

ဆိုင်ကယ်ရှင် ကောင်လေးက တစ်စခန်း ထလာသည်။ ဖျန်မင်းသော်က မျက်နှာပူပူနွေးနွေး တောင်းပန်ရသည်။

'ဆောရီးပါ ညီလေးရာ၊ ငါ့ညီ မြန်မြန်ကူညီအောင် အကူအညီ တောင်းရတာပါ၊ အစ်ကို့ကို စိတ်မဆိုးပါနဲ့ကွာ'

'ခင်ဗျားဟာ စာရေးဆရာပီပီ တော်တော်ဥာဏ်များတဲ့လူ'

'စနေထွန်း၊ မင်း ငါ့ကို ပြောချင်ပြော၊ စာရေးဆရာဆို တာ ထည့်မပြောနဲ့ကွာ၊ မင်းက ဘာလဲ'

ကိုယ် စာဓရေးဆရာဆိုတာကို လူမသိစေချင်။
ဒါတောင် ငနဲလေးက စပ်စုလိုက်သည်။

'စာရေးဆရာဆိုတော့ ကလောင်နာမည် ဘာလဲဗျ'

'ဖျန်မင်းသော်တဲ့ကွာ'

စနေက ဖျန်မင်းသော် မခံချင်အောင် ဝင်ပြောသည်။
ကောင်လေးက အံ့သြသလိုကြည့်လိုက်ပြီးမှ....

'ဟေ့ ....ငါတ ဘယ်စာရေးဆရာနဲ့မှ မတူတဲ့ စာရေးဆရာကွ၊ ပစီပစပ်လဲ မပြောတတ်ဘူး၊ သူမျာ့းကိုလဲ လိုက်အပ်ပဲ မချတတ်ဘူး၊ ငါဟာငါနေတာ၊ အေး.... ငါ့အပေါ် လာပြီး ထိပါးလာရင်တော့ တစ်ခါသည်းခံမယ်၊ နှစ်ခါသည်းခံမယ်၊ သုံးခါဆိုရင်တော့ လက်သီးပဲ'

'ငြိမ်သက်ခြင်းကို နှလုံးမူပြီး လေအေးလေး သုံးစမ်းပါ၊ ငြိမ်းအေးမှုကို ဦးစားပေးပါ ဆရာရယ်'

စနေက ကြောက်သလို လက်ကလေးနှစ်ဖက် ကာလိုက်၏။
စဆွေအပြုအမူကြောင့် ဖျန်မင်းသော် ရှက်သွားဟန်တူသည်။
အင်္ကျီရင်ဘတ်စကိုပွတ်၍ မကျေမနပ်သံကြီးနှင့်....

'မင်းမကောင်းဘူးကွာ၊ မင်းကြောင့် ငါ့မှာ ဘယ်လောက် ကယီလင်တိုင်သလဲ၊ အန္တရာယ်တွေ့ဘယ်လောက်ကျရောက်ခဲ့ သလဲ၊ မင်းစနေ့ပြီဟ်ပဲ'

'လွန်တာရှိ တောင်းပန်ပါဘယ် အစ်ကိုရာ၊ ဟိုမှာအစ်ကို့ ချစ်ချစ်လေး၊ ကျွန်တော် စကားတစ်မထိ ဆူးမငြို၊ မှုံတစ်ပေါက် မစွန်းအောင် စောင့်ရှောက်ခဲ့ပါတယ်၊ နော်....သိမ့်'

ငနဲက သိမ့်ကိုပါ တိုင်ထူလိုက်သည်။

'ဟုတ်လား ဝေရီ'

ဝေရီက ဖျန်မင်းသော်ကို ခေါင်းကလေးညိတ်ပြသည်။

'ကျွန်တော်တို့ သွားမယ်'

'မယွားနဲ့ဦး၊ ဆွေးနွေးစရာတွေရှိနေတယ်၊ မင်းလုပ်ထား ခဲ့တာတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးရမယ်'

ဖျန်မင်းသော် ယတိပြတ် ပြောချသည်။

'ဩော်....အစ်ကိုကစာရေးဆရာဖြစ်မင်းသော်ကိုး၊ အစ်ကို့ဝတ္ထုတွေ ကျွန်တော် အဆက်မပြတ်ဖတ်လာတာ ဒီနေ့အထိပဲ၊ တွေ့ရတာ ဝမ်းသာပါတယ်'

ဖြန်မင်းသော်သည် စနေကို မလိုမလားနှင့်မျက်မှောင်ကုတ်ကြည့်လိုက်သည်။ ကောင်လေးက စာရေးဆရာ ဖြန်မင်းသော်ဆိုတာ ချောချောလှလှ အောက်မေ့နေတာ အတော်အရွယ်ဆိုးတာပဲ ဘယ်လိုပါလိမ့်ဟု စဉ်းစားနေသည်။

ဖြန်မင်းသော် မျက်မှန်ကို ပင့်တင်ရင်း....

'အေးကွာ....ကိုယ့်စာဖတ်ပရိသတ်နဲ့ တွေ့တော့ ကိုယ်ဝမ်းသာပါတယ်ကွာ၊ မင်းကိုယ့်ကိုဘူညီဘာသဲ ကျေးဇူးတင်ပါတယ်'

သည်ထက်တော့ ပိုပြီးပြောစရာ အကြောင်းမရှိပါ။

ဆိုက်ကားသမား တစ်ယောက်ကမူ စာပေသမားမဟုတ်သောကြောင့် စာရေးဆရာဘဲ၊ ဘာတွေရေးပါလိမ့်။ သူ့ရှပ်နဲ့ဆိုတော့ သရဲဝတ္ထုမျှား ရေးသလားဟု တွေးနေသည်။

ကောင်လေးက ဟီးခနဲ ရယ်လိုက်ရင်း....

'အစ်ကို ဂမ်းမှာ ပြောခဲ့တာ မကြားတကြား ဖြစ်ခဲ့လို့ ဘာမှန်းမသိလိုက်ပါဘူး အစ်ကိုရာ၊ အစ်ကိုက လျှပ်စစ်မဟုတ် ဘဲ မီးကြိုးဆိုတာပဲ ကြားလိုက်ဘယ်၊ ကျွန်တော့် တစ်သက်တော့ အစ်ကို့ပွဲကလေးကို မမေ့ဘူး၊ သွားမယ် အစ်ကိုရာ'

ကောင်လေးက မော်တော်ဆိုင်ကယ်နှင့် ထွက်သွားသည်။ စနေကလည်းလှည့်ထွက်မည်ပြုစဉ် သူ့လက်မောင်းကို ဖြန်မင်းသော်က ဖမ်းဆွဲလိုက်သည်။

'မင်းနဲ့ငါ ရှင်းစရာတွေ ရှိသေးတယ်'

'လမ်းမလယ်ကောင်ကြီးမှာဗျာ'

'ဒါဆို ငါနဲ့လိုက်ခဲ့၊ ဟောဟို မြေသိမ်တံတားလမ်းထဲက အိမ်တစ်အိမ်ကို သွားမယ်၊ အဲ့ဒီအိမ်က ငါ့အသိ စာဖတ်ပရိသတ်တစ်ဦးရဲ့အိမ်ပဲ'

'ခက်လိုက်တာ ကိုဖြန်မင်းသော်ရာ'

'မခက်နဲ့၊ မင်းလဲ ဆိုက်ကားပေါ်တက်၊ ငါလဲ ဝေရှိန်နဲ့ ဒီဆိုက်ကားပေါ်တက်မယ်'

'ကိုက ဘာလုပ်ဦးမလို့လဲ၊ သူတို့သွားမယ့်ဟာ သွားပါစေလား၊ စနေထွန်းဟာ စနေပြိုဟ်၊ ခုမှ စနေပြိုဟ်စက်ကွင်းက လွတ်ခါစ'

'ဝေရှိရာ....ဝေရှိမသိပါဘူး၊ စနေမင်းဆိုက်ကားနဲ့လိုက်ခဲ့၊ ထွက်ပြေးမယ်တော့ မစဉ်းစားနဲ့၊ ငါပြီးခဲ့တဲ့ နှစ်ဆယ့်လေးနာရီက ဖြန်မင်းသော် မဟုတ်တော့ဘူး'

ပြီးခဲ့တဲ့ နှစ်ဆယ့်လေးနာရီက ဖြန်မင်းသော် မဟုတ်တော့ဘူး ဆိုပါကလား။

သည်စကားလေးက စနေထွန်း၏ ရင်ထဲတွင် ကျိတ်ပြီးပြုံးသွားစေသည်။ ဖြန်မင်းသော် သဘောကောင်းမှန်း သိသည်။ သူ့ကို မလှန်နိုင်မှန်းလည်း သိသည်။

စနေ သူ့ဆိုက်ကားပေါ်တက်၏။

သိမ့်က စိတ်ဆိုးမာန်ဆိုးနှင့်....

'အဲဒီအိမ်က ထန်းရည်ရောင်းတာ သိပ်ကောင်းတာဆရာရဲ့၊ နှက်စင်ကုန်းထက် အဲဒီမှာ ပိုကောင်း ပိုစစ်တယ်၊ ဆရာသောက်ချင်ရင် လိုက်ပို့ပေးမယ်'

'နောက်မှပဲဗျာ၊ အခု နဲ့ည်းနည်းကိစ္စလေးတွေရှိသေး'

ဒါပဲ စျန်မင်းသော်ကပြောသည်။ လမ်းထဲ ချိုးဝင်ခဲ့ပြီး ဝင်းခြံတစ်ခုရှေ့တွင် ရပ်သည်။ စနေတို့ ဆိုက်ကားလည်း ရပ်၏။

'ကိုကိုလုပ်လိုက်ရင် သူ့းလေရာမှာ အနာရွတ်ထင်ကျန်ခဲ့တာချည်းပဲ၊ ခုလဲ မြေကိုက်ဦးမလား မသိဘူး၊ ကိုယ့်လမ်းကိုယ် သွားပြီးရော'

'ဟာကွာ... ဒီလူကြီးဟာ စာရေးဆရာပီပီ လျာရှည်ချင်တယ်၊ တို့ကို သူ့ကာလုပ်နိုင်တာမှတ်လို့'

ပြောပြီး ဆိုက်ကားထမားအား စျန်မင်းသော်တို့ ဆိုက်ကားနောက် လိုက်ခိုင်းလိုက်သည်။

အတော်ကလေး နှင်းလိုက်ကြရသည်။

'ရွှေချောင်းရပ်ကွက်ဘက်လား'

ဆိုက်ကားသမား အမေး။

'မဟုတ်ဘူး၊ မြသပိတ် တောင်ခြေမရောက်မီ ထန်းရည်ဆိုင်တွေ ရှိတယ်ဗျာ'

စျန်မင်းသော်က ပြောသည်။

တောင်ခြေနှင့် မနီးမဝေးတွင် အကြော်ဆိုင်၊ အသုပ်ဆိုင်ကလေးမျာ့းနှင့် ထန်းရည်ရောင်းသော အိမ်ဆိုင်ကလေးတွေ ရှိကတိကြသည်။

သဘက်လမ်းကလေးတစ်ခုထဲ ချိုးဝင်လိုက်၏။

'ဟုတ်ရဲ့လား'

'ဟောဟို ထန်းရည်ရောင်းတဲ့ အိမ်ကို ကိုမှတ်ထားတာ'

လမ်းထဲမချိုးမီ မလှမ်းမကမ်းမှ ပျဉ်ထောင်အိမ် မည်းမည်း တစ်လုံးကို ထိုးပြသည်။ မနေနိုင်သော ဆိုက်ကားသမားက...

'မဟုတ်ဘူးဆရာ၊ သုံးဆယ်ပဲ၊ တခြားလူဆိုရင် ဆရာတို့ကို ခြောက်ဆယ်လောက် ငါးဆယ်လောက်တောင်းမှာ၊ အခု နှင်းလာရတာ နှစ်ယောက်တောင် တင်နှင်းလာရတာပါ'

'မျှားပါတယ်ဗျာ၊ နှစ်ဆယ်ပဲယူ'

'သုံးဆယ်လုပ်ပါ'

စနေက ဆိုက်ကားခထုတ်ပေးတော့ ဆိုက်ကားနင်းသူက လက်မခံ။

တစ်ယောက်နှင့်တစ်ယောက် အချေအတင် ငြင်းမနေကြသည်။ စျန်မင်းသော် ဆိုက်ကားသမားက....

'သူပြောတာဟုတ်တယ် ညီလေးရဲ့၊ ဘင်လှိုင်နဲ့ ဒီနေရာ အတော်နင်းရတာပဲ၊ တကယ်ဆို နှစ်ယောက်စီးရင် လေးဆယ် ငါးဆယ် ပေးရမှာ၊ ကျွန်တော်တို့က ဧည့်ပြီး သုံးဆယ် တည်း တောင်းတာပါ'

'တစ်စီးနှစ်ဆယ်၊ နှစ်စီး လေးဆယ်ပဲဗျာ'

စနေထွန်းကလည်း ဇွတ်မှဇွတ်။

သူ့စိတ်ထဲ ဆိုက်ကားသမားတွေက ပတ်တီးချလိမ့်မည်ဟု ထင်နေသည်။

ဆိုက်ကားသမားသည် မကျေမနပ်ပင် နှစ်ဆယ်တန် လေးရွက်ကို လက်ခံလိုက်သည်။ အဖြစ်ကိုသိပြီးသော စျန်မင်းသော် က နှစ်ဆယ်တန်တစ်ရွက်ကို အိတ်ကပ်ထဲမှထုတ်၍....

'ရော့ဗျာ၊ ရော့....ရော့၊ သုံးဆယ်ပဲယူပါ'

သူပေးတာကို ဆိုက်ကားသမားတွေယူကာ စနေကို မျက်စောင်းထိုး ထွက်သွားကြသည်။

'ခင်ဗျား ပြောတဲ့ ထန်းရည်တော့ ကြိုက် တယ် ဗျာ၊ နောက်မှပဲ'

ဆိုက်ကားနင်းသူအား စနေထွန်း ပြောလိုက်သံ ကြားရသည်။

'ဆရာ....ကျွန်တော်တို့ ဘင်လှိုင်က ဒီအထိနှင်းလာရတာ၊ တစ်စီး သုံးဆယ်ပါ ဆရာ'

'ဘင်လှိုင်နဲ့ ဒီနှင်းရတာ သိပ်ဝေးတာမှ မဟုတ်ပဲဗျ၊ တစ်စီး နှစ်ဆယ်ပဲ'

'ဆရာစျန်မင်းသော်ကသဲ တကယ့်ဝေဿန္တရာပဲ၊ အလှူဒါန ပြုကြသူငါ တယ်လုပ်ဘာကိုး'

'ဒါက သူတို့ရထိုက်တာ ရပါစေတော့ စေဘနာနဲ့ပါ'

အနီးဆုံးခြံကိုကြည့်ကာ ခြံဝင်းထဲဝင်လိုက်သည်။ ခြံထဲမှာက အုန်းပင်၊ ပန်းပင်၊ သီးစားပင်တွေရှိသည်။

'ဟောဗျာ'

အတွင်းတွင် ခပ်လွင်လွင် ပျဉ်ထောင်အိမ်တစ်လုံးရှိသည်။ အိမ်ပြတင်းပေါက်တွေကို ပိတ်ပြီး တံခါးမကြီး ကို သော့ခတ်ထားသည်။

'ကြည့်လဲလုပ်ပါဦး ဆရာရယ်၊ ခွေးဆွဲနေဦးမယ်၊ လူတွေလဲ ရှိပုံမပေါ်ဘူး'

'ကိုစနေထွန်း၊ အိမ်ထဲမဝင်ရတော့လဲ ဒီမှာပဲ ဆွေးနွေးကြတာပေါ့'

'အလကား အဓိပ္ပာယ်မရှိတာဗျာ၊ လမ်းမှာ ပြောခဲ့ရင်ပြီးပြီ'

'လမ်းပေါ်မှာ လူတွေရှိတယ်၊ ဆိုက်ကားသမား နှစ်ယောက်လဲ ရှိတယ်၊ အရေးကြီးတဲ့စကား၊ ဥပမာ မောင်ရင်တို့ ကိုယ်တို့ အန္တရာယ်ကြုံနေချိန်မှာ အရမ်းကာရော ပြောလို့ဖြစ်မလား'

ဝင်တော့မည့် နေရောင်ဘက်ကို လှမ်းကြည့်၏။ မြသပိတ်တောင်ပေါ်ရှိ စေတီမှာ ဝင်လုဆဲ နေရောင်အောက်တွင် သပ္ပာယ်ကြည်ညိုဖွယ်ရာ ကောင်းသည်။

မိန်းကလေးနှစ်ယောက်မှာ စကားမပြောကြတဲ အကဲခတ်နေကြသည်။

'ရှဲ့ စရာလဲ့ ကောင်းပါတယ်၊ မင်း ဒီရဲတင်းကို စီအိုင်အေ လို့ အမည်ပေးထားတာ ဆိုးပါဘူး၊ စီအိုင်အေဟာ လူဆိုး လူမိုက်တွေရဲ့ လက်ကိုင်တုတ်ပဲ'

ပြောနေစဉ် ဗျန်မင်းသော့် နှာခေါင်းရှုံ့သည်။

သူတို့နှင့် မနီးမဝေးမှာ အိမ်သာတွင်းရှိသည်။ လေသည် အဲ့သည်တက်မှ တိုက်ခတ်လာသဖြင့် မစင်နံ့က သူတို့နှာခေါင်း ထဲ တိုးဝင်လာသည်။

'မင်းစီအိုင်အေ ချေးတွင်းထဲ ပစ်ချလိုက်ဖို့ပဲ ကောင်း တယ်'

ဗျန်မင်းသော်သည် 'စီအိုင်အေ' အမည် ကြားကတည်းက မနှံ့နေပုံရသည်။

သည်ကနေ့ ကမ္ဘာကြီး၏ ငြိမ်းချမ်းသာယာမှု၊ နိုင်ငံတွေ ၏ ငြိမ်းချမ်းရေးတံခါးကို ချိုးဖျက်နေတာ စီအိုင်အေ အဖွဲ့အစည်းပဲ မဟုတ်လား။

'ခင်ဗျား ဒီရဲတင်းလေးကို လူတစ်စုလက်ထဲက ယူခဲ့ဘယ် မဟုတ်လား'

'ပန်ကာတို့ လူစုလက်ထဲက၊ ဒီကောင်တွေ ကြည့်ရတာ ထောင်ပြေးတွေလား၊ အချုပ်ပြေးတွေလား မသိဘူး၊ ငါ ယူလာတာ....ရော့'

ရဲတင်းကို ခြောက်ပစ်ပေးလိုက်သည်။ စနေက ကျမ်းကျင် စွာ ဖမ်း၍ သူ့ခါးကြားနောက်တွင် ထိုးထည့်လိုက်၏။

'ခင်ဗျား ဘာပြောမလဲ'

ဗျန်မင်းသော် သူ့ခါးကြားနောက်ထဲမှ သူတို့သတိမပြုမိခဲ့ သော အရာတစ်ခုကို ထုတ်ပေးလိုက်သည်။

'ဒါ မင်းဥစ္စာ'

'ဟုတ်တယ်၊ ကျွန်တော် ရှဲ့ စီအိုင်အေ'

'ဘာ....စီအိုင်အေ....ဟုတ်လား'

'လုပ်ပြီး ကြောက်စရာကောင်းတဲ့ ဒီရဲတင်းလေးကို စီအိုင် အေလို့ အမည်ပေးထားတယ်၊ ကမ္ဘာ့ ဗဟို စုံစမ်းထောက်လှမ်း ရေးအဖွဲ့ စီအိုင်အေဟာ အမည်လှသလောက် ကြောက်စရာ ကောင်းတယ် မဟုတ်လား'

'မင်း အခု ကားတိုက်ခဲ့တဲ့အမှု လုပ်ခဲ့တယ်၊ အရာရှိ တစ်ယောက် အိမ်က သေနတ်ကို မင်းခိုးခဲ့တယ်၊ ဘယ်ကရမှန်းမသိတဲ့ ငွေတွေနဲ့ ထွက်ပြေးနေတယ်၊ ဒါတွေဟာ မင်းကိုယ်မင်း ဆိုးကျိုးဖန်တီးပြီး ဥပဒေကိုဆန့်ကျင်လိုက်တာပဲ'

စနေ သူ့ကိုစိုက်ကြည့်နေသည်။ ဘာပြောဦးမလဲလို့ စောင့်စားနေပုံ ရသည်။

'မင်းယူလာတဲ့ ငွေနဲ့ပတ်သက်ပြီး မပြောချင်ဘူး၊ ပြောချင်တာက ကားတိုက်မှုပဲ'

'ခင်ဗျား ဘာလုပ်ချင်လဲ ကိုစွန်မင်းသော်'

ခုတစ်လောသည်ကောင်လေး သူ့အပေါ် အခေါ်အဝေါ် အသုံးအနှုန်းတွေ ပြောင်းလဲနေသည်။ အစ်ကိုလို့တောင် မခေါ်တော့။

ကြည့်ရတာ သူက အနိုင်ယူခဲ့ဖူးတော့ မာလေးမစား အသွင်။

'မင်း ရဲစခန်းကိုလိုက်ပြီး ရှင်းကွာ'

'မလိုဘူး ထင်တယ်၊ သေတာက လူဆိုးပဲ'

'လူဆိုးပဲဖြစ်ဖြစ်၊ လူကောင်းပဲဖြစ်ဖြစ် သေတာဟာ သေတာပဲ၊ ကားတိုက်တယ်ဆိုတာ ဥပဒေကခွင့်ပြုတာမဟုတ်ဘူး၊ မင်းဟာမင်း ရှင်းပြီးမှ အကောင်းအဆိုးကို ဥပဒေက ခွင့်ပြုမှာ'

'ခင်ဗျားက ဘာဖြစ်လို့ ဥပဒေစံကား ပြောနေရတာလဲ၊ စာရေးဆရာဟာ စာရေးဆရာပဲပေါ့ နေစမ်းပါ'

'စာရေးဆရာဟာ ဥပဒေကို မျက်နှာလွှဲထားလို့ မရဘူး၊ သူက လူ့လောကအကျိုး၊ လူ့အကျိုးပြုဖြင့်နေတော့ လူတွေ ဆွဲထားတဲ့ ဥပဒေကို သူ လက်ကိုင်ထားရမယ်၊ လက်လွှတ်လို့မရဘူး၊ ဆိုကြပါစို့ကွာ'

သည်တစ်ခါတော့ စွန်မင်းသော်ကြည့်ပုံက သမားဂုဏ်ပါတော့ အကြည့်နှင့် ခန့်ခန့်ထည်ထည် ကြည့်ပစ်လိုက်သည်။

'အဓိပ္ပာယ်ကတော့ မီးဆိုတာ လူဖို့က်ကို ပူလောင်စေဖဲ့လို့ လုံ့လမပြုဘူး၊ အလျှံတပြောင်ပြောင် တောက်လောင်တဲ့ မီးကို လူမိုက်ကိုယ်တိုင်ကကိုင်တွယ်ထိတွေ့ခြင်းကြောင့်သာပူလောင်မှုကို ဖြစ်စေတယ်....

'အဲ့ဒီလိုပဲ မကောင်းမှုက မင်းကိုလုပ်ပါလို့ တိုက်တွန်းတာ မဟုတ်ဘူး၊ မင်းကသာ မကောင်းမှုကိုလုပ်ပြီး ထိတွေ့တော့ အဲဒီမကောင်းမှုက မင်းကို ပူလောင်စေတာပဲ'

'ဆရာရယ်....သူ့ကိုဆုံးမစမ်းပါ၊ သိမ့်တော့ စိတ်ညစ်လှပြီ၊ သူ ဒီလောက်မိုက်၊ ဒီလောက်ဆိုးလိမ့်မယ်လို့ သိမ့် မထင်ခဲ့ဘူး'

'နင့်ပါးစပ်ကို ပိတ်ထားလိုက်စမ်း သိမ့်၊ တို့လုပ်ခဲ့တာ သိမ့်ကောင်းစားဖို့'

'အို....ဒီမသမာတဲ့ ငွေတွေကို သိမ့် မလိုချင်ပါဘူး၊ ဆရာ.... သူ ဒီငွေတွေဟာ မမဝေရှိရဲ့ အဖေဆီက ကားကိုလိမ်ရောင်းပြီး ယူခဲ့တဲ့ ငွေတွေဆရာ'

'သိမ့်....တိရစ္ဆာန်မ....နင်တော့လား'

သိမ့်ကို ဒေါသဖြစ်ဟန်နှင့် စနေက သိမ့်ဘက် ထိုးဝင်လာသည်။

သိမ့်က လန့်ဖျပ်ပြီး နောက်ဆုတ်လိုက်သည်။

'မင်း သိမ့်ကိုမထိနဲ့'

သိမ့်နှင့် စနေ့၏ကြားတွင် စျန်မင်းသော် ဝင်ရပ်ပြီး ဖြစ်သည်။

'ဘယ်သူမပြု မိမိမှု ဆိုတဲ့ စကားပုံတစ်ခု ရှိတယ်၊ မဟုတ်လား၊ ကောင်းမှု မဒကောင်းမှုဆိုတာ ကိုယ်ကပြုလုပ်တာပဲ၊ သူများက ပြုလုပ်တာမဟုတ်ဘူး၊ ရှင်မဟာမောဂ္ဂလာန်ရဟန္တာ မြတ်ကြီးရဲ့ ဆိုစကားတစ်ခုရှိတယ်....

'နဝေ အဂ်ိစေတယတိ၊
အဟံ ဗာလံ ဥဟာ မီတိ၊
ဗာလော ဇလိတံအဂ်ိံ၊
အာသဇ္ဇေန၊ ပဒုယ္ယတိ'

'သွားစမ်းပါ၊ စာရေးဆရာလိုလို့ ဘုန်းကြီးလိုလိုလူဟာ ခင်ဗျားပဲ၊ ပါဠိတွေ ပါလက်တွေရွတ်ပြီး ကျုပ်ကို လာတရားချမနေနဲ့၊ ဟိုဟာမက ခင်ဗျားဘက်ကပါလို့ ခင်ဗျားက....'

'မင်း နင်းမမှုတ်နဲ့ စနေထွန်း၊ မင်း ငွေကို မတရားနည်းနဲ့ ရှာရဝ် မတရားနည်းနဲ့ ခံရမယ်၊ မင်း ငါနဲ့ရဲစခန်းကိုလိုက်ခဲ့ပါ'

'ခင်ဗျား လုပ်ပြန်ပလား၊ ခင်ဗျား ခံရတာ မေ့သွားပြီနဲ့ တူတယ် ဆရာစျန်မင်းသော်၊ စာရေးဆရာဆိုတာ ကိုယ့်ဟာ ကိုယ် အေးအေး စာပဲရေး၊ ဟိုစပ်စပ် ဒစပ်စပ် မလုပ်နဲ့'

'မင်းက ငါ့ကို စာရေးဆရာငပျော့များ အောက်မေ့နေသလား၊ စာရေးဆရာထဲမှာ ကိုယ့်ကိုလက်ရောက်ကျူးလာရင် ပြန်ဆော်တက်တဲ့ မိုက်ကန်းကန်းစာရေးဆရာမျိုးရှိတယ်ဆိုတာ လဲ သတိထား....အဲ့ဒါ ငါပဲ'

'လုပ်မနေနဲ့၊ ခင်ဗျား အာလူးပဲတတ်နိုင်မယ်'

'စမ်းကြည့်လေ.... ကြောင်အောက်မေ့လို့ စမိပါတယ်.... ကျား ဖြစ်သွားတယ် ဆိုတာမျိုး မင်းကြုံရမယ်၊ စာရေးဆရာ စျန်မင်းသော်ဟာ လျှပ်စီးမဟုတ်ဘူး၊ မိုးကြိုးကွ'

'ကဲကွာ'

ညာဖြတ်လက်သီးကို စျန်မင်းသော်မျက်နှာအောက်ဟု ပစ်သွင်းလိုက်သည်။

စျန်မင်းသော်က ဘယ်ပခုံးကို ကျုံ့သည်။

မျက်နှာကို ကိုယ်စောင်းဝှက်ကာ ကျုံ့လိုက်သော ပခုံးနှင့် ခံပေးသည်။

စနေ လက်သီးချက်မည့်။

ပြင်းသည်။

အားပါသည်။

စျန်မင်းသော်ပခုံးကို ဖုန်းခနဲထိသည်။

စျန်မင်းသော် ညာလက်သီးက စနေ၏ မေးအောက်သို့ ဒုတ်ခနဲ ထောက်လက်သီးအဖြစ် ဝင်သွားသည်။

သာသာနှင့် ထိုးလိုက်ပေမင့် ပြင်းသည်။

စနေ မျက်လုံးထဲ မီးတွေ လက်ခနဲ တောက်သွား၏။ မိုက်ခနဲ ဖြစ်ကာ ဖင်ထိုင်ကျသွားသည်။

စျန်မင်းသော်က လက်ဝှေ့သမား အနေအထားနှင့် ရပ်နေသည်။

စနေ ကုန်းထသည်။

အံ့အားလည်း သင့်သည်။ လန့်လည်း လန့်သွားသည်။ ဒေါသလည်း ဖြစ်သည်။

'ငါ အလျင်တုန်းက လက်ဝှေ့ထိုးခဲ့ဖူးတယ်၊ ဝါသနာပေါ့ကွာ၊ အဲ့ဒီလက်ကျန်လေးတွေ ရှိနေသေးတယ်ဆိုတာ မင်းကို ပြတာပဲ'

စနေ ခေါင်းကို ဘယ်ညာ ယမ်းခါပစ်လိုက်သည်။

ထိုနောက် လက်သီးတွေရော ခြေတွေပါ တရစပ် ပစ် ဝင်သည်။ သူ့လက်သီးတွေကို စျန်မင်းသော် ရှောင်နိုင်သည်။

ခြေထောက်တစ်ဖက်ကိုတော့ မရှောင်လိုက်နိုင်။

ကျုံးကန်လိုက်သောခြေထောက်တစ်ဖက်က စျန်မင်းသော် ဝမ်းဗိုက်ကို ကန်ပြီးသား ဖြစ်သွားသည်။

သည်တစ်ခါ ဖင်ထိုင်ဆင်းသွားတာက စျန်မင်းသော်။

'စနေကို လာခဲ့ရင် သေပွဲသာ မှတ်ပေတော့ ကိုစျန်မင်းသော်၊ကျွန်တော်က ကစ်ဘောက်ဆင်(KICK BOXING)ကို မတောက်တစ်ခေါက် ချင်လာခဲ့ရပေမယ့် ကိုယ်ရထားတာလေးတွေကိုတော့ အမြဲလေ့ကျင့်တာပဲ'

စျန်မင်းသော် ထလာသည်။

သူ့ အကျည်းတန်သော မျက်နှာကြီးက အေးစက်စက် တည်တည်။

စနေက နှုတ်ခမ်းမှ ထွက်လာသော သွေးစတွေကို လျှာနှင့် လျက်ကြည့်လိုက်သည်။

'မိုက်သွေးတစ်စက်ပဲ'

သူပြောနေစဉ် စျန်မင်းသော် လက်သီးတွေက ဖုန်းခနဲ ဖုန်းခနဲ ဆက်ဘိုက်ဝင်လာသည်။

'တော်ကြပါတော့....ရပ်ကြပါတော့'

အမျိုးသမီး နှစ်ယောက်က အော်ဟစ် တားမြစ်ကြသည်။ ယောကျ်ားသားနှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက် သဲသဲမဲမဲ ထိုးသတ်နေကြသည်။

'တိရစ္ဆာန်တွေပဲ'

ဝေရီက စိတ်ဆိုးမာန်ဆိုး ပြောသည်။ ပြီးတော့ စျန်မင်းသော်ကို အတင်းဝင်ဆွဲဖက်သည်။

သိမ့်ကလည်း စနေကို အတင်းဝင်ဖက်၍....

'ကိုကို.... သိမ့်ကိုချစ်တယ်ဆို.... သိမ့်ကိုချစ်တယ်ဆို....ဒီလိုမလုပ်ပါနဲ့ ကိုကိုရယ်'

'ကို.... ကိုဟာ စာရေးဆရာတစ်ယောက်ဖြစ်ပြီး ဒီလိုပဲ လက်ရုံး အားကိုးလုပ်ရသလား၊စာရေးဆရာဆိုတာ ဦးနှောက်ရှိတာပဲ၊ ဦးနှောက်သုံးမှပေါ့'

'ဩော်....ဝေရီရယ်၊ တို့က ဝတ္ထုထဲမှာ စိတ်ကူးနဲ့ သတ်ပုတ်ပွဲလေးတွေ ရေးတော့ အခု လက်ထွေကျင့်သုံးကြည့်ဘာပါ'

သူက စနေကို လှမ်းပြောသည်။

'စနေ ပွဲမပြီးသေးဘူးကွ'

စနေသည် ပွဲမှာ အရှုံးမပေါ်ပေမယ့် ခံတော့ခံရသည်။ မျက်နှာတစ်ခြမ်း ဖူးရောင်ပြီး နှုတ်ခမ်းကွဲနေသည်။

စျန်မင်းသော်မှာလည်း နှာခေါင်းက သွေးတွေကျနေ၏။

'ကိုတို့ဟာလေ ခွေးတွေလိုပဲ ကိုက်နေကြကယ်၊ သတ်တယ်ပုတ်တယ်ဆိုတာ တိရစ္ဆာန်တွေအလုပ်၊ လူအလုပ်မဟုတ်ဘူး'

ဝေရီက ဒေါသလေးနှင့် ပြောမိသည်။

'မဟုတ်ဘူးလေကွာ၊ ယောကျ်ားလဲ ယောကျ်ား သတ္တိရှိကြောင်း ပြတာပဲ၊ ဒီပွဲမှာ ဒီလိုမပြရင် စနေက တို့ကို တစ်သက်လုံး လူညှံလူကြောက်ကြီးလို့ ထင်သွားမှာပေါ့၊ သူ့ကို ကိုက မမုန်းပါဘူး'

'တော်ပါတော့ ကိုရယ်'

'ကိုစျန်မင်းသော်....ခင်ဗျား ကျွန်တော့်ကို စိတ်ဆိုးနေသလား'

သိမ့်ဖက်ထားသည့်ကြားမှ စနေက လှမ်းမေး၏။ သိမ့်က နှစ်ယောက်လုံးကို စိုးရိမ်တကြီးနှင့် ကြည့်သည်။

'စိတ်မဆိုးပါဘူးကွာ၊ မင်းကို ငါက ခွင့်လွှတ်ပြီးသားပါ၊ ဒါပေမယ့် မင်းမှားနေတယ်ကွ၊ ကြာရင် မင်း ရာဇဝတ်သားကောင် ဖြစ်သွားမယ်'

'ကျုပ် ပြေးမယ်ဗျာ'

'မပြေးရဘူး....မပြေးရဘူး၊ သိမ့်ကိုချစ်ရင် ကိုကိုအဖမ်းခံလိုက်ပါ'

သိမ့်က ပြောရင်း မျက်ရည်တွေ ကျလာသည်။

အဲ့သည်အခိုက်မှာပဲ လူတစ်စုက ခြံဝင်းထဲ ဝင်လာကြသည်။

ပန်ကာတို့ ဘောဒေဝတို့ပဲ ဖြစ်သည်။

'ဟာ'

'အို'

စနေတို့လူသိုက် အံ့အားသင့်သွားသံ။

ပန်ကာ၏လက်ထဲတွင် သေနတ်။

ဘောဒေဝ၏ လက်မှာလည်း သေနတ်။

'စနေရေ....တို့ကွေကြရပြန်ပြီနော်၊ ငါကတော့ အပေါင်း အသင်းစိတ်ကလေးနဲ့ ယုံလိုက်မိတာချည်းပဲ၊ ဒီတစ်ခါတော့ ငါသေရင် အဂီစိရောက်ရပါစေရဲ၊ မင်းကို နှမ်းစေ့ကလေးရဲ့ ဆယ်ပုံတစ်ပုံတောင် မယုံတော့ဘူး'

'မင်းတို့လက်တွေ မြှောက်ထားလိုက်ကြ'

စနေနှင့် စျန်မင်းသော်သည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

'ကိုစျန်မင်းသော် အညောင်းအညာ ဆန့်လိုက်ကြစို့ရဲ့'

စနေထွန်းကပင် ဦးစွာ လက်မြှောက်လိုက်သည်။ စနေ ဥာဏ်နီဥာဏ်နက်များတတ်တာကို စျန်မင်းသော်ရော ဘောဒေဝပါသိသည်။

'ငွေတွေဘယ်မလဲ'

လိုရင်းကိုပဲ ဘောဒေဝက မေးသည်။

'ခင်ဗျားတို့က ဘယ်လိုလုပ်ပြီး ဒီနေရာကို ရောက်လာတာလဲ'

စနေက ဣန္ဒြေမပျက် မေးသည်။

သိမ့်နှင့် ဝေရီသည် တစ်ယောက်ကိုတစ်ယောက် ဘေးတိုက် ဖက်ထားမိကြသည်။

'ငါမေးတာသာဖြေစနေ၊ ငွေတွေဘယ်မှာလဲ'

'သိပ်ဆောရီး.... အရမ်းဆောရီးပဲ ကိုဘောဒေဝ၊ ကျွန်တော်မေးတာသာဖြေပါ၊ ခင်ဗျားငွေတွေ ပြန်ရမှာပ'ါ

ဘောဒေဝ အလျှော့ပေးရပေါက်ပဲ။

'မင်းတို့စီးသွားတဲ့ ဆိုက်ကားသမား နှစ်ယောက်က မင်းလမ်းပေါ်မှာ မင်းကို ဆိုက်ကားခအပြည့်မပေးလို့ ဆိုလားဆဲဆို သူကောင်းပြုနေကြလေရဲ့၊ ငါတို့လူသိုက်က ကြားလို့ ဝင်စပ်စုတော့ မင်းတို့ဒီမှာရှိမှန်း သိလိုက်တယ်'

'ကြက်ကန်း ဆန်အိုးတိုးတာပေါ့လေ'

'ဒါကတော့ တို့ကုသိုလ်ကံပဲ၊ ငွေတွေဘယ်မှာလဲ'

'ကျွန်တော် ရွာတစ်ရွာမှာ ထားခဲ့တယ်၊ အဲ့ဒီရွာမှာပြန်ယူရမယ်'

'မင်း လိုမ့်ပြန်ပလား'

'တကယ်ပါ'

'ဟုတ်ပါတယ်ရှင်....တကယ်ပါ'

သိမ့်က ဝင်သက်သေခံသည်။ ပန်ကာက ကြောက်စရာ ခက်ထန်သော မျက်နှာကြီးနှင့်....

'ကောင်မစုတ်....တိတ်စမ်း၊ နင့်ကိုမမေးဘူး'

သူသည် စျန်မင်းသော်ကိုလည်း လေ့လာသည်။ စနေထွန်းကိုလည်း လေ့လာသည်။

ပြီးမှ....

'မင်းတို့မျက်နှာမှာလဲ ဒဏ်ရာတွေနဲ့၊ ဘာဖြစ်ကြတာတုံး၊ ပြောကြစမ်း'

'ခင်ဗျားနှမအတွက် နှမလုပ္ပဲ ကျင်းပနေခဲ့တာပါ'

စနေက မထီလေးစားဆို၍ စျန်မင်းသော်အား....

'နော်....မဟုတ်ဘူးလား ဆရာစျန်မင်းသော်ရာ'

'ဟုတ်ပ...ပန်ကာ ထောင်ထဲဝင်မယ်ဆိုကော့ သူ့နှမလေး က သနားစရာ ဖြစ်နေတယ်မဟုတ်လား'

'မင်းအမေ'

သူတို့အနား ရုန်သူနီးလာချိန် ဖရိယာယ်ဆင်ခြင်းကို ပန်ကာ မသိ။

ဒေါသဖြစ်ဖြစ်နှင့်ဆဲပြီး ရှေ့တိုးလိုက်သည်။ ပါးနပ်သော ဘောဒေဝက သေနတ်ကိုလှုပ်ယမ်းရင်း....

'ကိုပန်ကာ သတိထား၊ ဒီကောင်တွေ သူတို့နား ခင်ဗျား လာအောင် ဥဇ္ဈာဆင်နေကြတာဗျ၊ ခင်ဗျားသေနတ်ကို လုကြ မှာ၊ စနေဆိုတဲ့ကောင်က ကစ်ဘောက်ဆင်သမား'

ပန်ကာ တံ့ဩသွားသည်။

'ငွေကိုပဲ လိုချင်တယ်'

'ခင်ဗျားနာမည်....အဲ့....အဲ့ ကိုပန်ကာ ငွေလိုချင်ရင် ကျုပ် ကို အသေသတ်မှရမှာ'

ဘောဒေဝသည် စျန်မင်းသော်ကိုကြည့်လျက်....

'ခင်ဗျားက ကျုပ်တို့နဲ့ကားထဲမှာ တစ်ကားတည်း ပါလာ တဲ့လူ မဟုတ်လား၊ ခင်ဗျားက စနေနဲ့ ဘာပတ်သက်နေတာ လဲ'

'ဘောဒေဝ....စာရေးဆရာ စျန်မင်းသော်ဆိုတာ သူပေါ့ ဗျ'

'အိုး....အိုင်ဆိုး...အိုင်ဆိုး'

သူက အင်္ဂလိပ်လို ဟန်နှင့်ပန်နှင့်ပြောသည်။

စနေက စျန်မင်းသော်အား သူတို့အလစ်တုင် မျက်စိမှိတ်ပြ သည်။

လစ်ရှင် ချမယ်ပေါ့။

ဟယ်၊ ဒီကောင်က ခေါင်းမာတယ်၊ကောင်မလေးတစ်ယောက်
မကလို့ နှစ်ယောက်သတ်ဦး သူပြောမှာမဟုတ်ဘူး၊ ငွေငါး
သိန်းလေး ရဖို့ကို လူတစ်ယောက်အသက်တော့ ကျုပ် မသတ်
ချင်ဘူး'

'ခင်ဗျား လူကြောင်ပဲ၊ သတ္တိ ရှိကဲ့လူ၊ သွေးကြောင်ရင်
ကျုပ်တို့နဲ့ ခင်ဗျား ဘာလို့ လိုက်သေးလဲ'

ပန်ကာက ဘောဒေဝကို ဟောက်ပစ်လိုက်သည်။ခဲ့မောင်က
ဒေါသတကြီးနှင့်....

'မြန်မြန်လုပ်ဗျာ....ကိုယ့်လက်ခုပ်ထဲကရေကို လက်ကြားယို
မထွက်အောင် မြန်မြန်လုပ်'

'ဒီလိုလုပ်ပါ'

စနေက အေးအေးဆေးဆေး ပြောသည်။

သူ့အမူအရာ သူ့အသံက အားလုံးကိုဆွဲဆောင်မှုဖြစ်စေ
သည်။

'ခင်ဗျားတို့က သေနတ်ကြီးတကားကားနဲ့ အနိုင်ယူရင်
အနိုင်ယူရုံပဲ ရှိမှာပဲ၊ ကျုပ်ဆီက အဖြေရမှာမဟုတ်ဘူး၊ ကျုပ်
ရွာတစ်ရွာမှာ ငွေတွေမြှုပ်ခဲ့တာကို ဒီကျန်တဲ့အမျိုးသမီးတွေနဲ့
ဟောဒီစာရေးဆရာကလဲ သိကြတာမဟုတ်ဘူး၊ တကယ် ငွေလို
ချင်ရင်တော့ ခင်ဗျားတို့အထဲက လူတစ်ယောက်နဲ့ ကျုပ်ကို
အနိုင်တိုက်ရမယ်၊ ကျုပ်နိုင်ခဲ့ရင် အခုဒီနေရာက ကျုပ်တို့ကို
အသက်နဲ့ကိုယ် မြဲပြီး ထွက်ခွင့်ပေး၊ ကျုပ် ရှုံးခဲ့ရင် ကျုပ်
သေသည်ဖြစ်ဖြစ်....မသေသည်ဖြစ်ဖြစ် ငွေရှိတဲ့နေရာကို ဖော်
ပြောခဲ့မယ်'

ပန်ကာကော ဘောဒေဝပါ ပါးနပ်သည်။မကြာမီ မှောင်
တော့မည်။

'မင်းကိုမေးလဲ မင်းငွေ ဘယ်ရွာမှာဆိုတာ ဖြေမှာမဟုတ်
ဘူး၊ ကောင်မလေးတစ်ယောက်ကို သတ်ပစ်လိုက်ရင်တော့....'

'ကိုပန်ကာ....ခင်ဗျား လုပ်ရဲရင်လုပ်လေ၊ ဒါ မြို့ဗျ၊ တော
မဟုတ်ဘူး'

'အင်း....ဟုတ်တယ်၊ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်တယ်ဆို
တာ လွယ်တာတော့မဟုတ်ဘူး၊ စနေအကြောင်း ကျုပ် သိ

'ဒါ ဒီကောင် ဥာဏ်ဆင်တာပဲ'

ဇွဲထွန်းက မှတ်ချက်ချသည်။

'ဥာဏ်ဆင်တယ်ဆိုလဲ မလုပ်နဲ့ပေါ့၊ ကျုပ်တို့ကတော့ခုခံမှာပဲ၊ ကံကောင်းရင် ကျုပ်တို့အသက် ရှင်နေမှာ၊ ခင်ဗျားတို့ ပစ်လား ခတ်လားလုပ်ရင် အရပ်က ဝိုင်းဖမ်းချင်ဖမ်းမယ်၊ မဖမ်းရင် ရဲကဖမ်းမယ်၊ ခင်ဗျားတို့လဲ ကိုယ်လွှတ်ရှန်းပြေးရမယ်၊ ငွေတွေလဲ ခင်ဗျားတို့ရမှာမဟုတ်ဘူး'

တစ်ဖက်လူတွေ ငြိမ်သွားကြသည်။

'ဖြစ်ပါ့မလား....ဒီကောင်က အတော်ဥာဏ်များတာ'

'သူပြောတဲ့အခြေအနေကတော့ ဖြစ်နိုင်တယ်'

'ဒီကောင်နဲ့ချပြီ ထားပါဦး၊ တယ်သူကချမှာလဲ၊ ငါတော့ အဲ့ဒီကောင်ကို ခပ်လန့်လန့်ကွ၊ လက်သံက ဆီသုတ်ထားတာထက် ပြောင်တယ်'

သူတို့ တစ်ယောက်နှင့်တစ်ယောက် တီးတိုး ပြောကြပြန်သည်။

အဲ့သည်လူတွေထဲမှာ ပန်ကာနှင့် ဘောဒေဝ မပါ။

ဘောဒေဝက ပန်ကာနှင့်လွှတ်ပေးရန် တွက်နေသည်။ စနေကို သူလည်း ခပ်လန့်လန့်ဖြစ်နေသည်။

'ကိုဘောဒေဝ....ခင်ဗျား ဘယ်လိုသဘောရသလဲ၊ ခင်ဗျားက ဒီကောင်နဲ့ ပေါင်းခဲ့ဖူးတော့ ခင်ဗျား သူ့အကြောင်း ပိုသိမယ်'

ပန်ကာ၏ တီးတိုးအမေး။

'ဒီကောင် သိပ်သတ္တိရှိတဲ့ကောင် မဟုတ်ဘူး၊ အဟောက်အပြောကတော့ တကယ့်ဂွဒ်ရှယ်ပဲ၊ ခင်ဗျား သူ့ကို လွယ်လွယ်ကူကူ နိုင်နိုင်ပါတယ်၊ ခင်ဗျားက လက်တွေခြေတွေ မာကျောတယ်၊ ကိုယ်လုံးကိုယ်ထည်လဲကြီးတယ်၊ ခင်ဗျားက ကျုပ်တို့ ခေါင်းဆောင်ပဲ၊ သတ္တိပြရမှာပေါ့'

ဘောဒေဝ၏ တီးတိုးသွေးထိုးပေးသံ။

ပန်ကာက နဂိုကပင် စနေထွန်းကို ဆော်ချင် နှက်ချင်နေသူဖြစ်သည်။

'ချမယ်ကွာ'

သူသည် သူ့လူတွေကို လက်ပြ၍....

'မင်းတို့ အေးအေးနေ၊ ငွေရရေးအတွက် ငါ့တာဝန်ထား၊ အော်ကြဟစ်ကြလဲ မလုပ်နဲ့၊ ရဲတွေ, ရပ်ရွာလူကြီးတွေ ရောက်လာရင် ပြေးပေါက်မှားနေမယ်၊ နားလည်ကြရဲ့လား'

'နားလည်ပါတယ် ကိုပန်ကာ၊ ဟိုမအေပေးကောင်ကို မေးကြည့်....သူရှုံးရင် ကတိတည်မှာလားလို့'

ချဲမောင်က ဝါးကြားမှ ဓားမြှောင်ကို စမ်းသည်။ ပန်ကာက ချဲမောင်နား ကပ်သွား၍ လက်ဝှက်၍ ဓားကိုတောင်းသည်။

ချဲမောင်က သဘောပေါက်ပြီးမို့ ဓားကို စနေမမြင်အောင် ဝှက်ပေးလိုက်သည်။ ပန်ကာ ဓားမြှောင်ကို လက်ကောက်ဝတ်နှင့် ကွယ်၍ ဝှက်ကိုင်သည်။

'စနေထွန်း....မင်းရှုံးရင် ကတိမပျက်နဲ့၊ ငွေဝှက်ထားရာကိုပြော'

'ကျုပ်မရှုံးနိုင်ပါဘူး'

စနေသူ့ကိုယ်သူ ယုံကြည်မှုရှိသည်။ နေရောင်က ဖျော့တော့နေချေပြီ။

လူကွေ့ ဘေးကိုဆုတ်ပေးလိုက်ကြသည်။

မြေပြင်ထက်တွင် လူနှစ်ယောက် မျက်နှာချင်းဆိုင် ရပ်ကျန်ခဲ့သည်။

လူနှစ်ယောက်လုံး လက်တွေဘေးချထားသည်။

ရုတ်ခြည်း ပန်ကာက စတင်လှုပ်ရှားတော့၏။ တိုက်ကွက်စစ်ကွက်ကို အကောင်အထည်ဖော်လိုက်၏။

စနေရှိရာသို့ ပြေးပြီး ခုန်ဝင်ကန်သည်။

သူ့ကိုယ်က လေးသည်။ တိုက်ချက်မှန်သော်လည်း မမြန်။ စနေက လှုပ်လှင့်တကူ ဘေးကိုခုန်ဆုတ်လိုက်သည်။

ပန်ကာ၏ကိုယ်က မြေကိုအထိ သူ့ခြေထောက်တစ်ဖက်နှင့် စနေကို ခြေပြန်ပက်ကန်သည်။

စနေ နောက်ကို ခုန်ဆုတ်လိုက်သည်။

မျက်နှာနားမှ ခြေထောက်က ဝိုးခနဲ ဝေ့ထွက်သွားတာကို က အသည်းယားစရာ။

စနေ ဝင်မည်ပြုစဉ် ခြေတစ်ဖက်က မညီညာသောမြေပေါ်တွင် ထောက်မိသဖြင့် ခြေခေါက်သွားသည်။

'ဖုန်း....'

'အင့်'

ပန်ကာ သွက်ပါပေ့ ။

ညာခြေမမီတော့ ညာခြေထောက်ပြီး ဘယ်ခြေနှင့် ဆောင့်ကန်ပစ်လိုက်သည်။ ခြေနာသွားသော စနေမှာ မရှောင်နိုင်။ ရင်ဘတ်ကိုကန်မိပြီး လွင့်သွား၏။

'ဟယ်....'

'ကိုကို....'

မိန်းကလေးနှစ်ယောက်၏နှုတ်မှ အဘားအဆီးမရှိ ထွက်လာသံတွေ့။

သိမ့်သည် လဲသွားသော စနေကို ပြေးပွေ့မည်ပြုသည်။ လက်မြန်သော ချန်မင်းသော်က လှမ်းဆွဲလိုက်သည်။

'သိမ့်....မသွားနဲ့'

သိမ့်သွားလို့ မတင့်တယ်ပါ။ အန္တရာယ်လည်းရှိ၏။

ပန်ကာက စနေ့အပေါ် ခုန်အုပ်လိုက်သည်။ စနေ၏ခြေထောက်နှစ်ဖက်က ဆီးကန့်ပြီးသား ဖြစ်သွားသည်။

ကန်ချက်မပြင်းသော်လည်း ဝင်အားနှင့် ဆီးကန်အားနှစ်ခု ဆုံဆည်းသွားသည်နှင့်အမျှ ဖောင်းခနဲမြည်သံနှင့် ပန်ကာ လွင့်ထွက်သွားပြန်သည်။

စနေက ကျောကော့၍ ဖျတ်ခနဲ ခုန်ထလိုက်သည်။ ပန်ကာကလည်း မည့်။

သူကလည်း လူးလဲထသည်။

စနေ ပြေးဝင်သွားသည်။ ပန်ကာသည် သူ့ကိုယ်ကို နဂါးပတ် တစ်ကျော့လှည့်ကာ ညာလက်တွင် လက်ကောက်ဝတ်ဝှက်ကာ ခေးပြန်ကိုင်ထားသော ခေးမြှောင်နှင့် ပတ်ဖွက်လိုက်၏။

ဝင်လုဆဝနရောင်တွင် လက်ခနဲ မြင်လိုက်ရ၏။

စနေ သူ့ကိုယ်ကို ကိုယ်ရှိန်သတ်ကာ နောက်ဘက် ခုန်ဆုတ်လိုက်သည်။

နောက်ကျသွားပြီကော။

'အား'

စနေ အော်လိုက်မိသည်။ ညာလက်နှင့် တွက်လိုက်သောဝေးက သူ့လက်မောင်းသားတစ်ဖက်ကို ထိုးဖောက်သွားသည်။

'မဟရားဘူးဟေ့...'

ဈန်မင်းသော် ဒေါသနှင့် အော်လိုက်သည်။

စနေက သူ့ဒဏ်ရာကို ဘယ်လက်ဝါးနှင့် အုပ်ထားသည်။ ဒါကို ပန်ကာက ကြည့်ပြီးတော့ တဟီးဟီး ရယ်သည်။

'မင်း ဘာလို့ လက်နက်ကိုင်ရတာလဲ'

ဈန်မင်းသော် အမေးတို ပန်ကာက လှောင်သံနှင့်....

'သတ်ပွဲပုတ်ပွဲမှာ ဘာနဲ့ဘာဆိုတာ စည်းကမ်းသတ်မှတ်ထားဟာ မဟုတ်ဘူးကွ၊ နိုင်ဖို့လိုရင်း'

'နေ....နေ'

စနေက ဈန်မင်းသော်ကို လက်ကာပြသည်။ ဝေရီက မခံချင်စွာနှင့်....

'ရှင်တို့ လူကြောက်တွေ၊ လက်နက်အားကိုးပြီး လက်နက်မရှိတဲ့လူကို...'

ဝေရီ ဆုံးအောင် မပြောလိုက်နိုင်ပါ။

စနေ၏ လက်တစ်ဖက်က သူ့နောက်ခါးကြားမှ ဇီအိုင်အေ ရဲတင်းကို ဆတ်ခနဲ ဆွဲထုတ်လိုက်သည်ကို မြင်ရ၍ဖြစ်၏။

'အေး....အေး....အဲ့ဒီလို လုပ်စမ်းပါ'

ဈန်မင်းသော်က အားပါးတရဆိုကာ လက်ခုပ်တဖြောင်းဖြောင်း တီးသည်။

ပန်ကာမှာ ရဲတင်းကိုကြည့်ကာ ကြောင်သွား၏။

သည်စဉ် စနေ ခုန်ငင်လိုက်သည်။ သူ့လက်က ချက်ချင်းမြောက်တက်၍ ချက်ချင်း ပြန်ကျသွားသည်။

'အား'

ပန်ကာ မချိမဆံ့ အော်လိုက်သည်။

ပန်ကာ့လက်တွင် ဓားမရှိတော့။

ဓားနှင့် လက်ချောင်းလေး သုံးချောင်းက မြေပြင်တွင် ပြန့်ကျဲနေသည်။ ပန်ကာ့လက်မှာ သွေးချင်းချင်းနှီလို့။

'ဟေ့ကောင်....မင်းလက်ထဲက ရဲတင်း ချလိုက်'

ပန်ကာ့သေနတ်ကို ရထားသော ဇွဲထွန်းက သေနတ်ဖြင့် လှုပ်ယမ်း ခြိမ်းခြောက်သည်။

'မချဘူးဆိုရင်'

'ငါပစ်မယ်'

ဇွဲထွန်းဟန်က တကယ်ပစ်တော့မည့်ဟန်။

စနေက ဂရုမစိုက်။

နောက်မှ ရဲတင်းကိုပစ်ချလိုက်၏။ ချဲမောင်က ပြေးကောက်ယူပြီး ရဲတင်းကို အိမ်သာဘက် အပြေး သယ်သွားသည်။ အိမ်သာတွင်းထဲ ပစ်ချလိုက်သည်။

'ဟာ....စနေ့၊ စီအိုင်အော်ကို ချေးတွင်းထဲပစ်ချလိုက်ပြီကွ'

'ချေးတွင်းထဲ စီအိုင်အေ ရောက်သွားတော့လဲ စီအိုင်အေ ချေးစော်နံသွားတာပေါ့ဗျာ'

စနေက ဗျန်မင်းသော်ကို မထီမဲ့မြင် ပြန်ပြောသည်။

သည်စဉ်ခိုက်မှာ....

လူတွေ့ တဖြုံးဖြုံး ပြေးဝင်လာကြသည်။ ရဲတွေ၊ ရပ်ကွက်ထဲက လူကြီးတွေ။

'ဟေ့ကောင်တွေ....မင်းတို့အားလုံး လက်နက်ချ၊ မင်းတို့ကို ရဲတွေဝိုင်းထားတယ်'

ရဲချားထဲမှ ရဲအရာရှိတစ်ဦးက အော်သည်။

လက်နက်တွေနှင့်လည်း ချိန်ထားကြသည်။

သူတို့အတွက် ပြေးပေါက်ဆိုတာ ကျဉ်းသွားခဲ့ပြီ။

မတုန်မလှုပ်ပင် ရပ်နေကြဆဲသည်။

စနေနှင့် ပန်ကာသည်လည်း သွေးရဲရဲ သံရဲရဲနှင့် ရပ်နေကြသည်။

ပန်ကာ့မျက်နှာတွင် ဒေါသရောင် လွှမ်းနေသလို စနေ့မျက်နှာမှာလည်း ဝင်တော့မည့် နေလုံးနှင့်အတူ အပြိုင်နီရဲနေသည်။

'မင်းတို့ မလှုပ်ကြနဲ့'

ရဲအရာရှိကပင် အားလုံးကြားအောင် အော်လိုက်သည်။ တချို့က လက်မြောက်လိုက်၏။

သူတို့လက်နက်တွေကို ဦးစွာသိမ်းဆည်း၏။

'ကဲ....ပြောကြစမ်း၊ မင်းတို့ ဘာကောင်တွေလဲ၊ နိုးဆို အိမ်တစ်အိမ်က တို့ဆီဖုန်းဆက်ဘယ်၊ လူတစ်စု ခြံထဲမှာ လှုပ်လှုပ်ရှားရှား လုပ်နေကြဘယ်သို့၊ ပြီးတော့ တာဝန်ကျ လူတစ်ယောက်ကလဲ အကြောင်းကြားတယ်'

ရဲအုပ်စုထဲမှ လူဘစ်ယောက် ထွက်လာ၏။ ဗျန်မင်းသော် အံ့အားသင့်သွားသည်။

သည်လူက ဗျန်မင်းသော်အား ဆိုင်ကယ်နှင့်လိုက်ပို့သည့် လူငယ်။

'အကြောင်းကြားတာ ကျွန်တော်ပါ'

သူကဗျန်မင်းသော်ကိုပဲ သိသည်မို့ ဗျန်မင်းသော်ကိုပဲ မူတည်ပြောလိုက်သည်။

ဗျန်မင်းသော် သိချင်သည်။

'မင်းဘယ်သူလဲ'

လူငယ်က ပြုံးလိုက်သည်။ သူက သူ့ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံအိတ်ကလေးကို ထုတ်လိုက်သည်။တစ်ဖန်အဲ့သည်အထဲမှ မှတ်ပုံတင်ကတ်ပြားလေးကို ထုတ်ပြ၏။

ဗျန်မင်းသော်ကြည့်၏။

ဒုရဲအုပ် ဦးစိုးဝင်းဆိုပါလား။

'မောင်ရင်က ဒုရဲအုပ်'

'ဟုတ်ပါတယ်....မှန်ခင်ကာကွယ်ရေးက ဒုရဲအုပ်ပါ၊ ကျွန်တော် သင်တန်းဆင်းလာပြီးလို့ ပဲခူးမှာ တာဝန်စထမ်းဆောင်နေပါပြီ၊ အမှုတစ်ခုအတွက် ဒီသထုံကိုလာရင်း အစ်ကိုနဲ့တွေ့တာပါ'

ဈန်မင်းသော် တက်ပြင်းချလိုက်သည်။

'ဒါဆို ကိုယ် ဘာလုပ်ခဲ့တယ်ဆိုတာ မောင်ရင် ရိပ်မိတာပေါ့'

'ကျွန်တော် ရဲမဲ၊ မအ့ပါဘူး'

သိမ့်သည် စနေကို ဖက်ပြီးငိုနေသည်။ စနေက မျက်နှာတစ်ချက် မပျက်ပါ။

'ကျွန်တော် လူတစ်ယောက်ကို ကားနဲ့တိုက်ခဲ့မိပါတယ်၊ ကားတစ်စီးကို ဟောဟိုက ကိုဘောဒေဝနဲ့ပေါင်းပြီး အလွဲသုံးစား လုပ်မိခဲ့ပါတယ်၊ အေနတ်တစ်လက်လဲ ခိုးခဲ့မိပါတယ်'

ဒါက သူရဲ့ ရဲဝံ့စွာ ဖြောင့်ဆိုချက်။

'ကောင်းပြီ....စခန်း ဆောက်မှပဲ ကိုယ့်ဖြောင့်ချက် ကိုယ်ပေးကြပေတော့'

ရဲအရာရှိက အားလုံးကိုခေါ်သည်။

ဈန်မင်းသော်က ဝေရီ၏မျက်နှာကို တစ်ချက်ကြည့်လိုက်ရင်းက....

'ကျွန်တော်ကော....ကျွန်တော် အမျိုးသမီးကောလိုက်ဖို့လိုသေးသလား'

'ဟာ....လိုပြီပေါ့ဗျာ၊ ခင်ဗျားတို့က အစိုးရသက်သေပဲ၊ ခိုင်လုံတဲ့သက်သေတစ်ခု ဖြစ်နိုင်တာပဲ'

ပန်ကာတို့ ခေါင်းငိုက်စိုက် ကျနေသည်။

သူတို့ ခြံထဲမှအထွက်တွင် အိမ်တစ်အိမ်တွင် ပြနေသော ရုပ်မြင်သံကြားမှ သီချင်းသံတစ်ခု လွင့်လာသည်။

'ကူညီပါရစေ....ကူညီပါရစေခင်ဗျ'

'ကူညီပါရစေ....ကူညီပါရစေရှင့်'

'ပြည့်သူနဲ့ရဲ လက်ဘွဲမှသာ ဒုစရိုက်သမားများ အတွက် နေရာမရှိမှာ'

ဟင်း....သိပ်ကောင်းလိုက်တာ။

မှန်လိုက်တာနော်။

ပန်ကာက ပါးစပ်မဲ့သည်။ ဘောဒေဝက မျက်နှာရှုံ့သည်။

စနေကတော့ ရယ်သည်။

ပြီးမှ....

'ဟုတ်တယ်....သီချင်းအတိုင်းပဲ၊ မြို့တော်အတွင်းမှာ ဒုစရိုက်သမားများအတွက် နေရာမရှိတော့ဘူး၊ ဒါပေမယ့် မြို့ပြင်မှာ သောင်းကျန်းကြဦးမှာပဲ'

'အေး....ဒါလဲ ကွိသွားမှာပဲ'

ရဲအရာရှိက လှည့်ပြောသည်။

ကိုစိုးဝင်းက ပြုံးသည်။

'ကို....ကို မရှိရင် သိမ့် ဘယ်လိုနေရမှာလဲကွယ်'

'သိမ့်မိဘဆီ ပြန်သွားပေါ့၊ သိမ့် ကိုယ့်အပေါ် သစ္စာရှိတယ်ဆိုရင်တော့ ကိုယ် ထောင်ကထွက်လာတဲ့အထိ စောင့်ပါ သိမ့်ရယ်၊ ကိုယ့်မိုက်ပြစ်ကို ကိုယ် ခံယူလိုက်ပါဦးမယ်'

သိမ့်သည် တသိမ့်သိမ့် ရှိုက်မငိုနိုင်တော့ပါ။

စီးကျသော မျက်ရည်တွေကိုသာ လက်ခုံနှင့် သုတ်နေမိသည်။

စနေ့ရဲ့ရင်ထဲမှာလည်း မချိပါ။

သူ နံရံလေးဘက်ထဲရောက်လျှင် သိမ့်နှင့် ဝေးရတော့မည်။
အချစ်ရေ....
ကိုယ့်ကြောင့်....ရွှေမျက်ရည်ပဲ....
ကိုယ် ကြေကွဲနေပြီ။
စျန်မင်းသော်ကတော့ မှောင်စပျိုးလာသော လမ်းပေါ်မှ လမ်းအလင်းပေး မီးတိုင်မှ မီးရောင်များကို ကြည့်နေမိသည်။

ဝေရီမှာ စနေအတွက် တစ်ခုခုကျိတ်ခံစားသလို ဖြစ်နေသည်။

ဘယ်လိုခံစားနေရပါလိမ့်။

တကယ် တစ်ဦးနှင့်တစ်ဦး ခွဲပြီး ကိုယ့်လမ်း ကိုယ်လျှောက်ပါမှ ခံစားမှုဆိုတာ သိနိုင်သည်။
စနေကို သူမ ကျိတ်ချစ်နေမိပြီလား။
နှလုံးသားဆိုတာ ကိုယ့်ရင်ထဲမှာကိုယ့်ဖန်တီးမှုနှင့်ကိုယ်ရှိနေသည်ပဲလေ။
ဝေရီ ဝေခွဲလို့မရပါ။
သူမ၏လက်ကလေး အဖျစ်ခံရမှသာ သတိနှင့် မော်ကြည့်မိသည်။
ကိုက သူ့ကိုင့်ကြည့်သည်။
သူမက တစ်ခုတည်းသော ရည်ရွယ်ချက်ကိုသာမေးမိသည်။
'ကို....ကို ဝတ္ထုရေးဖို့အတွက် ဖားအံကို ဆက်သွားမှာလား ကို'

ကိုသည် ဝေရီ၏ နှလုံးသားအခြေအနေကို ထွင်းဖောက်ပြီး မသိနိုင်ပါ။
ဝေရီ၏ အမေးကို လေးလေးနက်နက် အဖြေပေးလိုက်သည်။
'မသွားတော့ဘူး ဝေရီ၊ ကို့မှာအတွေ့အကြုံနဲ့ ဇာတ်လမ်းတစ်ခု ရနေပြီပဲ၊ ကိုတို့ အခုကြုံခဲ့တဲ့အန္တရာယ်နံ့, သွေးညှီနံ့ လွှမ်းနေတဲ့ ဒီဇာတ်လမ်းကိုပဲ ကိုရေးလိုက်ရုံပဲ ဝေရီ၊ ဇာတ်ကောင်တွေကတော့ ကိုတို့အားလုံးပေါ့၊ အဓိကဇာတ်ကောင်ကတော့ စနေထွန်းပဲပေါ့'
'သူနဲ့ သိမ့် ဇာတ်လမ်းဟာ အကွဲနဲ့ပဲ ဇာတ်သိမ်းပေးမှာလား ကို'
'စနေ ထောင်ကလွတ်ရင် သိမ့်နဲ့လက်တွဲကြပြီပေါ့'
သည်အခိုက် ပန်ကာက အော်လိုက်သည်။
သူ့အော်သံက ပတ်ဝန်းကျင်ကို လွှမ်းသွားစေသည်။
'ငါ မကျေနပ်ဘူးဟေ့....ငါ မကျေနပ်ဘူး၊ ငါ့လက်ချောင်းလေးတွေ ပြတ်သွားခဲ့တာကို ငါမကျေနပ်ဘူးဟေ့'
မိုးတွေရွာလာပြီ။

ဆုံကြဦးမယ်ကွယ်။
စောညို။